
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကြဲဂေါ
ဟောဖြစ်ပုံမှ တောစိုးနတ်မိစ္ဆာ / ကြဲဂေါ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၅၀-စာ၊ ၁၂.၅ x ၁၈.၅ စင်တီ။
(၁) ကြဲဂေါ

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ **ဖြန့်ချီရေး** အောင်မြင်စာပေ၊
**အတွင်းဖုံးနှိပ် နှင့် မျက်နှာဖုံးနှိပ်** အောင်မြင့်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ (မတ်လ)၊ အုပ်ရေ (၅၀၀)။



BURMESE CLASSIC .com

# စာမှာစာ

ကျွန်တော့်အနေဖြင့် ဘာသာရေးနှင့် ဆက်နွယ်သော အကြောင်းအရာများကို အတော်များများ ရေးသားခဲ့ပြီး ဖြစ်ပါသည်။ အလောင်းတော်ကဿပ လိုဏ်ဂူအကြောင်းကို အခြေခံပြီး လွန်ခဲ့သောဆယ်နှစ်ခန့်က ဝတ္ထုရှည်တစ်ပုဒ် ရေးသားခဲ့သော်လည်း မပြည့်စုံလှပေ။ သို့ကြောင့်.. ပြည့်ပြည့်စုံစုံ ရေးသားရန် စိတ်ဆန္ဒ ရှိနေခဲ့သည်။

အလောင်းတော်ကဿပလိုဏ်ဂူနှင့် ပတ်သက်သော စာအုပ်အချို့တော့ ရှိပါသည်။ သို့သော်...ယခုနောက်ပိုင်း ရေးသားသောစာအုပ်များ ဖြစ်သောကြောင့် ပြည့်စုံမှု မရှိလှပေ။

တစ်နေ့မှာတော့...ကျွန်တော့်ဆန္ဒ ပြည့်ဝစေရန် အကြောင်းတစ်ခု ပေါ်လာသည်။ လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က ရေးသားခဲ့သော မှတ်တမ်းဟောင်းတစ်ခုကို ရရှိခဲ့ခြင်းဖြစ်သည်။

မှတ်တမ်းကို ရေးခဲ့သူမှာ "သတ္တုမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး" ဖြစ်ပြီး လိုဏ်ဂူတော်အတွင်း ဝင်ရောက်ဖူးမြော်ခွင့်ရစဉ်က ကိုယ်တွေ့မြင်ခဲ့ရသော အခြေအနေအတိုင်းကို ရေးထားသော မှတ်တမ်းပင်ဖြစ်ပေသည်။ ထိုမှတ်တမ်းကို ရသဖြင့် ဤဝတ္ထုရှည်ကို ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်လည်း အခြားဆရာတော်များ ရေးသားသော မှတ်တမ်းအချို့ကိုလည်း အထောက်အကူ အဖြစ် အသုံးပြုခဲ့ရပါသည်။

www.burmeseclassic.com

ရင်းတို့မှာ...

မန္တလေးမြို့ဇေယျမင်္ဂလာတိုက်၊ ဟသ်ာတအုတ်ကျောင်းဆရာတော် ဦးပဏ္ဍိစ္စ ရေးသားသော အလောင်းတော်ကဿပသမိုင်း၊ ရွှေဘိုမြို့ဆရာတော် ဦးအာစရ ရေးသားသော အလောင်းတော်ကဿပသမိုင်း၊ ကန္တီမြို့နန်းကျောင်းဆရာတော် တောင်းပန်သဖြင့် (၁၃၀၄)ခု တပေါင်းလတွင် ရိုက်နှိပ်ထုတ်ဝေခဲ့သော မုံရွာမြို့ ခမ္ပာရုံဆရာတော် ဦးဉာဏ ရေးသားတော်မူသော အလောင်းတော်ကဿပသမိုင်းဟောင်း၊ ပုပ္ပါးဆရာတော် ရှင်ကစိန္ဒ ရေးသားတော်မူသော အလောင်းတော်ကဿပ သ မိုင်းသစ်... စသည်တို့ဖြစ်ပါသည်။

စာဖတ်သူများအနေဖြင့် ရှားပါးသော ထိုစာအုပ်များကို ဖတ်ရှုရန် မလွယ်လှပေ၊ ယခုကျွန်တော်ရေးသောဝတ္ထုကို ဖတ်ရှုပါက သိလိုသောအချက်အချို့ကို သိကြရရုံမကပဲ မိမိကိုယ်တိုင် အလောင်းတော်ကဿပ လိုဏ်ဂူတော်အတွင်း ဝင်ခွင့်ရကာ ကိုယ်တော်မြတ်ကြီး၏ ပကတိအနေအထားကို ကိုယ်တိုင်ကိုယ်ကျဖူးတွေ့ရသကဲ့သို့ ရှိမည်ဆိုပါက ကျွန်တော့်အနေဖြင့် ကြိုးစားအားထုတ်ရကျိုးနပ်ပြီဟုပင် ဆိုချင်ပါတော့သည်။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

စာဖတ်သူများ၏ မေတ္တာရိပ်အောက်မှ

(တြိစက္က)

# စယနုလဂိုဆောင်

❖ အကောင်းမွန်ဆုံး အလှအပဆိုတာ
မျက်စိနဲ့ကြည့်လျှင် မမြင်ရ၊ လက်ဖြင့်
ထိတွေ့ကိုင်တွယ်ကြည့်လျှင်လည်း မရပေ၊
စစ်မှန်သော အလှကို မြင်လိုလျှင်
နှလုံးသားဖြင့်သာ ကြည့်ပါ။

❖ ကျောက်သားကျောက်ဆောင်တွေဟာ
ပူပြင်းတဲ့ နေရောင်ခြည်ကို မကြောက်ကြဘူး
ဒါပေမယ့် အေးမြတဲ့
ရေတစ်စက်ချင်း ကျနေတာကိုတော့
မခံနိုင်ကြပါဘူး။

❖ အောင်မြင်မှုတွေဆီက
ပျော်ရွှင်စရာ အတော်များများ ရနိုင်ပါတယ်
ဒါပေမယ့် ချစ်မေတ္တာကြောင့်ရတဲ့
ပျော်ရွှင်မှုကိုတော့
ဘယ်တော့မှ မမေ့နိုင်ကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# ဒေသနာလက်ဆောင်

❖ ဟန်ဆောင်ထားသော ချစ်မေတ္တာသည်
နှင်းပေါ်က နေရောင်လိုပါပဲ
အရောင်လက်နေပေမယ့်
ထိတွေ့သူ အတွက်တော့
နွေးထွေးမှု မပေးနိုင်ပါပေ။

❖ ကြည်လင်တောက်ပသော လရောင်သည်
တိမ်တိုက်မည်းများ ကွယ်သဖြင့်
မူလအလင်းရောင် ပျက်စီးရသည်။
လရောင်သည် စိတ်ဟုဆိုပါလျှင်
တိမ်တိုက်များက ပတ်ဝန်းကျင်နှင့် တူပေသည်။

❖ အဝ်ဖျားချွန်ပေါ်သို့
မုံညင်းစေ့တင်သောအခါ မရနိုင်ပေ
အရွယ်အစားကြီးသော သစ်စေ့တင်ပါက ရသည်။
မကောင်းမှု ထုထည်များပါက
မည်သည့်နေရာမဆို တွယ်ကပ်နိုင်သည်။

BURMESE CLASSIC .com

# ဒေသနာလက်ဆောင်

❖ ကြာရွက်ပေါ်မှာရေမတင်နိုင်ပေ
မါးသွားပေါ်မှာ ပုလဲလုံး တင်မနေနိုင်ပေ၊
လူမိုက်များမှာ ကြာရွက်လိုချောပြီး
မါးသွားလို ထက်မြက်သော်လည်း
တန်ဖိုးရှိသော အသိပညာ မရနိုင်ပေ။

❖ နှောင်ကြိုး၊ ထုံးကြိုး၊ လွန်ကြိုးတို့ကို
ဖြတ်နိုင်သော် မထူးဆန်းပေ၊
အချစ်ကြိုးကို ဖြတ်နိုင်မှသာလျှင်
သံသရာခရီးရှည်မှ ရုန်းထွက်နိုင်ပေမည်။

❖ ချစ်ခြင်းမေတ္တာသည်
ဒေါသအဖြစ်သို့ ပြောင်းလဲနိုင်သည်၊
ဒေါသသည် မိုက်မဲမှုကို ဖြစ်စေသည်၊
အချို့က မိုက်မဲမှုကို
"အချစ်ကြီးသည်" ဟု
ယဉ်ကျေးစွာ သတ်မှတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# စယနုပရိုဩဝါဒ

❖ နေ့အချိန်မှာ မြင်ရသောနေမင်းနှင့်
ညအချိန်ရောက်မှ အလှည့်ကျသော
လမင်းတို့သည် မဆုံစည်းနိုင်ဟု ထင်သော်လည်း
အလင်းရောင်ချင်းတော့ ဆက်သွယ်မှုရှိကြသည်။

❖ လယ်ယာကို အသုံးမပြုပါက
ပေါင်းမြက်တို့ဖျက်သဖြင့် ပျက်ရသည်။
မိမိအရည်အသွေးကို အသုံးမပြုတတ်ပါက
ကြာလျှင် မကောင်းမှုများ၏
မိတ်ဆွေဖွဲ့ခြင်းကို ခံရလေတော့သည်။

❖ စည်းစိမ်ဥစ္စာကို ပညာမဲ့သူတို့က ဖျက်ဆီးသည်။
ချစ်ခြင်းမေတ္တာကို
သစ္စာမဲ့သူတို့က ဖျက်ဆီးသည်။
ဘဝတစ်ခုလုံးကိုတော့
ရိုက်မဲ့ခြင်းကြောင့် ပျက်စီးနိုင်ပါသည်။

BURMESE CLASSIC .com

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) သာသနာပြုအဖွဲ့နှင့်ကြုံတွေ့ရသော အန္တရာယ်ဆိုးများ
အခန်း(၂) ဒေါက်တာရှိမဟုတ် သေမင်းတမန်တော်
အခန်း(၃) လျှို့ဝှက်လှသော သေမင်းကျောကွင်း
အခန်း(၄) မော်ကျူစာအုပ်နှင့် ပျောက်သွားသည့်အလောင်း
အခန်း(၅) သတင်းထူး လာပေးသွားသော ပိုးသူတော်
အခန်း(၆) တောနက်တွင်းမှ ပဟေဠိပုစ္ဆာ
အခန်း(၇) ကြောက်စရာကောင်းသော အသိပ်ပင်များ
အခန်း(၈) မဟာမြိုင်မှ တောစိုးနတ်မိစ္ဆာ
အခန်း(၉) အလောင်းတော်ကဿပ ခရီးစဉ်
အခန်း(၁၀) ဝေဘာရတောင်လိုဏ်ဂူမှ တောစိုးမိစ္ဆာများ
အခန်း(၁၁) မဟာမြိုင်ဘိုးဘိုးကြီးနှင့် တွေ့ခွင့်ရခြင်း
အခန်း(၁၂) မိစ္ဆာလိုဏ်ဂူမှ နတ်ဆိုးမိစ္ဆာ
အခန်း(၁၃) မရဏတောကြမ်းနှင့်မာယာကျော့ကွင်း
အခန်း(၁၄) မော်ကျူစာအုပ်ကိုပြန်လည်ရရှိခြင်း
အခန်း(၁၅) အလောင်းတော်ကဿပ လိုဏ်ဂူအတွင်းသို့ ဝင်ခွင့်ရခဲ့ခြင်း
အခန်း(၁၆) အလောင်းတော်ကဿပ မဟာမြိုင်


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

## သာသနာပြုအဖွဲ့နှင့် ကြုံတွေ့ရသော အန္တရာယ်ဆိုးများ

မြန်မာနိုင်ငံအား အင်္ဂလိပ်များ သိမ်းပိုက်ခဲ့ကြပြီးနောက်တွင် အဓိကထားပြီးဆောင်ရွက်သော ကိစ္စများရှိရာ ထိုအထဲတွင် သာသနာပြုလုပ်ငန်းများလည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ အင်္ဂလိပ်တို့က လူသူအရောက်အပေါက်နည်းသော အရပ်ဒေသများသို့ ရွေးချယ်ပြီး သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့သည်။ မြောက်ပိုင်းဒေသများမှာ နေကြသော တိုင်းရင်းသားအချို့မှာ ပြည်မနှင့် အဆက်အသွယ်မရှိဘဲ သီးခြားနေထိုင်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဧင်းတို့ခလေ့ထုံးစံအရ ရွာများတည်ထောင်ပြီး အေးဆေးစွာဖြင့် နေခဲ့ကြသည်။

အများအားဖြင့်တော့ ခလေ့ထုံးစံအရ နတ်ကို ယုံကြည်ကိုးကွယ်သူ များလေသည်။

ခရစ်ယာန်သာသနာပြုများက ထိုအခွင့်အရေးကို . . ကောင်းစွာအသုံးချခဲ့ကြလေသည်။

ပြည်မနှင့် အဆက်အသွယ် ပြတ်တောက်နေပြီး သီးခြားနေရာကဲ့သို့သော တောင်ပေါ်ဒေသများသို့ ဦးတည်ချက်ထားပြီး သာသနာပြုလုပ်ငန်းများ ထိုးဖောက်ဝင်ရောက်ကာ ပြုလုပ်ခဲ့ကြလေသည်။

သို့သော် ချောချောမွေ့မွေ့တော့ မဟုတ်ပါချေ။ အချို့က ရှောရှောရှူရှူ လက်ခံသော်လည်း အချို့တိုင်းရင်းသားများကတော့ ဧင်းတို့ယုံကြည်ကိုးကွယ်မှုများအား မစွန့်လွှတ်ကြပေ။

သို့ကြောင့် သာသနာပြုအဖွဲ့များနှင့် ပြဿနာဖြစ်သည်၊ အချို့ဆိုလျှင် ရန်ပြုတိုက်ခြင်းများပင် ရှိကြသည်။

မြန်မာနိုင်ငံအတွင်းသို့ သာသနာပြုအဖွဲ့များ ဝင်ရောက်လာပုံမှာ . .

အမေရိကန် သာသနာပြုဆရာ ဂျေအာရ်မော့(စ)နှင့် ဧင်း၏ဇနီးတို့သည် (၁၉၃၀)ခုနှစ်တွင် "ယူနန်တိဗက်တန် ခရစ်ယာန် သာသနာပြုအဖွဲ့" (Yunnan Tibetan Christian Mission) ကို စတင်တည်ထောင်၍ တရုတ်ပြည်အတွင်း၌ မြန်မာနှင့် တိဗက်နယ်စပ် ဒေသများတစ်လျှောက်တွင် သာသနာပြုခဲ့ကြ





သည်။

အဆိုပါ သာသနာပြုအဖွဲ့ကို "တိဗက်တန်လီဆူလန် ခရစ်ယာန်ဘုရားကျောင်းများအဖွဲ့" . . (Tibetan Lisuland Churches of Christ) ဟူ၍လည်း ခေါ်တွင်ခဲ့လေသည်။

ဧင်းအဖွဲ့ ဌာနချုပ်တည်ရှိရာနေရာမှ ယူနန်နယ်အတွင်းရှိ လတ်ဇာ(Latza)၏ အောက်ဘက်ရှိ ပူဂျီလက် (Pugeleh) ၌ ဖြစ်ခဲ့သည်။

ထိုဌာနချုပ်မှနေ၍ ဖော်ပြပါ သာသနာပြုအဖွဲ့သည် သံလွင်မြစ်ဝှမ်းဒေသတစ်လျှောက် တိဗက်ပြည်အတွင်းအထိနှင့် အရှေ့ဘက်၌ မဲခေါင်မြစ်ဝှမ်းအထိ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့လေသည်။

(၁၉၃၂)ခုနှစ်တွင် ယူနန်နှင့် တိဗက်နယ်စပ်ရှိ လီဆူးတိုင်းရင်းသားများကိုသာ အဓိကထား၍ ခရစ်ယာန်သာသနာပြုလုပ်ငန်း စတင်ခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်နေရာမှ (၁၉၃၃)ခုနှစ်တွင် ဤအဖွဲ့သည် မြန်မာပြည်အစိုးရထံတွင် ခွင့်ပန်၍ ခေါင်လန်ဖူးနှင့် အာကျန်မြစ်ဝှမ်း ဒေသများဘက်သို့တိုးချဲ့ကာ သာသနာပြုခဲ့ကြသည်။

ထိုမှတစ်ဖန် မေခမြစ်ဝှမ်းအဖျားပိုင်းနှင့် တရုံမြစ်ဝှမ်းဒေသများသို့လည်း သွားရောက်၍ သာသနာပြုခဲ့ကြသည်။

(၁၉၄၆)ခုနှစ်၌ အဆိုပါ "ယူနန်တိဗက်တန်ခရစ်ယာန် သာသနာပြုအဖွဲ့" (Yunna Tibetan Christian Mission) ဂိုဏ်းဝင်ပေါင်း (၇၀၀၀)ခန့်ရှိခဲ့၍ ဘုရားရှိခိုးကျောင်းပေါင်း (၆၇)



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှိခဲ့သည်။

ထိုဦးရေ၏ ထက်ဝက်ခန့်မှာ သံလွင်မြစ်၏ အနောက်ဘက်၌ရှိသော မြန်မာပြည်အတွင်း၌ ရှိခဲ့လေသည်။

မော့(စ်)အဖွဲ့သည် ၎င်းတို့၏ ခရစ်ယာန်တပည့်များကို အကြောင်းပြုလျက် ပူတာအိုနယ်အတွင်းသို့ နယ်ချဲ့လာခဲ့ကြသည်။

"တပည့်များက တောင့်တ၍ ၎င်းတို့အား တရားဓမ္မဟောပြရန်အတွက် သွားရန်လိုအပ်သည်" ဟူသော အကြောင်းပြချက်ဖြင့် မြန်မာပြည်အစိုးရထံ ခွင့်တောင်း၍ တရုံမြစ်နှင့် အာကျန်မြစ်ဝှမ်းများဘက်သို့ ဝင်လာခဲ့ကြသည်။

ထိုဒေသများမှတစ်ဖန် နမ်တစ်မိုင်မြစ်ဝှမ်းတစ်လျှောက်အထိ သာသနာပြုလာခဲ့ကြရာ နောက်ဆုံးတွင် ပူတာအိုနယ်အတွင်း၌ သာသာနာပြုရန် ဒေသများတွင် ရွေးချယ်သည့်အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။

သာသနာပြုဌာနချုပ်များအဖြစ် ညီတားဒီးနှင့် ခေါင်လန်ဖူး အထက်နားရှိ ထာရီဝမ်ဂေါင်း (Htari Wanggong) ရွာများကိုရွေးချယ်ခဲ့ကြသည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ် မဖြစ်ခင်အချိန်ကပင် ခေါင်လန်ဖူးတစ်ဝိုက်တွင် ၎င်းတို့ အုတ်မြစ်ချပြီး ဖြစ်ခဲ့၏။

ဒုတိယကမ္ဘာစစ် ဖြစ်စအချိန်၌ ကာကွယ်ရေးဌာန၏ ခွင့်ပြုချက်အရ မြန်မာပြည်အတွင်း အာကျန်မြစ်ဝှမ်းတွင် သာသနာပြုလုပ်ရန် ဆောင်ရွက်ခွင့်ရခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်တွင် ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေးဌာနက မော့(စ်)တို့အဖွဲ့အား ပူတာအိုနယ်အတွင်း၌ ဆက်လက်၍ သာသနာပြုရန် ခွင့်ပေးထားသည်ဟု သိရလေသည်။

တရုတ်ပြည်တွင် ကွန်မြူနစ်အစိုးရ တက်ရောက်လာသောအခါ၌ ယူနန်နယ်ရှိ ၎င်းတို့၏ သာသနာပြုလုပ်ငန်း အားလုံးကို လက်လွှတ်လိုက်ရခါ ပူတာအိုနယ်ဘက်၌သာ ပြောင်းရွှေ့အခြေစိုက်လာခြင်းဖြစ်သည်။

ရှေးဦးစွာ အာကျန်မြစ်ဝှမ်းဒေသရှိ လီဆူးတိုင်းရင်းသားများကို အဓိကထား၍ သာသနာပြုခဲ့ရာမှ နောင်တွင် ပူတာအိုနယ် အနီး့အပြားရှိ ရဝမ်လူမျိုးတို့ကိုလည်း သာသနာပြု၍ သိမ်းသွင်းနိုင်ခဲ့သည်။

ယခုအခါတွင် မေခမြစ်ဝှမ်းနှင့် အာကျန်မြစ်ဝှမ်းတစ်ခုလုံးအပြင် တရုံမြစ်ဝှမ်း တြိဂံနယ်မြေမြောက်ပိုင်း ခန္တီးလောင်းဟုရာဇဝင်တင်ခဲ့သည့် ရှမ်းတို့၏ ဒေသပါမကျန် ၎င်းတို့သာသနာပြုရမည့် နယ်မြေအဖြစ် သတ်မှတ်ထားရှိလျက် နေခဲ့ကြသည်။

သို့ဖြစ်၍ ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုနယ်မြေတစ်ခုလုံး၌ ၎င်းတို့အဖွဲ့ကသာ ဦးစီး၍ သာသနာပြုရန် ရည်ရွယ်နေသည်မှာ ထင်ရှားနေပေသည်။

တရုတ်နီနယ်အတွင်း၌ ကျန်နေခဲ့သော ၎င်းတို့၏ တပည့်များ ဖြစ်ကြသည့် လီဆူးတိုင်းရင်းသားတို့ကိုလည်း မြန်မာပြည်ထဲသို့ လွတ်လွတ်လပ်လပ် သွင်းခဲ့ပြီးလျှင် ပူတာအိုအနီးရှိ မူလာဒီ၌ စံပြရွာတည်ထောင်ပေး၍ ၎င်းတို့၏ သာသနာပြု အဖွဲ့ချုပ်ကိုလည်း ထားရှိခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com



(၁၉၃၀)ခုနှစ်၊ ယူနန်နယ်တွင်း၌ အခြေစိုက်လျက်ရှိစဉ် ၎င်းတို့အဖွဲ့အား "ယူနန်တိဗက်တန် ခရစ်ယာန်သာသနာပြုအဖွဲ့" (Yunnan Tibetan Christian Mission) ဟု အမည်ပေးလျက် သာသနာပြုလုပ်ငန်းများ စတင်ခဲ့သည်။

အဆိုပါအမည်ပေးခဲ့ခြင်းမှာ ထိုအချိန်အခါ၌ ၎င်းတို့၏ သာသနာပြုလုပ်ငန်းစဉ်များကို တိဗက်နှင့်ယူနန်နယ်စပ်တစ်လျှောက်၌ ဆောင်ရွက်နေကြခြင်းကြောင့် ဖြစ်လေသည်။

အထက်ပါနာမည်အပြင် "တိဗက်တန်လီဆူလန်ခရစ်ယာန် ဘုရားကျောင်းများအဖွဲ့" (Tibetan Lisuland Churches of Christ Mission) ဟူသော နာမည်နှင့်လည်း (၁၉၄၃)ခုမတိုင်မီက သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

တစ်ဖန် ပူတာအိုနယ်အတွင်းသို့ ရောက်ရှိလာပြီး (၁၉၅၅)ခုနှစ်တွင် "လီဆူးနှင့်ရဝမ် ခရစ်ယာန်ဘုရားကျောင်းများအဖွဲ့" (Lisu and Rewang Churches of Christ) ဟူသော နာမည်သစ်ကို သုံးစွဲခဲ့ပြန်သည်။

ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နာမည်အမျိုးမျိုး ပြောင်းလဲခေါ်ဆိုခဲ့သော ၎င်းတို့၏အဖွဲ့ကို နောက်ဆုံးတွင် "မြန်မာနိုင်ငံမြောက်ပိုင်းခရစ်ယာန်ဘုရားကျောင်းများအဖွဲ့" ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။

မော့(စ်)သာသနာပြုအဖွဲ့သည် ကချင်ပြည်နယ်အတွင်း၌ သာသနာပြန့်ပွားရေးကိုဆောင်ရွက်ရန် ရည်ရွယ်ထားသည့်အလျောက် ၎င်းအဖွဲ့ဝင်များ ဖြစ်ကြသည့် အမေရိကန်သာသနာပြု ဆရာများသည်လည်း မြန်မာပြည်၌ ထာဝစဉ်နေထိုင်၍





ခရစ်ယာန်သာသနာပြုရေးကိစ္စကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြ၏။

အခြားသာသနာပြုအဖွဲ့များကဲ့သို့ တစ်နေရာ၌သာ ရပ်တည်၍ သာသနာပြုရန် မရည်ရွယ်ချေ။

၎င်းအဖွဲ့၏ သာသနာ့ဝန်ထမ်းများသည် အမြဲပင် တစ်နေရာမှ တစ်နေရာသို့ ရွေ့ပြောင်း၍ သာသနာပြုသွားရန် ရည်ရွယ်ထားသည်ဟု သိရှိရလေသည်။

မော့(စ်)အဖွဲ့၏ အခြားရည်ရွယ်ချက်တစ်ခုမှာ ရပ်ရွာများ၌ ပြင်ပနိုင်ငံခြားမှ အကူအညီများ နည်းနိုင်သမျှနည်းအောင် ယူစေမည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ တည်ဆောက်ရန်နှင့် ထိုကျောင်းများတွင် နယ်သူနယ်သားများ၏ အစွမ်းအစလုပ်အားနှင့် တည်ထောင်အုပ်ချုပ်သွားစေနိုင်မည့် အခြေခံရရှိရန် ဆောင်ရွက်ပေးဖို့ပင် ဖြစ်သည်။

ထိုကဲ့သို့ဆောင်ရွက်ပေးခြင်းအားဖြင့် ဖွဲ့စည်းထားသည့် သာသနာပြုအဖွဲ့များသည် မိမိတို့ရွာအသီးသီးရှိ ဘာသာရေးအဆောက်အအုံနှင့် လုပ်ငန်းများ ကိုယ်တိုင်အုပ်ချုပ်ထားနိုင်ပြီး မိမိတို့ စုဆောင်းရရှိသောငွေနှင့် ထိန်းသိမ်းထားနိုင်ရန်ပင် ဖြစ်သည်။

နိုင်ငံခြားသား သာသနာပြုဝန်ထမ်းတို့သည် အကြံပေးသည့်သဘောနှင့် ရွာများသို့လှည့်လည်၍ လိုအပ်သည့် အကူအညီများပေးရန်သာ ဖြစ်လေသည်။

(၁၉၅၅)ခုနှစ် မိမိတို့အဖွဲ့ ရောက်ရှိချိန်တွင် မော့(စ်)သာသနာ ပြုအဖွဲ့၌ရှိနေသော နိုင်ငံခြားသား အမေရိကန်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com

သာသနာပြု ဝန်ထမ်းများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဖော်ပြရပေသည်။

♦ ဂျေရပ်ဆယ်(လ) မော့(စ်)

(J.Russel Morse)

၎င်းမှာ ဤအဖွဲ့ကို စတင်တည်ထောင်ခဲ့သူဖြစ်၍ မူလာဒီရွာ၌ နေထိုင်လျက်ရှိ၏။

♦ ယူဂျင်းအာ(ရ) မော့(စ်)

(Eugene R.Morse)

အထက်ပါ သာသနာပြုဆရာကြီး၏ သားဖြစ်၍ မူလာဒီရွာ၌ရှိသည်။

♦ ရောဘတ် အိပ်(ချ) မော့(စ်)

(Robert H. Morse)

အထက်ပါ သာသနာပြုဆရာကြီး၏ သားတစ်ဦးပင်ဖြစ်၍ ၎င်းသည် ရဝမ်ထိန်၊ ဗီနင် ၊ ထာရီဝမ်ဂေါင်းစသည့် ၎င်းတို့အဖွဲ့ ဌာနချုပ်များဖြစ်သော ရွာများသို့ လှည့်လည်၍ နေထိုင်လေ့ရှိသည်။

♦ မစ္စ ဒေါ်ရိုသီစတာလင်

(Miss Dorothy Sterling)

အမျိုးသမီး သာသနာပြုဆရာမကြီးသည် ယခင်က မေခမြစ်ပေါ်ရှိ ခေါဘိုတဲရွာ၌ ကျောင်းနှင့်ဆေးရုံများ ဖွင့်လှစ်ပေးကာ သာသနာပြုခဲ့၏။

အထက်၌ ရေးသားဖော်ပြခဲ့သော အကြောင်းအရာတို့မှာ (၁၉၃၀)ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံအတွင်းသို့ သာသနာ





ပြုအဖွဲ့များ ဝင်ရောက်လာပုံနှင့်၊ ၎င်းတို့ ကြိုးစားအားထုတ်ပုံများတို့ပင်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာမှာတော့ ၎င်းတို့အနေနှင့် ချောချောမွေ့မွေ့ရှိကြသည်တော့ မဟုတ်ပါချေ။

အခက်ခဲအမျိုးမျိုးတို့နှင့် ကြုံ တွေ့ရပေသည်၊

ရာသီဥတု၏ဆိုးဝါးမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်စသည်တို့ကြောင့် သေကျေပျက်စီးမှုများနှင့်လည်း ကြုံတွေ့ကြရသည်။

ထို့ထက်ပိုပြီး အခက်ခဲတွေ့ရသော အရာမှာ ၎င်းတို့ သာသနာပြုသောကိုးကွယ်မှုတို့ကို လက်မခံကြသော ဒေသခံအချို့ကြောင့် ဖြစ်သည်။

တောထဲမှာ သီးခြားနေသူများ၊ တောင်မြင့်ကြီးများပေါ်၌ သီးခြားနေကြသည့် တိုင်းရင်းသားအတော်များများမှာ နတ်ကို ယုံကြည်ကိုးကွယ်ကြသူ များလေသည်။

အချို့လည်း မှော်ပညာ၊ စုန်း ပညာတို့ကို ယုံကြည်အားထားကြသဖြင့် အခြားကိုးကွယ်မှုတို့ကို လက်မခံလိုကြပေ။

သာသနာပြုအဖွဲ့က ၎င်းတို့ကို ဘာသာရေးကိစ္စ ဆွေးနွေးပြောဆိုလျှင်ပင် လက်မခံပဲ ခါးခါးသီးသီး ငြင်းဆန်လေ့ ရှိကြသည်။

တစ်ခါက ပင်လယ်ဘူး ဒေသဘက်မှာရှိသော ကတူးကနန်းဒေသဘက်သို့ ခရစ်ယာန်သာသနာပြုအဖွဲ့တစ်ဖွဲ့ ရောက်လာလေသည်။

ကတူးကနန်းဒေသမှာ မြို့ပြနှင့်ဝေးသော အရပ်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ကတူးကနန်းတို့ အနေများကြသည်။

ဗုဒ္ဓဘာသာဝင် အချို့ရှိသော်လည်း၊ စုန်းပညာ၊ မှော်ပညာ တတ်ကျွမ်းသူတို့ ရှိကြပြီး နတ်ယုံကြည်ကိုးကွယ်သူတို့လည်း နေထိုင်ကြသည်။

စုန်းပညာကို(ယာဖိ) ဟုခေါ်ပြီး၊ ယုံကြည်လက်ခံသူများသည်။ ထိုဒေသတွင် နတ်ယုံကြည်သူများသဖြင့် စုန်းအတတ်၊ မှော်အတတ်များသည် လူကိုပြုစားနိုင်သော အစွမ်းထက်သည့် ပညာဟုလည်း ယုံကြည်ကြသည်။

စုန်းအတတ်၊ ကဝေအတတ်၊ မှော်အတတ်ပညာတို့ဖြင့် အမျိုးမျိုး ပြုစားနိုင်သဖြင့်. . ထိုသို့ပြုစားမှုတို့ကို မှော်ဆရာတို့က ကုစားပေးနိုင်သည်ဟုလည်း လက်ခံထားကြသည်။

ကတူးကနန်းဒေသတွင် အထက်ဂိုဏ်း၊ အလယ်ဂိုဏ်း၊ အောက်ဂိုဏ်းဟူ၍ မှော်ဆရာသုံးမျိုး ခွဲခြားထားသည်။

ထိုမှော်ဆရာ၊ ဆေးဆရာတို့ကို ရွာသူရွာသားများက လေးစားကြသည်။

ထိုဆရာများမှာ ပြုစားနိုင်သော ပညာမျိုးရှိသည်ဟု ယုံကြည်ကာ ကြောက်ရွံ့မှုလည်း ရှိကြသည်။

နတ်ဆရာ၊ မှော်ဆရာတို့သည် သက်ဆိုင်ရာ နတ်ရုပ်တုနှင့် အခြားရုပ်တုတို့ကို စင်မြင့်မြင့်တင်ထားပြီး အမြဲပူဇော်ထားကြသည်။ ဆေးဆရာတို့ကလည်း ထိုနည်းတူစွာပင် ဆေးရုပ်များနှင့် ဆေးကြိမ်လုံးကို ကန်တော့ပွဲများဆက်ပြီး ပူဇော်ထားကြသည်။ ကတူးကနန်း အရပ်ဒေသမှာ စုန်းပညာ၊ မှော်ပညာကို များစွာအလေးထားပြီး ယုံကြည်သော အရပ်ဒေသမျိုးဖြစ်သည်။





ထိုဒေသသို့. . မမျှော်လင့်ပဲ သာသနာပြုအဖွဲ့အချို့ ရောက်လာသောအခါ ရွာသူရွာသားတို့က လက်မခံကြပေ။

ရွာသို့ရောက်လာသော သာသနာပြုအဖွဲ့ကို ရွာထဲကို အဝင်မခံပဲ နှင်ထုတ်လိုက်ကြသည်။

တစ်ပတ်ခန့်ကြာသောအခါ ထိုရွာသို့ စကားပြန်တစ်ယောက်ပါလာသော စစ်သားအချို့ ရောက်လာတော့သည်။

မျက်နှာဖြူစစ်သား ဒုဗိုလ်တစ်ယောက်က ခေါင်းဆောင်လျှက် ဂေါ်ရခါးစစ်သား(၁၅)ယောက်ခန့်ပါသော အဖွဲ့ဖြစ်သည်၊

မျက်နှာဖြူ ဒုဗိုလ်၏အမည်မှာ'စကော့'ဆိုသူဖြစ်သည်။

စကော့က ထိုရွာသို့ ရောက်သောအခါ ရွာလူကြီးကို ခေါ်ပြီး မေးလေသည်။

"မင်းတို့ရွာမှာ လူကိုဒုက္ခပေးတဲ့ စုန်းမတွေရှိသလား၊ မကောင်းတဲ့နတ်ဆိုးတွေနဲ့ အဆက်အသွယ်ရှိတဲ့ သူတွေရှိသလား"

စကားပြန်မှ တစ်ဆင့်မေးသောအခါ ရွာသူကြီးက ခေါင်းခါပြသည်။

"စုန်းမတွေဟာ လူတွေကို အန္တရာယ်ပေးနိုင်တဲ့သူတွေဖြစ်တယ်၊ သူတို့ကို သတ်ပစ်ရမယ်"

"သူတို့က လူတွေကို ဒုက္ခပေးတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လို အကူအညီ ရနိုင်သလဲ"

"ငါတို့လူတွေ ရောဂါဖြစ်ရင် သူတို့က ကုပေးနိုင်တယ်"

"ဒီရွာမှာ စုန်းမတွေရှိတယ်ဆိုတာ မှန်သလား၊ ရှိတယ်ဆိုရင်ခေါ်ပေးပါ၊ အပြစ်ရှိတဲ့သူတွေမှန်သမျှ ဖမ်းပြီးတော့အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမယ်"

ထိုစကားကြားသောအခါ ရွာသူကြီးက ဦးခေါင်းကိုသာ ခါယမ်းပြလေသည်။ ထိုအခြေအနေကိုမြင်တော့ စကားပြန်လုပ်သူက စကော့အနီးသို့ ကပ်ပြီးပြောသည်။

"သခင်မေးနေလို့လည်း ဘယ်နည်းနဲ့မှ ပြောဝံ့ကြမှာ မဟုတ်ဘူး"

"ဘာကြောင့်လဲ"

"ဒီနယ်မှာရှိတဲ့ လူတွေက စုန်းကဝေပညာတတ်တဲ့သူတွေဆိုရင် ကြောက်ရွံ့ကြတယ်၊ ဒါကြောင့် ပြောမှာမဟုတ်ဘူး"

"စုန်းကဝေတွေက သေနတ်ထက်ပိုပြီး ကြောက်စရာကောင်းနေလို့လား"

စကားပြန်က ခေါင်းညိတ်ပြသည်။

"သေနတ်က မြင်ရတယ်၊ စုန်းအတတ်ပညာနဲ့ ပြုစားရင် မမြင်ရပဲနဲ့ သေကြလို့ သေနတ်ထက် ပိုကြောက်ကြတယ်"

"ဒါပေမယ့် ဒီအတိုင်းတော့ ပြန်သွားလို့ မဖြစ်ဘူး၊ ဒီရွာမှာရှိတဲ့လူတွေက ငါတို့ရဲ့ သာသနာပြုတဲ့အဖွဲ့တွေကို နှင်ထုတ်ပစ်တယ်၊ နောက်ပြီးတော့ နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးကြတယ်လို့ သတင်းကြားရတယ်၊ သူတို့ကို မှတ်လောက်အောင်ကို ဆုံးမပေးရမယ်၊ ဒီလိုမှ မလုပ်ရင်နောက်ရွာတွေကပါ ပမာမခန့် လုပ်လာကြလိမ့်မယ်"

"သူတို့မှာ ဘာအပြစ်မှ မရှိပဲနဲ့တော့ ဘာမှမလုပ်တာကောင်းမယ်သခင်၊ ဒီနေရာတစ်ဝိုက်မှာ နေကြတဲ့လူတွေက သူတစ်ပါးကိုလည်း အကြောင်းမဲ့ ဒုက္ခပေးတတ်ကြဘူး၊ သူတို့ကို





ဒုက္ခပေးလာရင်လည်း မခံတတ်ကြဘူး၊ သူတို့ကိုလုပ်ရင် ပျားအုံကို တုတ်နဲ့သွားဆွလိုက်သလို ဒုက္ခများလာနိုင်တယ်"

စကားပြန်က ထိုဒေသနှင့်ရင်းနှီးကျွမ်းဝင်သူ ဖြစ်သဖြင့် ထို ဒေသအကြောင်းကိုသိသည်။

ထိုဒေသ၌ နေကြသူများအကြောင်းကိုလည်း နားလည်သဘောပေါက်သည်။ ထို့ကြောင့် တားသော်လည်း ဒုဗိုလ်စကော့ကတော့ လက်မခံပေ။

ထိုနေ့ညက ရွာနှင့် မနီးမဝေးမှာရှိသော တောင်ကုန်းတစ်နေရာတွင် စခန်းချနေကြစဉ် ထူးခြားဆန်းကြယ်မှုများနှင့် ကြုံတွေ့ကြရလေသည်။

ညဥ့်ဦးပိုင်းအချိန်တွင် သူတို့မှာ ပါလာသော အသားဘူးများကို ဖောက်သောအခါ ထိုဘူးများအတွင်းမှ လောက်ကောင်များ ထွက်လာသည်ကို တွေ့ရသည်။

ထို့ပြင် ပေါင်မုန့်နှင့် အခြားအစားအသောက်များမှာလည်း စားသောက်၍မရလောက်အောင် ပုပ်ပွပျက်စီးနေသည်ကို တွေ့ရသည်။

"ဒီရိက္ခာတွေက လာခါနီးမှထုတ်လာတဲ့ ရိက္ခာတွေပဲ ဘယ်လိုကြောင့် ဒီလိုဖြစ်နေရတာလဲ"

စကော့က မကျေမနပ်ဖြင့် ပြောဆိုရင်း ရေသောက်ရန်ပြင်တော့လည်း ရေနှင့်အရက်တို့မှာ သွေးများဖြစ်နေလေတော့သည်။

"ဒါ ရိုးရိုးသားသား ဖြစ်တာတော့ မဟုတ်တော့ဘူး၊ ဟိုရွာထဲက စုန်းမတွေ ပြုစားတာပဲ ဖြစ်ရမယ်၊ ဒင်းတို့စုန်းပညာ



www.burmeseclassic.com

www.burmeseclassic.com



ကပဲ စွမ်းသလား၊ ငါတို့ရဲ့ သေနတ်ကျည်ဆံကပဲ စွမ်းသလား တွေ့ရမှာပေါ့ကွာ”

ဟုပြောဆိုကြိမ်းမောင်းပြီး ညတွင်းချင်း ထိုရွာသို့ သွားလေသည်။

ညဉ့်ဦးပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင် တစ်ဝိုက်မှာ အမှောင်ထုများ ဖုံးလွှမ်းနေသည်။

လရောင်မရှိသည်ကတစ်ကြောင်း၊ သစ်ပင်ရိပ်တို့ အုပ်မိုးနေသည်က တစ်ကြောင်းကြောင့် အမှောင်ရိပ်က ပိုများနေသည်။ သူတို့အဖွဲ့ ရွာထဲဝင်ခါနီးတော့ ခွေးဟောင်သံ၊ ခွေးအူသံများ ကြားရသည်။

ရွာတစ်လျှောက်လုံး မီးရောင်မမြင်ရပေ။

အိမ်များအားလုံး မှောင်ချထားသည်။

“လူတွေ ဘယ်ရောက်ကုန်ပြီလဲ”

“ကျွန်တော်တို့ လာမှန်းသိလို့ တောထဲသွားပုန်းနေကြတာပဲ ဖြစ်မှာပေါ့”

ထိုသို့ပြောရင်း ရွာထဲဝင်သွားရာ တဲတစ်လုံးရှေ့ရောက်တော့ တဲပေါက်ဝမှာ ဆောင့်ကြောင့်ထိုင်ပြီး ဆေးလိပ်သောက်နေသော အဘွားအိုတစ်ယောက်ကို တွေ့ကြရသည်။

လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်တော့လည်း နေရာမှ ထသွားခြင်းမရှိပဲ ဆေးလိပ်ကို ဖွာမြဲဖွာနေသည်။

“အောက်ကို ဆင်းခဲ့စမ်း”

စကားပြန်က လှမ်းပြောသော်လည်း ဘာမှပြန်မပြောပဲ မျက်ထောင့်နီဖြင့်သာ ပြန်ကြည့်နေသည်။





“သခင် သာမန်မဟုတ်ဘူး ထင်တယ်”

“သာမန်မဟုတ်တော့လည်း သေနတ်နဲ့ စမ်းကြည့်ရမှာပေါ့ကွာ”

ဟုပြောပြီး စကော့က ခါးမှသေနတ်ကိုထုတ်ပြီး နှစ်ချက်ဆင့်ပစ်လိုက်သည်။

“ဒိုင်း . . ဒိုင်း . . ”

တိတ်ဆိတ်နေသော အချိန်၌ သေနတ်သံက ပွဲ့တင်ထပ်သွားလေသည်။

ပြီးနောက် မီးရောင်ဖြင့် ထိုးကြည့်လိုက်ရာ စောစောက အဘွားကြီးထိုင်နေသောနေရာ၌ ဘာမှမတွေ့ရတော့ပေ။ သေနတ်သံကြောင့်တောထဲမှ လင်းနို့နှင့် လင်းဆွဲအော်သံကဲ့သို့ ဆူဆူညံညံအသံများ ပေါ်ထွက်လာသည်။

ထိုအသံများက စူးစူးဝါးဝါး ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုအသံများနှင့်အတူ အခြားအသံများပါ ရောနှောပြီး ကြားကြရလေသည်။

ထိုအခြေအနေကိုမြင်တော့ စကားပြန်မှာ မျက်စိမျက်နှာပျက်နေလေသည်။

“သခင် အခြေအနေမကောင်းဘူး ထင်တယ်၊ ဒီနေရာကနေ အမြန်ပြန်သွားကြမှ ဖြစ်မယ်”

“စောစောက ထိုင်နေတဲ့အဘွားကြီး ဘယ်ရောက်သွားပြီလဲ”

“သူက လူမဟုတ်ဘူးနဲ့တူတယ်၊ ရွာထဲက ပြန်ထွက်ကြမှ ဖြစ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောနေစဉ် သူတို့ပတ်ဝန်းကျင် စူးစူးဝါးဝါးအသံများ ပေါ်ထွက်လာသည်။

အသံကတော့ လင်းနို့၊ လင်းဆွဲများ အော်သံမျိုးဖြစ်သည်။ ကြားနေရသောအသံက တဖြည်းဖြည်း နီးကပ်လာသည်။

ဂေါ်ရခါးစစ်သားများက သေနတ်များ၊ လက်နှိပ်မီးများဖြင့် အသံကြားရာဘက်သို့ ချိန်နေကြသည်။ ၎င်းတို့ လက်နှိပ်မီးရောင်များအောက်မှာတော့ သာမန်တိရစ္ဆာန်လေးတွေသာ တွေ့ရသည်။

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ အသံအချို့ ပေါ်ထွက်လာလေတော့သည်။

"ငါတို့ကို တွေ့ချင်လို့ ရှာနေတာလား၊ လာပြီဟေ့"

ထိုအသံကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် သစ်ပင်များကြားမှ ကြီးမားသော လင်းဆွဲကြီးများ ထွက်လာကြသည်။

မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်တော့ လင်းဆွဲများကဲ့သို့ အတောင်ပံများပါသော်လည်း လူမျက်နှာများနှင့် ဖြစ်လေသည်။

ထိုလင်းဆွဲကြီးများက ပျံဆင်းလာပြီး စကော့တို့လူစုကို ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

၎င်းတို့ကလည်း သေနတ်များဖြင့် ပြန်ပစ်ကြသည်။

အမှောင်ထဲမှာ သေနတ်သံ၊ အော်ဟစ်သံနှင့် အခြားစူးစူးရှရှ အော်သံများက ရောထွေးနေတော့သည်။

သေနတ်ဖြင့်ပစ်၍ ကျည်ဆံထိမှန်သော်လည်း လူမျက်နှာနှင့် လင်းဆွဲများက ကျမသွားကြ၊ ၎င်းတို့အဖွဲ့မှ လူများက





တော့ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

နောက်ဆုံးမှာတော့ စကော့တို့လူစုမှာ ရွာထဲမှ ပြန်ထွက်ပြေးကြရသည်။

ဒါတောင် လင်းဆွဲကြီးများက နောက်မှလိုက်လာ ကြသေးသည်။ ရွာနှင့် အတော်ဝေးဝေးရောက်တော့မှ ပြန်လှည့်သွားကြလေသည်။

တစ်နေရာရောက်ပြီး လူစစ်လိုက်သောအခါ လေးငါးယောက်သာ ကျန်တော့သည်။

ကျန်လူများမှာ ဘယ်နေရာမှာ ဘယ်လိုဖြစ်ပြီး ကျန်ခဲ့သည်ကိုတော့ မသိရပေ။

နံနက်လင်းသော အခါထိုရွာထဲသို့ တစ်ခေါက်ပြန်ဝင်ကြည့်သောအခါ ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော သူတို့လူများ၏ အလောင်းများကိုသာ တွေ့ရပြီး လင်းဆွဲကြီးများတော့ တစ်ကောင်မှ မတွေ့ရပေ။

ထို့အပြင် ရွာသူရွာသားများလည်း တစ်ယောက်တလေမှပင် မတွေ့ရတော့သဖြင့် အလောင်းများကို ထိုနေရာမှာပင် မြေမြှုပ်သင်္ဂြိုဟ်ထားခဲ့ရပြီး စခန်းချသော နေရာသို့ ပြန်ခဲ့ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

## ဒေါ်ဂနီ သို့မဟုတ် သေမင်းတမန်တော်

ရှေးအခါက မဟာမြိုင်တောကြီး အရှေ့ဘက်မှာရှိသော မောက္ကတော်ရွာ အပါအဝင် ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိကြသောရွာများမှာ. . တခြားဒေသမှ လူများ အရောက်အပေါက်နည်းသော အရပ်ဒေသများဖြစ်သည်။

ချင်းတွင်းမြစ် အနောက်ဘက်ကမ်းမှာရှိကြသည့် ထိုရွာများမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်က တစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



တောတောင်ထူထပ်သည်က တစ်ကြောင်းအပြင် ရှေးအခါက ထိုအရပ်ဒေသများမှာ စုန်းကဝေပညာသည်များ ပေါသည်ဟု ယုံကြည့်မှုရှိကြသောကြောင့် အခြားအရပ်ဒေသမှ လူများက ကြောက်ရွံ့ကြခြင်းဖြစ်သည်။

မောက္ကတော်ရွာအကြောင်းကို အခြားရေးသားပြီးသော စာအုပ်အချို့မှာ အနည်းနှင့်အများ ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်သော်လည်း ယခုရေးသားမည့် အကြောင်းအရာများမှာ ထိုအရပ်ဒေသဘက်ကို အခြေခံပြီး ရေးသားမည်ဖြစ်သောကြောင့် သင့်သလောက်တော့ ထပ်မံဖော်ပြပေးပါဦးမည်။

မောက္ကတော်ရွာသည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း မဟာမြိုင်တောကြီး၏ အရှေ့ဘက် ထိပ်နေရာလောက်တွင် ရှိပေသည်။

မုံရွာမြို့နှင့် (၈၆)မိုင်မျှသာ ဝေးသော်လည်း အသွားအလာ ခက်ခဲသည်ကတစ်ကြောင်း၊ ရှေးအခါက ထိုရွာတစ်ဝိုက် စုန်း၊ ကဝေ၊ ပညာသည်များ ပေါလှသည်ဟု နာမည်ကြီးလှသောကြောင့်သော်လည်းကောင်း၊ အခြားအရပ်ဒေသမှလူများ အရောက်အပေါက် နည်းကြလေသည်။

၎င်းတို့အနေဖြင့် ကြောက်မည်ဆိုပါက ကြောက်စရာလည်းကောင်းသည်။

ယခင်က မဟာမြိုင်တောထဲ၌ ကျွန်းသစ်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ကညင်၊ အင်ပင်၊ သစ်ရာ၊ ပိတောက် စသောသစ်ပင်များ နေပြောက်မထိုးအောင် ရှိခဲ့လေသည်။

မဟာမြိုင် (ကြီးမားလှသည့်တော) ဟူသောအမည်နှင့်





လိုက်အောင် အမိကရတောကြီး ဖြစ်ခဲ့လေသည်။

နောက်ပိုင်း တောသစ်ထုတ်လုပ်သူများ ရောက်လာကြသည်။ ကိုလိုနီခေတ်ကာလ တစ်လျှောက်လုံးမှာ နယ်ချဲ့မျက်နှာဖြူတို့က ထိုတောအတွင်းမှ ကျွန်းသစ်အပါအဝင် သစ်များကို ထုတ်ယူခဲ့ကြသည်။

ထိုကဲ့သို့ သစ်ထုတ်လုပ်ရေးစခန်းများ ဖွင့်သောအခါ အခြားအရပ်ဒေသမှ အလုပ်သမား အတော်များများတို့လည်း လာရောက်လုပ်ကိုင်ကြရလေသည်။

အခြားအရပ်ဒေသမှ လာရောက်လုပ်ကိုင်သူ အတော်များများမှာ ထိုနေရာရောက်ပြီးမကြာမီမှာ သေဆုံးကြလေသည်။

ဒေသခံများကတော့ တောအကြောင်းကို နားမလည်သောကြောင့် သေကြရသည်ဟု ကောက်ချက်ချသည်။

အခြားအရပ်ဒေသမှ လာရောက်အလုပ်လုပ်သူများကတော့ ထိုသို့မထင်ကြပေ။

ထိုအရပ်ဒေသမှာ အမေရေယဉ်နတ် ကြီးဆိုးသောအရပ်၊ ပိုင်ဆိုင်သောအရပ်ဖြစ်ပြီး စုန်းကဝေ ပညာသည်များ ပေါများသောကြောင့် ၎င်းတို့လက်ချက်ဖြင့် သေကြရသည်ဟု ထင်ကြလေသည်။

အချို့က အမေရေယဉ် နတ်ကိုပင် စုန်းကဝေ ပညာသည်တို့ကို အုပ်ချုပ်သောနတ်၊ စုန်းကဝေပညာသည်တို့၏ ခေါင်းချုပ်ဟု ထင်မြင်ယူဆသူများပင် ရှိကြလေသည်။

နောက်ပိုင်း မောက္ကတော်နယ်တစ်ဝိုက်မှာ သွားရောက်အလုပ်လုပ်သူတို့ အသေအပျောက်များလာသောအခါ စာချိုး



www.burmeseclassic.com

www.burmeseclassic.com

များပင် ထွက်ပေါ်ခဲ့ဖူးသည်။

အခြားမဟုတ်ပေ။

'သေချင်ရင် စိန်မစားနဲ့ မောက္ကတော်သွား'

ဟူသောစကား. . .

'သေလိုမောက္ကတော်၊ ပျော်လိုမင်းကင်း ၊ စားလိုတောင်တွင်း' ဟူသောစကားများ ပေါ်ပေါက်လာသည်။

ကိုလိုနီခေတ်ကစပြီး ထွက်သောအချို့ဝတ္ထုများလည်း မောက္ကတော်ရွာမှ စုန်းကဝေပညာသည်များကို အရေးများခဲ့ပေရာ. . . စာဖတ်သူတို့က မောက္ကတော်ရွာကို မရောက်ဖူးပါပဲနဲ့ ကြောက်ရွံ့ကြသည်။

မောက္ကတော်ရွာရောက်ရင်ပဲ ချက်ချင်း စုန်းပြုစားခံရပြီး သေရတော့မလို ထင်မြင်နေခဲ့ကြသည်။

ပျော်လိုမင်းကင်းဆိုသည်မှာ မုံရွာမြို့နှင့် (၁၀၄)မိုင်ခန့်အကွာ၌ရှိသော မင်းကင်းရွာမှာ ပျော်ရွှင်စရာကောင်းသော အရပ်ဒေသတစ်ခုဖြစ်သောကြောင့်သော်လည်းကောင်း၊ စားလိုတောင်တွင်း( တောင်တွင်းကြီးမဟုတ်ပေ)ဆိုသည်မှာ ထိုအရပ်မှထွက်သော အသီးအနှံများမှာ မြေဆီမြေနှစ် ထူးခြားကောင်းမွန်သောအရပ်မှထွက်သောကြောင့် အခြားဒေသမှထွက်သော အသီးအနှံတို့ထက် ပိုမိုအရသာရှိသောကြောင့်သော်လည်းကောင်း တင်စားရေးသားကြသည်။

(ထိုအကြောင်းအကျယ်ကို အခြားတစ်နေရာ၌ ရေးခဲ့ပြီးဖြစ်သောကြောင့် ထပ်မံမရေးတော့ပြီ။)

သေလိုမောက္ကတော် ဆိုတာကတော့ မဟာမြိုင်တော





ထဲမှာ အလုပ်လုပ်ရင်းပဲသေသေ အခြားအရပ်ဒေသမှ ရောက်လာပြီးပဲသေသေ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထိုအသုဘကို မောက္ကတော်ရွာမှ တာဝန်ယူပြီး ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးလေ့ရှိသည်။

ကိုလိုနီခေတ်က ထိုရွာတွင် အလောင်းတင်သော ပန်းရထားတစ်ခုပင် ပြုလုပ်ထားသည်။

ဆွေမျိုးသားချင်း၊ အသိမိတ်ဆွေများနှင့် အလှမ်းဝေးသောနေရာမှာ သေရသော်လည်း အလောင်းတင် ပန်းရထားပေါ်တင်ပြီး ကျနစွာသင်္ဂြိုဟ်ခံရတော့ သေတဲ့လူလည်း မျက်နှာမငယ်ရပဲ သေပန်းပွင့်သည်ဟုပင် ဆိုရပေတော့မည်။

သို့ကြောင့် 'သေလိုလျှင် မောက္ကတော်သွား' ဆိုသောစကား ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ရှေးအခါက စုန်းကဝေ ပညာသည်များအနက်. . ထိုအရပ်များမှာ အမှန်တကယ်ပဲ ရှိခဲ့ဖူးပေသည်။ ထိုသို့ရှိသော်လည်း အပြစ်မရှိသောသူများကို အကြောင်းမဲ့လိုက်လံ ပြုစားခြင်းမျိုးတော့ မရှိကြပေ။

၎င်းတို့ကို ထိခိုက်နစ်နာအောင်၊ မျက်ရည်ပေါက် ကြီးသယ်ကျအောင်၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြုလုပ်တာမှသာ ထိုပညာများအသုံးပြုပြီး ကလဲ့စားချေလေ့ရှိကြသည်။

ကိုလိုနီခေတ်ဦးပိုင်းကာလက ထိုအရပ်ဒေသများမှာ အခြားအရပ်ဒေသမှလူများ အရောက်အပေါက်နည်းသော နေရာများဖြစ်သလို လူစည်ကားခြင်းလည်း မရှိပေ။

အတော်များများကတော့ မောက္ကတော်အရပ်ဒေသ၌



www.burmeseclassic.com

www.burmeseclassic.com



စုန်းကဝေပညာသည်များ ပေါသည်ဟု အယူစွဲ ရှိနေကြသောကြောင့်ဖြစ်သည်။

ထိုအရပ်ဒေသို့ အလုပ်လာလုပ်သည့်သူများ အသေအပျောက်များရခြင်းမှာလည်း စုန်းကဝေပညာသည်များ လက်ချက်ကြောင့်ဟု ယူဆကြသည်။

အမှန်တော့. . မဟုတ်ပေ။

ရှေးက. . မဟာမြိုင်တောဆိုသည်မှာ နာမည်နှင့်လိုက်အောင် အဓိကရတောမျိုးဖြစ်သည်။

တောကြီးသလောက် တောကြမ်းသောနေရာလည်းဖြစ်သည်။ ရဟန်းသံဃာများ သတင်းသုံးခွင့်မရအောင် ကြမ်းသောတောမျိုးဖြစ်သည်။

ထို့ပြင် သားရဲတိရစ္ဆာန်တို့ကလည်း ပေါသည်။

ငှက်ဖျားရောဂါကလည်း များသည်။

မဟာမြိုင်တောထဲ ဝင်ကြသူတို့မှာ အမျိုးမျိုးသော ဘေးအန္တရာယ်တို့နှင့်တွေ့ပြီး သေကျေပျက်စီးကြရခြင်း ဖြစ်သည်။

အများအားဖြင့်တော့ ငှက်ဖျားရောဂါကြောင့် သေကျေပျက်စီးသူက ပိုများလေသည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာပြည်ကို မတရားသိမ်းပိုက်ကြပြီးနောက်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိသော သယံဇာတပစ္စည်းများကို စိတ်ကြိုက်ထုတ်ယူကြသည်။

ကျွန်းသစ်၊ ရေနံ၊ ရွှေ၊ ငွေ၊ ကြေး၊ ဘော်၊ ခဲမဖြူ၊ အဖြိုက်နက်၊ သံ၊ ကျောက်မျက်ရတနာတို့နှင့် ဆန်စပါးစသည်တို့ကို စိတ်ကြိုက်ထုတ်ယူကာ ပြည်ပသို့ သယ်ဆောင်ယူကြသည်။





တစ်ဖက်က ထိုကဲ့သို့ ထုတ်ယူနေသလို နေရာအနှံ့ကိုလည်း သာသနာအဖွဲ့များစေလွှတ်ကာ ၎င်းတို့ဘာသာဝင်များ တိုးပွားလာစေရန် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာမှာတော့ အသိပညာ အတန်အသင့်ဖွံ့ဖြိုးသော မြို့ကြီးများထက် လူသူအရောက်အပေါက်နည်းသေးသော တောင်တန်းဒေသများသို့ အဓိကထားပြီး ဆောင်ရွက်ကြလေသည်။

မြောက်ပိုင်းဒေသများတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်ဒေသများကို အဓိကထားပြီး ထိုးဖောက်ဝင်ရောက်ကြသည်။ နောက်ပိုင်းတော့ တဖြည်းဖြည်းနှင့် အလယ်ပိုင်း ဆင်းလာကြသည်။

ထိုသာသနာပြုအဖွဲ့များကို ဒေသမှာ အရင်ရောက်နေကြသည့် မျက်နှာဖြူတို့က ကူညီထောက်ပံ့ပေးခဲ့ကြသည်။

(၁၉၃၀)ခုနှစ်ဝန်းကျင်လောက်က ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသမှာ ရှိသော ကျေးလက်တောရွာများရှိရာသို့ ခရစ်ယာန်သာသနာပြုအဖွဲ့များ ရောက်လာကြသည်။

ထိုအချိန်က မဟာမြိုင်သစ်တောကြီးအတွင်းမှာ ဘုံဘေဘားမားသစ်ကုမ္ပဏီမှ လာရောက်ဖွင့်လှစ်ထားသော သစ်ထုတ်လုပ်ရေးစခန်းအချို့ ရှိနေနှင့်ကြပြီဖြစ်၏။

သစ်တောစခန်းကို ဦးဆောင်ပြီး လုပ်ကိုင်နေသူမှာ သစ်တောဝန်ထောက် 'ရေဂါ'ဆိုသူဖြစ်သည်။

ရေဂါမှာ အသက်လေးဆယ်ကျော်ခန့် အရွယ်ရှိပြီး သစ်လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်သူလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်သစ်ထုတ်လုပ်ရေးသို့ ရောက်သည်မှာ နှစ်အနည်းငယ်ကြာခဲ့ပြီးနောက် ဆိုးဝါးလှသောအတွေ့အကြုံများနှင့်လည်း ကြုံတွေ့ခဲ့ရပြီး ဖြစ်လေသည်။

အဆိုးဆုံးကတော့ သစ်တောအလုပ်သမားများ အသေအပျောက်များသဖြင့် . အလုပ်သမား မလုံလောက်သောပြဿနာနှင့် အမြဲရင်ဆိုင်နေရခြင်း ဖြစ်သည်။

လုပ်ငန်းခွင်မှာ လူနည်းသွားသော်လည်း အခြားနေရာမှလူများက မောက္ကတော်နယ်ဘက်သို့ မလာဝံ့ကြသောကြောင့် နောက်ထပ်အလုပ်သမားရရန် အခက်အခဲနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

ရောဂါကတော့ ဒေသခံအချို့က ပြောပြမှုကြောင့် အလုပ်သမားများ အသေအပျောက် များနေခြင်းမှာ မောက္ကတော်ရွာ အပါအဝင် ထိုအနီးတစ်ဝိုက်မှာရှိကြသော ရွာများမှာ ရှိနေကြသည့် စုန်းကဝေ ပညာသည်များ ပြုစားသဖြင့် ၎င်းတို့ လက်ချက်ကြောင့် သေကျေပျက်စီးရသည်ဟု ထင်မြင်ယူဆလျှက်ရှိသည်။

"အလုပ်သမားတွေ မကြာခဏ သေရတော့ ဒီနေရာတစ်ဝိုက်မှာ ရှိနေကြတဲ့ စုန်းကဝေတွေ ပြုစားလို့ပဲဖြစ်ရမယ်။ ဒီမိစ္ဆာတွေကိုတော့ သေသေချာချာ စုံစမ်းစစ်ဆေးပြီး သုတ်သင်ပစ်မှ အေးမယ်"

ဟုမကျေမနပ် ဖြစ်နေလေသည်။

ထိုအတောအတွင်းမှာပင် (၁၉၃၀)ခုနှစ်လောက် ထိုဒေသသို့ ခရစ်ယာန်သာသနာပြုအဖွဲ့တစ်ဖွဲ့ ရောက်လာတော့





သည်။ ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ ခရစ်ယာန်သာသနာပြုဘုန်းကြီး ယူဂျင်းမော့(စ်)ဆိုဖြစ်သည်။

၎င်းသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး နယ်လှည့်သာသနာပြုနေသော ခရစ်ယာန်ဘာသာဝင် ဘုန်းကြီးတစ်ပါးဖြစ်သည်။

ယူဂျင်းမော့(စ်)တို့အဖွဲ့ရောက်လာတော့ သစ်တောဝန်ထောက်ရေဂါက လိုအပ်သည်များကို အကူအညီပေးခဲ့လေသည်။ ထိုသို့အကူအညီပေးရင်းမှပင် သတိပေးစကားလည်း ပြောသည်။

"ဒီအရပ်ဒေသမှာ သာသနာပြုလုပ်ငန်းတွေ လာလုပ်တာကတော့ အများကြီးကောင်းပါတယ်၊ ဒါပေမယ့် ခင်ဗျားအနေနဲ့ သတိတော့ထားရပေလိမ့်မယ်၊ နောက်တစ်ချက်က အခက်အခဲတွေလည်း အများကြီးတွေ့လာရနိုင်တယ်"

"ဘယ်လိုအခက်အခဲမျိုးတွေလဲဗျ"

"ဒီနေရာဒေသတစ်ဝိုက်မှာ နေထိုင်ကြတဲ့လူတွေက အသိပညာနည်းတယ်၊ စရိုက်ကြမ်းတယ်၊ နောက်တစ်ခုက သူတို့က မှော်ပညာလို့ခေါ်တဲ့ စုန်းကဝေပညာတွေ တတ်ကြတယ်"

"ဒီပညာမျိုးတွေရှိတာ မဆန်းပါဘူး၊ ကမ္ဘာပေါ်မှာ နေရာအနှံ့အပြားမှာ ရှိနေကြတာပဲ"

ယူဂျင်းမော့(စ်)က သိပ်အလေးအနက် မထားသောအသံဖြင့် ပြန်ပြောလိုက်သည်။

"ဒီမှာရှိတာက ကျန်တဲ့နေရာတွေနဲ့ မတူဘူး၊ လူတွေကို သိပ်ပြီးဒုက္ခပေးတာပဲ ကျုပ်အလုပ်သမားတွေဆိုရင် သူတို့ပြုစား



www.burmeseclassic.com

www.burmeseclassic.com



လို့ သေတာ မနည်းတော့ဘူးဗျ။ ဒါကြောင့် ခင်ဗျားတို့ ဒီနေရာ တစ်ဝိုက်မှာ အခြေစိုက်ပြီး သာသနာပြုမယ်ဆိုရင်တော့ သတိဝိရိယထားပြီး လုပ်မှဖြစ်မယ်"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ရေဂါရယ်၊ ခင်ဗျားတို့ကို ဘုရားသခင်က စောင့်ရှောက်ပါစေ"

ထိုသို့ပြောပြီးနောက် ယူဂျင်းမော့(စ်)တို့အဖွဲ့မှာ ၎င်းတို့အဖွဲ့ စခန်းချနေမည့်နေရာကို ရွေးချယ်ကြလေသည်။

ထိုကဲ့သို့ ရွေးချယ်ရာမှာတော့ ကျေးရွာများနှင့် မနီးမဝေးနေရာလည်းဖြစ်၊ သီးခြားနေနိုင်သော နေရာမျိုးလည်း ဖြစ်စေရန် ရွေးချယ်ကြသည်။

မောက္ကတော်ရွာ၏ မနီးမဝေးမှာ ချောင်းတစ်ချောင်းရှိပြီး မောက္ကတော်ချောင်းဟုပင် ခေါ်ကြသည်။

ထိုချောင်းဖျားဘက်မှာတော့ ရွာအချို့ရှိသည်။

ပိတ်ချင်းတောရွာ၊ ကျွန်းတောရွာ၊ ရွာတော်၊ ရွာမ အစရှိသောရွာများအပြင် အခြားရွာစုကလေးများလည်း ရှိကြသည်။

ခရစ်ယာန်သာသနာပြု ဘုန်းကြီးယူဂျင်းမော့(စ်)တို့အဖွဲ့သည် ထိုရွာများနှင့်မဝေးလှသော နေရာတစ်ခုမှာရှိသော . . တောင်ကုန်းတစ်နေရာကို ရွေးချယ်လိုက်ကြသည်။

ထိုနေရာသည် မဟာမြိုင်တောစပ်နားမှာရှိပြီး ရွာများနှင့်လည်း မနီးမဝေးလှသော နေရာမှာရှိသည်။

ထို့ပြင် ခရီးလမ်းအဆက်အသွယ်ကလည်း ရေလမ်း၊ ကုန်းလမ်းနှစ်မျိုးစလုံး အသုံးပြု၍ရသောကြောင့် မခက်ခဲလှပေ။





သို့ကြောင့် ထိုနေရာကို ရွေးချယ်ပြီး အဆောက်အအုံများ ဆောက်လုပ်ရန် ပြင်ဆင်ကြသည်။

လောလောဆယ်တော့ ယာယီစခန်းများချပြီး နေကြသည်။ ယူဂျင်းမော့(စ်)၏ အဓိကရည်ရွယ်ချက်မှာ အသိပညာမဖွံ့ဖြိုးသေးသော ထိုအရပ်ဒေသတွင် ၎င်းတို့ဘာသာကို ယုံကြည်သက်ဝင်သူများလာပြီး သာသနာပြုလုပ်ငန်းများ အောင်မြင်လာစေရန် အဓိကထားလေသည်။

ထိုတောင်ကုန်းတစ်ဝိုက်မှာတော့ တောထူသောနေရာတစ်နေရာ ဖြစ်စေကာမူ . . သာယာသော နေရာတစ်နေရာဖြစ်သည်။ ရွာများနှင့် မဝေးသော နေရာများမှာတော့ ဆန်စပါးစိုက်သော လယ်ကွက်များနှင့် သီးနှံပင်စိုက်ပျိုးသော နေရာအချို့ရှိသော်လည်း ထိုတောင်ကုန်း တစ်ဝိုက်မှာတော့ ဘာမှခြေရာလက်ရာ မပျက်သေးဘဲ မူလအခြေအနေအတိုင်းပင် ရှိနေသေးသည်။

၎င်းတို့သည် တောင်ကုန်းတစ်ဝိုက်တွင်ရှိသော သစ်ပင်၊ နွယ်များတို့ကို ခုတ်ထွင်ဖယ်ရှားကာ . . အဆောက်အအုံဆောက်ရန် ပြင်ဆင်ကြသည်။

သစ်ပင်ကြီးများ ခုတ်ထွင်ဖယ်ရှားသော အလုပ်တို့ကိုတော့ ရေဂါ၏ သစ်တောစခန်းမှ အလုပ်သမားများက လာရောက်ကူညီ လုပ်ကိုင်ပေးကြသောကြောင့် အဆင်ပြေသည်။

တစ်နေ့သ၌ ထိုနေရာသို့ အသက်အရွယ်ကြီးသော အဘွားအို တစ်ဦးရောက်လာသည်။

သူသည် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ကျိုးတိုးကျဲတဲဆံပင်တို့က မျက်နှာပေါ်သို့ကျနေသည်၊
မျက်နှာတစ်ခုလုံး အသားအရေတို့ကို တွန့်တွဲကျနေပြီ
နှာခေါင်းက အရိုးကျိုးနေသကဲ့သို့ အပြင်သို့ ထွက်နေသည်၊
ပါးစပ်ထဲက ကျိုးတိုးကျဲတဲသာ ကျန်တော့သည့် သွားအချို့က. .
မည်းနက်နေပြီ။

ထိုအဘွားကြီးက တောင်ဝှေးတစ်ချောင်းကို အဖော်ပြု
ရင်းနှင့် ထိုနေရာသို့ ရောက်လာသည်။

သူရောက်လာတော့ ထိုနေရာမှာ အလုပ်လုပ်နေသော
လူတစ်ယောက်က ဆင်းမေးသည်။

"ဘာလာလုပ်တာလဲ အဘွားကြီး"

"ဒီစကားက ငါကမေးရမှာပါ နင်တို့ဒီနေရာမှာ ဘာလုပ်
နေကြတာလဲ"

"သာသနာပြုဘုန်းကြီးတွေအတွက် ဘုရားရှိခိုးကျောင်း
ဆောက်နေကြတာ"

"တယ်မိုက်ကြပါလား၊ ဒီနေရာမှာလာနေရင် အသေ
ဆိုးနဲ့ သေကုန်မှာပေါ့"

"ဘာကြောင့် ဒီလိုလာပြောတာလဲ"

"ဒီနေရာတစ်ဝိုက်က လူမပြောနဲ့ တိရစ္ဆာန်တောင်
နေလို့မရဘူး၊ နေရင်သေမှာပဲ"

"ဘယ်သူတွေက အန္တရာယ်ပေးမှာလဲ"

"ဒီနေရာမှာ သေမင်းရှိတယ်၊ သေမင်းက အန္တရာယ်
ပေးလိမ့်မယ်"

"ဒီအဘွားကြီး နိမိတ်မရှိ ဘာမရှိနဲ့ ဘာတွေလာပြော





နေတာလဲ. . သွားစမ်း"

ဟု ဒေါသတကြီး နှင်ထုတ်လေသည်။

"နင်တို့က ငါပြောတာမှ မယုံကြပဲကိုး၊ ဒီနေရာမှာ လာ
နေရင်. . မကြာခင် နင်တို့ အသေဆိုးနဲ့ သေကြရလိမ့်မယ် သေ
မင်းရောက်ဖို့ အချိန်ကလည်း နီးနေပြီ"

ထိုသို့ ဆက်ပြောနေသံကြားသဖြင့် ယူဂျင်းကိုယ်တိုင်
ရောက်လာပြီး အကျိုးအကြောင်းမေးသဖြင့် ထိုလူက အကြောင်း
စုံ ပြန်ပြောပြလိုက်သည်။

ယူဂျင်းမော့(စ်)က နိုင်ငံခြားသာသနာပြုတစ်ဦး ဖြစ်
သောကြောင့် မြန်မာစကားနှင့် မြန်မာနိုင်ငံမှာနေသူတို့၏ စကား
အတော်များများကို နားလည်သည်။

ဓလေ့ထုံးစံများအကြောင်းကိုလည်း သိရှိနားလည်သူ
ဖြစ်သည်။ သို့ကြောင့် အဘွားကြီးအနီးသို့ ကိုယ်တိုင်ဆင်းသွား
ပြီးမေးသည်။

"ခင်ဗျားနာမည်ဘယ်သူလဲ"

"ငါ့နာမည် ဒေါ်ဂနီ လို့ခေါ်တယ်"

"ခင်ဗျားက ဘယ်မှာနေတာလဲ"

"ငါ နေ့မြင်ညပျောက် ရွာမှာနေတယ်"

"ရွာနာမည်က အဆန်းပါလား"

"ဘာဆန်းသလဲ နေ့ဘက်မှာ အလင်းရောင်ရှိတော့ မြင်
ရတယ်၊ ညဘက်မှာ အလင်းရောင်မရှိတော့ မမြင်ရဘူး ပျောက်
နေတယ်၊ ဒါကြောင့် နေ့မြင်ညပျောက်ရွာလို့ နာမည်ပေးထား
တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ. . အခု ဒီကိုဘာလာလုပ်တာလဲ"

"နင်တို့ သေမှာစိုးလို့လာပြီး သတိပေးတာ"

"ဘာကြောင့် သေမှာလဲ"

"သေမင်းရောက်လာတော့မယ်လေ၊ သေမင်းရောက်လာရင် နင်တို့အားလုံး သေကြမှာပေါ့"

ထိုစကားကြားသောအခါ ယူဂျင်းမော့(စ်)က အတန်ကြာအောင် လေးလေးနက်နက် စဉ်းစားနေပြီး ဒေါ်ဂနီဆိုသော အဘွားကြီးကို အကဲခတ်သလို ကြည့်သည်။ အတန်ကြာတော့မှ မေးလိုက်သည်။

"ခင်ဗျားက စုန်းမတစ်ယောက်လား"

"ဒီနေရာတွေမှာ ငါတစ်ယောက်ထဲ စုန်းရှိတာ မဟုတ်တာ"

ဟုပြန်ပြောလေသည်။

"ဒီလို မိစ္ဆာအယူဝါဒရှိတဲ့သူတွေကို ဘုရားသခင်က ကယ်ပေးလို့ မရဘူး၊ သေရင် ငရဲသွားရလိမ့်မယ်"

ထိုစကားကြားသောအခါ ဒေါ်ဂနီက ကျိုးတိုးကျဲတဲသွားများ ပေါ်သည်အထိ တဟီးဟီးနှင့်ရယ်နေသည်။

"မကြာခင် သေမင်းလာခေါ်လို့ သေရတော့မယ့်လူတွေက ငါ့ကိုပြောနေသေးတယ်၊ နင်တို့ပဲ အရင်သွားရမလား ငါကပဲ အရင် သွားရမလား စောင့်ကြည့်ရဦးတော့မှာပေါ့လေ၊ ဒီကနေ့ သီတင်းကျွတ်လကွယ်နေ့ မဟုတ်လား၊ တန်ဆောင်မုန်းလပြည့်ခါနီး ရောက်တာနဲ့ သေမင်းက နင်တို့နေတဲ့နေရာကို ရောက်လာတော့မယ်၊ ငါပြောတာ သေသေချာချာ မှတ်ထားကြပေတော့"





ဟုပြောဆိုပြီးနောက် တောင်ဝှေးတစ်ချောင်းကို အားပြုကာ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုနေ့က သီတင်း ကျွတ်လကွယ်နေ့ (၁၉၃၀-ပြည့်နှစ် အောက်တိုဘာလ -၂၁ရက်-တနင်္လာနေ့) ပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

## လျှို့ဝှက်လှသော သေမင်းကျော့ကွင်း

သာသနာပြုအဖွဲ့ ရွေးချယ်ထားသော တောင်ကုန်းမှာ ဒေသခံများက မရဏတောင်ကုန်းဟု အမည်ပေးထားပြီး၊ ဒေသခံများအဖို့ မသွားမလာဝံ့ကြသော နေရာဖြစ်သည်။

လူများမလာကြသလို ကျွဲနွားတိရစ္ဆာန်တို့ကိုပင် လွှတ်ကျောင်းခြင်းမပြုသော နေရာမျိုးဖြစ်သည်။ ထိုနေရာတွင် ခရစ်ယာန်သာသနာပြုအဖွဲ့မှ အဆောက်အအုံများ လာရောက်ဆောက်လုပ်နေမှန်း သိသော်လည်း ထိုနေရာသို့ မလာဝံ့သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မည်သူကမှ လာရောက်ပြောဆိုခြင်း မရှိပေ၊ သူတို့အလုပ်လုပ်နေစဉ်က နေ့မြင်ညပျောက်ရွာမှ ဒေါ်ဂနီဆိုသော အဘွားကြီးတစ်ယောက်ကသာ လာရောက်ပြောဆိုသွားလေသည်။

သာသနာပြုအဖွဲ့ကတော့ ထိုအဘွားကြီးကို စုန်းမကြီးတစ်ယောက်ဟုသာ ထင်မြင်ယူဆထားကြသည်။

အဘယ့်ကြောင့်ဆိုသော် မောက္ကတော် နယ်တစ်ဝိုက်မှာ. . စုန်းကဝေ ပညာသည်များစွာတို့ ရှိနေသည်ဟု ကြိုတင်သတင်းကြားထားသောကြောင့် ဖြစ်သည်။

"စုန်းမတွေက လူတွေအတွက်တော့ အန္တရာယ်ပဲ သူတို့ကို သုတ်သင်ရှင်းလင်းပစ်နိုင်ရင်တော့ အကောင်းဆုံးပဲ"

"ဒါပေမယ့်. . ဘယ်သူက စုန်းမဖြစ်တယ်ဆိုတာသိဖို့ မလွယ်လှဘူး"

"ဒါပေမယ့် သူတို့ရဲ့ အကျင့်စရိုက်တွေက သာမန်လူတွေနဲ့ မတူကြဘူး၊ ဥပမာ ဒီနေရာကိုရောက်လာတဲ့ အဘွားကြီးလိုမျိုးပေါ့"

"ဒီအဘွားကြီးကို စုန်းမလို့ သတ်မှတ်နိုင်သလား၊ စိတ်မနှံ့တဲ့ အဘွားကြီးဖြစ်နေပြီး သူပြောချင်တာတွေ လာပြောသွားတာမျိုးရော မဖြစ်နိုင်ဘူးလား"

"ဒါလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သူပြောသွားတာတွေကိုတော့ မယုံလို့မဖြစ်ဘူး၊ သတိတော့ ထားရမယ်"

"ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့၊ ဒီအကြောင်းတွေကို ရေဂါတို့ကိုပါ အသိပေးထားသင့်တယ်"





တောင်ကုန်းပေါ်မှာ ရှင်းလင်းပြီးနောက် ဘုရားရှိခိုးကျောင်း သာသနာပြုဘုန်းကြီးများ နေအိမ်များကိုဆောက်နေကြစဉ် ထိုနေရာတစ်ဝိုက်မှာပင် ယာယီတဲများ ထိုးကာနေကြလေသည်။ သစ်တောစခန်းနှင့်လည်း မဝေးလှသောကြောင့် သစ်တောဝန်ထောက် ရေဂါတို့က မကြာခဏရောက်လာပြီး လိုအပ်သော အကူအညီ ပေးကြသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် အချိန်တို့က ကုန်လာခဲ့လေပြီ၊ တန်ဆောင်မုန်းလဆန်းပိုင်းသို့ပင် ဝင်ရောက်လာပြီ ဖြစ်သဖြင့် ဒေါ်ဂနီဆိုသော အဘွားကြီးပြောသွားသောရက်က တဖြည်းဖြည်း နီးလာသည်။

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ထိုစကားများကြောင့် စိတ်ထဲ၌ ကသိကအောက် ဖြစ်နေကြသည်ကတော့ အမှန်ပင်ဖြစ်၏။

ထိုရက်နား နီးလာလေလေ သတိဝီရိယ ပိုထားကြလေလေဖြစ်၏။

တန်ဆောင်မုန်းလပြည့်ခါနီး အချိန်ရောက်တော့ နှင်းများက ပိုကျလာသည်။ အအေးဓါတ်က ပိုများလာသည်။

ထိုအချိန်တွင်. . . အရှေ့လေနှင့်မြောက်လေ တိုက်နေသောကြောင့် အအေးဓါတ်က ပိုများနေသည်။

နေဝင်သွားသည်နှင့် တောထဲမှာမြူနှင်းများ ဝေ့ဆိုင်းသောကြောင့် တစ်နေရာနှင့်တစ်နေရာ မမြင်ရတော့ပေ။

လေတိုက်လိုက်တိုင်း လေနှင့်အတူပါလာသော ပန်းရနံ့သာ သင်းပျံ့လျက် ရှိနေတော့သည်။

ဤသို့ဖြင့် ဒေါ်ဂနီပြောသွားခဲ့သော တန်ဆောင်မုန်း



www.burmeseclassic.com

www.burmeseclassic.com

လပြည့်နေ့သို့ ရောက်လာတော့သည်။

မှတ်မှတ်ရရ ထိုနေ့မှာ(၁၂၉၂)ခုနှစ် တန်ဆောင်မုန်းလပြည့် (၁၉၃၀-ပြည့်နှစ်၊ နိုဝင်ဘာလ-၄ရက်-အင်္ဂါနေ့) ညအချိန်ပင် ဖြစ်တော့သည်။

ထိုညဘက်မှာတော့ မတိုင်ပင်ရပဲ ဘယ်သူမှ မအိပ်ကြဘဲ ထိုင်စောင့်ကြသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်တော့ နှင်းများက ပိုကျလာသည်။ အအေးဓါတ်က ပိုများလာသည်။

လေတိုက်နှုန်းက ပိုများလာသည်။

ထိုအချိန်မှာ သူတို့ရှိရာသို့ ကြောက်စရာကောင်းသော အန္တရာယ်က ရောက်လာလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး တစ်ပတ်ခန့် အချိန်ကြာမှ ထိုနေရာသို့ သစ်တောစခန်းမှ ရေဂါတို့အဖွဲ့ ရောက်လာကြသည်။ ၎င်းတို့က အခြေအနေလာကြည့်ကြခြင်းဖြစ်သည်။

သူတို့ရောက်သွားသောအခါ တဲများပတ်ဝန်းကျင်မှာ လူတစ်ယောက်မှ မတွေ့ရသဖြင့် အံ့သြသွားကြသည်။

“ဘယ်နေရာ ပြောင်းသွားကြပြီလဲ”

ထိုသို့တွေးရင်း ရုပ်ပျက်ဆင်းပျက် သေဆုံးနေကြသော အလောင်းများကို တွေ့ကြရတော့သည်။

“အလိုလေး ဘယ်လိုကြောင့်များ ဒီလိုဖြစ်ကြရတာလဲ”

တုန်လှုပ်စွာရေရွတ်လိုက်ရင်း အခြားတဲများသို့ လိုက်ကြည့်သော အခါမှာလည်း စိတ်မချမ်းမြေ့ရာ မြင်ကွင်းကိုသာ တွေ့ကြရသည်။ ထိုစခန်းမှာရှိသော သာသနာပြုအဖွဲ့ဝင်များ





အားလုံး သေဆုံးနေကြလေပြီ။

အလောင်းများမှာ တစ်ကိုယ်လုံး အညိုအမည်းကွက်များပေါ်နေပြီး ကြောက်စရာကောင်းသော အဖုအပိမ့်ကြီးများလည်း တစ်ကိုယ်လုံး ပြည့်နေလေတော့သည်။

သေဆုံးနေသူတို့မှာ မျက်လုံးများပိတ်မနေဘဲ အဆတောန်ပြူးထွက်နေသောကြောင့် အသက်မထွက်ခင်မှာ အပြင်းအထန် ခံစားခဲ့ကြဟန် ရှိလေသည်။

“သူတို့ ဘယ်လိုအန္တရာယ်မျိုးနဲ့တွေ့လို့ အခုလိုအားလုံးသေကုန်ရတာလဲ”

“တောတိရစ္ဆာန်တွေ အန္တရာယ်ကြောင့်လည်း မဖြစ်နိုင်ဘူး၊ တောတိရစ္ဆာန်တွေလက်ချက်မှန်ရင် ဒဏ်ရာတွေ တွေ့ရမှာပဲ”

“ဒါဖြင့် အဆိပ်မိပြီး သေတာပဲဖြစ်ရမယ် သူတို့ကြည့်ရတာ ပြင်းထန်တဲ့ အဆိပ်မိကြတဲ့ပုံမျိုးပဲ”

“ဒီလိုဆိုရင် သူတို့ကို ဘယ်သူအဆိပ်ခတ်မလဲ”

“ဒီအနီးတစ်ဝိုက်မှာ နေကြတဲ့လူတွေပဲ ဖြစ်မှာပေါ့. . ၊ ဒီနယ်တစ်ဝိုက်က စုန်းကဝေပညာသည် ပေါတယ်လို့ နာမည်ကြီးတဲ့နေရာပဲ၊ သူတို့ပြုစားတာလည်း ဖြစ်နိုင်ပါတယ်”

“ဘာကြောင့် အပြစ်မရှိတဲ့လူတွေကို ဒီလိုရက်ရက်စက်စက် သတ်ပစ်ရတာလဲ”

“အချို့နေရာတွေမှာ နေကြတဲ့လူတွေက သူတို့နေတဲ့နေရာတွေကို လူစိမ်းတွေ တခြားကလူတွေလာရင် မကြိုက်ကြဘူး၊ နည်းအမျိုးမျိုးနဲ့ သတ်ပစ်လေ့ရှိကြတယ်”


www.burmeseclassic.com

www.burmeseclassic.com

"ဒီအတိုင်းသာ မှန်ရင်တော့ သူတို့အားလုံးကို ဖမ်းဆီးစစ်ဆေးရမယ်၊ တရားခံတွေ့ရင်တော့ ဥပဒေရှိတဲ့အတိုင်း အပြစ်ပေးရမယ်"

ဟုပြောဆိုနေကြသည်။

ထိုနောက်မှာတော့ သစ်တောဝန်ထောက် ရေဂါကပင် ဦးဆောင်ပြီး ၎င်းအလုပ်သမားများနှင့်အတူ သေဆုံးနေသော အလောင်းများကို ထိုနေရာ၌ပင် အမှတ်အသားများပြုလုပ်ပြီး မြေမြှုပ်သင်္ဂြိုဟ် လိုက်ရလေသည်။

ထိုကဲ့သို့ သင်္ဂြိုဟ်ပြီးသည့်နောက်မှာတော့. . ထိုအကြောင်းကို သက်ဆိုင်ရာအရာရှိများထံသို့ အစီရင်ခံစာ ရေးပို့ပေးလိုက်လေသည်။

(၁၅)ရက်ခန့်ကြာသောအခါ ရေဂါတို့ သစ်တောစခန်းသို့ လူသတ်မှုအတွက် စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ ရောက်လာလေတော့သည်။

ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ စုံထောက်အင်စပက်တော်စမစ် ဖြစ်ပြီး၊ အဖွဲ့တွင် ဆရာဝန်ကြီး သောမတ်နှင့် ဆေးအဖွဲ့သားအချို့လည်း ပါလာကြသည်။

ထို့ပြင် မုံရွာမှ ဌာနအုပ်ထွန်းဆိုင်နှင့် ပုလိပ်အတော်များများလည်း ပါလာကြသည်။

သူတို့သည် သေဆုံးသွားသော သာသနာပြုအဖွဲ့သားများ မြှုပ်နှံထားသောနေရာသို့ တစ်ခေါက်ပြန်သွားကြကာ ထိုနေရာသို့ ရောက်သောအခါ မြေမြှုပ်ထားသော အလောင်းများကို ပြန်ဖော်ပြီး စစ်ဆေးကြလေသည်။





ဆရာဝန်ကြီး သောမတ်က အလောင်းများကို သေချာစွာ စစ်ဆေးကြည့်လေသည်။

အလောင်းများမှာ မြေမြှုပ်ထားခဲ့သည်မှာ ရက်ပိုင်းသာ ရှိသေးသော်လည်း အခြေအနေ ပြောင်းလဲနေချေပြီ။

အသားရောင်က မည်းပြာနေပြီး အမည်းကွက်ကြီးများ ပေါ်ထွက်နေသည်။ ထို့ပြင် ကိုယ်များပေါ်မှာပေါ်နေသော အဖုကြီးများက လည်း ပိုမိုကြီးနေပြီး ညိုမည်းလျက် ရှိနေသည်။

"ဒါ ရိုးရိုးသေတာမဟုတ်ဘူး၊ ပြင်းထန်တဲ့ အဆိပ်တစ်မျိုးမျိုးမိပြီး သေတာဖြစ်တယ်၊ အဆိပ်မိရင် ဒီလိုလက္ခဏာမျိုးတွေ တွေ့ရတတ်တယ်"

"သူတို့ကို ဘယ်သူသတ်တာ ဖြစ်မလဲ"

"တစ်ယောက်ယောက်က အဆိပ်ခတ်တာမျိုး ဖြစ်နိုင်တယ်၊ ဒါပေမယ့် ထူးဆန်းတာက သူတို့အားလုံးကို တစ်ပြိုင်နက်တည်း အဆိပ်မိအောင် ဘယ်လိုခတ်သွားသလဲ ဆိုတာပဲ"

ထိုသို့ပြောပြီး သာသနာပြုအဖွဲ့နေသွားသော ယာယီတဲများအတွင်းသို့ ဝင်ရောက်စစ်ဆေးကြည့်ကြသည်။

အချို့အသုံး အဆောင်ပစ္စည်းများမှာ ခြေရာလက်ရာ ပျက်ပင် တွေ့ရသည်။

ပိုပြီးထူးဆန်းတာက တဲများအတွင်းမှာ ရှိနေသေးသော အစားအသောက်အချို့ပင်ဖြစ်သည်။

လူသူမရှိပဲ တောထဲမှာ ရက်အတန်ကြာအောင် ထားသော်လည်း တောတိရစ္ဆာန်တို့ ဝင်ရောက်ဖျက်ဆီးခြင်း မရှိသည်တော့ အံ့ဩစရာကောင်းလှပေသည်။


www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ အကောင်းအတိုင်း ရှိနေသေးသော်လည်း အချို့ကတော့ ပုပ်သိုးပျက်စီးနေချေပြီ။ ဆရာဝန်အဖွဲ့က ထိုအစားအသောက်တို့ကို စစ်ဆေးကြည့်ကြသောအခါ ရေနှင့် အစားအသောက်တို့တွင် အဆိပ်မရှိကြောင်း တွေ့ရသောအခါ. . ထပ်မံ အံ့သြရပြန်လေသည်။

"ဒီအစားအသောက်တွေကို တောတိရစ္ဆာန်တွေ လာမစားတော့ အဆိပ်ရှိနေလို့ပဲလို့ထင်မိတာ အခုတော့ မဟုတ်ပြန်ဘူး၊ အစားအသောက်တွေမှာ အဆိပ်ခတ်ထားတာမျိုး မတွေ့ရဘူး"

ဟု စစ်ဆေးသူက ပြောပြသည်။

ထို့နောက်မှာတော့. . အလောင်းများကို မြေမြှုပ်ပြီးနောက် အစားအသောက်တို့ကိုပါ တွင်းတူးပြီး မြှုပ်လိုက်ကြသည်။

"သူတို့သေတာကတော့ ဆန်းတယ်၊ အဆိပ်မိပြီး သေကြတာ မှန်ပေမယ့် တရားခံကို ရှာမတွေ့နိုင်လောက်အောင် ခြေရာပျောက်နေတယ်"

"ဒါထက် သူတို့မသေခင်က ထူးထူးခြားခြား ဘာတွေ တွေ့ကြုံခဲ့ရတာ ရှိသလဲ"

စုံထောက်အင်စပက်တော် စမစ်က မေးလိုက်ရာ. . ရေဂါက ဝင်ပြောပြသည်။

"ယူဂျင်းနဲ့ ကျုပ်နဲ့က ခင်မင်ရင်းနှီးကြတဲ့ သူတွေပဲ၊ သူ ဒီနေရာရောက်လာတော့ ကျုပ်ကပဲ လိုတဲ့အကူအညီတွေ ပေးခဲ့ရတယ်၊ သူနဲ့လည်း တစ်ပတ်တစ်ခါလောက် တွေ့ဖြစ်ကြ





တယ်"

"ပြောပါဦး"

"သူမသေခင်က ထူးဆန်းတဲ့ အကြောင်းအရာ တစ်ခုတော့ ပြောသွားဘူးတယ်"

"ဘယ်လိုများလည်း ပြောပါဦး"

အင်စပက်တော်စမစ်က ဝင်မေးလိုက်သည်။

"သူတို့ အဆောက်အအုံတွေ ဆောက်နေတဲ့အချိန်မှာ စုန်းမကြီးတစ်ယောက် ရောက်လာပြီး လာတားတယ်လို့ ပြောတယ်"

"ဘယ်လိုတားတာလဲ"

"ဒီနေရာမှာမနေနဲ့ နေရင်သေမယ်လို့ ပြောတယ်၊ သေမယ့်ရက်တောင် သူကကြိုပြောသွားသေးဆိုပဲ၊ သူပြောသွားတဲ့ရက်က နိုဝင်ဘာလ(၄)ရက်နေ့တဲ့၊ သူတို့သေကြတာလည်း အဲဒီရက်လောက်မှာပဲ ဖြစ်ပုံရတယ်"

"ဒါဆိုတော့ တရားခံရှာဖို့ မခက်တော့ဘူး၊ သူတို့ထူးထူးဆန်းဆန်းသေရတာ ဒီအနီးနားတစ်ဝိုက်မှာရှိကြတဲ့ စုန်းမတွေ လက်ချက်ပဲဖြစ်ရမယ်"

ဟု ဌာနအုပ်ထွန်းဆိုင်ကပါ အားတက်သရော ဝင်ပြောလေသည်။

"ဒီတော့ ဘယ်လိုလုပ်သင့်သလဲ"

"ဒီစခန်းနဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ရွာတွေက စုန်းမတွေကို ရှာဖမ်းပြီး စစ်ဆေးလိုက်ရင် တရားခံတွေ့နိုင်တယ်"

"ဒါပေမယ့်. . စုန်းမဆိုတာ ဝိသေသ တပ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ သူတို့ကို ဘယ်လိုရှာမလဲ"

"ဒါကလွယ်ပါတယ်၊ ရွာတွေမှာ စုန်းမလို့ နာမည်ကြီးတဲ့ သူတွေကို အာလုံးဖမ်းခေါ်လာပြီး ချုပ်ထားလိုက်မယ်၊ ပြီးမှ. . တစ်ယောက်ချင်း စစ်ဆေးရင် ပေါ်မှာပဲ၊ နောက်ပြီး သူတို့ပြောတဲ့ နေ့မြင်ညပျောက်ရွာက ဒေါ်ဂနီဆိုတာကိုပါ တွေ့အောင်ရှာပြီး ဖမ်းရမယ်၊ သူ့ကိုစစ်ဆေးလိုက်ရင်တော့ အဖြေတစ်ခုခု ရနိုင်တယ်"

"ဒီလိုဖြင့် အဲဒီအစီအစဉ်အတိုင်း လုပ်ကြမယ်"

ဟုပြောဆိုတိုင်ပင်ပြီး ထိုစခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ရွာများမှ စုန်းကဝေပညာ တတ်ကျွမ်းသည်ဟု ထင်သူများကို အားလုံးဖမ်းဆီးခေါ်ဆောင်လာတယ်။

သစ်တောစခန်းနှင့် မနီးမဝေးနေရာမှာ သစ်လုံးလှောင်အိမ်တစ်ခုထဲမှာ ဖမ်းဆီးထားလေသည်။

ထိုနောက်မှာတော့ ဌာနအုပ်ထွန်းဆိုင်က ပုလိပ်အချို့ကိုခေါ်ကာ နေ့မြင်ညပျောက်ရွာသို့ သွားရှာလေသည်။

ထိုနေရာမှာ သာသနာပြုစခန်း တည်ဆောက်သောနေရာနှင့် မဝေးလှသော တောတွင်းတစ်နေရာ၌ ရှိလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ သစ်ပင်ကြီးငယ်တို့ ပိတ်နေသောကြောင့် အဝေးမှကြည့်လျှင် ရုတ်တရက်မမြင်ရပေ။

နေရောင်ခြည် လင်းသောအခါမှ ရွာရှိမှန်း သိရသောနေရာဖြစ်သည်။

ရွာဟုသာခေါ်သော်လည်း တဲစုလေးအချို့သာရှိပြီး၊ နေကြသူများမှာလည်း ဆင်းရဲချို့တဲ့ကြသူများ ဖြစ်ကြလေသည်။





ထိုနေရာသို့ ရောက်သွားတော့. . ဒေါ်ဂနီဆိုသော အဘွားကြီးကို စုံစမ်းရတာ မခက်လှပေ။

ရွာအစွန်ဘက်မှာ တဲတစ်လုံးဖြင့် မြေးအဘွားနှစ်ယောက် တည်းနေကြောင်း စုံစမ်းသိရသဖြင့် ထိုနေရာသို့ လာကြလေသည်။

တဲနှင့်မနီးမဝေးနေရာရောက်တော့ လူရိပ်လူခြည်မတွေ့ရပဲ တဲပေါက်ဝမှာ ထောင်ထားသော စာခြောက်ရုပ်ကြီးတစ်ရုပ်ကိုသာ လှမ်းမြင်ကြရသည်။

စာခြောက်ရုပ်ကြီးမှာ လူတစ်ယောက်ထက် ပိုကြီးပြီး ကိုယ်ပေါ်မှာ အဝတ်ဟောင်းများ ဝတ်ဆင်ပေးထားသည်။

ခေါင်းပေါ်မှာ မြက်ခမောက်အစုတ်တစ်ခုကို ရှေ့သို့ ခပ်စိုက်စိုက် ဆောင်းပေးထားသည်။

ထွန်းဆိုင်တို့က တဲနှင့်မနီးမဝေးနေရာရောက်တော့ ရပ်ပြီး အခြေအနေ ကြည့်လိုက်ကြသည်။

"ဘယ်သူနဲ့တွေ့မှာလဲ. . ဘယ်သူနဲ့တွေ့မှာလဲ"

သူတို့ရောက်သွားတဲ့အချိန်မှာ စာခြောက်ရုပ်ကြီး ရှိသောနေရာမှ စကားသံအချို့ ထွက်လာသည်။

"ဘယ်သူနဲ့တွေ့မှာလဲ"

"ဟင်. . စာခြောက်ရုပ်ကြီးက စကားပြောနေပါလား"

"ဘယ်သူနဲ့ တွေ့မှာလဲ"

"သရဲခြောက်ပြီနဲ့ တူတယ်"

ထွန်းဆိုင်တို့မှာ အနည်းငယ်လန့်သွားကြသောကြောင့် သေနတ်များကိုပင် ပြင်သူကပြင်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့တွေ့မှာလဲ"

နောက်တစ်ခါ အသံပေါ်ထွက်ပြီး မရှေးမနှောင်းမှာပင် စာခြောက်ရုပ်ကြီး ဦးခေါင်းပေါ်သို့ ငှက်တစ်ကောင် ခုန်တက် လာသည်။ အရောင်အသွေးက မည်းမည်းနှင့် 'သာလိကာ' ငှက် တစ်ကောင်ပင် ဖြစ်တော့သည်။

"ဘယ်သူနဲ့တွေ့မှာလဲ"

ဟူသောစကားကို အပ်ကြောင်းထပ်သကဲ့သို့ ရေရွတ် ပြောဆိုနေသည်မှာ ထိုသာလိကာ ငှက်ပင်ဖြစ်ပေတော့သည်။ ထိုအခါမှ အသီးသီး သက်ပြင်းချနိုင်ကြသည်။

"တော်ပါသေးရဲ့ကွာ အသက်မရှိတဲ့ စာခြောက်ရုပ်က များ စကားပြောနေသလားလို့ လန့်သွားတာပဲ"

ဟုပြောပြီး တဲအနီးသို့ ရောက်အောင်သွားကြသည်။

သာလိကာငှက်လည်း 'ဘယ်သူနဲ့တွေ့မှာလဲ' ဟူသော စကားကို အဆက်မပြတ်အော်ရင်း မနီးမဝေးမှာရှိသော သစ် ပင်ပေါ်သို့ ပျံတက်သွားလေသည်။

တဲပေါက်ဝနားရောက်တော့ 'ထွန်းဆိုင်'က အသံကျယ် ကျယ်ဖြင့် မေးလိုက်သည်။

"ဘယ်သူမှ မရှိကြဘူးလား"

"မရှိဘူး . . မရှိဘူး"

ထိုအသံကတော့ သစ်ပင်ပေါ်မှာ နားနေသည့် သာလိ ကာငှက်က လှမ်းပြောနေခြင်းပင်ဖြစ်၏။

"ဟာ ဒီငှက်တော့ ခက်တာပါပဲကွာ၊ တဲထဲမှာ ဘယ်သူ ရှိသလဲဟေ့"





"မရှိဘူး . . မရှိဘူး"

နောက်ထပ် အသံကြားရပြန်သဖြင့် ပုလိပ်တစ်ယောက် က စိတ်မရှည်တော့သဖြင့် ကျောက်ခဲတစ်လုံး ကောက်ကာ ငှက်ကို လှမ်းပစ်လိုက်သည်။

"ခဲနဲ့ပစ်တယ် . . ခဲနဲ့ပစ်တယ်"

ဟုအော်ဟစ်ကာ သစ်ပင်ပေါ်မှ ထပျံသွားလေတော့ သည်။

"ငှက်တစ်ကောင်က လူလိုစကားပြောနိုင်တာတော့ . . အံ့သြစရာပဲ"

ဟု ရေရွတ်ပြောဆိုနေစဉ် တစ်ယောက်ကပြောလိုက် သည်။

"ဆ . . ဆရာ . . ဟို . . ဟို . . မှာ"

"ဘာလဲ"

"စာခြောက်ရုပ်ကြီးက ကျွန်တော်ကိုကြည့်ပြီး သွားဖြီးပြ နေတယ်"

"ဘယ်မှာလဲ"

ထိုသို့ပြောပြီး လှည့်ကြည့်လိုက်တော့ ပုံမှန်အတိုင်းသာ ရှိနေသည့် စာခြောက်ရုပ်ကိုသာ တွေ့ရပြီး ထူးထူးခြားခြားတော့ ဘာမှမတွေ့ရပေ။

စာခြောက်ရုပ်မှာ သစ်သား၊ ဝါးနှင့် ကောက်ရိုးခြောက် များဖြင့် ပြုလုပ်ထားကာ . . ဦးခေါင်းမှာ မြေအိုးတစ်လုံး စွပ်ထား သည်။

အမည်းရောင်ဆေးများဖြင့် အိုးတစ်ခုလုံးကို သုတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ အပေါ်မှာ မြေဖြူနှင့် မျက်လုံး ၊ နှာခေါင်းနှင့် ပါးစပ်ပေါက်တို့ကို ရေးထားခြင်းဖြစ်သည်။ ကိုယ်ပေါ်မှာ အဝတ်အစားအဟောင်းများ ဝတ်ပေးထားပြီး ဦးခေါင်းပေါ်မှာ မြက်ဦးထုပ်တစ်လုံးကို ဆောင်းပေးထားသည်။

"မင်းကြောက်နေလို့ မြင်မိမြင်ရာ မြင်နေတာ ဖြစ်ပါလိမ့်မယ်၊ စာခြောက်ရုပ်ကတော့ မင်းကိုသွားဖြီးပြတာ မဖြစ်နိုင်ပါဘူး"

ဟု ဌာနအုပ်ထွန်းဆိုင်က ပြောဆိုလိုက်တော့သည်။

ထိုအခိုက်မှာပင် သူတို့နောက်ဘက်တောထဲမှ ထွက်လာသော ခြေသံအချို့ကိုကြားသဖြင့် လှည့်ကြည့်လိုက်ကြသည်။ တောစပ်မှ ထွက်လာသူနှစ်ယောက်တို့မှာ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘွားအိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့ပင် ဖြစ်ကြသည်။

အဘွားအိုက အသက်အရွယ်ကြီးရင့်လှပြီး မိန်းမပျိုကတော့ အသက်နှစ်ဆယ်ကျော်မျှ ရှိသေးသည်။

သူမသည် အနက်ရောင် အင်္ကျီလုံချည်တို့ကို ဝတ်ဆင်ထားပြီး မျက်နှာက တင်းမာခက်ထန်လှသည်။

"မင်းတို့ ဘာလာလုပ်ကြတာလဲ. .၊ ငါ့ရဲ့ငှက်ကို ဘာကြောင့် ကျောက်ခဲနဲ့ပစ်လွှတ်တာလဲ"

"ငှက်က ခင်ဗျားမွေးထားတာလား၊ နောက်ပြီး ငှက်ကလူစကား ပြောတတ်သလား"

ထွန်းဆိုင်က မေးလိုက်သည်။

"ငှက်ပဲဖြစ်ဖြစ် ဘယ်တိရစ္ဆာန်ပဲဖြစ်ဖြစ် သင်ထားရင်





တတ်တာပေါ့"

ဟုပြောရင်းနှင့် တောင်ဝှေးထောက်ကာထောက်ကာနှင့် သူတို့အနီးသို့ လျှောက်လာလေသည်။

"ခင်ဗျားနာမည်က ဘယ်သူလဲ"

"ဒေါ်ဂုဏ်နီဆိုတာ ငါပဲ"

"ခင်ဗျားက စုန်းမတစ်ယောက် မဟုတ်လား"

"လူတွေကတော့ အဲဒီလိုပဲ ထင်နေကြတာပဲ၊ ဟုတ်ချင်လည်းဟုတ်မယ် မဟုတ်ချင်လည်း မဟုတ်ဘူး၊ နင်နဲ့ ဘာဆိုင်သလဲ"

"သာသနာပြုတစ်ဖွဲ့လုံးကို သတ်တာ ခင်ဗျားလား"

"ကြံကြီးစည်ရာ သူတို့သေမှာစိုးလို့တောင် ငါကသွားပြီးသတိပေးခဲ့သေးတာ ငါကသတ်ပါ့မလား၊ ငါ့စကား နားမထောင်တော့ အားလုံးသေကုန်ပြီ မဟုတ်လား"

"သူတို့ကို ဘယ်သူသတ်သွားတာလဲ ခင်ဗျားသိတယ်မဟုတ်လား"

"သိတာပေါ့"

"သိရင်ပြောပြပါ"

"အခုတော့ ငါပြောလည်း ဘယ်သူမှ ယုံကြည်မှာ မဟုတ်တော့ဘူး၊ ဒီတော့ နင်တို့ တရားခံကိုသိချင်ရင် နောင်နှစ်ဘန်ဆောင်မုန်းလပြည့်ရက်မှာ အဲဒီနေရာက လာစောင့်ကြည့်နှင့် သေမင်းကို လက်တွေ့မြင်ရလိမ့်မယ်"

ဒေါ်ဂုဏ်နီစကားကြောင့် ဌာနအုပ်ထွန်းဆိုင်မှာ မကျေနပ် ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မဟုတ်တာတွေ လျှောက်ပြောမနေနဲ့. .၊ လူသတ်တဲ့တရားခံကိုသိရင် ပြောပြပါ. .၊ ဖုံးကွယ်ထားရင်တော့ ခင်ဗျားကိုပါ ဖမ်းခေါ်သွားရလိမ့်မယ်"

"မပြောနိုင်ပါဘူး. . ခေါ်ချင်လည်း ခေါ်သွားပေါ့၊ နင်တို့လုပ်ချင်ရာလုပ်လည်း ငါကတော့ ဂရုမစိုက်ပေါင်"

ဟုပြောသဖြင့် ထွန်းဆိုင်က ပုလိပ်များအား ဒေါ်ဂနီကို ဖမ်းခေါ်ခဲ့ရန် အမိန့်ပေးလိုက်လေသည်။

"ရှင်တို့ ဒီလိုမတရားမလုပ်ကြနဲ့ ကျွန်မအဘွားမှာ ဘာအပြစ်ရှိလို့ ခေါ်သွားကြမှာလဲ"

"နင်ပါ အဖမ်းမခံချင်ရင် အေးအေးနေ. . မဟုတ်ရင် နင့်ကိုပါ ဖမ်းခေါ်သွားရလိမ့်မယ်"

"လူတွေကို မတရားလုပ်နေရင်တော့ တစ်နေ့ကျရင် ဘေးအန္တရာယ်နဲ့ တွေ့ကြမှာပဲ"

ဟု မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေလေသည်။

ထို့နောက်မှာတော့ ထွန်းဆိုင်တို့က ဒေါ်ဂနီကို ဖမ်းဆီးခေါ်ဆောင် သွားကြလေတော့သည်။

ၛင်းတို့ထွက်သွားသောအခါ တဲပေါက်ဝမှာ ချထားသော စာခြောက်ရုပ်ကြီး၏ ဦးခေါင်းက တစ်ပတ်လည်လာပြီး သူတို့ထွက်သွားရာနောက်သို့ လိုက်ကြည့်နေသည်ကိုတော့ ထွန်းဆိုင်တို့ မသိလိုက်ကြတော့ပေ။





# အခန်း (၄)

## မှော်ကျူစာအုပ်နှင့် ပျောက်သွားသည့်အလောင်း

သစ်တောစခန်း တည်ထားသောနေရာမှာ ကမ်းစပ်နှင့် မဝေးသောနေရာ၌ ရှိသည်။

ထိုနေရာတွင် တောင်ကုန်းများရှိပြီး မျက်နှာဖြူအရာရှိများ နေရန်အတွက် ဗိုလ်တဲများ ဆောက်လုပ်ထားသည်။

ထိုနေရာနှင့် မနီးမဝေးမှာတော့ အလုပ်သမားများနေရန် တန်းလျားများ ဆောက်ပေးထားသည်။

အချို့နေရာများမှာတော့ တဲငယ်ကလေးများ ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ကာ နေကြရလေသည်။

ထိုနေရာနှင့် မနီးမဝေးမှာတော့ သစ်လုံးသစ်တိုင်များဖြင့် ခိုင်ခံ့စွာပြုလုပ်ထားသော နေရာတစ်ခုရှိသည်။

ဆင်စခန်းကဲ့သို့ ခိုင်ခံ့စွာပြုလုပ်ထားပြီး အပေါ်မှာ အမိုးတင်ပေးထားသည်။

ထိုအရာမှာ ယာယီဆောက်ထားသော အကျဉ်းစခန်းတစ်ခုပင် ဖြစ်လေသည်။

ထိုအကျဉ်းစခန်းမှာ သစ်လုံးတိုင်များ စေ့နေအောင်ကာရံထားပြီး နံဘေးမှတန်းများ ပစ်ထားသောကြောင့် လူတစ်ယောက် မထွက်သာပေ။

အကျဉ်းစခန်းထဲမှာ ထည့်ထားသူများမှာလည်း . . ယောကျ်ားတစ်ယောက်မှမပါဘဲ မိန်းမများချည်း ဖြစ်လေသည်။ သာသနာပြုစခန်းမှ လူများအားလုံး သေဆုံးသွားခဲ့ပြီး နောက်ပိုင်းတွင် ထိုအနီးအနားတစ်ဝိုက်မှာ ရှိသောရွာများမှ စုန်းကဝေပညာတတ်ကျွမ်းသည်ဟု ထင်သူများကို ဖမ်းဆီးခေါ်ဆောင်လာပြီး ထိုအကျဉ်းခန်းကြီးထဲမှာ ထည့်ထားခြင်းဖြစ်သည်။

စုစုပေါင်း လူနှစ်ဆယ်ခန့်ရှိနေပြီး အများအားဖြင့်တော့ အသက်အရွယ်ကြီးသူတို့ ဖြစ်ကြသည်။

အချို့ အသက်နှစ်ဆယ်ကျော် သုံးဆယ်အရွယ် မိန်းမများလည်း ပါဝင်လေသည်။

အားလုံးမှာ ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြသဖြင့် အဝတ်အစားများမှာ စုတ်စုတ်ပြတ်ပြတ်နှင့် ဖြစ်သည်။

ပုလိပ်များကတော့ ထုံးစံအတိုင်း . (ကိုလိုနီခေတ်က





ပုလိပ်များ၏ လုပ်ထုံးလုပ်နည်းအတိုင်း) အမှုတစ်ခုဖြစ်လာပြီးနောက် အမှုမှန်မပေါ်ပါက အထက်လူကြီးများ၏ ဆူပူကြိမ်းမောင်းမှုနှင့် ငြိုငြင်မှုကိုမခံပဲ တရားခံမပေါ်ပေါ်အောင် ဖော်ထုတ်သောနည်းများကို အသုံးပြုကြသည်။

တရားခံ မဟုတ်သော်လည်း အတင်းအဓမ္မ ဝန်ခံခိုင်းပြီးတရားခံလုပ်ခိုင်းသည်။

ထိုသို့မှမဟုတ်လျှင် နည်းအမျိုးမျိုးနှင့် ညှင်းပန်းနှိပ်စက်ပြီး မေးမြန်းစစ်ဆေးသည်။

နောက်ဆုံး တရားခံမဟုတ်သော်လည်း နှိပ်စက်မခံနိုင်ကြသဖြင့် တရားခံအဖြစ် ဝန်ခံလိုက်ရသောကြောင့် ထောင်နန်းစံရသူတွေလည်း အမြောက်အမြားရှိသည်။

၎င်းတို့နှိပ်စက်တာ လက်လွန်သွားသောကြောင့် အသက်သေဆုံးခဲ့ရသူများလည်းရှိသည်။

အခြားတစ်ဦးတစ်ယောက် အပြစ်ကျူးလွန်လျှင် ကျီးကန်းများ ဝိုင်းသကဲ့သို့ ဝိုင်းအုံလေ့ရှိသော ပုလိပ်များသည် ၎င်းတို့ထဲမှတစ်ယောက်ယောက် ပြစ်မှုဖြစ်လျှင်တော့ ကြက်သားပေါက်ကို ကြက်မကြီးက အုပ်ပေးသကဲ့သို့ ဖုံးဖုံးဖိဖိ လုပ်ပေးကြရာ လူမသိလိုက်တာက များပါသည်။

ပုလိပ်များမှာ အမှုမရှိ၍ အမှုရှာရာမှာတော့ ကျွမ်းကျင်သိမ်မှာကြသည်။

သူခိုးကို ထောင်ဖမ်းရမလား၊ ပြည့်တန်ဆာတစ်ယောက်ကို ပျော်ပါးပြီးမှ သက်သေလုပ်ကာ ဖမ်းရမလား၊ ဒါမှမဟုတ်အမှန်ကိစ္စကို အမှုကြီးဖြစ်အောင် ပြောဆိုပြီး ဖမ်းရမလား . .



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်ကြသည်။

ကိုလိုနီခေတ်က စတင်ခဲ့သော အကျင့်ဆိုးနှင့် ဉာဉ်ဆိုးများမှာ ယခုတိုင်အောင် မျက်မြင်တွေ့နိုင်ပါသေးသည်။

ယခုလည်း သာသနာပြုအဖွဲ့များ သေဆုံးရခြင်းမှာ ဘယ်လိုအကြောင်းကြောင့် သေကြသည်ကို ထွေထွေထူးထူး ရှာဖွေမနေတော့ဘဲ၊ ထိုနေရာတစ်ဝိုက်မှ မိန်းမအတော်များများကို ဖမ်းဆီးခေါ်ဆောင်ထားလေသည်။

၎င်းတို့က စုန်းမများလက်ချက်ကြောင့် သေသည်ဟု ထင်မြင်ယူဆကြသဖြင့် စုန်းမဟုတ်မဟုတ်နှင့် အမှုမပေါ်ပေါ်အောင် စစ်ဆေးကြသည်။

အချို့ကို ကြိမ်ဖြင့်ရိုက်နှက်ကာ မေးသည်။

အချို့ကို ကြိုးဖြင့်တုပ်ကာ သစ်ပင်မှာ တွဲလောင်းဆွဲပြီး စစ်မေးသည်။

အချို့ကိုတော့ ကြိုးတုပ်ပြီး ရေထဲနှစ်သည်။

မီးစဖြင့် ထိုးခြင်း၊ ရေနွေးပူဖြင့် လောင်းခြင်း စသော နှိပ်စက်နည်းမျိုးစုံဖြင့် စစ်မေးကြသောအခါ အချို့လည်း နှိပ်စက်တာ မခံနိုင်တော့သဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် ဝန်ခံကြရလေသည်။

“ဟုတ်ပါတယ်. . ကျွန်မအသက်ကို ချမ်းသာပေးပါ နှိပ်စက်တာတွေကို ရပ်ပါတော့ ကျွန်မ စုန်းပညာ တတ်ပါတယ်”

“နင်တို့မိစ္ဆာမတွေပဲ လူတွေကို သက်သက်ဒုက္ခပေးနေကြတာပဲ သာသနာပြုအဖွဲ့တွေကိုသတ်တာ နင်တို့မဟုတ်လား”

“စုန်းပညာတော့ တတ်ပါတယ်၊ ဒါပေမယ့် သူတို့ကို တော့ ကျွန်မတို့ မသတ်ပါဘူး”





“အခုထိ လိမ်နေပြောနေတုန်းပဲ၊ မှန်တာကိုပြောစမ်း မှန်တာကိုဝန်ခံစမ်း”

ဟုပြောပြီး အမျိုးမျိုး နှိပ်စက်ကြပြန်သည်။

ထိုကဲ့သို့ နှိပ်စက်မှု ပြင်းထန်သောကြောင့် အချို့သတိမေ့သွားကြသည်။

အချို့ကတော့ အသက်သေဆုံးသွားခဲ့ကြသည်။

ကယ်မည့်သူမရှိကြပေ။

နောက်ဆုံးတော့ ဒေါ်ဂနီအလှည့် ရောက်လာသည်။

ဒေါ်ဂနီကိုတော့ ဌာနအုပ် ထွန်းဆိုင်ကိုယ်တိုင် စစ်ဆေးသည်။

“ခင်ဗျား အမှန်အတိုင်း ဝန်ခံပါ၊ ခင်ဗျားစုန်းကဝေ တစ်ယောက် မဟုတ်လား”

ဒေါ်ဂနီက မော့ကြည့်သည်။

ထိုအခါမှ မျက်လုံးတစ်ဖက်သာရှိပြီး ကျန်တစ်ဖက်က ကျောက်မျက်လုံးကဲ့သို့ ဖြူဖွေးနေလေသည်။

“ဟီး. . ဟီး. . ငါက မဟုတ်ဘူးပြောရင်လည်း နင်က [illegible]မှာမှမဟုတ်တာ လေကုန်ခံပြီး မပြောတော့ဘူး”

“သာသနာပြု အဖွဲ့တွေကို သတ်တဲ့တရားခံကို သိတယ် [illegible]ဟုတ်လား”

“ငါမသိဘူး”

“မပြောရင်တော့ မပေါ်ပေါ်အောင် စစ်ရမှာပဲ”

“စစ်ပေါ့၊ ငါသေသွားရင် နင်တို့ကို ငရဲကစောင့်နေမယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောသဖြင့် ထွန်းဆိုင်မှာ ဒေါသထွက်သွားလေ
သည်။

ထို့နောက်မှာတော့ ဒေါ်ဂနီကို ကြိုးဖြင့်တုပ်ကာ ချောင်
စပ်ရှိရာသို့ ခေါ်သွားလေသည်။

သူတို့နှင့်အတူ ခရစ်ယာန်ဘာသာဝင် ဘုန်းကြီးတစ်ပါ
လည်း ပါလာသည်။ ထိုဘုန်းကြီးတွင် လွယ်အိတ်တစ်လုံး လွယ်
ထားပြီး ထိုအိတ်ထဲမှာ သားရေဖြင့် ဖုံးထားသော ကျမ်းစာအုပ်
တစ်အုပ်လည်း ပါလာသည်။

ချောင်းမှာ ကျောက်နံရံများအောက်မှာ ရှိနေပြီး အ
ပေါ်မှ ပေ(၅၀)ခန့် ကွာဝေးသည်။

"အမှန်အတိုင်း ပြောမလား၊ မဟုတ်ရင်တော့ မပေါ်
ချင်း စစ်ရတော့မှာပဲ"

ဒေါ်ဂနီက ဘာမှပြန်မပြောဘဲ တစ်ချက်မော့ကြည့်
သည်။

"ငါ့မှာ ဘာမှပြောစရာမရှိဘူး"

ထိုအခါ အနားမှာရှိနေသော ခရစ်ယာန်ဘုန်းကြီးက
လွယ်အိတ်မှ ကျမ်းစာအုပ်ကြီးကို ထုတ်ယူလိုက်တော့ ဒေါ်ဂနီ
တစ်ချက် လှမ်းကြည့်သည်။

"စုန်းမဖြစ်တယ်လို့ ဝန်ခံမှာလား"

ဘုန်းကြီးက မေးသည်။

ဒေါ်ဂနီက ဘာမှပြန်မပြောပဲ အတန်ကြာအောင်ကြ
နေပြီးမှ သူ့ဘာသာ ရေရွတ်နေလေသည်။

"လူတွေကို ဒုက္ခပေးနေကြတယ်၊ အပြစ်မရှိတဲ့ သူ





ကို ဒုက္ခပေးတဲ့လူတွေ ငရဲရောက်မှပဲ နင်တို့ကို ကလဲ့စားပြန်ချေ
တော့မယ်"

ဟုပြောသဖြင့် ကြိုးဖြင့်တုပ်ပြီး ရေထဲချလိုက်သည်။ အ
တန်ကြာအောင် နှစ်ထားပြီးမှ ပြန်ဆွဲဖော်လိုက်သည်။

"အမှန်အတိုင်း ဝန်ခံမှာလား"

ဘာမှ ပြန်မပြောသဖြင့် ထပ်နှစ်လိုက်ပြန်သည်။

"အမှန်အတိုင်း ပြောမှာလား၊ မဟုတ်ရင်တော့ ခင်ဗျား
သေရလိမ့်မယ်"

"ငါ့ကို နင်တို့ သတ်လို့ရမယ် ထင်နေသလား"

ထိုသို့ပြောနေကြသဖြင့် ရေထဲသို့ ထပ်နှစ်ထားလိုက်ပြန်
သည်။ ဒီတစ်ကြိမ်တော့ အတန်ကြာအောင်ထားပြီးမှ ပြန်ဆွဲဖော်
ကြလေသည်။

ထိုအခါ ဆွဲတင်၍မရတော့ပေ။

ရေအောက်မှ ကျောက်တုံးနှင့် ဆွဲထားသကဲ့သို့ ပြန်ဆွဲ
တင်၍ မရတော့ပေ။

"ပြန်ဆွဲတင်လို့ မရတော့ဘူး"

"ဒီအဘွားကြီးကိုယ်က ဘယ်လောက်လေးလို့လဲ . .
အောက်က တစ်ခုခုနဲ့ ငြိနေလို့ ဖြစ်မှာပေါ့"

"ဘယ်နှယ့်လုပ်မလဲ"

"ရေအောက်မှာ ဒီလောက်ကြာရင်တော့ သေလောက်
င်တယ် ရအောင်ပြန်ဆွဲတင်ကြ"

ဟု အမိန့်ပေးသဖြင့် ပုလိပ်နှစ်ယောက်တို့က ကြိုးကို
ဖြင့်ဆွဲတင်ကြသော်လည်း အောက်ဘက်မှ တစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဆွဲထားသကဲ့သို့ မရတော့ပေ။

ထိုသို့ဆွဲနေရင်းမှာပင် တစ်ယောက်မှာ အောက်ဘက်

တစ်စုံတစ်ယောက်က လှမ်းဆွဲချလိုက်သကဲ့သို့ဖြစ်ကာ အောက်

သို့ပြုတ်ကျသွားလေတော့သည်။

"အား"

"ဝုန်း"

"တစ်ယောက်ကျသွားပြီ လုပ်ကြပါဦး"

ထို့ကြောင့် အောက်သို့ ငုံ့ကြည့်လိုက်ကြသည်။

အောက်သို့ငုံ့ကြည့်လိုက်သောအခါ ရေလှိုင်းများ ဝုန်းဝုန်းထနေပြီး ကျသွားသူမှာ ရေပေါ်သို့ ဦးခေါင်းပေါ်လ လိုက် ပြန်မြုပ်သွားလိုက် ဖြစ်နေသည်။

ထိုသူမှာ ရေကူးကျွမ်းကျင်သူတစ်ယောက် ဖြစ်သော် လည်း တစ်စုံတစ်ယောက်က ရေအောက်မှ ခြေထောက်ကို နှစ်နေသကဲ့သို့ဖြစ်ကာ ပေါ်လိုက်ပြန်မြုပ်သွားလိုက်နှင့် ဖြစ် တော့သည်။

အပေါ်မှ ကြည့်နေသူတို့မှာလည်း ဘာမှမတတ်နိုင်ကြ ရှိနေကြသည်။

"ကယ်ကြပါဦး. . ကယ်ကြပါဦး၊ ကျုပ်ကို ရေအော က လိုက်ဆွဲနေတယ်ဗျ"

ထိုသို့ပြောရင်းနှင့် ရေအောက်သို့ မြုပ်သွားပြန်သည်

အချိန်မှာလည်း ညနေပိုင်းအချိန် ရောက်နေပြီ သောကြောင့် တောထဲမှာ မှောင်စပျိုးနေပြီ။

နောက်တစ်ကြိမ်မှာတော့ ရုန်းရင်းကန်ရင်းနှင့် လူ





မြောက်သွားဟန်ဖြင့် ရေပေါ်ပြန်ပေါ်လာပြန်သည်။

ထိုသူမှာ အော်ဟစ်အကူအညီတောင်းရင်းနှင့်ပင်. . လွတ်မြောက်သွားဟန်ဖြင့် ကမ်းပေါ်သို့ တက်လာပြန်သည်။

ထိုသို့တက်လာပြီး ကမ်းပေါ်ရောက်တော့မှ ရေအောက် တစ်စုံတစ်ယောက်က ဆွဲချသွားပြန်သောကြောင့် ဒရွတ်တိုက် ပြန်ပါသွားပြန်သည်။

"ကယ်ကြပါဦးဗျ. . သေရပါတော့မယ်"

ထိုသို့ အော်ဟစ်အကူအညီတောင်းသော်လည်း အ ပေါ်မှလူများက တစ်ယောက်မှ မဆင်းဝံ့ကြပေ။

နောက်တော့ အော်ရင်းဟစ်ရင်းနှင့်ပင် ရေအောက်သို့ မြုပ်ပါသွားလေသည်။

ပြန်ပေါ်မလာနိုင်တော့ပေ။

"တစ်ယောက်ယောက်တော့ သေပြန်ပြီ ဒီလောက်ရှိမှ တော့ စုန်းမကြီးလည်း ရေနစ်လို့ သေလောက်ပြီ ထင်တယ်"

ဟု ထွန်းဆိုင်က မျက်စိမျက်နှာပျက်နှင့် ပြောသည်။

ထိုအခါ မနီးမဝေးမှာ ရပ်နေသော ခရစ်ယာန်ဘုန်းကြီး က ဝင်ပြောသည်။

"စုန်းမတွေ သေသွားရင် ဒီအတိုင်းထားခဲ့လို့ မရဘူး၊ ရဲ့အလောင်းကို မရ,ရအောင်ပြန်ဆွဲတင်ကြရမယ်"

"ဘာဖြစ်လို့လဲ"

"ဒီအတိုင်းထားရင် ဘေးက ပယောဂဝင်လာရင် အ တ်ပြန်ရှင်လာလိမ့်မယ်၊ ဒီတော့ အပေါ်ပြန်တင်ပြီး ဂါထာမန္တန် တွေနဲ့ ရွတ်ဖတ်ရမယ်၊ ပြီးတော့မှ မြေမြှုပ်ရင်မြှုပ် ဒါမှမဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



မီးရှို့ပစ်လိုက်မှ စိတ်ချရတယ်၊ တကယ်လို့ သူ အသက်ပြန်ရှင်လာရင် ဘယ်လိုနည်းနဲ့မှ တားဆီးလို့မရနိုင်ပဲ အားလုံးသေကုန်လိမ့်မယ်"

ထိုစကားကြောင့် ထွန်းဆိုင်လည်း ကြောက်လန့်သွားပြီး မရရအောင်ဆွဲတင်ရန် အမိန့်ပေးလိုက်သည်။

နောက်မှပါလာသူများကလည်း ကြောက်ကြောက်လန့်လန့်နှင့် ဆွဲတင်ကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် အမှောင်ရိပ်များကပိုများလာသည်။ ဒီတစ်ကြိမ်မှာတော့ ရေအောက်မှာ ရောက်နေသောအလောင်းက ပါလာလေသည်။

အပေါ် ဆွဲတင်ပြီး ပက်လက်လှန်ချလိုက်တော့မှ မျက်လုံးပြူးသွားကြလေတော့သည်။

"ဟင်"

"ဟာ"

သူတို့ရှေ့မှာ ရောက်လာသောအလောင်းက ဒေါ်ဂန်ဆိုသောအဘွားကြီး အလောင်းမဟုတ်ပေ။

စောစောက အောက်သို့ ပြုတ်ကျသွားသူ၏ အလောင်းဖြစ်နေတော့သည်။

ထိုအလောင်းမှာ စောစောက သူတို့ ဒေါ်ဂနီကို တုပ်နှောင် ပေးလိုက်သည့်အတိုင်း ကြိုးတုပ်လျက်သားအတိုင်း ပါလာခြင်း ဖြစ်သည်။

"ဘယ်လိုဖြစ်ပြီး မောင်ထွေးအလောင်းက ပါလာရတာလဲ၊ ဟိုအဘွားကြီး ဘယ်ရောက်သွားပြီလဲ"





"မသိဘူး ကြိုးတုပ်ထားရက်နှင့် ဘယ်ရောက်သွားပြီလဲ သိဘူး"

ထိုကဲ့သို့ပြောပြီး မောင်ထွေးဆိုသူကို စမ်းကြည့်တော့ အသက်မရှိတော့ပေ။

ထိုအခြေအနေကိုမြင်တော့ ခရစ်ယာန်ဘုန်းကြီးက တုန်တုန်ယင်ယင်နှင့် ပြောသည်။

"ဒါ . . ဒါ . . မိစ္ဆာတွေရဲ့ လှည့်စားမှုပဲ၊ ဒီအလောင်းကို အတိုင်း မြှုပ်လို့မရဘူး၊ ဂါထာမန္တန်တွေနှင့် စီရင်ပြီးမှ မြှုပ်လို့ရမယ်"

ဟုပြောဆိုပြီး ၎င်းတို့အိတ်ထဲမှာ ပါလာသော စာအုပ်ကြီးကို ထုတ်ယူလိုက်သည်။

စာအုပ်ကြီးမှ သားရေဖုံးဖြင့် ပြုလုပ်ထားပြီး အဖုံးပေါ်မှာ အင်္ဂလိပ်ဘာသာ၊ သက္ကတဘာသာတို့ကို ရွှေရောင်စာလုံးဖြင့် ရေးသားထားသည်။

ထိုစာအုပ်မှာ အခြားမဟုတ်ပေ။

မကောင်းသော မိစ္ဆာများကို သုတ်သင်ဖယ်ရှားပစ်နိုင်သည့် ဂါထာမန္တန်များပါသော 'ကျူစာအုပ်' ပင်ဖြစ်သည်။

ကျူစာအုပ်မှာ မှော်အတတ်ပညာနှင့် ပတ်သက်သည့် များ ကျောက်စာတို့ကို ရေးသားထားသော မှော်ကျမ်းစာအုပ် ပင်ဖြစ်သည်။

ကမ္ဘာပေါ်မှာ ကျူစာအုပ် နှစ်အုပ်သာရှိပြီး ဘီစီ(၁၆)ခု ... ရာစုတွင် ရေးသားခဲ့သော ရှေးဟောင်းမှော်ကျမ်းစာအုပ် ... နှစ်အုပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာလင်မြို့ ပြတိုက်တွင်ရှိသော ကျူစာအုပ်မှာ ဘီစီ (၁၆)ခုမြောက် ရာစုအတွင်း ရေးသားစီရင်ခဲ့သော စာအုပ်ဖြစ်သည်။ အခြားသော မှော်ကျူစာအုပ်မှာ ဘီစီ(၁၄)ခုမြောက် ရာစုအလယ်လောက်တွင် ရေးသားပြုစုခဲ့ပြီး ယခုအခါ လန်ဒန်မြို့ ဗြိတိသျှပြတိုက်တွင်ရှိသည်။

ထိုစာအုပ် နှစ်မျိုးစလုံးကို 'မှော်ကျူစာအုပ်'ဟု ခေါ်ကြပြီး စုန်းကဝေ၊ နတ်စိုး၊ မိစ္ဆာ၊ မကောင်းဆိုးဝါးများကို နှင်ထုတ်နိုင်သော သုတ်သင်ဖယ်ရှားနိုင်သော ဂါထာမန္တန်များနှင့် ဆေးဝါးကုထုံးများ ပါဝင်လေသည်။

(မှော်ကျူစာအုပ်များအကြောင်းကို ရှေ့အခန်းများတွင် အလျဉ်းသင့်ပါက ထပ်မံဖော်ပြပေးပါမည်)

အခု ခရစ်ယာန်ဘုန်းကြီး လက်ထဲမှာကိုင်ထားသော မှော်ကျူစာအုပ်မှာ လန်ဒန်မြို့ ဗြိတိသျှပြတိုက်မှာရှိသော မှော်ကျူစာအုပ်မှ မိတ္တူကူးထားသော စာအုပ်တစ်အုပ် ဖြစ်ပေသည်။

ခရစ်ယာန်ဘုန်းကြီးက မှော်ကျူစာအုပ်ကို ထုတ်ယူပြီး စုန်းမများနှင့် သက်ဆိုင်သော အခန်းကဏ္ဍကိုလှန်ကာ ထိုနေရာမှာ ရေးသားထားသည့် ဂါထာမန္တန်တို့ကို အသံသြသြကြီးဖြင့် ရွတ်ဆိုနေလေသည်။

ထိုသို့ရွတ်ဆိုပြီး မကြာခင်မှာပင် သေဆုံးနေပြီဖြစ်သော မောင်ထွေးတစ်ကိုယ်လုံးမှာ လျှပ်စစ်နှင့် အတို့ခံလိုက်ရသကဲ့သို့ လှုပ်ရှားလာသည်။

ခြေလက်တို့မှာလည်း အကြောဆွဲသကဲ့သို့ ဖြစ်လာသည်။ ထိုအခြေအနေကို မြင်သောအခါ ထွန်းဆိုင်တို့မှာ တအံ့





တသြဖြစ်ကာ ကြည့်နေကြသည်။

ခဏကြာတော့ မောင်ထွေးပါးစပ်ထဲမှ ရေနှင့် သွေးများ အန်ထွက်လာလေသည်။

ထိုနောက်မှာတော့ လှုပ်ရှားမှုက ပိုများလာပြီး ချည်ထားသောကြိုးများ ပြတ်ထွက်ကုန်တော့သည်။

ခရစ်ယာန်ဘုန်းကြီးကလည်း ထိုအခြေအနေကိုမြင်တော့ ဂါထာမန္တန်တို့ကို အသံကျယ်ကျယ်ဖြင့် ရွတ်ဆိုနေရင်းမှာပင်. . . တစ်ကိုယ်လုံးချည်ထားသော ကြိုးများ ပြတ်ထွက်သွားပြီး မောင်ထွေးအလောင်းက ထထိုင်လာလေတော့သည်။

"ဟာ. . . အလောင်းက ထထိုင်လာပြီ၊ သေနတ်နဲ့ပစ်ဟ"

ဟုပြောသဖြင့် ပုလိပ်တစ်ယောက်က သေနတ်ဖြင့် ပစ်လိုက်သည်။

"ဒိုင်း. . ဒိုင်း. . "

အနီးကပ် ပစ်ရသောကြောင့် ကျည်ဆံက ပစ်မှတ်ကိုထိသည်။ သို့သော်. . လဲကျမသွားပဲ ရှေ့သို့ဆက်တိုးလာပြီး သေနတ်ပစ်သူကို သတ်ဖြတ်လိုက်လေသည်။

ထိုအခါမှ ဂါထာမန္တန်များ ရွတ်နေသော ဘုန်းကြီးမှာ အသံပေါ်သွားလေတော့သည်။

"သူ့ကိုယ်ထဲမှာ ရှင်နေတာ စုန်းမ မဟုတ်တော့ဘူး"

ဟု တုန်တုန်ယင်ယင်ဖြင့်ပြောပြီး စုန်းမများနှိမ်နင်းသောဂါထာကို ဆက်မရွတ်တော့ပဲ စာအုပ်ကို အခြားတစ်နေရာသို့ ဆက်လှန်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာတော့ မကောင်းဆိုးဝါးများ ပူးကပ်နေသည်ကို နှိမ်နင်းနိုင်သော ဂါထာမန္တန်များ ရှိလေသည်။

သူက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆက်ရွတ်တော့မှ သူရှိရာသို့ လက်ဆန့်တန်းပြီးလာနေသော အလောင်းမှာ အရုပ်ကြိုးပြတ်ဖြစ်ကာ လဲကျသွားလေတော့သည်။

ထိုအခါမှပင်. . အသီးသီး သက်ပြင်းချနိုင်လေတော့သည်။

"တော်ပါသေးရဲ့"

ထိုနောက်မှာတော့ မောင်ထွေးအလောင်းကို တောထဲမှာပင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကာ ပြန်ခဲ့ကြလေသည်။

ဒေါ်ဂနီကတော့ ဘယ်နေရာ ရောက်သွားသည် မသိရပဲ ကြိုးတုပ်ထားလျက်နှင့်ပင် ထူးဆန်းစွာ ပျောက်သွားခဲ့လေပြီ။





# အခန်း (၅)

## သတင်းထူးလာပေးသွားသော ဖိုးသူတော်

တစ်နေ့သ၌ ဆရာကြီးသူရဋ္ဌသည် ၎င်း၏ ဘုရားခန်းထဲတွင် ဘုရားရှိခိုးနေရာမှ ပြီးသောအခါ. . အမျှအတန်းဝေပြီးနောက် ကြေးစည်ထုလိုက်လေသည်။

၎င်းထုလိုက်သော ကြေးစည်သံ ရပ်သွားသည်နှင့် အခြားတစ်နေရာမှ ထုလိုက်သော ကြေးစည်သံကို ကြားရသည်။

ကြားရသော ကြေးစည်သံက ခြံဝန်းရှေ့ဘက်မှ လာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ဆရာကြီးဦးသူရဋ္ဌ နေသောနေရာမှာ ယခုရွှေတောင်ကြားရပ်ကွက်ဟု နာမည်ကြီးနေသော ဗဟန်းမြို့နယ်အတွင်းမှ နေရာဖြစ်သည်။

ရှေးအခါက ရွှေတိဂုံဘုရား မြောက်ဘက်လင့်လမ်း၊ ဒေါင်ဒရီလမ်း(ယခု ဓမ္မစေတီလမ်း) တစ်ဝိုက်မှာ နေထိုင်သူမရှိလှဘဲ သစ်တောများနှင့် ချုံနွယ်ပိတ်ပေါင်းများသာ ရှိလေသည်။ အများအားဖြင့်တော့ သီးနှံစိုက်ပျိုးသူ ပန်းစိုက်ပျိုးသူနှင့် နို့စားနွားမွေးသော ကုလားများသာ နေကြလေသည်။

ယခုမြေကွက်တန်ဖိုး သိန်းပေါင်း သောင်းဂဏန်းအထိ ပေါက်နေသော နေရာများမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလများမှာပင် ငွေငါးရာတစ်ထောင်ကျပ်လောက်နှင့် ဝယ်ယူရနိုင်ပေသည်။

ဒီဘက် နောက်ပိုင်းဈေးတက်လာသည်ဆိုသော်မှ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း တစ်လျှောက်မှာပင် ပေတစ်ရာပတ်လည်မှာပင် ငွေငါးသောင်းကျပ်လောက်နှင့် စိတ်ကြိုက်မြေကွက်ကို ဝယ်ယူနိုင်ကြသေးသည်။

(၁၉၇၅)ခုနှစ်နောက်ပိုင်း ကာလလောက်မှာပင် ရွှေတောင်ကြားရပ်ကွက်၊ ယခုစံပယ်ဦးခြံနှင့် မနီးမဝေးနေရာမှ ပေတစ်ရာပတ်လည် မြေကွက်တစ်ကွက်ကို ငွေငါးထောင်ကျပ်ဖြင့် ဝယ်ယူရရှိသော ကျွန်ုပ်မိတ်ဆွေတစ်ယောက် ရှိပါသည်။

(၂၀၀၀)ပြည့်နှစ်လောက်က ထိုမြေကွက်ကို ပြန်ရောင်းရာ သိန်းတစ်ရာခန့် ရခဲ့လေသည်။

ယခုဆိုလျှင်တော့. . သိန်းပေါင်းတစ်သောင်းကျော်





လောက် ဈေးပေါက်နေပြီလား မပြောတတ်တော့ပါချေ။

ဆရာကြီးသူရဋ္ဌနေသောခြံဝန်းမှာ ပေတစ်ရာကျော်ခန့် အကျယ်အဝန်းရှိပြီး အတွင်းပိုင်းတစ်နေရာ၌ ရှိပါသည်။

အမိကရ ကုက္ကိုပင်ကြီးများနှင့် အခြားသစ်ပင်ကြီးငယ်တို့ အုပ်ဆိုင်းမှိုင်းညို့နေသော နေရာမျိုးဖြစ်သည်။

ဆရာကြီးက ၎င်းခြံဝန်းထဲမှာရှိသော သစ်ပင်ကြီးများအပြင် သီးပင်စားပင်များနှင့် ခရေပင်၊ ကံ့ကော်ပင်၊ ပိတောက်ပင်များကို,စိုက်ပျိုးထားသောကြောင့် ရာသီမပြတ် ပန်းများပွင့်နေလေသည်။

လူသူအသွားအလာ နည်းသောကြောင့် တိတ်ဆိတ်အေးချမ်းသောနေရာလည်း ဖြစ်သည်။

ကားလမ်း၊ လူသွားလမ်းများ ဖောက်ထားသော်လည်း အသွားအလာ သိပ်မရှိလှပေ။

ခြံဝန်းထဲမှာ တိုက်ခံနှစ်ထပ်အိမ်ကြီးနှင့် ခေါင်းရင်းဘက်တွင် သီးသန့်ဆောက်ထားသော အိမ်တစ်လုံး ရှိလေသည်။ နှစ်ထပ်အိမ်မှာ သားသမီး၊ မြေးမြစ်များနေကြပြီး ခေါင်းရင်းဘက်မှ အိမ်မှာတော့ ဆရာကြီးက တစ်ယောက်တည်း နေလေသည်။

အပေါ်ထပ်တွင် အိပ်ခန်း၊ ဘုရားခန်းနှင့် စာအုပ်များထားပြီး အောက်ထပ်မှာတော့ ဧည့်ခန်းနှင့် ဖိုထိုးသောအခန်းရှိလေသည်။

ဆရာကြီးက လက်ထဲမှကြေးစည်ကို ချထားလိုက်ပြီး ထားရှင့်နေစဉ်မှာ နောက်ထပ် ကြေးစည်ထုသံက ပေါ်လာပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်၊

"နောင်ဝေဝေ"

"နောင်ဝေဝေ"

ထိုကြေးစည်သံကို ထပ်ကြားရသဖြင့် နေရာမှထပြီး ပြတင်းပေါက်တံခါးချပ်ကို ဖွင့်၍ ခြံပေါက်ဝသို့ လှမ်းကြည့်လိုက်သည်။

တံခါးပေါက်ဝအနီးတွင် ဖိုးသူတော်တစ်ယောက် ရပ်နေပြီး အိမ်ရှိရာဘက်သို့ လှမ်းကြည့်ကာ ကြေးစည်ကို တနောင်နောင်ဖြင့် ထုနေသည်ကို မြင်ရသည်။

ထိုအခါမှ သဘောပေါက်သွားသဖြင့် အလုပ်သမားတစ်ယောက်ကို ခေါ်ပြီး. .

"ဟို ခြံပေါက်ဝမှာရပ်နေတဲ့ ဦးသူတော်ကို ငါ့အခန်းကို ခေါ်လာခဲ့ပါ"

ဟုပြောလိုက်ရာ အလုပ်သမားလည်းပြောသည့် အတိုင်းပင် ခေါ်လာခဲ့လေသည်။

အိမ်၏ ဧည့်ခန်းသို့ရောက်လာသောအခါမှ နှုတ်ဆက်စကားဆိုရပေသည်။

"ခြေထောက်နှစ်ချောင်းကို အကြောင်းပြုပြီး အရပ်တကာလှည့်နေတဲ့ ဦးသူတော်ပါလား၊ ကျုပ်ဆီကိုတော့ အကြောင်းကိစ္စ တစ်ခုရှိလို့ ရောက်လာတယ် ထင်ပါရဲ့"

"မှန်တာပေါ့ ဆရာကြီးရယ်၊ ကျုပ်က အရပ်တကာလှည့်ပြီး အများအကျိုး ဆောင်ရွက်ပေးနေတဲ့သူပဲ၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေဆီကို ဒီလိုပဲ သွားလာနေရတာပေါ့"





"ကိုင်း. . ဒါဖြင့်လည်း ဧည့်ခန်းမှာထိုင်ပြီးတော့ ကွမ်းဆေးလက်ဖက် သုံးဆောင်ရင်းနဲ့ စကားပြောကြတာပေါ့"

ဟုပြောကာ ဧည့်ခန်းသို့ ခေါ်သွားလေသည်။

"ဒါထက် ခြံပေါက်ဝမှာ ကျုပ်ရောက်နေမှန်း ဘယ်လိုများသိသလဲ ဆရာကြီးရဲ့"

ဧည့်ခန်းရောက်တော့ ဖိုးသူတော်ကြီးက မေးသည်။

"ကြေးစည်သံကြားရုံနဲ့ သိနိုင်တာပဲ၊ ကြေးစည်သံမှာ အသံ အနိမ့်အမြင့်တွေ ပါတယ်၊ အသံထွက်တဲ့ ကိရိယာတွေမှန်သမျှ အသံအနိမ့်အမြင့်တော့ ပါတာပါပဲ၊ ဒါပေမယ့် ကြေးစည်သံကတော့ တခြားအသံတွေထက် ပိုပြီးထူးခြားမှုရှိတယ်"

"ကျုပ်က ကြေးစည်သံနဲ့ အလျှုခံစားနေရတာဆိုတော့ ဒါကိုသိထားမှ ဖြစ်မယ်. . ပြောပြပါဦး ဆရာကြီးရဲ့"

"ကြေးစည်ကို အသုံးပြုတာ ထူးထူးခြားခြား နှစ်နေရာရှိတယ်၊ ကောင်းမှုကုသိုလ်ပြုလုပ်ပြီး အမျှအတန်း ဝေပေးပြီးတဲ့အခါမှာနဲ့ အသုဘချတဲ့နေရာမှာ အသုံးပြုကြတယ်၊ အဲ့ဒီနေရာမှာ ကြေးစည်ထုလို့ အသံထွက်တာချင်း တူပေမယ့် အဓိပ္ပါယ်ချင်းကတော့ မတူဘူး မဟုတ်လား"

"မှန်ပါတယ်"

ဖိုးသူတော်ကြီးက လက်ဖက်ရည်သောက်နေရင်းမှ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းမှု ကုသိုလ်ပြုလုပ်ပြီးလို့ ထုတဲ့ကြေးစည်သံက ကြားရသူတိုင်းစိတ်ထဲမှာ ကြည်နူးချမ်းမြေ့သွားပြီး သာယာနာပျော်ဖွယ်ရှိပေမယ့် အသုဘချရာမှာ ထုလိုက်တဲ့ ကြေးစည်သံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့ သူတိုင်းကတော့ ဝမ်းနည်းကြေကွဲမှု ဖြစ်ကြရတယ် မဟုတ်လား"

"ကြေးစည်ကို ကြေးစည်လက်ခတ်နဲ့ထုတာ ဒီအသံပဲ ထွက်လာတာပဲ မဟုတ်လား၊ ဘယ်လိုများကွာသွားရတာလဲ ဆရာကြီးရဲ့"

"ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပေါ့ဗျာ၊ ခပ်တိုတို ပြောရရင်တော့ ထုသူရဲ့စိတ်ထဲမှာ ပေါ်နေတဲ့ ခံစားမှုလှိုင်းတွေ က လက်မောင်းမှာရှိတဲ့ သွေးကြောတွေကတစ်ဆင့် ကြေးစည် လက် ခတ်ကို ရောက်သွားတယ်၊ ကြေးစည်လက်ခတ်ကလာတဲ့ လှိုင်းတွေကလည်း ကွာခြားသွားရတာပေါ့"

"သဘောပေါက်ပါပြီဗျာ"

"ဒါကြောင့် ရှေးအခါက ဆရာကြီးတွေဆိုရင် အသုဘ ချရာမှာ ထုတဲ့ကြေးစည်သံကို နားထောင်ကြည့်ရုံနဲ့ ဒီမသာဟာ ရိုးရိုးရောဂါကြောင့် သေတဲ့မသာလား၊ ပယောဂကြောင့် သေတဲ့ မသာလား၊ နောက်ဆုံး. . တကယ်သေတာမဟုတ်ပဲ မေ့မြောပြီး ဝိညာဉ်ခွာနေတယ် ဆိုရင်တောင်. . သူတို့က အတပ်သိနိုင်ကြ တယ်"

ဟု ဆရာကြီးကပြောပြပြီး ဦးသူတော် ထည့်ပေးထား သော လက်ဖက်ရည်ပန်းကန်ကို ယူပြီး တစ်ငုံသောက်လိုက် သည်။

လူ၏ခန္ဓာကိုယ်မှာ သွေးများက ခံစားမှုကို ပြောင်းလဲမှု ပေးနိုင်သလို ခန္ဓာကိုယ်ထဲမှာ(၇၂)ရာခိုင်နှုန်းပါဝင်နေသော ရေ ကလည်း ထိုကဲ့သို့ ခံစားမှုမျိုးနှင့် တုံ့ပြန်မှုမျိုး ပေးနိုင်လေသည်။





ထိုအချက်ကို သုတေသနပြုပြီး ဖော်ထုတ်ပေးခဲ့သူမှာ ဒေါက်တာမာဆာရုအီမိုတိုဖြစ်ပြီး ၎င်းရေးသားခဲ့သော စာအုပ်မှာ (Messages from Water )ဟူသော စာအုပ်ပင်ဖြစ်သည်။

ဒေါက်တာ မာဆာရုအီမိုတို ရေးခဲ့သော ထိုစာအုပ်ထဲ မှာ ရေသည် အသံများ၊ နေရာဒေသများ၊ သဘာဝတရားများ တို့ကို သက်ရှိလူသားသဖွယ် တုံ့ပြန်မှုပေးနိုင်သည်ဟု ဖော်ပြ ထားလေသည်။ ဒေါက်တာအီမိုတို၏ အယူအဆအရ လူများ၊ သတ္တဝါများအပြင် သဘာဝလောက တစ်ခုလုံးမှာရှိသော သက် ရှိ သက်မဲ့ အားလုံးတို့တွင် ကိုယ်ပိုင်တုန်နှုန်း (Frequency) တစ်ခု ရှိကြသည်။

ထိုတုန်နှုန်းများ စွမ်းအင်များတို့သည် ရေအပေါ် သက် ရောက်မှုရှိသောအခါ ရေသည် တုန်နှုန်းတစ်ခုစီအလိုက် တုံ့ပြန်မှု အမျိုးစီ ပေးလေ့ရှိကြောင်း သုတေသန ပြုနိုင်ခဲ့လေသည်။

တုန်ခါမှုစွမ်းအင်များ၊ အတွေးအခေါ် များ၊ စိတ်ကူးစိတ် သန်းများ၊ လူတို့ဖန်တီးလိုက်သည့် တေးဂီတများ၊ စကားလုံးများ တိတ်တရားတော်များ ရေပေါ်တွင် ကျရောက်လာသောအခါ ရေသည် လူသားတစ်ဦးသဖွယ်. . စွမ်းအင်များအလိုက် အသိ စိတ်ရှိသော လူသားတစ်ဦးသဖွယ် ပြန်လည်တုံ့ပြန်နိုင်သည်ကို သုတေသန ပြုနိုင်ခဲ့လေသည်။

အထက်ပါ တွေ့ရှိချက်၏ သာဓကတစ်ခုမှာ ရေကိုမန်း မှုတ်ခြင်း ပရိတ်တရားတော်များ ရွတ်ဆိုသောအခါ ရေမှထူးခြား သော ဓာတ်သတ္တိများ ဖြစ်ပေါ်လာကာ ဆူပွက်လာခြင်းပင် ဖြစ်ပေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးပြောပြတော့မှပဲ ကြေးစည်သံတွေရဲ့ ကွဲလွဲမှု
တွေကို သိသင့်သလောက် သိရတော့တယ်၊ ဒါထက် မေးပါရစေ
ဦး၊ ကျုပ်ထုနေတဲ့ ကြေးစည်သံက ဘယ်လိုအသံမျိုး ထွက်နေလို့
သိရတာလဲ"

"ဦးသူတော်က ကြေးစည်သာ ထုနေတယ်၊ စိတ်က
တခြားရောက်နေတယ်၊ ကြေးစည်သံက ကြောင်စီစီ ဖြစ်နေ
တယ်၊ တချို့ ဘုရားရှေ့မှာထိုင်ပြီး ဘုရားရှိခိုး အမှုဝေနေ
မယ့် စိတ်ကတခြား ရောက်နေတော့ ကြေးစည်ထုတဲ့အခါ လေး
လေးနက်နက်အသံ မထွက်တော့ပဲ ကြောင်စီစီအသံမျိုးလိုပေ
ဒါ့ကြောင့်သိတာပါပဲ"

ထိုအခါ ဦးသူတော်က ကွမ်းသွေးများ တက်နေသည့်
သွားများပေါ်အောင် ရယ်လိုက်လေသည်။ ပြုံးခဲရယ်ခဲလှသော
ဖိုးသူတော်ကြီး ထိုကဲ့သို့ သဘောကျစွာ ပြုံးလိုက်ခြင်းကပင် ဆရာ
ကြီးပြောတာကို လက်ခံသည့်သဘောပင် ဖြစ်လေသည်။

"မှန်ပါတယ် ကျုပ်ကလည်း ဆွမ်းဆန်ခံချင်လို့မဟုတ်
ဆရာကြီးကြားအောင် တမင်ထုနေတာဆိုတော့ ဒီလိုကြောင်စီ
အသံမျိုးပဲ ထွက်မှာပါပဲ"

ထိုစကား ကြားသောအခါ ဆရာကြီးကပါ ပြုံးနေ
သည်။

"ကိုင်း. . ပြောပါဦး၊ ကျုပ်ဆီကို ဘာကြောင့် တကူး
တက ရောက်လာရတာလဲ"

"ဆရာကြီးကို သတင်းထူးတစ်ခု ပြောစရာရှိလို့"

"ပြောပါဦး"





"တခြားတော့ မဟုတ်ပါဘူးဆရာကြီး၊ အလောင်းတော်
ကဿပ လိုဏ်ဂူအတွင်းပိုင်းကို ရောက်ဖူးသလား"

"သူများတွေပြောသံသာ ကြားဖူးပါတယ်ဗျာ၊ ကိုယ်တိုင်
တော့ တစ်ခါမှ မရောက်ခဲ့ဖူးသေးပါဘူး"

"ကျုပ် မဟာမြိုင်တောဘက် ရောက်သွားတုန်းက ထူး
ဆန်းတာနှစ်ခု တွေ့ခဲ့ရတယ်"

"ဘာတွေများလဲဗျ"

"တစ်ခုက အလောင်းတော်ကဿပ မထေရ်မြတ်ကြီး
ရဲ့ လိုဏ်ဂူထဲကိုဝင်ခွင့်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ တွေ့ခဲ့ရ
တယ်"

"ဘယ်လိုပုဂ္ဂိုလ်များလဲဗျ"

"ဂန္ဓာရီ ခရီးလှည့်လည်နေတဲ့ ဆရာတော်တစ်ပါးပါပဲ၊
ဘယ်လို ဂူထဲကိုဝင်ပြီး ဖူးမျှော်ချင်ရင် ဘယ်လိုကျင့်ကြံမှုတွေ
လုပ်ရမယ်၊ အဓိဋ္ဌာန်တွေ ဝင်ရမယ်ဆိုတာပါ သိခဲ့ရတယ်"

ထိုစကားကြားသောအခါ ဆရာကြီးသူရဇ္ဇ၏ အမူအ
ရာမှာ များစွာတက်ကြွမှု ဖြစ်လာလေတော့သည်။

"ဟန်ကျတာပေါ့ ဦးသူတော်ရယ်၊ ဒီလိုနည်းတွေဆိုတာ
သိချင်းဗျာ၊ ကျုပ်ကိုလည်း ပေးခဲ့ပါဦး"

"ပုတီးစိပ်တဲ့နည်းတွေပါပဲ၊ အခုဒီကိုလာတာ ဆရာကြီး
ကိုပေးဖို့ပဲ. . တမင်မရောက်ရောက်အောင် လာခဲ့တာပါပဲ"

"ခင်ဗျားဆီက ပုတီးစိပ်နည်းတွေ ရရင်တော့ အဲ့ဒီအ
တိုင်းလုပ်ပြီးတော့ မဟာမြိုင်ဘက်ကို ခရီးထွက်ရဦးတော့မှာပဲ၊
ခရီးရှည် မထွက်ရတာလဲ အတော်ကလေးကြာပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်တာနဲ့တင် စိတ်ထဲမှာ တက်ကြွလာသလိုပဲ ”

ဟု အားတက်သရော ပြောလေသည်။

“နောက်တစ်ခုလည်း ပြောဖို့ကျန်သေးတယ်”

“ဘာများလဲဗျ”

“မှော်ကျူစာအုပ်ဆိုတာ ဆရာကြီး ကြားဖူးသလား”

ထိုစကားကြားသောအခါ ဆရာကြီးက အတန်ကြာ အောင် စဉ်းစားနေလေသည်။

“အင်းကြားတော့ ကြားဖူးတယ်ဗျ၊ ဒါပေမယ့် သေသေ ချာချာတော့မသိဘူး၊ ဒီကိစ္စမျိုးတွေက ကျုပ်တို့ရဲ့ မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်က ပိုပြီး နှံ့စပ်မှုရှိတယ်”

“ဒီလိုဆိုရင်တော့ သူ့ဆီဆက်သွားရမှာပေါ့”

“ဖြည်းဖြည်းပေါ့ဗျာ၊ ကျုပ်လည်း လိုက်ခဲ့ပါ့မယ်၊ ဒီက သွားရင် သူနေတဲ့နေရာက မဝေးလှပါဘူး၊ ဒါ့ထက် မေးပါရစေ ဦး. . . အဲ့ဒီ မှော်ကျူစာအုပ်က ဘယ်မှာတွေ့ခဲ့တာလဲ”

“ကျုပ်လည်း မတွေ့ခဲ့ရသေးပါဘူး၊ ဒါပေမယ့် အဲ့ဒီနေ ရာတစ်ဝိုက်မှာ ရှိနေတယ်ဆိုတာတော့ သေသေချာချာ သိလာ တယ်”

“ကောင်းတာပေါ့ဗျာ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ် တာပေါ့၊ အခု ခင်ဗျားနဲ့ကျုပ်နဲ့ ဒေါက်တာမင်းထင်ကျော်ဆီ သွားကြတာပေါ့”

ဟုပြောဆိုကာ နှစ်ယောက်သား ဒေါက်တာမင်းထင် ကျော်အိမ်ဘက်သို့ ထွက်ခဲ့ကြသည်။

၎င်းနေသောနေရာမှာ ဆရာကြီးနေသောနေရာနှင့်





လမ်းသာခြားပြီး မဝေးလှပေ။

နံနက်ပိုင်းအချိန်သာ ရှိသေးသောကြောင့် ဒေါက်တာ မင်းထင်ကျော်အား ၎င်းနေအိမ်မှာ အဆင်သင့်တွေ့ကြရသည်။

“ဆရာကြီးပါလား၊ ဦးသူတော်လည်း ပါလာတာကိုး၊ ဘယ်က လှည့်လာတာလဲ”

“မောင်ထင်ကျော်ဆီပဲ လာကြတာပါပဲ”

“အိမ်ထဲဝင်ကြပါ စားသောက်ရင်းနဲ့ စကားပြောကြတာ ပေါ့”

ဒေါက်တာမင်းထင်ကျော်မှာ အသက်သုံးဆယ်ဝန်းကျင် ခန့်ရှိပြီး၊ မိဘများထံမှ အမွေရထားသော ခြံနှင့်အိမ်မှာ အပည့်များနှင့် နေထိုင်သူဖြစ်သည်။

စီးပွားရေးကလည်း ပြည့်စုံသဖြင့် ဝါသနာပါသော သု တေသနလုပ်ငန်း၊ ခရီးသွားလာခြင်း လုပ်ငန်းများကို လုပ်ကိုင်နေ သူ ဖြစ်လေသည်။

ထိုကဲ့သို့ ခရီးထွက်ရင်းနှင့် ရွှေငွေရတနာများ တန်ဖိုးရှိ သော ရှေးဟောင်းပစ္စည်းများလည်း မကြာခဏရလေ့ရှိရာ သူ့အတွက်တော့ ဝါသနာပါသော အလုပ်လုပ်ရင်းမှပင် အကျိုး စီးပွားဖြစ်ထွန်းကာ တစ်ချက်ခုတ်နှစ်ချက်ပြတ် သဘောမျိုး ဖြစ် နေသည်။ သူသည် ရှေးဟောင်းပစ္စည်းများ ရှာဖွေစုဆောင်းရန် ဝါသနာပါသောကြောင့် အနယ်နယ်အရပ်ရပ်မှ ရှာဖွေရရှိလာ သော ရှေးဟောင်းပစ္စည်းများ၊ ကျမ်းစာ၊ ပေစာတို့ကို ၎င်းအိမ်မှာ စုဆောင်းထားသည်။

ထို့ပြင် . ဆန်းကျယ်သော ဝတ္ထုအမျိုးမျိုးတို့လည်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏နေအိမ်မှာ ကျယ်ဝန်းလှပြီး အပေါ်ထပ်၊ အောက်ထပ်တစ်ခုလုံး ရှေးဟောင်းပြတိုက်သဖွယ် ဖြစ်နေပေတော့သည်

ဒေါက်တာမင်းထင်ကျော်က ဆရာကြီးနှင့် ဖိုးသူတော်ကြီးနှစ်ယောက်ကို ၎င်းတို့ စားသောက်သော သက်သတ်လွတ် အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံပြီး အကျိုးအကြောင်း မေးသောအခါ ဦးသူတော်က စောစောက ဆရာကြီးကို ပြော သော အကြောင်းအရာတို့ကို ပြောပြလေသည်။

စကားဆုံးသောအခါ ဒေါက်တာမင်းထင်ကျော်က ပြော သည်။

"အလောင်းတော်ကဿပမထေရ်မြတ်ကြီးရဲ့ လိုဏ် တော်ထဲကို အမှတ်မထင်ရောက်ဖူးတဲ့ လူတွေရှိကြပါတယ်၊ အများအားဖြင့်တော့ သိဒ္ဓိပေါက် ဝိဇ္ဇာလမ်းစဉ်ကို ကျင့်ကြံအား ထုတ်နေတဲ့ ပုဂ္ဂိုလ်တွေများပါတယ်"

"မှန်ပါတယ် ကျုပ်တို့လည်း တစ်ခေါက်လောက်သွား ကြိုးစားကြည့်ကြရင် မကောင်းဘူးလား မောင်ထင်ကျော်"

"ကောင်းတာပေါ့ ဆရာကြီးရယ်၊ တကယ်လို့ ဂူထဲ ခွင့် မရခဲ့ရင်တောင် ကျွန်တော်တို့အတွက် ကုသိုလ်ကောင်းမှု ရနိုင်တာပေါ့ သွားကြတာပေါ့"

ထို့နောက် ဦးသူတော်က မှော်ကျူစာအုပ်အကြောင်း ပြောပြသောအခါ များစွာစိတ်ဝင်စားမှု ရှိလေသည်။

"ဒီစာအုပ်က ရှေးဟောင်းကျမ်းစာအုပ်ပဲ၊ မူရင်းစာအုပ် တွေက ဘာလင်မြို့ပြတိုက်နှင့် လန်ဒန်မြို့ပြတိုက်မှာ ရှိတယ် တော့ ကြားဖူးပါတယ်"





"ကျူစာအုပ်က ဘယ်လိုစာအုပ်မျိုးလည်း"

"မှော်ပညာနဲ့ ဆေးပညာကို ရောစပ်ပြီး ရေးထားတဲ့ စာအုပ်မျိုးပါပဲ ဘီစီ(၁၄)ခု အလယ်ခေတ်လောက်က ရေးသားခဲ့ ပါတယ်၊ အမှန်တော့ မှော်ပညာနဲ့ . ရောဂါကုတဲ့ ကျူပညာကို ရောထားတဲ့အတွက် မှော်ကျူစာအုပ်လို့ အမည်ပေးထားခဲ့တာ ဖြစ်ပါတယ်"

မှော်ကျူစာအုပ်မှာ အီဂျစ်တို့ စတင်အသုံးပြုခဲ့ကြောင်း ဒေါက်တာမင်းထင်ကျော်က အထောက်အထားအချို့နဲ့ ရှင်းလင်းပြောပြပေးသည်။

ရှေးခေတ်အီဂျစ်ပြည်နယ်၌ မှော်ပညာကို မကောင်းသော မိစ္ဆာများကို နှင်ထုတ်ရာတွင် အသုံးပြုကြသည်သာမကပဲ ရောဂါကုထုံးများ၌ပါ အသုံးပြုကြလေသည်။

သွေးရိုးသားရိုး ကုထုံး၊ မှော်ကုထုံး၊ ဘုရားကု ကုထုံး၊ ဤကုထုံး သုံးမျိုးစလုံးမှာပင် သူ့အတတ်ပညာနှင့်သူရှိပြီး ကုထုံးချင်းလည်းမတူညီကြပေ။

ကိုးကွယ်သည့် ဘာသာတရား၊ မှော်အတတ်ပညာတို့နှင့်ပတ်သက်သည့် ကျူစာ၊ ကျောက်စာတို့တွင် ရှိကြသည့် ရွတ်ဆိုရန်ဂါထာများ ၊ မန္တန်များ၊ လက်ဖွဲ့စီရင်ခြာ နည်းများနှင့် အတူ ရောဂါကုထုံးများလည်း ပါဝင်လေသည်။

သို့ရာတွင် အနာရောဂါများ၊ မိစ္ဆာများ ပူးကပ်နှောင့်ယှက်ခြင်းများကို မှော်အတတ်ပညာနှင့် ကုသော ကုထုံးများကို ဖော်ဆောင်ထားသော ကျူစာအုပ်နှစ်အုပ်ရှိသည်။ အီဂျစ်တို့၏ ရှေးအကျဆုံး ကုထုံးစာအုပ်နှစ်အုပ်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းစာအုပ်တစ်အုပ်မှာ ဘာလင်မြို့ပြတိုက်တွင်ရှိသည်။ ဘီစီ(၁၆)ခုမြောက် ရာစုအတွင်း၌ ရေးသားထားသော ကျမ်း အုပ်ဖြစ်သည်။

ထိုစာအုပ်ထဲမှာ အပိုင်းလိုက်၊ အခန်းလိုက်ခွဲပြီး ရောဂါ ကုထုံးများတို့ကို ဖော်ပြပေးထားသည်။

ပထမပိုင်းတွင် သူငယ်နာနှစ်မျိုး ကုရာတွင် ရွတ်ဆို သော ဂါထာမန္တန်များ ပါဝင်လေသည်။

၎င်းသူငယ်နာနှစ်မျိုးမှာ တစ်မျိုးက nsw နှင့် Tm ဟု ဖော်ပြထားသည်။ ဒုတိယပိုင်းမှာ သားဖွားရာတွင် လွယ် စေရန် ရွတ်ဆိုပေးရမည့် ဂါထာမန္တန်များပါသည်။

နံနက်အချိန်၊ နေ့အချိန်၊ ညအချိန်တို့တွင် ခွဲခြားရွတ် ရမည်ကိုလည်း ခွဲခြားဖော်ပြထားလေသည်။

ထို့အပြင် သားဖွားပြီးနောက် မိခင်မှာ နို့ရည်အောင်မြ စေရန် ရွတ်ဆိုပေးရမည့် ဂါထာများလည်း ပါဝင်လေသည်။

ထို့အပြင် ကျမ်းစာအမှတ်(၃၀၃၈)တွင် အမျိုးသမီးတ ယောက် ပဋိသန္ဓေတည်စအချိန်မှာပင် ယောက်ျားလေး မွေးဖွ မည်၊ မိန်းကလေး မွေးဖွားမည်ကို သိစေရန် . . ကျင်ငယ်ရည် မုယောစပါးတို့ကို အသုံးပြု၍ စမ်းသပ်သော နည်းအချို့လည် ပါသည်။

(ယခု ခေတ်ကာလတွင် မိခင်လောင်း၏ ကျင်ငယ်ရည် ကိုယူပြီး ယောက်ျားလေးဖြစ်မည်၊ မိန်းကလေးဖြစ်မည်ကို ခွဲခြ သောနည်းများရှိနေရာ . . ကျမ်းစာအုပ်မှာ ရှေးနှစ်ပေါင်းများ အချိန်ကတည်းက ရှိနေခဲ့လေပြီ။)





အခြားသောကျမ်းစာအုပ်တစ်အုပ်မှာ လန်ဒန်မြို့ဗြိတိသျှ ပြတိုက်၌ရှိသည်။

ဘီစီ(၁၄)ခုမြောက် ရာစုအလယ်တွင် ရေးသားထားခဲ့ သော ထိုစာအုပ်တွင် အနာရောဂါအမျိုးမျိုးအတွက် ကုထုံး(၆၁) ကို ရေးသားဖော်ပြထားသည်။

ပြုစားခံနေရသူ၊ မကောင်းဆိုးဝါး ပူးကပ်ခံနေရသူအား မကောင်းဆိုးဝါးနှင်ထုတ်သော ဂါထာမန္တန်များအပြင်၊ အခြား သော ရောဂါကုထုံးများလည်း ပါဝင်သည်။

အချို့ရောဂါများမှာ ဆေးနှင့်ကုရုံဖြင့်ရသည်။

အချို့ရောဂါများမှာတော့ ဆေးဝါးအပြင် ဂါထာမန္တန် များနှင့်ပါ ရောကုမှ ပျောက်ကင်းသည်မျိုး တွေ့ရသည်။

လူနာတွင် ဝင်ရောက်ပူးကပ်နေသော အစိမ်းသရဲ၊ မ ကောင်းဆိုးဝါး၊ မိစ္ဆာတို့ကို နှင်ထုတ်ရာတွင် မှော်အတတ်ပညာ ဖြင့် ရွတ်ဆိုသည့်ဂါထာ၊ သို့မဟုတ် မန္တန်သည် အစိမ်းသရဲအား အမိန့်ပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပါဝင်သည်။

အစိမ်းသရဲတို့သည် ၎င်းတို့အား 'မစင်ကျွေးမည်' ဟု ခြိမ်းခြောက်ခြင်းကို များစွာကြောက်လန့်ကြသည်။

ထို့ပြင် နတ်ကောင်းနတ်မြတ်တို့အား ပူးကပ်နေသော အစိမ်းသရဲ မိစ္ဆာတို့ကို နှင်ထုတ်ပေးရန် ပင့်ဖိတ်တောင်းပန်သော ဂါထာတို့လည်း ပါဝင်သည်။

ထို့အပြင် မှော်ဆရာတို့က ရောဂါဖြစ်နေသူ အမှောင့် ပယောဂ ပူးကပ်နေသူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် သူ နေရာနှင့်သူ ဂါထာမန္တန်များခွဲပြီး ရွတ်ဆိုပုံများကိုပါ ကျမ်းစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့တွင် ရေးသားဖော်ပြထားလေသည်။

အနာရောဂါကုရာနှင့် မကောင်းဆိုးဝါးများ နှင်ထုတ်ရာမှာ ကူညီစောင့်ရှောက်ပေးနိုင်သော နတ်ဒေဝါတို့၏ အမည်စာရင်းတို့ကိုလည်း ဖော်ပြထားလေသည်။

သောသု (Thoth) လူသားတို့ကိုသာမက နတ်များကိုပင် ဆေးကုပေးနိုင်သော နတ်ဖြစ်သည်။

အိုက်ဆစ် (Isis)မှာ နတ်သမီးဖြစ်ပြီး ရောဂါအမျိုးမျိုးကုရာတွင် ဆေးဆရာ၊ မှော်ဆရာတို့အား ကူညီစောင့်ရှောက်ပေးလေသည်။

ဟိုးရပ် (Horus)သည် အိုဆစ်ရစ်နတ်နှင့် ကြင်ယာ အိုက်ဆစ်တို့မှ ဖွားမြင်သော နတ်သားဖြစ်သည်။

၎င်းမှာ အဆိပ်နှင့်ပတ်သက်သည့် ရောဂါများ၊ အဆိပ်ရှိသောသတ္တဝါများ၊ သစ်ပင်များကြောင့်ရသော ရောဂါများကို ပျောက်ကင်းအောင် ကုသပေးနိုင်သော နတ်ဖြစ်သည်။

ဟက်သော (Hathor) နတ်သမီးသည် မိုးကောင်းကင်ကို အုပ်စိုးသော နတ်ဖြစ်သည်။

ရှေးခေတ် အီဂျစ်ပြည်သူပြည်သားများကတော့ ဟက်သော နတ်သမီးကို သားကောင်း သမီးကောင်း ရစေရန်၊ သားဖွားရာ၌ လွယ်ကူစေရန်အပြင်၊ သားသမီးနှင့်မိခင်တို့ မကောင်းရောဂါများနှင့် မိစ္ဆာများ ပူးကပ်နှောင့်ယှက်ခြင်းမှ ကင်းဝေးစေရန် ဟက်သော နတ်သမီးကို ယုံကြည်ကိုးကွယ်ကြသည်။

သိုးရစ် (Thoeris) နတ်သမီးသည် ကိုယ်ဝန်ဆောင် အမျိုးသမီးတို့ကို အထူးစောင့်ရှောက်ပေးလေသည်။





သိုးရစ်နတ်သမီးမှ ကမ္ဘာမြေကြီး ဖွားမြင်လာသည်ဟုလည်း ယုံကြည်မှုရှိကြသည်။ ကိုယ်ဝန်ဆောင် မိန်းမတို့သည် သိုးရစ်နတ်သမီး၏ ရုပ်တုငယ်ကို လက်ဖွဲ့အဖြစ်ပြုလုပ်ကာ ဆောင်ထားလေ့ရှိကြသည်။

ဘာလင်မြို့ ပြတိုက်တွင် ပြသထားသော ရုပ်တုကြီးနှစ်ခုမှာ ခေါင်းပွဖြစ်သည်။ သိုးရစ်နတ်သမီးကို ယုံကြည်ကိုးကွယ်သော မိန်းမတို့သည် မိမိတို့အဝတ်အစားမှ အစအနည်းငယ်ကို ဖြတ်ပြီး . ရုပ်တု၏ အခေါင်းတွင်းသို့ထည့်ကာ ဆုတောင်းကြသည်။

ဘာလင်မြို့ ပြတိုက်တွင် သိုးရစ်နတ်သမီး၏ ရုပ်တုကြီးရှိသည်။ ထိုရုပ်တုသည် သားမြတ်မှ နို့ရည်များ စိမ့်ထွက်နေလေသည်။

သားသည် အမေတို့က နို့ရည်ခမ်းမှာစိုးသဖြင့် နို့ရည်များ ထည့်ပေးထားကြဟန်တူသည်။

ဗက်ဆ(Bes)သည်သားဖွားမည့် မိန်းမများကို စောင့်ရှောက်ပေးသောနတ်ဖြစ်သည်။

ဗက်ဆ၏ရုပ်တုမှာ အရပ်ပုသည်၊ ခြေတံ လက်တံတိုသည်၊ ဗိုက်ရွှဲသည်၊ မျက်စိပြူးနေပြီး များစွာအရုပ်ဆိုးသည်။

အစိမ်းသရဲများ မကပ်ရဲအောင် ဗက်ဆ၏ ရုပ်တုကို သားဖွားဆဲ မိန်းမများက သားဖွားခန်းအတွင်း ထည့်ထားလေ့ရှိသည်။

အခြားအချိန်များမှာတော့ အိမ်ခန်းအတွင်းမှာပင် ထားလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုများ အလှပြင်ရန် ကြေးမုံကြည့်သောအခါ မနာလိုသောစုန်းမများ မကောင်းဆိုးဝါးတို့က ဝင်ရောက်မနှောင့်ယှက်နိုင်ရန် ဗက်ဆ၏ ရုပ်တုငယ်ကို ကြေးမုံ၏ လက်ကိုင်ကွင်း၌ တပ်ဆင်အသုံးပြုကြသည်။

ဆက္ခမက် (Sekhmet) နတ်သမီးသည် ကပ်ရောဂါဘေးမှ ကာကွယ်စောင့်ရှောက် ပေးနိုင်သဖြင့် ကပ်ရောဂါဘေး မကျရောက်စေရန် ယုံကြည်ကိုးကွယ်ကြသည်။

ဘုရင်ဇိုးဆား (Zoser) လက်ထက်၌ အင်မဟိုတက် (Imhotep) အမည်ရှိ ပရောဟိတ်တစ်ဦးသည် မှော်အတတ်ပညာနှင့် ဆေးကုအတတ်ပညာတို့တွင် အလွန်ကျွမ်းကျင်၍ ကျော်ဇောခဲ့သည်။

အင်မဟိုတက် ကွယ်လွန်သောအခါ တိုင်းသူပြည်သားတို့က ၎င်းတို့ ယုံကြည်အားထားရသော သမားတော်ကြီး နတ်ပြည်၌ ရောက်ပြီးရှိနေပြီဟု လက်ခံယုံကြည်ထားကြသည်။

အင်မဟိုတက်သည် နက္ခတ်ပညာနှင့် ဗိသုကာပညာတို့၌လည်း ထူးချွန်ခဲ့သူဖြစ်သောကြောင့် သက္ကားရားပိရမစ်နှင့် အက်ဒဖူး တန်ဆောင်းတို့ကို တည်ဆောက်ပေးထားခဲ့သည်။

သို့ကြောင့် နတ်ဒေဝါတစ်ဦးအဖြစ် ယုံကြည်ကိုးကွယ်ကြသည်။

ရှေးနှစ်ပေါင်းများစွာက ရှိခဲ့သော ကျူစာအုပ်နှစ်အုပ်တွင် ရောဂါကုထုံးများ၊ ပယောဂကုထုံးများ၊ နတ်၊ မိစ္ဆာ၊ စုန်းကဝေတို့ ပူးကပ်ခြင်းကို ဖယ်ရှားပေးနိုင်သည့် ဂါထာမန္တန်များအပြင် နတ်ဒေဝတာတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍများ ပါဝ





လေသည်။

ဒေါက်တာမင်းထင်ကျော်က ကျူစာအုပ်နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် အကြောင်းအရာအချို့ကို ပြောပြရာ ဆရာကြီးသူရဋ္ဌနှင့် ဖိုးသူတော်ကြီးတို့ နှစ်ယောက်မှာ များစွာသဘောကျလေသည်။

"မှော်ကျူစာအုပ်တွေ အစွမ်းထက်တာကတော့ ဟုတ်ပြီ ဟိုပြတိုက်တွေမှာ ရှိနေတဲ့ ကျူစာအုပ်က ဒီကို ဘယ်လိုရောက်လာတာလဲ"

"မှုရင်းကတော့ မဖြစ်နိုင်ဘူး၊ မှော်ကျူစာအုပ်တွေက အမှောင့်ပယောဂနှင့် မိစ္ဆာတွေကို ကာကွယ်ပေးနိုင်မှန်းသိလို့ တွေကူးယူလာကြတာပဲဖြစ်မှာပါ။ အများအားဖြင့်တော့ တောဆောင်တွေနဲ့ နေရာဒေသမရွေး သွားလာပြီး သာသနာပြုလုပ်ငန်းတွေ ဆောင်ရွက်နေကြတဲ့ ခရစ်ယာန်ဘုန်းကြီးတွေမှာ ပါလေ့ရှိတယ်၊ သူတို့က ဆော်လမွန်ကျမ်းနဲ့ မှော်ကျူစာအုပ်တွေကို အမြဲဆောင်ထားလေ့ရှိကြတယ်"

ထိုစကားကြားတော့ ဖိုးသူတော်ကြီးက ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

"ကျုပ်ကြားခဲ့တာလည်း ဒီအတိုင်းပါပဲ"

"ဦးသူတော်က ဘာတွေ ဘယ်လိုကြားခဲ့တယ်ဆိုတာလည်း ပြည့်စုံအောင် ပြောပြပါဦးဗျ"

ဦးသူတော်ကြီးက လက်ဖက်ရည်တစ်ခွက်မော့သောက်လိုက်ပြီးမှ စကားဆက်သည်။

"ကျုပ်က အလောင်းတော်ကဿပလိုဏ်ဂူမှာ အမိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး ပုတီးစိပ်ဖို့သွားခဲ့တာပါ။ ဟိုရောက်တော့ လိုဏ်ဂူထဲကို ဝင်ခွင့်ရတဲ့ ပုဂ္ဂိုလ်တစ်ပါးနဲ့ တွေ့ခဲ့ရတယ်"

"ကံထူးတာပေါ့ဗျာ"

"သူနဲ့တွေ့တော့. . လိုဏ်ဂူထဲ ဝင်ခွင့်ရအောင် ဘယ်ပုံ ဘယ်နည်း ကျင့်ကြံအားထုတ်ရမယ်ဆိုတာရော၊ သူအမိဌာန်ဝင်တဲ့အချိန်မှာ အနှောင့်အယှက်တွေနဲ့ တွေ့ခဲ့ရတာတွေပါ. . အတော် များများသိခဲ့ရတယ်"

"နောက်တော့. . ကျွန်တော့်ကိုလည်း အဲဒီအကြောင်းတွေပြောပြပါဦး၊ ကျွန်တော်ကတစ်ဆင့် စာရေးဆရာကို ပြန်ပြောပြရင် ဗဟုသုတဖြစ်စရာ ဇာတ်လမ်းတစ်ပုဒ်ရနိုင်တာပေါ့"

"နောက်တော့ပြောပြပါမယ်၊ အဲဒီမှာရောက်ခဲ့ပြီး. . အပြန်မှာ မောက္ကတော်ဘက်မှာ ထူးထူးဆန်းဆန်း ဖြစ်တာတွေ ကြားရပြန်တယ်၊ စုံစမ်းကြည့်တော့. . အဲဒီမှော်ကျူးစာအုပ်အကြောင်း သိခဲ့ရလို့ ဆရာကြီးဆီကို တကူးတကလာပြီး ပြောပြရတာပဲ"

"ကျေးဇူးတင်ပါတယ် ဦးသူတော်ရယ်၊ ဒါထက် အဲဒီစာအုပ်က ဘယ်နေရာမှာ ရှိသတဲ့လဲ"

"ဒါတော့ သေသေချာချာ မသိခဲ့ရဘူး၊ အကောင်းဆုံးကတော့ အဲဒီနေရာတွေကို ကိုယ်တိုင်သွားပြီး စုံစမ်းကြရင် ပိုကောင်း မယ်ထင်တာပဲ"

"မှန်ပါတယ် ဒီလိုသွားရင်တော့ တစ်ချက်ခုတ်နှစ်ချက် ပြတ်ဖြစ်မှာပါပဲ၊ အလောင်းတော်ကဿပ လိုဏ်ဂူလည်းရောက်၊ မှော်ကျူးစာအုပ် သတင်းလည်း စုံစမ်းပြီးသားဖြစ်မှာပဲ၊ ဒါထက်





ဆရာကြီး သဘောကရော ဘယ်လိုရှိသလဲ"

"ကျုပ်လည်း ခရီးမထွက်ဖြစ်တာ ကြာပြီဆိုတော့ သွားချင်ပါတယ်၊ အလောင်းတော်ကဿပ လိုဏ်ဂူရောက်တော့. . အမိဌာန် ဝင်ရတာပေါ့"

"ဒါဖြင့် ဆရာကြီး ဦးဗန်ကောင်းကိုလည်း အသိပေးပြီး ခေါ်လာခဲ့ရင် ပိုကောင်းမယ် ထင်တယ်"

"သူပါလာတော့ အားကိုးရတာပေါ့"

"ဦးသူတော်လည်း ကျွန်တော်တို့နဲ့ တစ်ခေါက်ပြန်လိုက်မလား"

"ကျုပ်တာဝန်က သတင်းပေးဖို့ တာဝန်ဆိုတော့ အခုလာပြီး သတင်းပေးပြီးသွားပြီ၊ ခရီးသွားတာကတော့ မောင်ရင်တို့အစီအစဉ်အတိုင်းသာ သွားကြပါ၊ ဟိုရောက်တဲ့အခါကျတော့မှ ကျုပ်နဲ့ပြန်တွေ့ချင်လည်း တွေ့ကြဦးမှာပေါ့"


ဟုပြောဆိုကာ ၎င်း၏ပစ္စည်းများကို ယူဆောင်ကာ အပြင်သို့ ပြန်ထွက်သွားလေတော့သည်။

ခြံဝန်းအပြင်ဘက် ရောက်သောအခါ. . ကြေးစည်တ နှောင်နှောင် ထုသွားသံကို ကြားရပြီး. . အတန်ကြာတော့ တဖြည်း ဖြည်းဝေးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

# တောနက်ထဲမှ ပဟေဠိဗုဒ္ဓ

ခရီးထွက်ကြသောအခါ ထိုခရီးအတွက် အစစအရာရာ ဦးဆောင်ရွက်သူမှာ ဒေါက်တာမင်းထင်ကျော်ပင် ဖြစ်သည်။

ထိုခရီးတွင် ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဗျူ န်ကောင်းတို့နှင့်အတူ . . ကျွန်ုပ်(စာရေးဆရာအောင်မင်း အောင်)နှင့် မောင်ကျော်စွာတို့လည်းပါဝင်ရာ . . စုစုပေါင်း(၅) ာက် ဖြစ်ပေသည်။

ပထမဦးတည်ချက်က အလောင်းတော်ကဿပ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဂူရှိရာသို့ အရောက်သွားကြရန် ဖြစ်သော်လည်း ဖိုးသူတေ ကြီးပြောသွားသောစကားကြောင့် မှော်ကျူးစာအုပ် ရှိသည် သောနေရာသို့ တစ်လက်စတည်း ဝင်သွားရန် တိုင်ပင်ပြီးနော ဦးတည်သွားကြသည်။

ခရီးစဉ်ကတော့ ရန်ကုန်မြို့မှ မုံရွာမြို့ရောက်အော သွားကြရသည်။ ထိုခေတ်အခါက ရန်ကုန်မြို့မှ မုံရွာမြို့ရော အောင် တောက်လျှောက်သွားလာ၍ မရသေးသောကြောင့် ထုံးစံအတိုင်း မြန်မာနိုင်ငံအလယ်ပိုင်းရှိ အချက်အချာကျသေ မန္တလေးမြို့သို့ ရထားဖြင့်သွားကြသည်။

မန္တလေးရောက်တော့မှ မုံရွာဘက်သွားသော ကား ဖြင့် မုံရွာအထိခရီးပေါက်အောင် သွားကြလေသည်။ ကို ခေတ်က မန္တလေး၊ စစ်ကိုင်းစသော မြို့များမှာ အစိုးရရုံးစိုက် နေရာများဖြစ်သောကြောင့် အတန်အသင့်စည်ကားမှု ရှိသေ လည်း ကျန်မြို့နယ်ကလေးများမှာတော့ သာမန်အခြေအနေ သာ ရှိသေးသည်။

ယခု အနောက်မြောက်တိုင်းမြို့တော်ဟု အမည် ကာ ကြီးကျယ်စည်ကားနေပြီဖြစ်သော မုံရွာမြို့မှာ ကိုလိုနီခေ က ချင်းတွင်းမြစ်ကမ်းပေါ်မှာ မေးတင်ထားသော ကုန်သ အဝင်အထွက်များသော မြို့ငယ်တစ်မြို့သာ ရှိသေးသည်။

သို့သော်လည်း မုံရွာမြို့နှင့် အနီးပတ်ဝန်းကျင် တစ် မှာတော့ ဘာသာရေးနှင့် သက်ဆိုင်သော နေရာအတော် များ ရှိလေသည်။

မိုးညှင်း၊ သမ္ဗုဒ္ဓေစေတီ၊ ကျောက္ကာရွှေဂူနီဘုရား၊ ဖို





တောင်၊ ရွှေဘာတောင်၊ လယ်တီကျောက်စာတိုက်၊ လယ်တီဆရာ တော်ဘုရားကြီးနှင့် သက်ဆိုင်သော နေရာအများအပြားရှိသည်။

မုံရွာသို့ရောက်တော့ ဆရာကြီးသူရဇ္ဇက ရောက်တုန်း ရောက်ခိုက်ဘုရားဖူးရန် ဆန္ဒရှိသဖြင့် ထိုမြို့မှာ ခရီးတစ်ထောက် နားကြသည်။

(ကျွန်ုပ်သည် မုံရွာမြို့နှင့် အတော်ပင် ရေစက်ပါခဲ့သူ ဖြစ်ပေသည်။ (၁၉၉၀)ပြည့်နှစ် နောက်ပိုင်းကာလများမှာ နယ် လှည့်အယ်ဒီတာဘဝဖြင့် ဘာသာရေးနှင့်သက်ဆိုင်သော အ ကြောင်းအရာများရေးရန်. . မကြာခဏဆိုသလို ရောက်ခဲ့ကြ သည်။

နောက်ပိုင်း ညောင်ပင်အိုင်ဆရာတော်ကြီး ထေရုပ္ပတ္တိ ရေးသားပြုစုတော့လည်း အကြိမ်များစွာ ရောက်ခဲ့ရသည်။ ထိုမြို့ မှ အကူအညီပေးခဲ့သော မိတ်ဆွေများကို ယခုတိုင်မမေ့နိုင်ပဲ ရှိနေပါသေးသည်။)

မုံရွာမြို့မှာရှိသော ဘာသာရေးနှင့်သက်ဆိုင်သော နေ ရာများကို လှည့်လည်ပြီးတော့မှ စက်လှေတစ်စင်းကို ငှားရမ်းကာ ချင်းတွင်းမြစ်အတိုင်း အထက်သို့ ဆန်တက်ခဲ့ကြလေသည်။

ဦးတည်ချက်ကတော့ မောက္ကတော်ရောက်အောင် အ ရင်သွားပြီးမှ တစ်ဖန်ခရီးဆက်ကြရန်ဖြစ်သည်။

မောက္ကတော်ရွာမှာ မုံရွာမြို့နှင့် (၈၆)မိုင်မျှ ကွာဝေးပြီး ခင်းကင်းမြို့နယ်အတွင်း၌ ပါဝင်လေသည်။

မဟာမြိုင်တောကြီးအရှေ့ဘက်ထိပ်၊ ချင်းတွင်းမြစ်ကမ်း အနီးမှာပင် ရှာတည်သားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာသို့ရောက်တော့မှ ငှားရမ်းလာသော စက်လှေ
ပြန်လွှတ်လိုက်ကြသည်။

"ဆရာ ဒီမောဂ္ဂတော်ဆိုတာ စုန်းကဝေ ဝတ္ထုတွေ
မှာပါတဲ့ စုန်းကဝေပညာသည်တွေ အလွန်ပေါတဲ့ရွာလား"

ထိုရွာရောက်တော့ မောင်ကျော်စွာက ကျွန်ုပ်တို့
တိုးတိုးကပ်မေးလိုက်သည်။

"အရင်ခေတ်ကတော့ ဒီလိုပါပဲ အယူအစွဲတွေ ရှိခဲ့
ပါပဲ၊ အခုတော့လဲ တဖြည်းဖြည်းနဲ့ ပြောင်းလဲကုန်ကြရော
စုန်းကဝေ ပညာသည်တွေ ရှိတယ်ဆိုရင်တောင် သူတို့ကို ဒု
မပေးရင် သူတို့ကလည်း အန္တရာယ်မပေးတတ်ကြပါဘူး. .
ဒီလောက်လဲ ကြောက်မနေပါနဲ့"

ဟုပြောလိုက်မှ စိတ်သက်သာရာ ရသွားဟန်ရှိသည်

ထိုရွာရောက်တာ့ ဈေးဆိုင်တစ်ဆိုင်မှာ ဝင်ရောက်န
ရင်း သတင်းစုံစမ်းကြည့်ကြသည်။

"ဒီရွာကသွားရင် သစ်တောစခန်းတွေ ရှိတဲ့နေရာ
ဝေးသေးသလား"

"ဆရာတို့က တောထဲသွားကြမှာလား"

"ဟုတ်ပါတယ် သစ်တောစခန်း သွားချင်လို့ပါ"

"ဟို. . ဟို. . မသိလို့မေးပါရစေ၊ ဆရာတို့က ခ
ယာန် သာသနာပြု အဖွဲ့တွေလား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့က မြန်မာလူမျိုးတွေ
သာမန်ခရီးသွား ဧည့်သည်တွေပါပဲ"

ထိုသို့ ပြောပြလိုက်မှ ဆိုင်ရှင်က အနည်းငယ်စိတ်သ





သာရာ ရသွားဟန်ရှိလေသည်။

"ဘာကြောင့် ဒီလိုမေးတာလဲဗျ"

ဒေါက်တာမင်းထင်ကျော်က ပြန်မေးလိုက်သည်၊

"လွန်ခဲ့တဲ့ သုံးလေးလလောက်တုန်းက ဒီနေရာကို ခရစ်
ယာန်သာသနာပြုတစ်ဖွဲ့ ရောက်လာကြတယ်၊ အဆောက်အအုံ
တွေဆောက်နေကြရင်းမှာပဲ တစ်ဖွဲ့လုံး သေသွားကြလို့ စိုးရိမ်ပြီး
မေးမိတာပါ"

"အခုလို စေတနာနဲ့မေးတာ ကျေးဇူးတင်ပါတယ်၊ ဒါ
ထက် အဘနာမည်က ဘယ်သူလဲ"

"ကျုပ်နာမည်က ဦးရာကျော်လို့ခေါ်ပါတယ်၊ ဒီရွာက
ရွာလူကြီးပါပဲ"

"တွေ့ရတာဝမ်းသာပါတယ်ဗျာ. .၊ ကျွန်တော်တို့က
ရန်ကုန်က လာခဲ့ကြတာပါ၊ အလောင်းတော်ကဿပ လိုဏ်ဂူ
အထိ ရောက်အောင်သွားကြမှာပါ"

ဦးရာကျော်က ခေါင်းညိတ်ပြသည်၊

"ဒါထက်. . သာသနာပြုအဖွဲ့တွေက ဘာကြောင့်သေ
သွားရတာလဲ အဘ"

"ကျုပ်တို့နေတဲ့ရွာနဲ့ နည်းနည်းဝေးတော့ သေသေချာ
ချာတော့ မသိပါဘူး၊ သူတို့ကတော့ ဒီနေရာမှာရှိကြတဲ့ စုန်း
ကဝေတွေ လက်ချက်ကြောင့် သေရတယ်လို့ယူဆပြီး ဒီနေရာ
ဒေသတစ်ဝိုက်မှာ စုန်းကဝေလို့ယူဆတဲ့ မိန်းမတွေကို ဖမ်းပြီး
သတ်စက်ကြတယ်၊ အတော်များများလည်း ခြေလွန်လက်လွန်ဖြစ်
ပြီး သေကုန်ကြတယ်လို့ ကြားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီး ဦးရာကျော်က ထိုစကားများကို အခြားသူများ ကြားသွားမည်စိုးနေသော အမူအရာဖြင့် လေသံကိုနှိမ့်ကာ ပြောနေခြင်းဖြစ်သည်။

"စိတ်မကောင်းစရာပါပဲ၊ သူတို့ယူဆသလို စုန်းကဝေတွေရဲ့ လက်ချက်ဆိုတာကရော ဖြစ်နိုင်ပါ့မလား"

"ကျုပ်ကတော့ ဒီလိုမထင်မိဘူး၊ အခြားအကြောင်းတစ်ခုခုကြောင့်ပဲ သေတာဖြစ်မှာပါ။ ဘာကြောင့်လည်းဆိုတော့ စုန်းကဝေပညာ တတ်တဲ့သူတွေက လူတွေကိုအကြောင်းမဲ့ နှိပ်စက်လေ့မရှိကြဘူး"

"ဒါဖြင့် ဒီအရပ်ဒေသတွေမှာတော့ အမှန်တကယ် ရှိတာပေါ့နော်"

မောင်ကျော်စွာက ဝင်မေးလိုက်ခြင်း ဖြစ်သည်၊

"အင်း. . ရှိချင်လည်းရှိမှာပေါ့ မောင်ရယ်၊ ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာတော့ အတပ်ဘယ်သိနိုင်ပါ့မလဲ"

ဟု ဖုံးဖုံးဖိဖိ ပြောသည်။

ထိုအခါ ကျွန်ုပ်က လက်ကုတ်သတိပေးလိုက်တော့မှ မောင်ကျော်စွာလည်း ဆက်မမေးတော့ပဲ ငြိမ်သွားလေသည်၊

"ဒါထက် ဆရာတို့က သစ်တောစခန်းကို ဘာကိစ္စနဲ့ သွားကြမှာလဲ"

"ကျွန်တော်တို့က ဘုရားလည်းဖူးရင်း ဒေသန္တရ ဗဟုသုတလည်း ရှာဖွေရင်းနဲ့ ခရီးထွက်လာကြတာပါ၊ အခု အဘပြောတဲ့ သာသနာပြုအဖွဲ့တွေ သေသွားတဲ့သတင်းလဲ ကြားပါတယ်၊ ဒါကြောင့် စိတ်ဝင်စားလို့ လှည့်ဝင်လာတာပါ"





"သွားရင်တော့ သတိဝီရိယနဲ့ သွားကြပေတော့၊ ဒီနေရာတွေကတော့ အလွန်ကြမ်းပဲ၊ အန္တရာယ်များတဲ့ နေရာမျိုးတွေ [illegible]

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် အဘ၊ ဒါထက် မနက်ဖြန်ခရီးထွက်ရင် သစ်တောစခန်း ရောက်တဲ့အထိ လမ်းပြပေးနိုင်တဲ့လူ တစ်ယောက်နှစ်ယောက်လည်း လိုချင်ပါတယ်၊ ဒီမှာရနိုင်မလား"

"လမ်းပြပေးရုံ သက်သက်တော့ လိုက်ပို့ပေးနိုင်သူတွေ ရှိပါတယ်၊ မနက်တော့ စီစဉ်ပေးပါ့မယ်"

ဟုပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ရန်ကုန်မှ ယူလာခဲ့သော အစားအသောက်နှင့် အခြားအသုံးအဆောင်ပစ္စည်းအချို့ကို ဦးရာကျော်အား လက်ဆောင်ပြန်ပေးလေသည်။

ထိုအထဲမှ ဆေးတံနှင့် ဆေးတံသောက်ဆေးဘူးကို ပေးလိုက်သောအခါ များစွာကျေးဇူးတင်သည်။

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ဦးရာကျော်က လမ်းပြပေးမယ့်သူ နှစ်ယောက်တို့ကို ခေါ်ပေးသည်။

၎င်းတို့အမည်မှာ ထွန်းခနှင့်ရွှေလှတို့ဖြစ်ပြီး အသက် ၃၀ဝန်းကျင်ခန့်သာရှိသည်။

နှစ်ယောက်စလုံး တောအလုပ်များဖြင့် အသက်မွေးကြသည့် အလုပ်ကြမ်းသမားများ ဖြစ်ကြလေသည်။

၎င်းတို့ရသည်နှင့် နံနက်ပိုင်း နှင်းကွဲစအချိန်မှာပင် စတင်ကာ ခရီးထွက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်းတို့သည် မောက္ကတော်ချောင်းဖျားဘက်မှာရှိသော ရွာအချို့ကို ဖြတ်သန်းသွားရလေသည်။

ပိတ်ချင်းတောရွာ၊ ကျွန်းတောရွာ၊ ရွာတော်၊ ရွာမ အစ သောရွာများကို ကျော်ဖြတ်သွားပြီးသောအခါ ချောင်းဖျားပိုင်း ရောက်သွားကြသည်။

ချောင်းဖျားပိုင်းရောက်တော့ ရွာကြီးများ မတွေ့ရတော့ ပဲ မှိုင်းညို့နေသော မဟာမြိုင်သစ်တောကြီးအတွင်းသို့ ရော သွားကြလေတော့သည်။

ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ အင်ပင်၊ ကညင် စသော သစ်ပင်ကြီးမှာမှ အပင်ချင်းယှက်၊ အကိုင်းချင်း ထိယှက်နေ နေပျောက်မတိုးအောင် ရှိနေသည်။

အချိန်ကလည်း ပြာသိုလကျော်ခဲ့ပြီ ဖြစ်သောကြော ဆောင်းရာသီတို့ ရောက်နေပြီဖြစ်ရာ နေအတော်မြင့်နေသည် တိုင် တောထဲမှာ နှင်းမကွဲသေးပေ။

တဖြည်းဖြည်းနှင့် လာကြရာ တောနက်ထဲသို့ ရော လာကြသည်။ ထိုနေရာရောက်တော့ လူနေသောနေရာမျ မတွေ့ရတော့ပေ။ တစ်နေရာရောက်တော့ တစ်နေရာမှာ ခ နားပြီး ပါလာသော အစားအသောက်နှင့် သောက်ရေတို့ စားသောက်ရင်းနှင့် ဒေါက်တာမင်းထင်ကျော်က မေးသည်။

"မင်းတို့နှစ်ယောက်ရဲ့ နာမည်တွေက ဘယ်သူလဲ"

" ထွန်းခနဲ့ ရွှေလှလို့ခေါ်ပါတယ် ဆရာ"

"ဒါထက် သာသနာပြုအဖွဲ့ဝင်တွေ အဆောက်အအ လာဆောက်တဲ့နေရာကိုသိလား"





ထိုသို့မေးလိုက်သောအခါ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်လိုက်ပြီးမှ ထွန်းခက ဖြေသည်။

"သိ. . . သိပါတယ်"

"ဘယ်လောက်ဝေးသေးလဲ"

"ဒီနေရာကနေ နာရီဝက်လောက်သွားရင် ရောက်နိုင် ပါတယ်"

"ငါတို့ အဲ့ဒီနေရာသွားချင်လို့ လိုက်ပို့ပေးနိုင်မလား"

ထိုသို့မေးသောအခါ ချက်ချင်းပြန်မဖြေပဲ စဉ်းစားနေ ကြသည်။ အတန်ကြာမှ ရွှေလှက ပြောသည်။

"မသွားပါနဲ့ဆရာ အန္တရာယ်များလှပါတယ်"

"ဘယ်လိုအန္တရာယ်များတာလဲ"

"အဲ့ဒီနေရာက မရဏတောင်ကုန်းလို့ ခေါ်ကြတဲ့နေရာ ပါ၊ အန္တရာယ်များလို့ ဘယ်သူမှ မသွားဝံ့ကြပါဘူး၊ လူသွားသွား တိရစ္ဆာန်ပဲသွားသွား သေကြတာများတယ်၊ မျက်နှာဖြူတွေက ဘာမှမသိဘဲ လာလုပ်လို့ သေကြတာပါ"

"ဘယ်လိုကြောင့် သေတာလဲ မင်းတို့သိသလား"

"ကျွန်တော်တို့တော့ မသိပါဘူး၊ အန္တရာယ်များမှန်းသိ လို့ တစ်ခါမှလည်း မသွားပါဘူး"

ဟုပြောသည်။

"ငါတို့က ဗဟုသုတလိုချင်လို့ လာကြတာဆိုတော့ တစ် ခေါက်တော့ သွားကြည့်ချင်တယ်၊ မင်းတို့ မလိုက်ဝံ့ဘူးဆိုရင် လည်း တစ်နေရာကပဲ စောင့်နေကြပေါ့"

"ဆရာတို့ သွားမယ်ဆိုရင်တော့ ကျွန်တော်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးဝံ့ပါတယ်"

ဟုပြောသဖြင့် ထိုနေရာမှာ ခဏနားပြီး ရှေ့သို့ခရီး ဆက်ကြပြန်သည်။

ထိုနေရာတစ်ဝိုက်မှာ တောနက်လာပြီး သစ်ပင်ကြီးများ က အပင်ချင်းယှက်နေကြသည်။

လူသွားလမ်းပင် မရှိသောကြောင့် လူတစ်ယောက် သွားသာရုံသာ လမ်းဖောက်ပြီး သွားကြရသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ တောထဲတောင်ထဲ သို့ မကြာခဏ သွားလာနေသူဖြစ်သဖြင့် တော၏အခြေအနေ ကိုကြည့်ပြီး တစ်စုံတစ်ခုကို သတိပြုမိသွားသည်။

သို့ကြောင့် ရှေ့ဆက်မသွားသေးဘဲ ရပ်လိုက်သည်။

သူရပ်တော့ အားလုံးကပါ လိုက်ရပ်လိုက်ကြသည်။

"ဘာဖြစ်လို့လဲ မောင်ထင်ကျော် ဘာထူးခြားလို့လဲ"

"ဒီတောရဲ့အခြေအနေကို ကြည့်ရတာ နည်းနည်းထူး ခြားနေတယ်ထင်လို့ပါ"

"ဘယ်လိုကြောင့်လဲ"

"ဒီလောက်နက်တဲ့ တောထဲမှာ သားရဲတိရစ္ဆာန်တွေနဲ့ တောတိရစ္ဆာန်တွေက တစ်ကောင်မှမတွေ့ရတာ ထူးဆန်းတယ် လို့ မထင်ဘူးလား"

ထိုအခါမှ အားလုံးက အခြေအနေကို သတိပြုမိကြ သည်။ တောနက်ကြီးများ အတွင်းမှာ ဆင်၊ ကျား၊ ကျားသစ် ဝံ. . စသောတောကောင်ကြီးများမှစပြီး မျောက်နှင့်ငှက်တို့ အပ အဝင် တောတိရစ္ဆာန်တို့ ရှိနေကြသည်။





လူသူမနီးသော တောနက်ကြီးများအတွင်းသို့သွားလျှင် သတ္တဝါတိရစ္ဆာန်တို့ကို အနည်းနှင့်အများ တွေ့ကြရသည်။

လူသံကြားလျှင် ရှောင်တိမ်းသွားလေ့ရှိသော တော ကောင်ကြီးများကို မတွေ့ရစေကာမူ သစ်ပင်ပေါ်မှာ ကျက်စား သော မျောက်နှင့်ငှက်မျိုးစုံတို့ကိုတော့ တစ်ကောင်မဟုတ်တစ် ကောင် တစ်မျိုးမဟုတ်တစ်မျိုး တွေ့ရလေ့ရှိသည်။

ယခု မတွေ့ရပေ။

မတွေ့ရသည်မှ တစ်ကောင်တလေမျှပင် မတွေ့ရခြင်း ဖြစ်၏။ မျောက်အော်သံ၊ ငှက်အော်သံပင် မကြားရပေ။

"မထူးဆန်းဘူးလား"

"အင်း. . နည်းနည်းတော့ ထူးဆန်းတယ်၊ ဘာကြောင့် လဲ အန္တရာယ် ရှိနေလို့လား"

"အခုလောလောဆယ် အန္တရာယ်မရှိရင်တောင်မှ ဒီနေ ရာတစ်ဝိုက်ဟာ သက်ရှိတိရစ္ဆာန်တွေအတွက် အန္တရာယ်ရှိတဲ့ နေရာတစ်ခု ဖြစ်ဖို့များတယ်၊ လူတွေထက် တိရစ္ဆာန်တွေက အန္တရာယ်ရဲ့ စက်ကွင်းတွေ အရိပ်အငွေ့တွေကို ပိုပြီး သိနိုင်ကြ တယ်"

"ဒါဖြင့် ရှေ့ဆက်သွားလို့ရော ဖြစ်ပါ့မလား"

"တောင်ကုန်းနေရာရောက်ဖို့ အတော်လိုသေးသလား"

"မဝေးတော့ဘူးဆရာ ရှေ့နားတင်ပါပဲ"

သို့ကြောင့် အားလုံးတိုင်ပင်ပြီး ရှေ့ဆက်သွားရန် ပြင် ကြသည်၊ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ထံမှာ သေ နတ်တစ်လက်စီပါသည့်အပြင် ထွန်းခနှင့်ရွှေလှတို့ လမ်းပြနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆီမှာလည်း ဓါးတစ်လက်စီ၊ လုံတစ်ချောင်းနှင့် ဒူးလေး များဘူးတို့ ပါဝင်ကြသည်။

သတိထားရင်းဖြင့် ရှေ့သို့ဆက်သွားရာ နောက်တစ်နာရီခန့် သွားမိသောအခါ တောင်ကုန်းတစ်ခုပေါ်သို့ ရောက်သွားကြလေသည်။

"ဒါ ကျွန်တော်တို့ ဒေသကလူတွေ မလာဝံ့ကြတဲ့ မရဏတောင်ကုန်းလို့ခေါ်တဲ့ နေရာပါပဲ"

ထွန်းခက ကြောက်လန့်နေသော အသံမျိုးဖြင့် ပြောပြသည်။

တောင်ကုန်းတစ်ဝိုက်မှာ အတော်ကျယ်ဝန်းသည်။

ယခင်ရောက်လာသော သာသနာပြုအဖွဲ့က. . . အဆောက်အအုံများဆောက်လုပ်ရန် ရှင်းလင်းထားသောကြောင့်လည်း သာမန်ထက် ပိုကျယ်နေခြင်းဖြစ်သည်။

တောင်ကုန်းပေါ်နှင့် အနီးတစ်ဝိုက်မှာပါ ဆောက်လက်စအဆောက်အအုံအချို့နှင့် ပြိုပျက်နေသည့်တဲများကို တွေ့ကြရသည်။ ဒေါက်တာမင်းထင်ကျော်က အခြေအနေကိုအကဲခတ်ပြီး တဲများအတွင်းသို့ ဝင်ကြည့်သည်။

ထိုအခါမှ လမ်းပြနှစ်ယောက်နှင့် ကျော်စွာတို့ပါနောက်မှ လိုက်လာကြသည်။

တဲပျက်များအတွင်းမှာ အသုံးအဆောင်ပစ္စည်း အချို့နှင့် အစားအသောက်ဘူးအချို့ ရှိနေကြသေးသည်။

အချို့တန်းများပေါ်မှာ တန်းစီပြီး တင်လျက်သားနှင့်ခြေရာလက်ရာမပျက်ပင် တွေ့နေရသေးသည်။





အသားဘူး၊ နို့ဆီဘူး အပါအဝင် အစားအသောက်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ရှိနေကြသေးသည်။

"သူတို့ ဘယ်လိုသေတာလဲ မင်းတို့သိကြလား"

"ကျွန်တော်တို့တော့ မသိပါဘူး၊ ပြောသံကြားတာတော့ ဒီမှာရှိတဲ့လူတွေအားလုံး သေသွားကြတာတဲ့၊ သစ်တောစခန်းက လူတွေရောက်လာတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အလောင်းတွေကိုပဲ တွေ့ရတယ်လို့တော့ ပြောသံကြားတယ်"

ဒေါက်တာမင်းထင်ကျော်က မျက်မှောင်ကြုတ်လျက် အတန်ကြာအောင် စဉ်းစားနေသည်။

"ဘယ်လိုထင်သလဲ မောင်ထင်ကျော်"

ဦးဗန်ကောင်းက မေးလိုက်သည်။

"တောတိရစ္ဆာန်တွေလက်ချက်ကြောင့် သေတာ. . . မဟုတ်ဘူး ဆိုတာတော့ ထင်ရှားတယ်၊ တောတိရစ္ဆာန်တွေနဲ့ တိုက်ခိုက်ကြရင် ပစ္စည်းတွေကို ဒီလိုအခြေအနေမျိုးနဲ့ မြင်တွေ့ရမှာ မဟုတ်ဘူး၊ ဖရိုဖရဲဖြစ်နေမှာ သေချာတယ်"

"မှန်ပါတယ်"

"တကယ်လို့ တိရစ္ဆာန်နဲ့ပဲဖြစ်ဖြစ် လူတွေနဲ့ပဲဖြစ်ဖြစ် တိုက်ခိုက်ရင်လည်း ဒီလိုတွေ့ရမှာ မဟုတ်ဘူး"

"ဒါဆိုရင်တော့ သူတို့သေရတာ လူတွေ သက်ရှိသတ္တဝါတွေ လက်ချက်ကြောင့် မဟုတ်တော့ဘူးပေါ့၊ သူတို့ပြောတဲ့ စကားတွေထဲမှာပါတယ် သစ်တောစခန်းကလူတွေ ရောက်လာတော့ သေတဲ့လူတွေရဲ့ ကိုယ်ပေါ်မှာ အညိုအမည်းကွက်ကြီးတွေ၊ ကြောက်စရာကောင်းတဲ့ အဖုအပိမ့်ကြီးတွေ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေတယ်လို့ ပါတယ်မဟုတ်လား"

"ဟုတ်တယ်"

"ဒီလက္ခဏာတွေအတိုင်း ဆိုရင်တော့ ပြင်းထန်တဲ့ အဆိပ်မိပြီး သေကြရတာပဲ ဖြစ်မှာပေါ့"

ဦးဗန်ကောင်း၏ မှတ်ချက်စကားကို ဆေးအတတ် ပညာကျွမ်းကျင်သော ဆရာကြီးသူရဋ္ဌကပါ ထောက်ခံလေ သည်။

"ဒီလိုဆိုရင် တစ်ယောက်ယောက်က အဆိပ်လာခပ်လို့ သေတာဖြစ်မှာပေါ့"

ကျွန်ုပ်က ထင်မြင်ချက်တစ်ခုကိုပြောရာ ဒေါက်တာ မင်းထင်ကျော်က ခေါင်းကိုဖြေးလေးစွာ ခါယမ်းလိုက်သည်။

"ဆရာပြောသလို သောက်ရေထဲမှာ အဆိပ်ခတ်တာ မဟုတ်နိုင်ဘူး၊ ရေထဲမှာ အဆိပ်ခတ်ထားရင် အရင်သောက်တဲ့ သူ သေပြီး ကျန်တဲ့လူကျန်ခဲ့မှာပဲ၊ အစားအစာထဲမှာ ခပ်ရင်လည်း ဒီလိုပဲ၊ အခုဟာ အစားအသောက်တွေက အဆိပ်မဟုတ်ဘူး"

"ကျုပ်သဘောပေါက်ပြီ. . ကိုယ်ခန္ဓာထဲကိုရောက်တဲ့ အစားအသောက်က မဟုတ်ဖူးဆိုရင်တော့ အားလုံး မဖြစ်မနေ ရှူသွင်းရတဲ့ လေထဲကပါတဲ့ အဆိပ်ကြောင့် သေရတာပဲ ဖြစ်မှာ ပေါ့"

"အမှန်ပေါ့ ဆရာရယ်. . ဒီအတိုင်းဆိုရင်တော့ သူ အားလုံး လေထဲမှာပါလာတဲ့ အဆိပ်တစ်မျိုးမျိုးကြောင့် သေကြ တယ်ဆိုတာ သေချာပါတယ်၊ ဒါကလည်း နောက်မှ အချိန်ရ လေ့လာကြည့်ရင်း အဖြေသိရနိုင်ပါတယ်"





ဟုပြောဆိုပြီး ထိုနေရာတစ်ဝိုက်သို့ လှည့်လည်ကြည့်ကြ သော်လည်း ထူးထူးခြားခြား မတွေ့ရသဖြင့် ထိုနေရာမှ ထွက်ခွာ ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

## ကြောက်စရာကောင်းသော အဆိပ်ပင်များ

မရဏတောင်ကုန်းရှိသောနေရာမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး သစ်တောစခန်းရှိရာသို့ ဦးတည်သွားကြသော လမ်းတစ်လျှောက်မှာတော့ ထူးထူးခြားခြား မတွေ့ကြရပေ။

တစ်ခုပဲ ထူးခြားလာလေသည်။

မရဏတောင်ကုန်းရှိသောနေရာနှင့် အတန်ငယ်ဝေးသော နေရာရောက်လာတော့မှ သစ်ပင်များပေါ်မှ ငှက်အော်သံ



www.burmeseclassic.com

www.burmeseclassic.com

များ ကြားရသည်။ မျောက်အော်သံများ ကြားလာရသည်။

ငှက်နှင့်မျောက်များ အပါအဝင် အခြားတောတိရစ္ဆာန် တို့ကို တွေ့မြင်လာရခြင်း ဖြစ်တော့သည်။

"သစ်တောစခန်းရောက်အောင် ဘယ်လောက်ကြာ အောင်သွားကြရမလဲ"

"လမ်းမလွဲဘူးဆိုရင်တော့ တစ်နေ့ခရီးလောက်ဆိုရင် ရောက်နိုင်ပါတယ်"

ထိုသို့ပြောသော်လည်း အသက်အရွယ်ရနေပြီဖြစ်သော ဆရာကြီးသူရဋ္ဌတို့ ပါလာသောကြောင့် ဖြည်းဖြည်းမှန်မှန်ပင် သွားကြလေသည်။

တစ်နေရာသို့ ရောက်သောအခါ ခွေးဟောင်သံများ ကြားရလေသည်။

"အမဲလိုက်သမားတွေလား၊ တောသမားတွေလား မသိ ဘူး ခွေးဟောင်သံတွေ ကြားရတယ်"

"အဲဒီနေရာဘက်က ဖြတ်သွားကြတာပေါ့"

ဟုပြောဆိုတိုင်ပင်ပြီး ခွေးဟောင်သံများကြားသော နေရာဘက်သို့ ဦးတည်သွားကြလေသည်။

ခွေးဟောင်သံများက တစ်နေရာတည်းမှ ကြားနေ သောကြောင့် မကြာမီထိုနေရာသို့ ရောက်သွားကြလေသည်။

မလှမ်းမကမ်းနေရာရောက်တော့ တဲနှစ်လုံးကို လှမ်းမြင် ရသည်။ ခွေးများက နှစ်ကောင်သုံးကောင်ရှိပြီး၊ ဟောင်သည့် ခွေးက ဟောင်၊ အူသည့်ခွေးက အူနေကြသည်။

"သစ်တောအလုပ်သမားတွေ ယာယီစခန်းချတဲ့ တဲတွေ





ဖြစ်မယ်"

"ခွေးတွေအူနေပုံထောက်တော့ တဲထဲမှာ တစ်ခုခုဖြစ် နေပုံရတယ်"

ဟု ဆရာကြီး သူရဋ္ဌကပြောလိုက်သည်။

သို့ကြောင့်တဲများ ရှိသောနေရာသို့ တဖြည်းဖြည်း လျှောက်သွားကြသည်။

သူတို့ဝင်လာတာမြင်တော့ ပထမတော့ ခွေးများက ဆူဆူဝါးဝါး ထိုးဟောင်ကြ သေးသည်။ နောက်တော့ အသံတိတ် သွားကြသည်။ တဲအတွင်းသို့ ဝင်ကြည့်တော့ အနံ့အသက်များက မကောင်းလှပေ၊ တဲပေါ်မှာတော့ လူအချို့သေဆုံးနေကြသည်။

ယောက်ျားတစ်ယောက်၊ မိန်းမတစ်ယောက်နှင့် က လေးတစ်ယောက်တို့ဖြစ်သည်။

BURMESE CLASSIC .com

အားလုံး ကဲပေါ်မှာပင် ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော်က အလောင်းများအနီးသို့ ကပ်ကြည့်သောအခါ တစ်ကိုယ်လုံး အညိုအမည်းကွက်များ ပေါ် နေရုံမကပဲ မီးလောင်ဖုကြီးများကဲ့သို့ ကြီးမားသော အဖုအပိမ့် ကြီးများ ထနေသောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသည်။

"ဘယ်လိုဖြစ်ပြီး သေတာလဲ"

"သာသနာ့ပြုတစ်ဖွဲ့လုံး သေရသလို အဆိပ်မိပြီး သေ ကြပုံရတယ်"

ထိုသို့ပြောနေစဉ်မှာ သေဆုံးနေသောအလောင်းမှာ ဒေါက်ခနဲ ထထိုင်လာသည်။

နောက်မှ ဗိုင်းခနဲ ပြန်လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်တဲမှာလည်း လူနှစ်ယောက်တွေ့တယ်၊ အခု လိုပဲသေနေကြပြီ. . . ဘယ်လိုလုပ်မလဲ"

"ကြည့်ရတာတော့ သစ်တောအလုပ်သမားတွေပဲ ဖြစ် မှာပါ၊ မမျှော်လင့်ပဲ အန္တရာယ်ဆိုးတစ်ခုခုနဲ့ တွေ့လို့ သေကြ တာဖြစ်မယ်၊ ငါတို့နဲ့ထိုက်လို့တွေ့ရတာပဲ၊ အလောင်းတွေကို သင်္ဂြိုဟ်ပေးလိုက်ကြပါ"

ဟုပြောသဖြင့် တဲနှစ်လုံးစလုံးကို မီးရှို့ကာ အလောင်း များကို သင်္ဂြိုဟ်ပေးလိုက်ကြသည်။

တဲများမှာ အသုံးပြုထားသော သစ်ဝါးများက ခြောက် သွေ့နေသောကြောင့် ခဏချင်းမှာပင် မီးတောက်ကြီးများ ထလာ ကာ အလောင်းများကို ဝါးမျိုလောက်မြိုက်သွားလေသည်။

မီးတောက်များ ငြိမ်းသည်အထိ စောင့်နေကြရပြီး အား လုံးပြာကျသွားတော့မှ အားလုံးငြိမ်းသတ်ကာ ထိုနေရာမှ ထွက် ခွာခဲ့ကြသည်။

သခင်များ မရှိတော့မှန်း သိသောအခါ ခွေးများလည်း ထိုနေရာမှ ထွက်သွားကြပြီဖြစ်သဖြင့် မတွေ့ရတော့ပေ။

ထိုနေရာမှာ အချိန်အတော်ကြာနေသဖြင့် ညနေပိုင်း အချိန်သို့ပင် ရောက်လာချေပြီ။

ထိုထက်ပိုမှောင်လာပါက တောထဲမှာ ခရီးသွားရန် မ ကောင်းတော့သဖြင့် သင့်တော်သောနေရာတစ်နေရာ ရှာဖွေပြီး စခန်းချကြလေသည်။

စခန်းချသောနေရာ၌ ဝါးနှင့်သစ်ရွက်သစ်ခက်များ အ သုံးပြုကာ ယာယီတဲတစ်လုံး ထိုးလိုက်ကြသည်။





ထိုကိစ္စများမှာ တောမှာမွေး၊ တောမှာပင်နေကြသော ရွှေလှနှင့်ထွန်းခတို့က ကျွမ်းကျင်ပေရာ၊ နေမဝင်မီ အချိန်မှာပင် သစ်ရွက်များဖြင့် အမိုးအကာလုပ်ထားသော တဲကြီးတစ်လုံး ရကြလေသည်။

ထို့နောက်မှာတော့ သစ်ခြောက်တုံးကြီးများဖြင့် မီးပုံ ကြီးနှစ်ပုံ ဖိုထားလိုက်ပြီး မီးလှုံသူက မီးလှုံ၊ ညစာအတွက် စီစဉ် သူက စီစဉ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ လမ်းမှာတွေ့ခဲ့ရ သော အတွေ့အကြုံတို့ကို ပြန်ပြောနေကြသည်။

"ကျွန်တော်တို့တွေ့ခဲ့ရတဲ့ အလောင်းတွေက အဆိပ် တစ်ခုခုကြောင့် သေတယ်ဆိုတာသေချာပါတယ်၊ ဒါပေမယ့် နေရာမတူဘဲ သေပုံချင်းတူတာကတော့ ဆန်းကျယ်သလိုပဲ"

"မောင်ထင်ကျော်က ဘယ်လိုအဆိပ်ဖြစ်မယ်လို့ ယူဆ သလဲ"

"ဒီလောက်နက်တဲ့ တောထဲမှာတော့ လူကိုသေစေနိုင် တဲ့ အဆိပ်ကတော့ အများကြီးရှိမှာပါပဲ. . တချို့ကရွေ့လျားနိုင် တယ်၊ တချို့ကတော့ မရွေ့လျားနိုင်ဘူး၊ ရွေ့လျားနိုင်တယ်ဆိုတာ မြွေလို အဆိပ်ပြင်းတဲ့ မြွေမျိုးတွေပဲ၊ မရွေ့လျားနိုင်တာကတော့ သစ်ပင်တွေပေါ့"

"သစ်ပင်တွေက ဒီလောက်ပြင်းတဲ့အဆိပ်တွေ ထုတ်နိုင် တာပဲလား"

"တောထဲမှာ အဆိပ်ပြင်းတဲ့ အဆိပ်သစ်ပင်တွေ ရှိပါ တယ်၊ အငွေ့အသက်ထိတာနဲ့ လူနဲ့တိရစ္ဆာန်တွေ သေစေနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အဆိပ်ပင်တွေ ရှိပါတယ်"

ဒေါက်တာမင်းထင်ကျော်က စကားစပ်မိသဖြင့် လူတို့နှင့်နီးစပ်လှသည့် အဆိပ်ပြင်းသော သစ်ပင်များအကြောင်းကို ပြောပြသည်။

အပင်များကို အညွန့်တုံးစေမည့် ရန်သူတို့မှာ စားကျက်များတွင် လှည့်လည်စားသောက်နေကြသော တိရစ္ဆာန်များအပြင်၊ အပင်ကို အားကုန်ရိန္ဒမ်းစေမည့် အပင်ဖျက်ပိုးမွှားတို့နှင့် မှိုတက်ရောဂါများ ဖြစ်ကြသည်။

အတွေ့ရအမြင်ရများသော အပင်တို့၏ အကာအကွယ်များမှာ အပင်ကိုယ်၌ဖြစ်ပေါ်နေသော ဂုဏ်အင်္ဂါ အချင်းအရာများပင် ဖြစ်ပေသည်။

အချို့အပင်တို့တွင် ဆူးများရှိသဖြင့် ရန်သူများ မထိဝံ့မစားဝံ့ကြပေ။

အချို့အပင်များ၌ ဆိုးရွားသော အနံ့အသက်များရှိ၍ ရန်သူများ မနှစ်သက်ကြပေ။

ထို့ပြင် အချို့အပင်များ၌ အဆိပ်ဓါတ်များ ပါရှိကြသဖြင့် ရန်သူများ ရှောင်ရှားသွားကြသည်။

မြေပြင်ပေါ်၌ ပေါက်လျက်ရှိသော အပင်တို့တွင် အဆိပ်ပင်များ ရောပွန်းလျက်ရှိရာ၊ အပင်အချို့တို့တွင်. . အခက်အရွက်တို့၌ အဆိပ်ပါ၍၊ အချို့အပင်တို့မှာမူ အမြစ်များ၌ဖြစ်စေ အသီးများ၌ဖြစ်စေ အဆိပ်အတောက်ရှိကြသည်။

အဆိပ်အတောက်ရှိသော အပင်နှင့် အဆိပ်ကင်းသော အပင်ဟူ၍ သီးခြားကဏ္ဍ သတ်မှတ်ထား၍ မရနိုင်ချေ။





ပုံစံပြရပါမူ. .

လူတို့သည် ခရမ်းချဉ်သီးကို အာဟာရဓါတ်ဖြစ်စေသည့်သီးအဖြစ် စားသုံးလျက်ရှိသော်လည်း ခရမ်းချဉ်ပင်နှင့် အလွန်ပ်သော ဇောင်လောင်ညိုအပင်မျိုးမှာမူ အလွန်အဆိပ်ပြင်းသည်။

အာလူးပင်သည်လည်း အဆိပ်ပါသည့် အထက်ပါအမျိုးမှဖြစ်၍ အစိမ်းရောင်ရှိသော အညှောင့်ပေါက်ပြီး အာလူးအရင့်များကို အစိမ်းစားလျှင် အဆိပ်ဖြစ်တတ်သည်။

ထို့ကြောင့် အပင်တစ်ပင်ကို အဆိပ်မရှိဟု ဆိုရသော်ည်း ထိုအပင်၌ပါသောအဆိပ်ကို ပြင်းလာအောင် စုဆောင်းမည်ဆိုပါက လူနှင့်တိရစ္ဆာန်များကို သေစေနိုင်သည်။

BURMESE CLASSIC .com

ခြံဥယျာဉ်များတွင် တန်ဆာဆင်ထားသော အလှစိုက်င်အချို့တို့၏ အကိုင်းအခက်အရွက်များ၊ အမြစ်များနှင့်များတွင် အဆိပ်ပါရှိလေသည်။

အဆိပ်ပြင်းသည့် ဇောင်ရှောင်ညိုပင်မှာ စားချင်စဖွယ်သွေးရောင် အသီးကလေးများသီးဖြင့် မသိနားမလည် ကလေးသူငယ်များက ဆွတ်ခူး၍ စားမိမည်ကို အထူးရလေသည်။

အဆိပ်ပြင်းသော မှိုပွင့်များကို စားကောင်းသည်ဟုမှတ်၍ ချက်ပြုတ်စားသောက်မိသဖြင့် သေသူများလည်းသောကြောင့် အထူးသတိပြုသင့်လှပေသည်။

ဆီမီးတောက်ပင်မျိုးမှ များစွာသောအပင်တို့၏ အမြစ် အဆိပ်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com


မြောက်ကမ္ဘာခြမ်းရှိ တောင်ထူထပ်သည့် အပိုင်းများတွင် ဆီမီးတောက်ပင်များ အရိုင်းပေါက်လျက်ရှိသည်။

ဆီမီးတောက်ပင်များကိုလည်း အခြားပန်းပင်များကဲ့သို့ ဥယျာဉ်ခြံများ၌ စိုက်ပျိုးထားတတ်ကြသည်။

ယင်း ဆီမီးတောက်ပင်များကို ဥယျာဉ်ခြံများ၌ အလှ စိုက်ပျိုး၍ အပင်များကို ခွဲစိုက်သည့်အခါ အမြစ်အစအနတို့ကို အမှုမဲ့အမှတ်တမဲ့ မြေပြင်ပေါ်တွင် မကျန်ရစ်ခဲ့စေရန် သတိပြုအပ်သည်။

အကြောင်းမှာ ဆီမီးတောက်ပင်၏ အမြစ်များသည် အဆိပ်ရှိ၍ ဒန့်သလွန်မြစ်နှင့် အလွန်ဆင်သဖြင့် ယိုးမှားသုံးစွဲမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဆီမီးတောက်ပင်တစ်မျိုး၏ အမြစ်မှ အလွန်ပြင်းသောအဆိပ်ကို ထုတ်ယူကြသည်။

လူတို့မွေးမြူထားသည့် ကျွဲ၊ နွား၊ တိရစ္ဆာန်တို့သည် စားကျက်များတွင် အရိုင်းပေါက်နေသည့် အဆိပ်ပင်များကို စားမိသဖြင့် ရောဂါရတတ်ကြသည်။

တိရစ္ဆာန်စားကျက်များတွင် အမြင့်ခြောက်ပေကျော်ထိ ရှိသော နွားစားမုန်လာပင်တစ်မျိုးမှာ ကျွဲနွားတို့စားကောင်းသည့် အပင်မျိုးဖြစ်သော်လည်း ထိုနွားစားမုန်လာပင်နှင့် များစွာတူသည့် ဟင်းမလော့ခေါ် အပင်တစ်မျိုးမှာ အလွန်အဆိပ်ပြင်းလေသည်။

ဟင်းမလော့ပင် (Hemlock)သည်နှစ်ပေမှ ခြောက်ပေ အထိမြင့်သော အဆိပ်ပင်ဖြစ်သည်။ ယင်းကို ဆေးဝါးဖက်တွင် အသုံးပြုကြလေသည်။

ယင်းအပင်၏ အရွက်များသည် ကရဝေးရွက်များနှင့် အလွန်တူကြသဖြင့် တစ်ပင်နှင့်တစ်ပင် မှားတတ်သည်။

အထူးသဖြင့် ဟင်းမလော့ပင်၏ အရွက်နှင့်ပင်စည်များတွင် အနာတရဖြစ်သောအခါ မနှစ်မြို့ဖွယ်ကောင်းသောအနံ့သည် ဆိုးဆိုးရွားရွား ထွက်လာခြင်းဖြင့်. . ကရဝေးပင်နှင့် ခွဲနိုင်သည်။

ဟင်းမလော့ပင်၏ အစိတ်အပိုင်းအားလုံးသည် အဆိပ်ကို ဖြစ်စေသည်။

ရှေးဂရိလူမျိုးတို့သည် သေစေရန် စီရင်ချက်ချပြီးသူများကို ဟင်းမလော့ပင်မှ ချက်ယူထားသည့် အရည်တစ်မျိုးကို သောက်စေခြင်းဖြင့် သေစေကြသည်။

ဒဿနိကဗေဒပညာရှင် ဆိုကရေးတီးအား ထိုအဆိပ်ရည်မျိုးကို သောက်စေ၍ အဆုံးစီရင်ခဲ့ဖူးသည်။

"နွားစား မုန်လာပင်"နှင့် "ဟင်းမလော့ပင်"ကိုခွဲခြားသိရှိရန်မှာ. . . နွားစားမုန်လာပင်၏ ပင်စည်တွင် အမွေးအမှင်ထူ၍ အရွက်များသည် အောက်သို့ကုပ်ကျနေ၏။ ဟင်းမလော့ပင်၌မူ အရွက်နှင့်ပင်စည်တို့မှာ ချောမွတ်နေသည့်အပြင် ပင်စည်၌ ခရမ်းရောင်အပြောက်များ ရှိသည်။

အချို့အပင်များသည် ထိရုံမျှနှင့် အသားအရေ ယားယံလာစေခြင်း၊ ဖူးရောင်စေခြင်း စသည်တို့ ဖြစ်ပေါ်လာစေနိုင်သည်။

လူအများတွေ့ဘူးကြသည့် "ဖက်ယားပင်" ကိုထိမိရုံ

www.burmeseclassic.com



အရွက်များတွင်ရှိသော အဆိပ်ဆူးများ စူးသဖြင့် ထိခိုက်မိသည့် နေရာ၌ ယားယံလာမည် ဖြစ်သည်။

ထိုဖက်ယားပင်ထက် အဆိပ်ပြင်းသောအပင်မှာ "ဆူးမတ်ပင်" မျိုးထဲမှဖြစ်၍ ဤအပင်မျိုးကို ထိမိလျှင် မခံမရပ်နိုင်အောင် ယားယံလာခြင်းနှင့် ထိမိသည့်နေရာတွင် ဖူးရောင်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

အမေရိကန်ပြည်ထောင်စုတွင် အနှံ့အပြားပေါက်ရောက်လျက်ရှိသော "အဆိပ်ရှိ တိုက်ကပ်နွယ်ပင်"မှာ ဆူးမတ်ပင်မျိုးတွင် အထင်ရှားဆုံးဖြစ်သည်။

ဥယျာဉ်ခြံများ၌ စိုက်ပျိုးထားလေ့ရှိသော ဆတ်ချိုဆူးမတ် ပင်မျိုးကိုကိုင်တွယ်မိလျှင် လက်တွင် ဆူးများစူးဝင်နေတတ်သည်။ သို့ဖြစ်၍ အမွေးအမှင်ရှိသော အရွက်များကို အမှတ်တမဲ့ မကိုင်တွယ်သင့်ချေ။ အသားတွင်စူးဝင်သော အမွေးအမှင်တို့ကြောင့် အင်ပြင်များ ဖြစ်ပေါ်လာတတ်သည်။

"ရှားစောင်းပင်"မျိုးမှထွက်သော နို့ရည်ထိမိလျှင်လည်း ယားနာများ ဖြစ်ပေါ်လာတတ်သည်။

ကမ္ဘာပေါ်ရှိ တောတွင်းကျကျအရပ်များ၌ နေထိုင်ကြသော လူရိုင်းတို့အသုံးပြုသည့် ဆိပ်လူးမြားအတွက် အဆိပ်ရည်ကို များသောအားဖြင့် အဆိပ်ပင်များမှ ထုတ်ယူရရှိကြသည်။

လူရိုင်းတို့သည် မြွေဆိုးများနှင့် အခြားအဆိပ်ရှိသော သတ္တဝါများမှလည်း လိုအပ်သောအဆိပ်ရည်ကို ရရှိကြသည်။

"ဆယ့်နှစ်ရာသီပင်"ကို ရုက္ခဗေဒ အလိုအားဖြင့် "သိဗက်ရှာပီရှူးဗီအားနာ" ဟုခေါ်သည်။ မျိုးရင်းမှာ "အဲ့ပေါ့ဆီနေ





ဆီစီအီး" ဖြစ်သည်။

ထိုအပင်ကို မြန်မာနိုင်ငံအောက်ပိုင်း အရပ်ဒေသများတွင် စိုက်ပျိုးကြသည်။

ဆယ့်နှစ်ရာသီပင်သည် လှပသော ချုံပင်ကြီးမျိုး ဖြစ်သည်။ အသီး၌အစေ့များပါရှိသည်။

ထိုအစေ့များမှ မီးလောင်သော အဆီတစ်မျိုးကိုရသည်။ ထိုအဆီသည် ဆေးဖက်ဝင်သည်။

ဆယ့်နှစ်ရာသီပင်အခေါက်မှ "သက်ဗီတင်"ခေါ် ပြင်းသော အဆိပ်တစ်မျိုးကိုရသည်။ ယင်းကို အစွမ်းထက်သော အနာများဖြတ်ဆေးဖော်ရာတွင်သုံးသည်။

နာဖျားမကျန်းမာသူတစ်ဦးတွင် ရောဂါပိုးများသည် လူနာ၏ သွေးသားတို့ကို စားသောက်ခြင်းဖြင့် ရောဂါဝေဒနာကို ဖြစ်စေသည်ဟု ထင်မှတ်တတ်ကြသည်။

သို့သော် အကယ်စင်စစ်မှာ ထိုသို့မဟုတ်ပေ။

ပိုးတို့မှဖြစ်သော အဆိပ်တို့သည် လူနာ၏ ကိုယ်ခန္ဓာထဲဝင်လျှောက်ပျံ့နှံ့သွားသောကြောင့်သာလျှင် ရောဂါဝေဒနာဖြစ်လေသည်။

ဤအချက်ကို သိပ္ပံပညာရှင်ကြီးများက အောက်ပါအတိုင်း သက်သေပြကြသည်။

ပထမဦးစွာ သူတို့သည် ရောဂါဖြစ်စေတတ်သော ပိုးကောင်တို့ကိုပိုးပျိုးယူသော အရည်များတွင် မွေးမြူ၍ စစ်ထုတ်လိုက်သည်။ ထို့နောက် တိရစ္ဆာန်တစ်ကောင်ကို ထိုအရည်ဖြင့် ဆေးထိုးပေးရာ . . ထိုတိရစ္ဆာန်၏ကိုယ်ခန္ဓာတွင် ပိုးများမဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း အဆိုပါတိရစ္ဆာန်တွင် ရောဂါရရှိသည်ကို တွေ့ရသည်။

လူ၏ကိုယ်ခန္ဓာတွင် ရောဂါပိုးတို့ကြောင့်ဖြစ်သော အဆိပ်များအနက် မေးခိုင်ရောဂါကို ဖြစ်စေတတ်သည့် အဆိပ်သည် ကျွန်ုပ်တို့သိရှိသမျှသော အဆိပ်တို့အနက် အပြင်းထန်ဆုံး ဖြစ်၏။

ထိုအဆိပ်သည် စတြစ်နင်း(ခေါ်)အဆိပ်ထက် အဆနှစ်ရာ့ငါးဆယ်မျှ ပိုမိုပြင်းထန်လေသည်။

ထိုအဆိပ်ကို တစ်စက်(သို့မဟုတ်)နှစ်စက်ခန့် ထိုးပေးရုံနှင့် ဆင်ကဲ့သို့ သတ္တဝါကြီးမျိုးပင် သေဆုံးသွားနိုင်သည်။

ယခုအခါ ဆေးဖက်ဆိုင်ရာ ဓါတုဗေဒပညာရှင်ကြီးများ၏ စွမ်းဆောင်မှုကြောင့် ထိုအဆိပ်ကို ပြယ်စေနိုင်သော အင်တီတော့ဆစ် (Anti-toxin) ခေါ် အဆိပ်ဖြေဆေးကို တွေ့ရှိပေပြီ။

"ဆင်"ကိုသေစေနိုင်လောက်သော အဆိပ်ဖြင့်ထိုးပေးထားသည့် "ပူး"ကို ဤအဆိပ်ဆေးဖြင့် ကုသပေးသောအခါ ပူးသည် ပကတိကျန်းမာလျက် ရှိလေသည်။

အင်တီတော့ဆစ် အဆိပ်ဖြေဆေးကို တွေ့ရှိလာခဲ့ခြင်းမှာ လူနှင့်တကွသော သတ္တဝါဟူသရွေ့၏ကိုယ်ခန္ဓာတွင် သဘာဝအလျောက် အဆိပ်ကို ကာကွယ်ပေးနိုင်သော ဆေးများရှိသည် ဟူသောအချက်ကို သိရှိလာခဲ့ခြင်းကြောင့်ဖြစ်သည်။

အကယ်၍ သက်ရှိသတ္တဝါတို့၏ ကိုယ်ခန္ဓာတွင် ရောဂါပိုးများကြောင့် အဆိပ်ဖြစ်သည်ဟု ဆိုပါစို့. . .။

ထိုအခါ ကိုယ်ခန္ဓာတွင် ထိုအဆိပ်ကို ပြယ်သွားစေမည့်





အဆိပ်ဖြေဆေးများ အလိုလို ဖြစ်ပေါ်လာလေသည်။

အဆိပ်သည် အဆိပ်ဖြေဆေးထက်များလျှင် လူနာသေဆုံးသွားတတ်၍ အဆိပ်ဖြေဆေးထက် နည်းသောအခါ လူနာတွင် ရောဂါပျောက်ကင်း သွားတတ်လေသည်။

အဆိပ်ကိုပြယ်စေနိုင်သောသတ္တိသည် သွေး၏အကြည်ရည်ထဲတွင်ဖြစ်သည်။

ဤသို့ အဆိပ်ကိုပြယ်စေနိုင်သော သွေးကြည်ရည်ကို "အဆိပ်ဖြေသွေးကြည်ရည်"ဟုခေါ်၍ ပိုးများကိုသေစေနိုင်သော သွေးကြည်ရည်ကိုမူကား "ပိုးသေသွေးကြည်ရည်" ဟုခေါ်သည်။

များသောအားဖြင့် လူသတ္တဝါတို့၏ သွေးတွင်ဖြစ်လာသည့် အဆိပ်ဖြေဆေးသည် ရောဂါကို ပျောက်ကင်းစေရုံမျှမက နောင်ရောဂါမဖြစ်ပေါ်အောင်လည်း ကာကွယ်နိုင်လေသည်။

တစ်နည်းအားဖြင့်ဆိုသော် လူနာတစ်ဦးတွင် ဒစ်ဖသီးရီးယား ရောဂါစွဲကပ်၍ ပျောက်ကင်းသွားလျှင် တစ်သက်လုံး ထိုသူတွင် ထိုရောဂါမဖြစ်တော့သည်ကို ဆိုလိုသည်။

ဤသို့ဖြစ်ရခြင်းမှာ လူနာ၏သွေးတွင် ရောဂါပိုးများကို အဆိပ်များ မထုတ်လွှတ်နိုင်မီ သုတ်သင်ပစ်နိုင်သော သတ္တိရှိလာခြင်းကြောင့်သော်လည်းကောင်း၊ အဆိပ်ဖြေဆေးသည် လူနာ၏ ကိုယ်တွင်. . . အချိန်ကြာမြင့်စွာ ရှိနေခြင်းကြောင့်သော်လည်းကောင်း ဖြစ်ဟန်တူပေသည်။

ဤအချက်ကို အခြေခံ၍ ဓါတုဗေဒပညာရှင်များသည် ရောဂါဝေဒနာကို တွန်းလှန်ဖြိုဖျက်ရန် ပထမနည်းအဖြစ် လူ၏ကိုယ်ခန္ဓာတွင် အဆိပ်ဖြေသွေးကြည်ရည်(သို့မဟုတ်) ပိုးသေ


www.burmeseclassic.com

www.burmeseclassic.com



သွေးကြည်ရည်ကို ဖန်တီးနိုင်အောင် ပြုလုပ်ပေးသောနည်းကို အသုံးပြုကြသည်။

ဒုတိယနည်းမှာ မြင်းစသော အခြားသတ္တဝါများမှ ရရှိသော "အဆိပ်ဖြေသွေးကြည်ရည်" သို့မဟုတ် "ပိုးသေသွေးကြည်ရည်" ကို ကိုယ်ခန္ဓာတွင်းသို့ ထိုးပေးသောနည်း ဖြစ်သည်။

အဆိပ်ဖြေဆေးတစ်မျိုးသည် အဆိပ်တစ်မျိုးကိုသာ ဖြေနိုင်ပေသည်။

အထက်ဖော်ပြပါ အဆိပ်နှင့်ပတ်သက်သော အချက်အလက်များသည် မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၄)၊ (၁၄)နှင့်(၁၅) တို့မှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

အင်တာနက်တွင် ရှာဖွေလေ့လာကြည့်သောအခါ . . သေစေနိုင်ဆုံးသော အပင်(၁၀)မျိုး၊ အံ့အားသင့်လောက်အောင် အဆိပ်ပြင်းသော အပင်(၁၀)မျိုးနှင့် အဆိပ်အတောက်ဖြစ်မှန်း မသိသော မြင်တွေ့ဖူးနေသည့် အပင်(၁၀)မျိုး တို့ကို တွေ့ရသဖြင့် ခေါင်းစဉ်အမည်မျှသာ ဖော်ပြပေးပါမည်။

ရှေးဦးစွာ "သေစေနိုင်ဆုံးသော အပင်(၁၀)မျိုး" ကို ဖော်ပြပါမည်။ အဆိပ်အလွန်ပြင်းထန်သော အပင်များဖြစ်၍ အသက်အန္တရာယ်မဖြစ်စေရန် ကြိုတင်ကာကွယ်ရပါမည်။

(၁၀) ယမင်းရုပ်၏ မျက်လုံးများ
(Doll's eyes/White Baneberry)

(၉) နတ်မိမယ်၏ ခရာ(ထရမ်းပက်)
(Angel's Trumpet)

(၈) အပေါက်ကျယ်ဖြင့် ဖမ်းယူနိုင်သည့်အပင်





(Giant Pitcher Plant)

(၇) ကွန်မွန်းဘလိတ်ဓါးဝို(ထ)ခေါ် အသားစားပင်
(Common Bladderwort)

(၆) အဖြူရောင်မြွေမြစ်ပင်
(White Snakeroot)

(၅) ဘွတ်(ရှ)မင်၏အဆိပ်ပင်
(Bushman's Poison)

(၄) စထရိုင်ချနင်းပင်
(Strychnine tree)

(၃) ဝံပုလွေကိုပင် သေစေနိုင်သည့်အဆိပ်ပင်
(Wolfsbane)

(၂) ကြက်ဆူပင်
(Castor Plant)

(၁) အနောက်ပိုင်းဒေသရှိ ရေတွင်ပေါက်သော ဟမ်း(မ)လော့ပင်
(Western Water Hemlock)

အံ့အားသင့်လောက်အောင် အဆိပ်ပြင်းသော အပင် (၁၀)မျိုးကို ဖော်ပြပါမည်။

(၁) အိုလီယန်ဒါ
(Oleander)

(၂) အမရီလစ်(စ)
(Amaryllis)

(၃) နှင်းပန်းအပွင့်ကြီးပင်များ



www.burmeseclassic.com

www.burmeseclassic.com



(Tulips)

(၄) မြွေသဏ္ဍာန်အပင်

(Snake Plant)

(၅) နှင်းပန်းများ

(Lilies)

(၆) ဂန္ဓမာ/နာတာလူးပန်း

(Chrysan themum)

(၇) ဂမုန်း

(Iris)

(၈) ပဲမျိုးနွယ်ဖြစ်ပြီး ရောင်စုံပန်းပွင့်သောအပင်

(Wisteria)

(၉) ခြောက်လပန်း

(Hydrangeas)

(၁၀) ပန်းပွင့်သည့်ချုံပင်ငယ်

(Azaleas)

အဆိပ်အတောက်ဖြစ်မှန်း မသိသော မြင်တွေ့ဖူးနေသည့် အပင်(၁၀)မျိုးကို ဖော်ပြပါမည်။

(၁၀) ပန်းရောင်အပွင့်ကြီးများ ရှိသောအပင်

(Poinsettia / Euphorbia pulcherrima)

(၉) အင်္ဂလိပ်တိုက်ကပ်နွယ်ပင်

(English Ivy/Hedera helix)

(၈) အီစတာနှင်းပန်း

(Easter Lily/Lilium Longiflorum)





(၇) ကန့်ချုပ်ပင်(အနီ၊အဝါ၊အပြာရောင်ပန်းပွင့်သည်)

(Larkspur/Delphinium spp.)

(၆) ရှားစောင်းလက်ပတ်ပင်

(Aloe Vera)

(၅) အဇလီယာ

(Azalea/Rhododendron spp.)

(၄) ဒမ့် (ဘ) ကိန်း

(Dumb Cane / Dieffenbachia)

(၃) အိုလီယန်ဒါ

(Oleander / Nerium Oleander)

(၂) လက်စွပ်အိတ်ကဲ့သို့ခရမ်းရောင်ပန်းပွင့်သောဥယျာဉ်ပန်းပင်

(Foxglove/ Digitalis purpurea)

(၁) ပဒိုင်းခတ္တာ

(Datura Stramonium)

စသောအပင်များမှာ လူတို့နှင့်နီးစပ်မှုရှိပြီး . . အသက်အန္တရာယ်ကို ပေးနိုင်သောအဆိပ်ပင်များပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ပြီး ဆက်ပြောပြန်သည်။

"တောနက်ကြီးတွေထဲမှ မုဆိုးတွေ အဆိပ်ရည်ထုတ်ယူတဲ့ အဆိပ်ပင်ရှိပါတယ်၊ အပင်အောက်ဝင်မိတာနဲ့ မူးမေ့လဲပြီး သေနိုင်ပါတယ်၊ အဆိပ်ပန်းပွင့်တဲ့အချိန်မှာ. . လေအောက်ကအောက်ပြီး အဲဒီအနံ့ကိုရှူမိရင်လည်း သေစေနိုင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပြင်းပါတယ်”

“ဒါဖြင့် သာသနာပြုအဖွဲ့တွေနဲ့ အလုပ်သမားတွေ သေရတာ အဆိပ်ပင်ရှိတဲ့ နေရာရောက်နေလို့ ပန်းပွင့်တဲ့ အချိန်နဲ့ကြုံလို့ သေကြတာရော မဖြစ်နိုင်ဘူးလား”

ကျွန်ုပ်ကဝင်ပြောလိုက်သည်။

“ဆရာပြောတာလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဆိပ်ပင်က ဟိုနေရာနဲ့ ဒီနေရာကို . . ဘယ်လိုနေရာ ရွှေ့လာလဲ”

ဟုပြန်မေးသောအခါ ကျွန်ုပ်လည်း မစဉ်းစားတတ်အောင် ဖြစ်သွားလေတော့သည်။

ထိုနေ့ညက စားသောက်ရင်းနှင့် စကားပြောနေကြ အတော်ညဥ့်နက်ကြလေသည်။

မဟာမြိုင်တော၏ ဆောင်းရာသီက သာမန်ထက် ပို အေးသယောင် ထင်ကြရပေသည်။





# အခန်း (၈)

# မဟာမြိုင်မှ တောဆိုးနတ်မိစ္ဆာ

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ထိုနေရာမှ ခရီးဆက်ကြရာ ဆွမ်းခံပြန်ချိန် နံနက်(၁၀)နာရီ လောက်ရောက်သော် သစ်တောစခန်းသို့ ရောက်သွားကြလေသည်။

ထိုနေရာနှင့် မနီးမဝေးရောက်တော့ အခြေအနေကို အကဲခတ်ကြည့်ရာ . . စခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်ကို သတိပြုမိကြသည်။

ထိုနေရာမှာ ဗိုလ်တဲနှစ်လုံးနှင့် အခြားအလုပ်သမားများ



www.burmeseclassic.com

www.burmeseclassic.com



နေသော အဆောက်အအုံအချို့လည်း ရှိသည်။

တဖြည်းဖြည်းနှင့် လျှောက်သွားကြရာ စခန်းအတွင်းသို့ ရောက်သွားကြသည်။

ထိုအခါမှ နောက်ဘက်မှ လူတစ်ယောက် ထွက်လာလေသည်။ လူရုပ်ပင် မပေါ်လောက်တော့အောင် ပိန်နေသော သူပင် ဖြစ်သည်။

"ဒီစခန်းမှာ လူတွေမရှိတော့ဘူးလား"

"ရှိတဲ့လူတွေလည်း ရှိသေးတယ်၊ တော်တော်များများကတော့ သေကုန်ကြပြီ၊ အချို့လည်း မနေဝံ့လို့ ထွက်ပြေးသွား… မရှိတော့ဘူး"

ထိုသူက အားနည်းလှသော လေသံဖြင့်ပြောပြသည်။

"ဘာတွေဖြစ်နေတာလဲ"

"စုန်းမတွေ ပြုစားလို့ သေကြတာပဲ"

"ဒီစခန်းမှာ အုပ်ချုပ်တဲ့သူ မရှိဘူးလား"

ထိုသူက ဗိုလ်တဲတစ်ခုလုံး အပေါ်ထပ်သို့ လက်ညှိုး… ပြကာ ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ကျန်လူများကို အော… မှာနေခဲ့စေပြီး၊ ကျော်စွာနှင့်အတူ အပေါ်ထပ်သို့ တက်သွား… သည်။ ဗိုလ်တဲအပေါ်ထပ်သို့ နံဘေးဘက်မှ လှေကားမှ တ… ကြရသည်။ အပေါ်ထပ်တစ်ခုလုံးမှာလည်း လူမရှိသကဲ့သို့ တိ… ဆိတ်ငြိမ်သက်နေသည်။

အခန်းထဲရောက်သွားပြီး ဟိုဟိုဒီဒီကြည့်တော့လည်း… မတွေ့ရသဖြင့် အခန်းအလယ်လောက်တွင် ပိတ်ထားသော…





…န်းတစ်ခန်းရှိသဖြင့် ထိုအခန်းရှိရာသို့ လျှောက်သွားကြသည်။

တံခါးနားရောက်တော့လည်း ဘာသံမှမကြားရသဖြင့် …ံခါးချပ်ကို အသာကလေး တွန်းဖွင့်လိုက်သည်။

"ကျွီ"

တိတ်ဆိတ်နေသောအချိန်မို့ တံခါးပွင့်သွားသော အသံ… အတော်ကျယ်လောင်သွားသည်။

အတွင်းမှာတော့ ခုတင်ပေါ်မှာ လူတစ်ယောက်ရှိနေ…သည်။ စောင်ကို ခေါင်းမြီးခြုံထားသောကြောင့် အိပ်နေသလား …နေသလား မသိရပေ။

အိပ်ရာနံဘေးမှ စားပွဲပေါ်မှာတော့ အရက်ပုလင်းနှင့် …ခွက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က ခုတင်နားမှာရပ်ပြီး အသံ…ပေးလိုက်သည်။

ထိုအခါ စောင်ကိုဖယ်လိုက်သဖြင့် ဦးခေါင်းပေါ်လာပြီး …ာ်နှာတစ်ခုလုံး အညိုအမဲကွက်ကြီးများ စွဲနေပြီး ရုပ်ပျက်ဆင်း…က် ဖြစ်နေလေပြီ။

သူက မျက်လုံးဖွင့်ကြည့်ရင်းမှ လေသံတိုးတိုးဖြင့် မေး…ိုက်လေသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ခရီးသွား ဧည့်သည်တွေပါ၊ ခင်ဗျား …ဘယ်သူလဲ"

"ကျုပ်က ဒီမဟာမြိုင်သစ်ထုတ်လုပ်ရေးစခန်းက တာ…ခံ သစ်တောဝန်ထောက် ရေဂါပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံတွေ့နေကြတာလဲ"

"တိုတိုပြောရရင်တော့ စုန်းမတွေ ပြုစားခံရတာပါပဲဗျာ။ ဒီစခန်းမှာလည်း ရောဂါဖြစ်ပြီးသေကြတာ မနည်းတော့ပါဘူး။ တချို့လည်း မနေဝံ့လို့ ထွက်ပြေးကုန်ကြပြီ၊ ကျုပ်လည်း ရောဂါစွဲပြီး မကြာခင် သေရတော့မှာပါ. ."

"ခင်ဗျားတို့ ဒီလိုအခြေအနေတွေဖြစ်နေတာ သက်ဆိုင်ရာတွေကို အကြောင်းမကြားဘူးလား၊ သတင်းမပို့ဘူးလား"

"ဒီနေရာက လမ်းပန်းဆက်သွယ်ရေးခက်တယ်၊ သတင်းပို့ပေးမည့်သူလည်း မရှိတော့ပါဘူး၊ ကျုပ်လည်း ဒီလိုပဲသေမယ့် အချိန်ကိုပဲ စောင့်နေရတာပဲ"

ဟုပြောပြကာ စားပွဲပေါ်မှာ တင်ထားသော အရက်ပုလင်းကိုယူပြီး သောက်လိုက်သည်။

ထိုသို့ သောက်ပြီးသောအခါမှ အနည်းငယ်နေသာထိုင်သာ ဖြစ်သွားသောကြောင့် ဒေါက်တာမင်းထင်ကျော်က သိလိုသောအကြောင်းများကို ဆက်မေးလိုက်သည်။

"ခင်ဗျားတို့ကို ဒုက္ခပေးတဲ့ စုန်းမတွေဆိုတာ အမှန်ပဲလား၊ ဘယ်လိုသိတာလဲ"

"သိတာပေါ့ဗျာ လွန်ခဲ့တဲ့ သုံးလေးလလောက်ကလည်း သာသနာပြုအဖွဲ့တစ်ဖွဲ့လုံး သေခဲ့ကြရတယ်၊ အဲဒါလည်း သူတို့လက်ချက်ပဲ၊ အဲဒီလိုဖြစ်တော့ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ စုန်းမတွေကဝေမတွေကို ဖမ်းခေါ်လာပြီး စစ်ဆေးကြတယ်"

"အဲဒီလို စစ်ဆေးတော့ ဘယ်လိုထူးသလဲ"





"အချို့ကလည်း ဝန်ခံကြတယ်၊ အချို့ကလည်း ဝန်မခံဘူး ဇွတ်ငြင်းကြတယ်၊ နောက်တော့ လာစစ်တဲ့ ပုလိပ်တွေရော ခရစ်ယာန်ဘုန်းကြီးပါ သေသွားတယ်၊ ခရစ်ယာန်ဘုန်းကြီးနဲ့ ပါလာတဲ့ မှော်ကျမ်းစာအုပ်ပါ ပျောက်သွားတော့တယ်"

"ဘယ်ရောက်သွားတာလဲ ဘယ်သူယူသွားတာလဲ"

"စုန်းမတွေပဲ ယူသွားမှာပေါ့ဗျာ. . ၊ ဘယ်ယူသွားတာလည်းတော့ မသိပါဘူး၊ အဲ့ဒီစာအုပ်ကို မိစ္ဆာတွေနဲ့ စုန်းမတွေက ကြောက်လန့်ကြတယ်၊ အဲ့ဒီစာအုပ်မရှိတဲ့နောက်မှာ စခန်းတစ်ခုလုံးလည်း သူတို့လက်ချက်ကြောင့် သေကျေပျက်စီးရတာပါပဲ"

ဟုရေဂါက ကြိုးစားပြီး ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော် အဖို့ကတော့. . ဘယ်လိုမှ မျှော်လင့်ပါဘဲနဲ့ မှော်ကျမ်းစာအုပ်ကို သဲလွန်စရခဲ့ပေပြီ။

"ဒါထက် ခင်ဗျားတို့ ဖမ်းခေါ်ထားတဲ့ စုန်းမတွေရော ရှိနေသေးလား"

ကျော်စွာကဝင်မေးလိုက်သည်။

"ဟိုးဘက်မှာရှိတဲ့ အချုပ်ခန်းထဲမှာ. . တစ်ယောက်ယောက်တော့ ကျန်နေသေးတယ် ထင်တယ်"

ဟုပြောပြီး ပြန်အိပ်ရန်ပြင်လေရာ နှစ်ယောက်သား အတိုက်သိစွာဖြင့် အပေါ်ထပ်မှ ပြန်ဆင်းလာကြလေသည်။

"သူ့အခြေအနေက ဘယ်လိုရှိသလဲဆရာ"

လှေကားထိပ်ရောက်တော့ ကျော်စွာကမေးသဖြင့်. . ခေါင်းခါပြလိုက်သည်။

"အဆိပ်တွေက တစ်ကိုယ်လုံး ပြန့်နေပြီ မကြာခင် သေ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ”

ဟုပြောကာ အောက်သို့ ပြန်ဆင်းလာကြလေသည်၊

အောက်ရောက်တော့. . . ရေဂါထံမှသိခဲ့ရသော အကြောင်းများကို အားလုံးပြန်ပြောလိုက်သည်။

စကားဆုံးတော့ ဆရာကြီးသူရဇ္ဇက မေးသည်။

“ဒါဖြင့် ဖိုးသူတော်ကြီးလာပြီး သတင်းပေးသွားတဲ့အတိုင်း မှော်ကျူစာအုပ်ဆိုတာ အမှန်တကယ်ရှိနေတာပေါ့. . . ဟုတ်လား မောင်ထင်ကျော်”

“ရှိတယ်ဆရာကြီး၊ ရေဂါဆိုတဲ့လူက ပြောပြလိုက်တယ် သာသနာပြုအဖွဲ့တွေ သေကုန်တော့ ဒီနယ်တစ်ဝိုက်မှာ ရှိနေကြတဲ့ စုန်းကဝေလို့ထင်တဲ့ မိန်းမအားလုံးကို ဒီမှာခေါ်ပြီး ကျူစာအုပ်နဲ့ စစ်တာလို့ပြောတယ်”

“ဒီတော့ ဘာထူးသလဲ”

“တချို့လည်း ဝန်ခံတယ်၊ တချို့ကျတော့လည်း ဝန်မခံကြဘူး”

“ဒီလိုနဲ့တော့ ဘယ်ဝန်ခံပါ့မလဲ၊ ပညာသည်တွေက သူတို့ရဲ့ပညာကို ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ အသက်ထက်ပိုပြီး တန်ဖိုးထားတတ်ကြတယ်၊ ဒီလိုစစ်ရုံနဲ့ ဘယ်တော့မှ ပြောမှာမဟုတ်ဘူး၊ ဝန်ခံတဲ့သူရှိတယ်ဆိုတာက ဘာမှမတတ်တဲ့ မိန်းမတွေကို မတရားခေါ်ပြီး နှိပ်စက်တော့ ကြောက်လန့်ပြီး ဝန်ခံကြတာ ဖြစ်မှာပါ”

ဆရာကြီး သူရဇ္ဇက ထိုသို့ပြောပြသောအခါ အားလုံးကလည်း လက်ခံကြသည်။





“ဒီတော့ ဘယ်လိုဆက်လုပ်မလဲ ဆရာကြီး”

“ကျုပ်တို့လိုချင်တဲ့ မှော်ကျူစာအုပ် သတင်းရပြီဆိုတော့ ဒီနေရာမှာ တစ်ရက်နှစ်ရက်လောက်နေပြီး စုံစမ်းကြည့်ကြရင် မကောင်းဘူးလား”

“ကောင်းပါတယ် ဆရာကြီး၊ ဒါမှလည်း ပိုပြီးပြည့်စုံအောင် သိရမယ်ထင်တယ်”

ဟု ပြောဆိုကြသည်၊

မိမိတို့သွားလိုသောနေရာ ရောက်ပြီဖြစ်သောကြောင့် မောက္ကတော်ရွာမှ လမ်းပြခေါ်လာသော ထွန်းခနှင့်ရွှေလှတို့ကို အခကြေးငွေပေးပြီး ပြန်လွှတ်သောအခါ မပြန်ချင်ကြတော့ပေ။

“မပြန်တော့ပါဘူး၊ ဆရာကြီးတို့နဲ့ပဲ ခရီးဆုံးတဲ့အထိ လိုက်ပြီး အကူအညီပေးပါ့မယ်၊ ဆရာကြီးတို့ပြန်မှပဲ ကျွန်တော်တို့လည်း ရွာကိုပြန်ပါတော့မယ်”

“ဒီလိုဆိုတော့လည်း အဆင်ပြေတာပေါ့ကွယ်”

ထို့နောက်မှာတော့ လူမနေတော့သော ဗိုလ်တဲတစ်လုံးအင်ရောက်နေရာယူပြီး စခန်းချကြလေသည်။

မဟာမြိုင်တောနက်ကြီးအတွင်းမှာ ရောက်နေသော်လည်း ဗိုလ်တဲတစ်လုံးမှာ တည်းခိုခွင့်ရကြသဖြင့် များစွာအဆင်ပြေကြသည်။

အထူးသဖြင့် ထွန်းခနှင့် ရွှေလှတို့နှစ်ယောက်ရှိနေသောကြောင့်. . ရေခပ်၊ ထင်းရှာ၊ အစားအသောက် စီစဉ်ချက်ပြုတ်သော ကိစ္စများမှာ များစွာအားကိုးကြရသည်။

ညနေပိုင်း အချိန်ရောက်သောအခါ ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော် တစ်ယောက်တည်း မနီးမဝေးမှာရှိနေသော သစ်လုံးများ ကာရံထားသောနေရာသို့ လျှောက်လာလေသည်။

ထိုနေရာမှာ စုန်းမများဟု စွပ်စွဲခံရသော မိန်းမများကို ဖမ်းဆီးချုပ်နှောင်ထားသော အကျဉ်းခန်းဖြစ်သည်။

ရေဂါက ထိုထဲမှာ စုန်းမတစ်ယောက် ကျန်နေသေး သည်ဟု ပြောလိုက်သောကြောင့် လာကြည့်ခြင်းဖြစ်သည်။

ထိုနေရာရောက်တော့ သစ်လုံးအိမ်ထောင့် တစ်နေရာ မှာ ထိုင်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

တစ်ကိုယ်လုံး အဝတ်အစားများ စုတ်ပြဲနေပြီး နှိပ်စက် ခြင်း ခံထားရပုံရှိသည်။

ဒေါက်တာမင်းထင်ကျော်က အနားကပ်ပြီး အပေါက်မှ ချောင်းကြည့်တော့ များစွာကြောက်ရွံ့ထိတ်လန့်နေပုံဖြင့် မျက် နှာကို ဖုံးထားလေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ဗိုလ်တဲသို့ တစ် ခေါက်ပြန်လာပြီး ရေနှင့် စားစရာအချို့ကိုယူပြီး တစ်ခေါက်ပြန် သွားလေသည်။

ထို့နောက်. . အပေါက်ဝနားမှာ ထိုင်ပြီးအသံပြုလိုက် သည်။

"ဒီမှာ"

ထိုအခါမှ လှည့်ကြည့်ပြီး ကြောက်လန့်တကြား တောင်း ပန်နေရှာသည်။

"ကြောက်ပါပြီရှင် ကျွန်မကိုထပ်ပြီး မနှိပ်စက်ကြပါနဲ့ တော့. . ကျွန်မစုန်းမ မဟုတ်ပါဘူး"





"ငါက မင်းကိုမနှိပ်စက်ပါဘူး၊ ရော့ ဒီမှာ ရေနဲ့အစား အသောက်တွေယူပြီး စားလိုက်ပါဦး"

ဟုပြောပြီးပေးတော့ မယုံကြည်သလိုနှင့် မျက်လုံးပြူး ကြီးဖြင့် ကြည့်နေသည်၊

ထိုအခါမှ သူမမျက်နှာကို မြင်ရတော့သည်၊

အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး အသားဖြူဖြူနှင့် ချစ်ရည် သနားကမားရှိသော မိန်းမပျိုတစ်ဦးပင်ဖြစ်၏။

"ရော့. . ယူပါ၊ ငါ မင်းကိုဘာမှ မနှိပ်စက်ပါဘူး၊ ရေနဲ့ အစားအသောက်တွေ ယူပြီး စားလိုက်ပါ"

ဟု ထပ်ပေးတော့မှ တုန်နေသောလက်ဖြင့် မဝံ့ရဲ လှမ်း ယူလေသည်။

ဒေါက်တာမင်းထင်ကျော်က ပြုံးပြီး ခေါင်းညိတ်ပြလိုက် တော့မှ စိတ်ချလက်ချဖြစ်သွားပြီး ရေလည်းသောက် အစားအ စာတို့ကိုလည်း စားလေသည်။

"မင်းနာမည် ဘယ်သူလဲ"

"မဟူရာ"

"မင်းက စုန်းမတစ်ယောက်လား"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ သူတို့ကသက်သက်ဖမ်းပြီး တရားနှိပ်စက်နေကြတာပါ၊ သူတို့နှိပ်စက်တာကြောင့် ဘာမှ မတတ်ဘဲ အပြစ်မရှိတဲ့သူ အတော်များများ သေသွားကြပါပြီ၊ ကျွန်မ ဘာမှမတတ်ပါဘူး"

"မင်း ဘယ်ရွာမှာနေတာလဲ"

"နေမြင်ညပျောက် ရွာကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာနာမည်ကတော့ အဆန်းပါလား၊ ဘယ်နေရာမှာရှိသလဲ"

"ဒီကဆို အတော်ဝေးပါတယ်၊ မောက္ကတော်ရွာဘက်နဲ့တော့ နီးပါတယ်"

"အခု ငါမင်းကို လွှတ်ပေးလိုက်မယ် မင်းရွာရောက်တဲ့အထိ တစ်ယောက်တည်း ပြန်ဝံ့ပါ့မလား"

"ဟင့်အင်း. . မပြန်ဝံ့ဘူး၊ လမ်းလည်း မသိပါဘူး"

ထိုအခါ. . ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေပြီးမှ အချုပ်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

သူမက အပြင်သို့ တော်တော်နှင့်ထွက်မလာသေးပဲ. . ဒေါက်တာမင်းထင်ကျော်ကို ကြည့်နေသည်။

"လာပါ အပြင်ထွက်လာခဲ့ပါ၊ ငါက မင်းကိုနှိပ်စက်မယ့်လူ မဟုတ်ပါဘူး"

ဟုပြောတော့မှ ကြောက်ကြောက်ရွံ့ရွံ့နှင့် အပြင်ထွက်လာလေသည်။

သူမ ဝတ်ထားသောအဝတ်အစားများမှာ. . အနက်ရောင်ဖြစ်ပြီး နှိပ်စက်ထားသော ဒဏ်ရာဒဏ်ချက်များကြောင့်နေရာအနှံ့ စုတ်ပြဲနေသည်။

အဝတ်အစားများ စုတ်ပြဲနေသဖြင့် ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်တို့ကို တွေ့ရသည်။

အချို့မှာ သွေးများထွက်နေဆဲပင် ရှိသေးသည်။

အပြင်ရောက်လာတော့ ကောင်းစွာမရပ်နိုင်ဘဲ ယိမ်းယိုင်နေသောကြောင့် ဒေါက်တာမင်းထင်ကျော်က တွဲပေးထား





လိုက်ရသည်။

"မင်း ဘာမှမကြောက်နဲ့တော့၊ ငါတို့က မင်းကိုဒုက္ခပေးမယ့်သူ၊ နှိပ်စက်မယ့်သူတွေ မဟုတ်ဘူး"

ထိုသို့ထပ်ပြောတော့ ခေါင်းညိတ်ပြသည်။

မျက်ရည်များက ပါးပြင်ပေါ်သို့ စီးကျလာလေသည်။

ထို့နောက်မှာတော့ သူတို့တည်းခိုနေသော ဗိုလ်တဲသို့ခေါ်သွားပြီး ကျန်အဖွဲ့သားများကို အကျိုးအကြောင်း ပြောပြလိုက်သည်။

"အပြစ်မရှိဘဲ မတရားအနှိပ်စက်ခံထားရတဲ့ အမျိုးသမီးတစ်ယောက် တွေ့လို့ခေါ်လာတာ၊ သူလိုပဲ အပြစ်မရှိဘဲနှီးမလို့ အစွပ်စွဲခံရပြီး အသတ်ခံရတဲ့ အမျိုးသမီးတွေ အတော်များတယ်လို့ပြောတယ်"

"စိတ်မကောင်းစရာပဲ"

ဆရာကြီး သူရဇ္ဇက ရေရွတ်လိုက်သည်။

ထို့နောက်မှာတော့ မဟူရာဆိုသော အမျိုးသမီးကို ရေဖြင့် ကိုယ်လက်သန့်စင်စေပြီးနောက် ဆရာကြီးသူရဇ္ဇက ပါလာသောဆေးများ ထည့်ပေးသည်။

ပြီးမှ ပြဲစုတ်နေသော အဝတ်အစားများကို သူတို့မှာပါသာသော ဘောင်းဘီနှင့် ရှပ်အင်္ကျီတစ်ထည်ကိုပေး၍ လဲစေသည်။ ရေမိုးသန့်စင်ပြီး အဝတ်အစား လဲလိုက်သောအခါမှ တော့ရာမှာ ချောမောလှပသော အမျိုးသမီးတစ်ယောက်ဖြစ်မှန်းသတိပြုမိကြလေသည်။

ညဥ့်ဦးပိုင်းရောက်တော့ မီးလျှံရှင်းနှင့် ရွှေလှနှင့်ထွန်းခ



www.burmeseclassic.com

www.burmeseclassic.com

တို့ စီစဉ်ချက်ပြုတ်ပေးသော. . အစားအသောက်တို့ကို စား သောက်ကြရသည်မှာ များစွာခံတွင်းမြိန်ကြလေသည်။

ထိုသို့စားသောက်ရင်းမှာပင် ဒေါက်တာမင်းထင်ကျော် တို့က သူတို့သိလိုသော အချက်များကို မေးမြန်းကြသည်။

"မင်းတို့နေတဲ့ နေ့မြင်ညပျောက်ရွာနဲ့ သာသနာပြုအဖွဲ့ တွေ သေသွားတဲ့ မရဏတောင်ကုန်းရှိတဲ့နေရာနဲ့ အတော်ဝေး သလား"

"မဝေးလှပါဘူးရှင်"

မဟူရာမှာ တစ်ကိုယ်လုံးမှာရှိသော ဒဏ်ရာများကိုဆေး ထည့်ပေးထားပြီး အစားအသောက်များ ကျွေးမွေးထားသော ကြောင့် အတော်ပင်လန်းဆန်းလာပြီး အသံမှာ ကြည်ကြည်လင် လင် ဖြစ်နေလေသည်။

"ဒါဖြင့် သူတို့သေတဲ့သတင်းကိုတော့ ကြားမိမှာပေါ့"

"ဟုတ်. . ဟုတ်ကဲ့. . ကြားပါတယ်"

"ဒါဖြင့်. . သူတို့ ဘာကြောင့်သေကြတယ် ဆိုတာများ မင်းတို့သိသလား"

"ကျွန်မတော့ သိပ်မသိပါဘူး၊ ကျွန်မအဘွားကတော့ ဒီအကြောင်းတွေကို သိပါတယ်"

"မင်းအဘွားက ဘယ်သူလဲ၊ အခုဘယ်မှာလဲ"

"ကျွန်မအဘွားနာမည်က ဒေါ်ဂနီလို့ ခေါ်ပါတယ်၊ အခု တော့ သူတို့လာခေါ်သွားပြီးကတည်းက မတွေ့ရတော့ပါဘူး သေသလား ရှင်သလား မသိရတော့ပါဘူး"

ဟု ဝမ်းနည်းသောအသံဖြင့် ပြောပြလေသည်။





"စိတ်မကောင်းဖြစ်မနေပါနဲ့၊ တကယ်လို့ သူ့အသက် ရှင်နေသေးရင်တော့ တစ်နေ့တော့ ပြန်တွေ့ရမှာပါ၊ ဒါထက်. . မင်းအဘွားဆီက သိတာလေးတွေကို ပြန်ပြောပြပါဦး"

"အဘွားဆီကနေ ကျွန်မသိတန်သလောက်သိပါတယ်၊ ကျွန်မပြောလည်း ဘယ်သူမှ ယုံကြည်ကြမှာမဟုတ်လို့ မပြော ဘဲထားခဲ့တာ၊ တကယ်တော့ သူတို့သေရတာ တခြားကြောင့် မဟုတ်ပါဘူး၊ အဆိပ်သင့်ပြီး သေကြရတာပါ"

"ဟင်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားမိလေသည်။

သူယူဆထားသောအချက်နှင့် ကိုက်နေသောကြောင့် လည်း ဝမ်းသာမိသည်။

"ဆက်ပြောပါဦး ဘယ်လိုအဆိပ်သင့်ပြီး သေရတာလဲ"

"အဆိပ်ပင်က အဆိပ်ကြောင့်ပါ"

"အဆိပ်ပင်က အဲဒီနေရာတစ်ဝိုက်မှာ ရှိနေတာလား"

"မဟုတ်ပါဘူး၊ အဆိပ်ပင်ကို အဲဒီနေရာရောက်အောင် 'မဟာမြိုင်နတ်မိစ္ဆာ'က ရွှေ့လာတာပါ"

ဟု သူမသိသမျှအကြောင်းအရာအချို့ကို ပြောပြသည်။

မဟာမြိုင်တောမှာ တောကြီးသလောက်၊ တောကြမ်းလှ သော အဓိကရတောကြီးလည်းဖြစ်သည်။ ထိုတောကြီး၌ ပန်ထွာ မင်းသမီးနတ်၊ မဟာမြိုင်ဘိုးဘိုးကြီးနှင့် မဟာမြိုင်နတ်မိစ္ဆာတို့ ရှိကြသည်။

ပန်ထွာမင်းသမီးနတ်က မဟာမြိုင်တောထဲသို့ ဘုန်းကြီး


www.burmeseclassic.com

www.burmeseclassic.com

ရဟန်းသံဃာတို့ လာရောက်နေထိုင် သတင်းသုံးလျှင် မနှစ်သက်ပေ၊ ပန်ထွာပြည်ပျက်ရခြင်းအကြောင်းရင်းမှာ ရဟန်းတု ရဟန်းအယောင်ဆောင်ထားသူများကြောင့် ဖြစ်သည်ဟု ရာဇဝင်များ၌ ရေးသားဖော်ပြထားသည်။

မဟာမြိုင်တောကို စိုးမိုးနေသည်က ဗိဿနိုးမယ်တော်ကြီးဟု ခေါ်ကြသည့် ပန်ထွာမင်းသမီးနတ်ဖြစ်သည်။

တောစိုးနတ်မိစ္ဆာတို့က ထိုတောသို့ ရဟန်းသံဃာဝင်တာ မကြိုက်၊ လက်မခံချင်ကြပေ။

ထိုတောမှာဝင်ပြီး တရားကျင့်လျှင်လည်း မနှစ်သက်ပေ။ ရဟန်းသံဃာများ ထိုတောကြမ်းမှာ ခုနစ်ရက်ထက်ပိုပြီး နေမရပေ။

အကယ်၍ အဓိဋ္ဌာန် မပြည့်သဖြင့် ဆက်လက်နေလိုပါက သင်္ကန်းဝတ်ချွတ်ပြီး ရသေ့အသွင်ပြောင်းပြီး ဆက်ကျင့်မှသာရသည်။

သင်္ကန်းဝတ်ဖြင့် ခုနစ်ရက်ကျော်လွန်အောင် ဆက်ကျင့်ပါက နတ်တို့ဖန်ဆင်းသော ပျားများ၊ ပိတုန်းများရောက်လာပြီး ဝိုင်းတုပ်သောကြောင့် ပြေးကြရသည်။

ထိုပျား၊ ပိတုန်းတို့ အတုပ်ခံရပါက အဆိပ်ပြင်းသောကြောင့် ကုစရာဆေးမတွေ့ပဲ သေကြရသည်။

ခရီးသွားများ၊ တောတက်သမားတို့မှာ မဟာမြိုင်တောအတွင်းသို့ ဝင်ရောက်ပါက ဘုရားစာ၊ တရားစာ၊ ဂါထာမန္တန်တွေ မရွတ်ဆိုကြရပေ။

ရွတ်ဆိုမိပါက အန္တရာယ်နှင့် တွေ့ကြရသည်။





ဘုရားစာ တရားစာရွတ်ရင်လည်း မကြိုက်၊ တောထဲသို့ ဘုန်းကြီးလာလျှင်လည်း မကြိုက်၊ ယုတ်စွအဆုံး ကားဖြင့်သွားသူများ ကားပေါ်၌ ဘုန်းကြီးတင်ခေါ်လာမိပါက. . တောစိုးနတ်မိစ္ဆာတို့ အနှောင့်အယှက်ပေးကြသဖြင့် အန္တရာယ်ဖြင့် တွေ့ရသော အဓိကရ တောကြမ်းမျိုးဖြစ်သည်။

အချို့တောအလုပ်သမားတွေဆိုလျှင် တောထဲသို့ဝင်ပြီး အလုပ်လုပ်ခါနီးလျှင် ဆဲဆိုကြိမ်းမောင်းပြီးမှ တောထဲဝင်ကြသည်။

ထိုအခါ ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့ကြပေ။

"မရဏ တောင်ကုန်းလို့ခေါ်တဲ့ နေရာကို သာသနာပြုအဖွဲ့တွေ စခန်းချဖို့ရောက်လာတော့ အဘွားကသိလို့ သွားပြီး သတိပေးခဲ့ပါသေးတယ်၊ တန်ဆောင်မုန်းလပြည့်နေ့မှာ အဆိပ်ပင်ပွင့်တော့မှာသိလို့ ဒီနေရာကရွှေ့ဖို့ သွားပြောတာကို ဘယ်သူမှ မယုံကြဘူး"

"အဆိပ်ပင်က တန်ဆောင်မုန်းလပြည့်မှာ ပွင့်တာလား"

"မဟုတ်ပါဘူး၊ သုံးလတစ်ကြိမ် လပြည့်နေ့တိုင်း ပွင့်ပါတယ်"

ကျွန်ုပ်ကတော့ ထူးထူးခြားခြားကြားရသော ဗဟုသုတစကားများကို စာအုပ်တစ်အုပ်ဖြင့် ရေးမှတ်ယူထားလေသည်။

"ဒါဖြင့် အဆိပ်ပင် အဲဒီနေရာမှာ မူလကတည်းက ရှိတာပေါ့"

"မဟုတ်ပါဘူး၊ သူတို့ရောက်တော့မှ တောစိုးနတ်မိစ္ဆာ



www.burmeseclassic.com

www.burmeseclassic.com



က ရွှေ့ယူလာတာပါ"

"ကြောက်စရာပါလား"

"အဆိပ်ပင်က အဆိပ်ပြင်းတော့ ပန်းပွင့်လို့ အဲဒီအ
ကို ရှူမိတာနဲ့ ရုပ်ပျက်ဆင်းပျက် သေကြတော့တာပါပဲ၊ အဲဒ
သေပြီးတော့မှ စေတနာနဲ့ သွားသတိပေးခဲ့တဲ့ ကျွန်မအဘွား
စုန်းမဆိုပြီး လာဖမ်းသွားရုံ မကပါဘူး တခြားအပြစ်မရှိတဲ့ မိ
တွေကိုပါ ဖမ်းခေါ်ပြီး နှိပ်ဂကက်လို့ သေကြရတယ်"

ဟု စိတ်မကောင်းသောအသံဖြင့် ပြောပြလေသည်။

"ဒါဖြင့် ဒီစခန်းမှာရှိတဲ့ လူတွေလည်း တောစိုးနတ်မိ
တွေကြောင့် သေရတာပဲလား"

"သူတို့က စုန်းမလို့ထင်တဲ့သူတွေကို စစ်တဲ့အခါမှာ
အုပ်ကြီးတစ်အုပ်ထဲက ဂါထာမန္တန်တွေရွတ်ပြီး စစ်ဆေးတာ
တွေ့ရတယ်"

ဒေါက်တာမင်းထင်ကျော်ကတော့ မှော်ကျမ်းစာအုပ်
မည်ဟု ခန့်မှန်းမိလိုက်သည်။

"အဲဒီစာအုပ်ကြီးထဲမှာ ဂါထာမန္တန်တွေပါတယ်၊ ဒီ
က ဂါထာမန္တန်တွေ ရွတ်ဆိုလို့ မရဘူး၊ အဲဒီလိုရွတ်လို့ သေ
တာပဲလို့ ထင်ပါတယ်"

"ဒါဖြင့် အဲ့ဒီစာအုပ်ကြီး ဘယ်ရောက်သွားပြီလဲဆို
မင်းသိသလား"

"ကျွန်မက အချုပ်ခန်းထဲမှာနေရတော့ မသိပါဘူး၊ အ
စာအုပ်ကို ကိုင်ရွတ်နေတဲ့ ခရစ်ယာန်ဘုန်းကြီးတော့ သေသ
တယ်လို့ သတင်းကြားရပါတယ်"





"အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်ကွာ"

ထိုသို့စကားပြောနေကြရာ အချိန်ကလည်း တဖြည်း
ဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်လာချေပြီ။

ထိုအချိန်ရောက်သောအခါ ထိုနေရာတစ်ဝိုက်မှာ လူ
သေအပျောက်များသောကြောင့် မကျွတ်မလွတ်ပဲ မိစ္ဆာဘဝ၊
ရလောကသို့ ရောက်နေကြသူများရှိပေရာ မနီးမဝေးမှ လာ
ချောက်ခြောက်လှန့်ကြလေသည်။

မီးပုံများဖိုထားသောကြောင့် အနားရောက်သည်အထိ
တော့ မလာနိုင်ကြပေ။

တောစပ်မှ သွားလာနေသောလူများ၊ မည်းမည်းသ
ဏ္ဍာန်များအပြင် ကြောက်မက်ဖွယ်ရာကောင်းသော . . ပုံပန်း
သဏ္ဍာန်တို့ကိုလည်း လှမ်းမြင်ကြရသည်။

ဆရာကြီးသူရဋ္ဌနှင့် ဦးဇန်ကောင်းတို့ကတော့ ဂါထာ
မန္တန်များ၊ ပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမပြု
မေတ္တာပို့၊ အမျှအတန်းဝေပေးခြင်းများသာ ပြုလုပ်နေကြ
သည်။

ထိုအချိန်မှာပင် မနီးမဝေးတောထဲမှ 'ကယ်ပါယူပါ' ဟု
အော်ဟစ်နေသော မိန်းမအသံများကို နားမချမ်းသာဖွယ်ရာ
ကြားရသည်

မဟူရာကတော့ ထိုအသံများကြားသောအခါ များစွာ
ကြောက်လန့်နေဟန် ရှိလေသည်။

ညဥ့်နက်ပိုင်း အချိန်ရောက်သောအခါ သစ်တောဝန်
အောက်ရေဂါနေသော ဗိုလ်တဲရှိရာဘက်မှ စူးစူးဝါးဝါး အော်



www.burmeseclassic.com

www.burmeseclassic.com



သံများ ပေါ်ထွက်လာပြီးနောက် မရှေးမနှောင်းမှာ သေနတ်သံ တစ်ချက် ပေါ်ထွက်လာလေတော့သည်။

တိတ်ဆိတ်နေသော အချိန်ဖြစ်သောကြောင့် သေနတ် သံမှာ အတော်ပင် ကျယ်လောင်လှသည်။ ဒေါက်တာမင်း ကျော်နှင့် ကျော်စွာတို့က ၎င်းတိုသေနတ်များကို ယူဆောင် ထိုအဆောက်အအုံရှိရာသို့ ခပ်သုတ်သုတ် လာခဲ့ကြလေသည်။

ဗိုလ်တဲပေါ်ရောက်ပြီး ရေဂါရှိနေသော အခန်းသို့ ကြည့်သောအခါ လက်ထဲ၌ သေနတ်တစ်လက် ကိုင်လျက် နှင့် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေပြီဖြစ်သော. . ရေဂါ လောင်းကို စိတ်မကောင်းစွာ တွေ့ရလေတော့သည်။

ဘာမှမတတ်နိုင်တော့ပါချေ။





# အခန်း (၉)

## အလောင်းတော်ကဿပ ခရီးစဉ်

ဆရာကြီးဦးသူရဋ္ဌနှင့် ဒေါက်တာမင်းထင်ကျော်တို့ ဦး ဆောင်သောအဖွဲ့သည် မောက္ကတော်ရွာနှင့် ရေဂါတို့၏ သစ် တောစခန်းသို့ ဝင်ကြရခြင်းအကြောင်းအရင်းမှာ. . မော်ကျူ နှုပ်ကို တွေ့မြင်လိုသောကြောင့်ပင် ဖြစ်၏။

ယခုတော့ ရေဂါတို့၏ သစ်တောစခန်းလည်း ပျက်ခဲ့ပြီ၊ ခန်းမှာလည်း ရေဂါအပါအဝင် သေသူသေ၊ ထွက်ပြေးသူ ကြသောကြောင့် လူမရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မှော်ကျူစာအုပ်ကို ယူဆောင်လာသော ခရစ်ယာ
ဘုန်းကြီးလည်း မရှိတော့ပေ။

သူမရှိတော့သဖြင့် သူနှင့်အတူပါလာသော ကျူစာအု
လည်း ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

"ဒီစာအုပ်က မိစ္ဆာတွေကြောက်ရွံ့ကြတော့ မိစ္ဆာတွေ
လက်ထဲကို ရောက်ချင်ရောက်၊ မဟုတ်ရင်တော့ သူတို့ဖျက်ဆီး
ပစ်လိုက်လို့ ပျောက်ပျက်သွားပြီ ထင်ပါရဲ့"

ဟု ဆရာကြီးသူရဇ္ဇက ပြောသည်။

"ကျူစာအုပ်မရတော့လည်း ကျွန်တော်တို့ မူလစီစဉ်
ထားတဲ့အတိုင်း အလောင်းတော်ကဿပ လိုဏ်ဂူကိုပဲ ခရီးဆက်
ကြတာပေါ့ ဆရာကြီးရယ်"

ဟု ပြောဆိုတိုင်ပင်ပြီး သစ်တောစခန်းပျက် ရှိသော
ရာမှ အလောင်းတော်ကဿပ လိုဏ်ဂူရှိသော နေရာဆီသို့ ဦး
တည်ပြီး ခရီးထွက်ကြလေသည်။

ခရီးထွက်လာစဉ် ကျွန်ုပ်အပါအဝင် ဆရာကြီးသူရ
ဒေါက်တာမင်းထင်ကျော်၊ ဦးဖန်ကောင်း၊ ကျော်စွာတို့. .
ငါးယောက်သာဖြစ်သော်လည်း လမ်းပြလိုက်လာသော ရွှေ
နှင့်ထွန်းခတို့အပြင် ဒုက္ခရောက်နေသော မဟူရာကိုပါ ခေါ်
သောကြောင့် စုစုပေါင်း ရှစ်ယောက် ဖြစ်သွားလေတော့သည်။

မဟာမြိုင်တောကြီးမှာ ကိုလိုနီခေတ်က တကယ့်အ
ကရတောကြီးဖြစ်ရာ သစ်ခုတ်သမားများ အသုံးပြုသော သစ်
လမ်းအချို့မှ လွဲပြီး တခြားလမ်းမရှိသေးပေ။

ယခုအချိန်ကဲ့သို့ အလောင်းတော်ကဿပ လိုဏ်





ဆက်သည်အထိ ဖောက်ထားသောလမ်းမျိုး မရှိပေ။

မြေပုံအညွှန်းများတွင် မုံရွာမြို့အနောက်မြောက်ထောင့်
ချင်းတွင်းဘက်တွင် မိုင်(၆၀)ခန့်အကွာ ကန်နီမြို့နယ်အတွင်း၌
ရှိသော ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံး ဖိုခုံလောက်
ဆင်ရှိသော နေရာ၌ရှိသည်ဟု ဖော်ပြထားသဖြင့် ထိုဘက်သို့
ဦးတည်ကာ ခရီးဆက်ခဲ့ကြသည်။

မဟာမြိုင်တောလမ်းများကို ဖြတ်ကျော်စဉ်က ဘုရား
တရားစာများမရွတ်ပဲ၊ မေတ္တာပို့အမျှဝေပြီး သွားကြသောကြောင့်
အန္တရာယ်တစ်စုံတစ်ရာနှင့်တော့ မတွေ့ကြရပေ။

တောကြမ်းခရီးများမှ သင့်သလိုသွားကြရသောကြောင့်
ခရီးတော့ခရီးမတွင်လှပေ။

ရွှေလှနှင့်ထွန်းခတို့လို တောလမ်းခရီး အတွေ့အကြုံရှိ
သူတို့ ပါလာသောကြောင့်သာ အဆင်ပြေပြေသွားလာနိုင်ကြ
ခြင်းဖြစ်သည်။

ထိုသို့ခရီးဆက်ခဲ့ကြရာ. . လမ်းတွင် ရွာကြီးတစ်ရွာသို့
ရောက်သွားသောအခါ ရွာသူကြီးထံ ခွင့်တောင်းပြီး ခရီးတစ်
ထောက်နားကြသည်။

ထိုရွာ၏အမည်မှာ'နှင်းကြီးရွာ' ဖြစ်သည်။ အလောင်း
တော်ကဿပမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ပြုရန် ကြွစဉ်က ခရီး
တစ်ထောက်နားခဲ့သော ရွာဖြစ်သည်။

ထိုအခါက တောင်သူကြီးဦးကောင်းစင်ဆိုသူက ဆွမ်း
ဆက်ကျွေးပြီးနောက်. . .

"အရှင်ဘုရား တပည့်တော်တို့အား သနားသဖြင့် နောင်



www.burmeseclassic.com

www.burmeseclassic.com

လာနောက်သားများ ကိုးကွယ်ရန် ခြေတော်ရာတစ်ဆူ ချထား
ပေးခဲ့ပါ ဘုရား"

ဟု တောင်းပန်လျှောက်ထားသောအခါ မထေရ်မြတ်
ကြီးက. . .

"ခြေတော်ရာကို မည်သူစောင့်ရှောက်နိုင်မည်နည်း"

ဟုမေးသည်။

"တပည့်တော် အခါမလပ် စောင့်ရှောက်ပါမည် ဘုရား"

ဟုဝန်ခံသောအခါ ကျောက်ဖျာပေါ်၌ ခြေတော်ရာတစ်
ဆူ ချပေးတော်မူသည်။

ထိုခြေတော်ရာသည် အလျား(၃၂)လက်မ၊ ခြေဖ
တော် ဗျက်(၁၅)လက်မခွဲ၊ ဖနောင့်တော်(၁၈)လက်မခွဲ ရှိေ
သည်။

နောင်သောအခါ တောင်သူကြီး ဦးကောင်းစင်မှာ
စင်စစ်မှ နတ်ဘဝသို့ပြောင်းပြီး ခြေရာတော်ကို ယခုထက်တ
စောင့်ရှောက်ပေးလျက်ရှိပါသည်။

ထိုခြေတော်ရာသည် နှင်းကြီးရွာနှင့် လေးမိုင်ခန့်အကွ
အညာလယ်ရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း၌ ရှိနေပေသည
နောက်သောအခါ လိုဏ်ဂူပါသော မြေပေါက်စေ
တစ်ဆူ အပေါ်မှ ငုံတည်ထားသောကြောင့် ခြေတော်ရာကို ဖူး
လျှင် အတွင်းသို့ဝင်ပြီးမှ ဖူးကြရသည်။

ခြေတော်ရာပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆု
(၈)ရက်နေ့တွင် ကျင်းပကြသည်။

နှင်းကြီးရွာသို့ ရောက်သောအခါ လေးမိုင်ခန့်သာ ေ





သောနေရာ၌ရှိသည့် ခြေတော်ရာကို သွားရောက်ဖူးမြော်ကြ
သည်။

တကူးတက မရောက်နိုင်သည်မို့ ရောက်တုန်းရောက်
ခိုက် အရောက်သွားကာ ဖူးကြခြင်းဖြစ်သည်။

ထို့နောက်မှာတော့ နှင်းကြီးရွာ ရွာသူကြီးထံမှာ သိမ်း
ဆည်းထားသော ပေစာအချို့ကို ဖတ်ရှုခွင့်ရကြသည်။ ထိုပေစာ
များမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရေးသားထားသည့်
ပေစာများဖြစ်သော်လည်း မပျက်မစီးပဲ ရှိနေကြသေးသည်။

ပေစာများမှာတော့ အလောင်းတော်ကဿပ မထေရ်
မြတ်ကြီး နှင်းကြီးရွာမှတစ်ဆင့် ပရိနိဗ္ဗာန်ပြုသောနေရာ ရောက်
သည်အထိ ကြွမြန်းသော ခရီးစဉ်များနှင့်၊ ပရိနိဗ္ဗာန်ပြုပြီးနောက်
တွင် အဇာတသတ်မင်းကြီးနောက်မှ လိုက်ရှာသော ခရီးစဉ်မှတ်
တမ်းများလည်း ပါဝင်လေသည်။

(ကျွန်ုပ်ကိုယ်တိုင် ထိုအရပ်ဒေသများသို့ ရောက်ခဲ့စဉ်
က ကူးယူရရှိခဲ့သော မှတ်တမ်းများကို ပြန်လည် ဖော်ပြပေးလိုက်
ပါသည်။)

မထေရ်ကြီးသည် ခြေတော်ရာ ချထားတော်မူပြီးသော
အခါ နောက်သို့ဆုတ်၍ ကြွတော်မူရာ တစ်မိုင်ခန့်အကွာ ချောင်း
ငယ်တစ်ခုသို့ ရောက်လေသည်။

ထိုချောင်းငယ်အတိုင်း ဆင်းလေရာ ချင်းတွင်းမြစ်ကမ်း
နားသို့ ဆိုက်ရောက်လေသည်။

ရှင်မဟာကဿပသည် ထိုချောင်းငယ်အတိုင်း ခုန်၍
ထွက်လာသောကြောင့် ထိုချောင်းငယ်ကို ယခုအခါလူတို့က



www.burmeseclassic.com

www.burmeseclassic.com



'ဘုရားထွက်ချောင်း'ဟု ခေါ်ကြသည်။

ရှင်မဟာကဿပသည် ဤမှာဘက်မြစ်မှ ဟိုမှာဘက်မြစ်ကမ်းသို့ ကူးရန်အကြွတွင် ဟိုမှာဘက်ကမ်းမှ ချေသူငယ်သည် ဤနေရာမှကူးရန် လျှောက်ထားလေဟန်ဖြင့် နှာရောင်စင်း ဦးခင်း၍ ပြလေသည်။

ရှင်မဟာကဿပသည်လည်း ထိုနေရာမှပင် ချင်းတွင်းမြစ်တစ်ဖက်ကမ်းသို့ ကူးကြွလေသည်။

ချေသူငယ်ဦးခင်း၍ပြသောနေရာကို လူတို့က 'ချေနရောင်ချောင်း' ဟု ယခုတိုင် ခေါ်ကြသည်။

ထိုမြစ်ကမ်းရိုးအတိုင်း အထက်သို့ဆန်၍ ကြွခဲ့ပြန်ရာ မင်းကင်းမြို့အောက် နှစ်မိုင်ခန့်အကွာရှိ 'ပုထိုးလုံးချောင်း' ခေါ် အလောင်းတော်ချောင်းဝသို့ ဆိုက်ရောက်လေသည်။

အဆိုပါ ချောင်းအတိုင်း အထက်သို့ဆန်၍ ကြွတော်မူပြန်ရာ 'မထီဒလီ' သို့ရောက်ပြန်သည်။

ရှင်မဟာကဿပသည် ဤနေရာသို့ လှည့်လာသောကြောင့် ရှေးအခေါ် 'မထေရ်ဒီလှည့်' ဟူ၍ဖြစ်ပြီး၊ ယခုအခေါ် 'မထီဒလီ' ဟူ၍ဖြစ်သည်။

ထိုမှတစ်ဖန် ကြွပြန်လေရာ ယခုအခေါ် 'ပွေ့ညက်'၊ ရှေးအခေါ် 'ပွေ့လျက်'သို့ရောက်သည်။

ရှင်မဟာကဿပသည် သပိတ်ကိုပွေ့လျက်. . ကြွလာသည်ကို အစွဲပြု၍ ရှေးကထိုအရပ်ကို 'ပွေ့လျက်ရွာ' ဟုခေါ်ပြီး ယခုအခေါ် 'ပွေ့ညက်ရွာ' ဟု ခေါ်ခြင်းဖြစ်သည်။

ထိုမှတစ်ဖန် ရှေ့သို့ ခရီးဆက်ကြွတော်မူစဉ် တကာ၊





တကာမများက ဝပ်လျှိုးတောင်းပန်၍ ကန်တော့ကြသော နေရာကို ရှေးအခေါ်အရ 'ဝပ်လျှိုးကုန်း'ဖြစ်ပြီး ယခုအခေါ် "ဝက်တိုးကုန်း" ဖြစ်လာသည်။

အဆိုပါ ကုန်းပေါ်တွင်ယခုအခါ မြေပေါက်စေတီတစ်ဆူ တည်ထားကိုးကွယ်လျက်ရှိသည်။

ရှင်မဟာကဿပသည် ခရီးထွက်ပြန်ရာ ပင်ပန်းနွမ်းနယ်၍ တစ်အောင့်တစ်ခဏ အနားယူအပန်းဖြေသောနေရာကို ရှေးအခေါ်အရ 'တစ်အောင့်ရွာ'ဖြစ်ပြီး ယခုအခါ 'တောင်အောက်ရွာ'ဟု ခေါ်တွင်သည်။

ထိုမှတစ်ဖန် ပုထိုးလုံးချောင်းအတိုင်း ခရီးဆက်ပြန်ရာ ယခုအခေါ် 'အောက်စာသား'သို့ ရောက်သည်။

ရှင်မဟာကဿပသည် ကျောက်ဖျာအပြင်မှာ 'စာသား' ခဲ့ခြင်းကို အစွဲပြု၍ ရှေးအခေါ် 'အောက်စာသား' ဟု အမည်တွင်သည်။

ထိုမှတစ်ဖန် ပုထိုးလုံးချောင်းအတိုင်းဆန်၍ ကြွသော် ပုထိုးလုံးချောင်းသို့ စီးဝင်သော ယခု'ကူလဲချောင်း' ခေါ် ချောင်းငယ်တစ်ခုသို့ ရောက်သည်။

အဆိုပါချောင်းငယ်အတိုင်း ဆန်၍ကြွရာ ထိုချောင်းငယ်သို့ ဝင်ရောက်ပေါင်းဆုံသော 'မင်းဝင်ချောင်း' ခေါ် ပထမချောင်းငယ်တစ်ခုသို့ ရောက်ပြန်သည်။

ခရီးအတိုင်း ဆက်လက်ကြွတော်မူပြန်ရာ ကူလဲချောင်းငယ်သို့ ပေါင်းဆုံစီးဝင်သော. . ဒုတိယချောင်းငယ်တစ်ခုသို့ ရောက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုချောင်းငယ်အတွင်းဝင်၍ ချောင်းရိုးအတိုင်း ခရီးဆက်လေရာ ချောင်းဖျားတွင် လိုဏ်ဂူတစ်ခုရှိသည်။

မဟာထေရ်သည် ၎င်းလိုဏ်ဂူ၌ ကျိန်းစက်တော်မူပြီး ဤနေရာ၌ ပရိနိဗ္ဗာန်ပြုအံ့သောငှာ ကျေးဇူးကျသံထူပြော၍. . မသင့်လျော်ဟု အကြံဖြစ်ကာ ၎င်းချောင်းရိုးအတိုင်းပင် စုန်၍ကြွလာပြန်သည်။

ရှင်မဟာကဿပ ပြန်ထွက်လာသော ထိုချောင်းငယ်ကို လူတို့က ယခုတိုင် 'ဘုရားထွက်ချောင်း'ဟု ခေါ်ကြသည်။

ထိုချောင်းမှ ကြွလာသောအခါ ပုထိုးလုံးချောင်းသို့ပင် ပြန်၍ဆိုက်ရောက်သည်။

အဆိုပါ ပုထိုးလုံးချောင်းအတိုင်း အထက်သို့ ဆန်၍ကြွသော် 'အထက်စသာ' သို့ရောက်သည်။

ရှင်မဟာကဿပသည် ကျောက်တုံးတစ်လုံးကို စားသားခဲ့ပြန်ခြင်းကြောင့် ရှေးအခေါ် 'အထက်စာသား' ဖြစ်၍ ယခုအခေါ် 'အထက်စသာ'ဟု ခေါ်တွင်သည်။

ထိုအထက်စသာမှ ပုထိုးလုံးချောင်းအတိုင်း ခရီးဆက်ပြန်ရာ ရွာငယ်တစ်ရွာသို့ ရောက်သည်။

အဆိုပါရွာသို့ မိုးမလင်းမီ ရောက်သောကြောင့် ၎င်းတို့ရွာကို 'လင်းလုရွာ'ဟုခေါ်သည်။ ၎င်းရွာသည် ယခုတိုင် အထင်အရှားရှိသည်။

၎င်းရွာမှ ရှေ့သို့ကြွတော်မူပြန်ရာ ရွာငယ်တစ်ရွာသို့ ရောက်ပြန်သည်။

အဆိုပါရွာသို့ ရောက်သောအခါ. . ထိုရွာရှိ ဒကာ၊





ဒကာမတို့က ဆွမ်း၊ ဆွမ်းဟင်းတို့ကို ဖက်နှင့်ထုပ်၍ ကပ်လှူလိုက်သောကြောင့် ထိုရွာကို 'ဖက်ထုပ်ရွာ' ဟုခေါ်သည်။

၎င်းရွာမှရှေ့ဆက်ကြွပြန်ရာ ပုထိုးလုံးချောင်းကမ်းရှိ တောင်ခင်တန်းတစ်ခုသို့ရောက်၍ ခေတ္တအနားယူပြီး သင်္ကန်းများကို ဖြန့်၍လှန်းသည်။

ထိုသင်္ကန်းလှန်းသောတောင်တန်းကို လူတို့က ယခုတိုင် 'သင်္ကန်းတန်း' ဟုခေါ်သည်။

ထိုမှ ရှေ့သို့ဆက်လက်ကြွ ပြန်ရာ ချောင်းငယ်တစ်ခုသို့ ရောက်ပြန်သည်။

၎င်းချောင်း၌ ဆွမ်းဘုဉ်းပေးတော်မူပြီး သပိတ်တော်ကို ဆေးသောကြောင့် ထိုချောင်းကို 'သပိတ်ဆေးချောင်း' ဟုခေါ်သည်။

ထိုချောင်းငယ်အတွင်းရှိ ကျောက်ခဲလေးများသည် ဆွမ်းလုံးပုံသဏ္ဌာန် ရှိကြသည်။

၎င်းမှတစ်ဖန် ပုထိုးလုံးချောင်းအတိုင်း အထက်သို့ ဆန်၍ ကြွတော်မူရာ ကန္တီမြို့နယ် 'ဆယ်ရွာချောင်'သို့ ရောက်တော်မူခဲ့သည်။

ထိုမှ ခရီးစဉ်အတိုင်း ဆက်လက်ကြွခဲ့ပြန်ရာ ဘုရားဝစခန်းအောက် လေးမိုင်ခန့်အကွာ. . ချောင်းကမ်းယံစောင်းကျောက်ဖျာသို့ ရောက်လေသည်။

အဆိုပါကျောက်ဖျာအနီး၌ အနားယူ၍ မြတ်စွာဘုရားနှင့် သင်္ကန်းချင်းလဲလှယ်ထားသော ပံသကူ-ဒုကုဋ် နှစ်ထပ်သင်္ကန်းကြီးကို ကျောက်ဖျာအပြင်၌ ဖြန့်၍လှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်ဖျာကို 'သက်န်းလှန်း' ဟုခေါ်သည်။

၎င်းကျောက်ဖျာအပြင်တွင် ဒုကုဋ်သင်္ကန်းအကွက်များနှင့် သင်္ကန်းအနားပတ်နေရာ အကွက်များပါ ယခုတိုင်ထင်လျက်ရှိသည်။

ထိုမှတစ်ဆင့် 'ဘုရားဝစခန်း'သို့ ကြွရောက်သည်။

ထိုနေရာ၌ ပုထိုးလုံးချောင်းသို့ ပေါင်းဆုံသော ချောင်းငယ်တစ်ခုရှိသည်။

မဟာထေရ်သည် ထိုချောင်းငယ်အတိုင်းခရီးဆက်ရာ ရှင်မဟာကဿပမထေရ် ပရိနိဗ္ဗာန်ပြုရာတွင် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးတို့ ဦးညွှတ်ပေါင်းဆုံရာဖြစ်သော ဝေဘာရတောင် လိုဏ်ဂူအတွင်းသို့ ရောက်လေသည်။

မဟာထေရ်သည် ထိုလိုဏ်ဂူအတွင်း ခင်းကျင်းထားအပ်သော မြသလွန်ညောင်စောင်းဝယ် ပရိနိဗ္ဗာန်ပြုလေတော့သည်။

ရှင်မဟာကဿပမထေရ်ကို အဇာတသတ်မင်းကြီး ရှာပုံတော်ဖွင့်ခန်းကို ဆက်လက်ဖော်ပြပါမှ ပြည့်စုံမည်ဖြစ်၍ အကျဉ်းမျှ ဖော်ပြပါမည်။

ဓါတ်တော် ဌာပနာစေတီတော်ကြီး တည်ပြီးနောက် ကာလအတန်ကြာသောအခါ ရှင်မဟာကဿပမထေရ်သည် မည်သည့်အရပ်သို့ ကြွချီတော်မူကြောင်းကို အဇာတသတ်မင်းကြီး မသိလိုက်ရပေ။

မင်းကြီးသည် စိတ်နှလုံးပူပန်ခြင်း ပြင်းထန်စွာဖြင့် မှူးမတ်ဗိုလ်ပါ၊ ဆင်တပ်၊ မြင်းတပ်၊ ပရိတ်သတ်အစုံခြံရံကာ သတင်း





အစဉ်ကို မေးပြီး ရာဇဂြိုဟ်ပြည်မှ စ၍ ရှာပုံတော်ဖွင့်ခဲ့လေရာ မြန်မာပြည်အထက်ပိုင်း၊ ချင်းတွင်းဒေသ၊ မင်းကင်းမြို့နယ်၊ 'နှင်းကြီးကျေးရွာ' ခေါ် 'အညာလယ်ရွာ'သို့ ရောက်ရှိလေသည်။

ယခု အညာလယ်(ခေါ်) အရာတော်(ခေါ်) ခြေတော်ရွာသည် ယခင်က နှင်းကြီးရွာဖြစ်သည်။ နှင်းကြီးရွာသည် ချင်းတွင်းမြစ်ကမ်းနဖူးတွင် တည်ရှိသည်။

ထိုရွာရှိတောင်သူကြီး ဦးကောင်းစင်သည် အဇာတသတ် မင်းကြီးအား ရှင်မဟာကဿပမထေရ်မြတ်ကို ဆွမ်းလုပ်ကျွေးလိုက်ရပုံ၊ ခြေတော်ရာတစ်ဆူ ချထားတော်မူခဲ့ရန် အသနားခံပုံ၊ ခြေတော်ရာ ချထားတော်မူခဲ့ပုံတို့ကို . . အကြောင်းစုံလျှောက်ထားသံတော်ဦးတင်၍ ရှင်မဟာကဿပ ရှေ့သို့ဆက်၍ ကြွတော်မူခဲ့ပုံ ခရီးအစုံကို ဖော်ပြလျှောက်ထားလိုက်လေသည်။

အဆိုပါ လျှောက်ထားချက်အရ အဇာတသတ်မင်းနှင့် ဗိုလ်ပါအစုံတို့သည်လည်း ရှင်မဟာကဿပ၏နောက်သို့ ခြေရာတော်ကောက်၍ အစဉ်အတိုင်း လိုက်တော်မူကြလေသော 'ကူလဲချောင်း' ၏လက်တက်ဖြစ်သော ချောင်းငယ်တစ်ခုသို့ ရောက်လေသည်။

အဇာတသတ်မင်းနှင့် နောက်လိုက်နောက်ပါတို့သည် ထိုချောင်းငယ်အတွင်းသို့ဝင်၍ လိုက်ရှာကြလေသည်။

လူတို့က ၎င်းတို့ချောင်းငယ်ကို 'မင်းဝင်ချောင်း'ဟုခေါ်သည်။

ထိုချောင်းငယ်သည် မင်းကင်းမြို့တောင်ဘက် လေး



www.burmeseclassic.com

www.burmeseclassic.com



မိုင်ခန့်အကွာတွင်ရှိသည်။ 'ဘုရားထွက်ချောင်း' နှင့် ငါးဖာလုံခန့်သာ ကွာသည်။

ထိုမှတစ်ဆင့် 'မြပန်းကန်အင်း' သို့ရောက်သည်။

ရှင်မဟာကဿပ စျာပနာပွဲတော်တွင် အသုံးပြုရန် အဇာတသတ်မင်းကြီးသည် ဆင်တပ်နှင့်တင်၍ သယ်ဆောင်လာသော ပန်းကန်များချ၍ ထိုနေရာတွင် မြှုပ်နှံထားခဲ့လေသည်။

၎င်းနေရာသည် ယခုအခါ 'အင်း'ဖြစ်နေသည်။ ထို့ကြောင့် လူတို့က ၎င်းအင်းကို 'မြပန်းကန်အင်း'ဟု ခေါ်စမှတ်ပြုကြသည်။

အဇာတသတ်မင်းနှင့် နောက်ပါအဖွဲ့သည် ထိုမှတစ်ဖန် "အင်းဒေါင်း"သို့ ရောက်သည်။

မင်းပရိတ်သတ်တို့က 'တောင်း'ကိုအသုံးပြုရန် တောင်းရာ ရပ်သူရွာသားတို့က 'အင့်တောင်း'ဟုဆို၍ ပေးလိုက်သောကြောင့် ရှေးအခေါ် 'အင့်တောင်း'ဖြစ်ပြီး၊ ယခုအခေါ် 'အင်းဒေါင်း' ဖြစ်သည်။

ထိုမှတစ်ဖန် 'ညောင်ကိုင်း'သို့ရောက်ပြီး အဇာတသတ်မင်းနှင့် အပေါင်းပါပရိတ်သတ်တို့သည် ခရီးပန်း၍ အညောင်ကိုင် ကုန်းကွကာ ပေါင်စသည်မှ အဖုအကျိတ်များ ထွက်၍လာကုန်၏။

ထိုအခါ အနီးအနားရှိ ရွာတစ်ရွာမှ ထုံးမန်းကောင်းသော သမားတော်တစ်ယောက်ကိုခေါ်၍ ကုသရသည်။

ထိုဆရာကိုအစွဲပြု၍ ၎င်းဆရာနေသောရွာကို 'ထုံးမန်းရွာ' ဟုခေါ်သည်။





ထိုရွာသည် မင်းကင်းမြို့တောင်ဘက် ရှစ်မိုင်ခန့်အကွာတွင် ယခုတိုင် ရှိလေသည်။

အဇာတသတ်မင်းနှင့် မင်းပရိသတ်တို့ အညောင်းကိုင်နေသောနေရာကို ရှေးက 'ညောင်းကိုင်ရွာ'ဟုခေါ်၍ ယခုအခါ 'ညောင်ကိုင်းရွာ' ဟုခေါ်သည်။

ထိုသို့အနားယူနေခိုက်တွင် ဆင်များကို လွှတ်ကျောင်းရာ ဆင်များကိုပြန်၍ ဖမ်းသောနေရာကို ယခုအခါ 'ဆင်ဖမ်းကုန်း' ဟုခေါ်သည်။

ထိုနေရာသည် ယခု တောဖြစ်နေသည်။

ယင်းသို့ရှာပုံတော်ဖွင့်နေစဉ် မင်းကြီးသည် မိမိလက်တွင် ဝတ်ဆင်ထားသောလက်စွပ်မှ ပြည်တန်သည့်ကျောက် ပြုတ်ကျနေသည်ကို မသိခဲ့ပေ။

နောက်အခါမှ လက်စွပ်တွင်ကျောက်မပါပဲ ကျောက်ပြုတ်သွားသည်ဟု သိသောနေရာကို ယခုအခါ "ကျောက်အိုး" ဟုခေါ်သည်။

ပြည်တန်ကျောက် ပြုတ်ကျသောနေရာကို 'ပြည်တန်' ဟုခေါ်သည်။

ထိုမှတစ်ဖန်. . 'သက်န်းတန်း'၊ 'ဂါပိတ်ဆေးချောင်း' တို့သည်မှ. . 'ပုထိုးလုံးချောင်း'အတိုင်းဆန်၍ လိုက်ရှာကြရာ 'ရွာချောင်း'. . ၎င်းမှ ခရီးစဉ်ဖြင့် 'သက်န်းလှန်း'သို့ ရောက်သည်။

၎င်းမှတစ်ဖန် အဇာတသတ်မင်းသည် မြင်းတစ်စီးဖြင့် မြင်းနှင့်ပြန်ရာ စီးတော်မြင်းသည် ပင်ပန်းကြီးစွာဖြင့် ရပ်နား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခွာယက်နေလေသည်။

ထိုနေရာကို လူတို့က "မြင်းခွာတောင်"ဟု ခေါ်
သည်။

ထိုမှတစ်ဖန် စီးတော်မြင်းကို အပြင်းနှင်ပြန်သဖြင့်
စီးတော်မြင်းသည် နှလုံးကွဲ၍ ဗုန်းဗုန်းလဲကာ သေရှာလေသည်
ထိုအခါ အဇာတသတ်မင်းသည် မြင်းဇက်တို့ကို
ကာ အကြံခတ်၍ ဤသို့အဓိဋ္ဌာန် ပြုလေသည်။

"ငါသည် ရှင်မဟာကဿပ မထေရ်မြတ်အား ဖူး
တွေ့မှာ အမှန်ဖြစ်ပါမူ ဤမြင်းဇက်များသည် ကျောက်ခေ
ကျောက်ခဲအတိ ပြီးပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုသော
တွင် မြင်းဇက်များသည် ကျောက်အတိ ပြီးလေသည်။

ထိုအနီးရှိချောင်းကို လူတို့က ယခုတိုင် 'မြင်းဇက်
ချောင်း' ဟုခေါ်ကြလေသည်။

ထိုမှတစ်ဆင့် ဘုရားသို့ရောက်ပြီး ၎င်းမှ ရှင်မဟာ
ကဿပ ပရိနိဗ္ဗာန်ပြုရာဌာန 'ဝေဘာရ'တောင်ဝှမ်း မလှ
မကမ်း တောင်ကုန်းတစ်နေရာသို့ ရောက်လေသည်။

ထိုနေရာသို့ရောက်သော်လည်း အလောင်းတော်
မဖူးတွေ့နိုင်၊ လက်မှိုင်ချကာ နေရသဖြင့် အဓိဋ္ဌာန်ပြုပြန်လေ
သည်။

အဇာတသတ်မင်းကြီးသည်. . လက်တွင်ဆွဲကိုင်ထား
သောလှံကို မြေသို့ စိုက်လျက်. . .

"ငါ၏ဆရာ ရှင်မဟာကဿပသည်. . ဤဌာန၌ ပရိ
နိဗ္ဗာန်ပြုပြီး အမှန်ဖြစ်ခဲ့သော်လည်းကောင်း၊ ငါကား ရှင်မဟာ





ကဿပ၏ ရုပ်ကလာပ်ကို ဖူးတွေ့ရမည် အမှန်ဖြစ်လျှင်သော်
လည်းကောင်း၊ ယခု လှံစိုက်လျက်ရှိသော မြေအပြင်သည် ရစ်
ပတ်သည်နှင့် တစ်ပြိုင်နက်ချက်ချင်း ရေသည် မြေအပြင်မှလျှံ
ထွက်၍ ရှင်မဟာဿပ ပရိနိဗ္ဗာန်ပြုရာ ဌာနသို့ စီးပါစေသား"
ဟု အဓိဋ္ဌာန် ပြုလေသည်။

ထိုအခါ လှံစိုက်ထားရာ မြေအပြင်မှ ရေအလျှဉ်သည်
လျှံထွက်၍ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ ဌာနသို့ စီးဆင်း
သွားတော့သည်။

အဇာတသတ်မင်းကြီးသည် အဆိုပါ ရေစီးဆင်းရာသို့
လိုက်သောအခါ ကိုက်တစ်ရာခန့်အကွာတွင် တောင်သုံးလုံး
ဆုံထွက်၍ 'ဝေဘာရတောင်' ကမ်းပါးယံ၊ သိကြားနတ်မင်းတို့
ဖန်ဆင်းအပ်သော လိုဏ်ဂူဝယ် ဇမ္ဗူရစ် ရွှေသားရွှေတုံးကဲ့သို့
ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုနေသည်ကို ဖူးတွေ့ရလေသည်။

အလောင်းတော်ရှင်မဟာကဿပ ရုပ်ပွားတော်ရှိရာ
မျက်နှာချင်းဆိုင်တောင်ကုန်းပေါ်သို့ အတန်ငယ်တက်သွား
ကာ ကိုက်တစ်ရာခန့်အကွာသို့ ရောက်လျှင် အကျယ်သုံးပေ
ပတ်လည်ခန့်နှင့် အနက်နှစ်တောင်ခန့်ရှိ သစ္စာရေတွင်းကို တွေ့
ရသည်။

အဆိုပါ သစ္စာရေတွင်း၏ ထူးခြားချက်မှာ ပရိတ်သတ်
ထောင်ပေါင်းများစွာ သောက်ချိုးသုံးစွဲသော်လည်း ရေကုန်ခန်း
သည်မရှိ၊ ပကတိ တည်မြဲတိုင်းသာရှိသည်။

၎င်းရေတွင်းလေး၏ ထူးခြားချက်တစ်ရပ်မှာ အကယ်၍
ဘုရားဖူးများစွာ လာရောက်မည်ဖြစ်လျှင် ထိုတွင်းငယ်ရှိရေသည်



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ပြည့်လျှံ၍ လာလေသည်။

အဆိုပါ အထိမ်းအမှတ်ကို သတိပြုကြည့်ရှုခြင်းဖြင့် ဆေ
ကနှင့် ယခုပါ တောင်ပေါ်ရှိစျေးသည်တို့မှာ ဘုရားဖူးအနည်း
များ လာမည်ကိုလည်းကောင်း၊ နောက်ထပ် ဘုရားဖူးရောက်
မည်၊ မရောက်မည်ကိုလည်းကောင်း ကြိုတင်၍ သိနိုင်ရကြေ
အထိမ်းအမှတ်ရှိကြသည်။

ရင်းပြင် ထိုတွင်းငယ်မှ ထွက်သောရေသည် ဆေး
ဝင်၍ ရောဂါအမျိုးမျိုး ကင်းစင်လွင့်ပျောက်စေတတ်ကြော
ယုံကြည်ကြသူ ရဟန်းရှင်လူတို့က သောက်သုံးခြင်း၊ ဆောင်
ထားခြင်းများ ပြုကြပေသည်။

ကျွန်ုပ်တို့ အဖွဲ့သားများမှာလည်း ယခု ဘုရားဖူး
သည်များ သွားသောလမ်းမှ သွားကြသည်မဟုတ်ဘဲ. . ရှေး
ပေါင်းများစွာက မဟာကဿပ မထေရ်မြတ်ကြီး ကြွခဲ့သေ
လမ်းဟောင်းများမှ သွားကြသည်ဖြစ်ရာ လမ်းခရီး တစ်လျှော
မှာ ထူးခြားဆန်းကြယ်သော နေရာများကို တွေ့ကြရသည်

နောက်ဆုံးမှာတော့. . ဝေဘူလ၊ ဝေဘာရ၊ သုန
တောင်သုံးလုံးတို့ ပေါင်းဆုံဦးညွှတ်ရာဖြစ်သော ဝေဘာရတော
လိုဏ်ဂူတော်ရှိရာသို့ ရောက်သွားခဲ့ကြရပေတော့သည်။





# အခန်း (၁၀)

# ဝေဘာရတောင်လိုဏ်ဂူမှ တောဆိုးမိစ္ဆာများ

ရှေ့အခန်းများ၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ကိုလို
တ်ကာလတစ်လျှောက်တွင် မဟာမြိုင်တောကြီးမှာ ယခုလို
လွယ်ကူကူ သွားလာနိုင်သော အခြေအနေမျိုးမဟုတ်ပေ။
တောနက်ပြီး. . လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော
ကြောင့် ဘုရားဖူးခရီးသည်များလည်း မရောက်နိုင်ကြပေ။
ရှေးအခါကတော့ ထိုနေရာသို့ရောက်အောင် တကူ



www.burmeseclassic.com

www.burmeseclassic.com


တကာ သွားရောက်သူတို့သာ ရောက်နိုင်ကြသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း သစ်တောကြီးများ ဖြ
တီးသွားသောအခါမှပင် ဘုရားဖူးများ ခရီးလမ်းပေါက်
ရောက်နိုင်ကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအခ
မှာ သူတို့အရင် ရောက်နေသူတစ်ဦးက ရှိနေသည်။

အခြားမဟုတ်ပေ။

ဖိုးသူတော်ကြီးပင် ဖြစ်ပေသည်။

ဖိုးသူတော်ကြီးက ကြေးစည်တနောင်နောင် ထုရင်း
ဘုရားရှိခိုးနေရာမှ သူတို့အသံကြားသောအခါမှ ထလာ
သည်။

"ဘယ်လိုကနေဘယ်လို ဒီနေရာကို အရင်ရောက်
တာလဲ ဦးသူတော်ရဲ့"

"ဆရာကြီးတို့က လမ်းမှာ ဟိုဝင်ဒီထွက်နဲ့ ရက်အ
ကြာခဲ့ကြတယ် မဟုတ်လား၊ ကျုပ်က တခြားဘာမှ ကိစ္စမ
ဒီနေရာကိုပဲ တန်းလာတော့ အရင်ရောက်လာတာပေါ့"

ဟုပြောပြလေသည်။

ထို့နောက်မှာတော့ သင့်တော်သောနေရာမှာ စခန်း
ကြလေသည်။

"ကိုင်း . . အလောင်းတော်ကဿပ မထေရ်မြတ်
ရှိတဲ့ လိုဏ်ဂူလည်း ရောက်ပြီဆိုတော့ အမိဋ္ဌာန်ပုတီးစိပ်ရ
လိုဏ်ဂူထဲဝင်နိုင်အောင် ကြိုးစားကြည့်ရမှာပဲ"

"ဒါကတော့ . . ကြိုးစားရင် ရနိုင်ပါတယ်၊ ဒါပေ

နှောင့်အယှက်တွေနဲ့ တွေ့ရမှာပဲ"

"ဘယ်လို အနှောင့်အယှက်တွေလည်း ဦးသူတော်ရဲ့"

"တောဆိုးနတ်တွေပေါ့ဗျာ၊ မဟာမြိုင်တောထဲမှာ ရှိနေ
တဲ့ တောဆိုးနတ်တွေက အမိဋ္ဌာန်ဝင်တာတို့၊ ဘုရားစာရွတ်
လည်း မကြိုက်ကြဘူး၊ ဒီလိုလာလုပ်တဲ့ သူတွေကိုလည်း နည်း
မျိုးနဲ့ အနှောင့်အယှက် ပေးလေ့ရှိကြတယ်"

"ဒီလိုလုပ်တာကို ကောင်းတဲ့ပုဂ္ဂိုလ် တွေကမတားဆီး
ဘူးလား"

"တောဆိုးနတ်တွေ၊ မိစ္ဆာတွေ အနှောင့်အယှက်ပေးလို့
ရောက်နေရင်တော့ လာပြီးအကူအညီပေးတာတွေ ရှိပါ
ယ်၊ ဒီနေရာမှာလာပြီး အမိဋ္ဌာန်ဝင်ကြတဲ့ လူပုဂ္ဂိုလ်တွေ၊ ဘုန်း
တွေလည်း ဒီလိုခံရတာမျိုးတွေ ရှိကြတယ်"

ဖိုးသူတော်ကြီးက ကွမ်းတမြုံ့မြုံ့ ဝါးနေရင်းမှ ပြောပြ
သည်။

"ကျုပ်တို့က ကောင်းတဲ့အလုပ် လုပ်ကြတာပဲဗျာ၊ ဒီလို
ပြီး အနှောင့်အယှက် ပေးတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"

"ဒါထက် ဆရာကြီးတို့ မော်ကျူစာအုပ်နဲ့ ပတ်သက်ပြီး
ဘယ်လိုထူးခြားမှုတွေ တွေ့ခဲ့ကြသလဲ"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က လမ်းမှာကြုံတွေ့ခဲ့
သော အဖြစ်အပျက်တို့ကို ပြောပြလိုက်သည်။

"မော်ကျူစာအုပ်ကတော့ သတင်းသာ ကြားလိုက်ရပြီး
လိုက်ရပါဘူးဗျာ"

"ဘယ်သူတွေက လက်ဦးသွားတာလဲ"




www.burmeseclassic.com

www.burmeseclassic.com



"မိစ္ဆာတွေပဲ ဖြစ်မှာပေါ့ဗျာ၊ သူတို့က ဒီမှော်စာအုပ်ကို လူတွေလက်ထဲမှာ မရှိစေချင်ဘူး"

"ဟုတ်တာပေါ့ ဒီစာအုပ်ရှိနေရင် သူတို့ အနှိပ်စက်ခံ ရမှာကိုး၊ ဒါကြောင့်. . ယူပြီး ဝှက်ထားကြတာ ဖြစ်မှာပေါ့"

ဟု ပြောဆိုနေကြလေသည်။

အချိန်က ညနေပိုင်းအချိန်ရောက်နေပြီ ဖြစ်သော်လည်း. . တောတွင်းမှာ အလင်းရောင်များ ရှိနေဆဲပင် ရှိသေးသည်။

"တပို့တွဲလပြည့်တော့မှာဆိုတော့ ဒီကနေ့ညမှာ အမိဋ္ဌာန်ဝင်ကြမယ် မဟုတ်လား"

"ဟုတ်တယ် ကျုပ်တို့လေးယောက်စလုံး အမိဋ္ဌာန်ဝင် ကြမှာ. . ."

ဆရာကြီးပြောသော လေးယောက်မှာ ဆရာကြီးသူရွှေ ဦးဇန်ကောင်း၊ ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့လေး ယောက်ပင် ဖြစ်ကြသည်။

"တပို့တွဲလရောက်ရင် လိုဏ်ဂူတော်က အပေါက်ပွင့် လာလေ့ရှိတယ်၊ ခင်ဗျားတို့ကျုပ်တို့ ကံထိုက်ရင်တော့ ဖူးခွင့်ရ မှာပဲ၊ တကယ်လို့ လူကိုယ်တိုင် ဂူထဲမရောက်ခဲ့ရင်တောင်မှ တ နည်းနည်းနဲ့တော့ ဖူးခွင့်ကြုံမှာပါပဲ၊ ဒါပေမယ့် အမိဋ္ဌာန် မဝင် ခင်မှာတော့ သက်သတ်လွတ် စားကြမှဖြစ်မယ်"

ဟုပြောသည်။ သူတို့မှာပါလာသော အစားအသောက် များမှာ သက်သတ်လွတ် အစားအစာများတော့ မဟုတ်ကြပေ။

သို့သော်. . ဖြစ်သလို စားသောက်ကြမည်ဟုတော





စိတ်ကူးထားကြလေသည်။ ထိုအခြေအနေကို ရိပ်မိသဖြင့် ဖိုးသူ တော်ကြီးက ပြောသည်။

"စိတ်မပူပါနဲ့ ခင်ဗျားတို့ဆီမှာ အဆင်သင့်မပါလာရင် လည်း ဒီနေရာတစ်ဝိုက်မှာ အစားအသောက်တွေ ပေါပါတယ်"

"ဘာတွေများလဲဗျ"

"အသီးအနှံတွေပေါ့၊ ကိုင်း. . . အချိန်ရှိတုန်း စားဖို့ သောက်ဖို့ သွားရှာထားကြရအောင်"

"ဘယ်နေရာမှာ ရှာမှာလဲ"

"ဂူရဲ့အထက်ဘက်နားမှာ ငှက်ပျောတောတစ်တောရှိ တယ်၊ အဲဒီနေရာမှာ ငှက်ပျော်သီးမှည့် ရနိုင်ပါတယ်"

ဟုပြောပြီး ခေါ်သွားရာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့သာ လိုက်သွားကြပြီး ဆရာကြီးကတော့ မလိုက် တော့ပေ။

ဦးသူတော်က ဂူအထက်ဘက်သို့ တက်သောလမ်းအ တိုင်း တက်သွားပြီး မြောက်ဘက်သို့ သွားသောလမ်းအတိုင်း သွားလေသည်။

အတန်ငယ် လျှောက်သွားသောအခါ. . တောထဲမှာ သဘာဝအတိုင်းပေါက်နေသော ငှက်ပျောတောကြီးကို တွေ့ကြ ရသည်။

ငှက်ပျောတောရှိသောနေရာမှာ တောင်ကမ်းပါးယံ လျှို ထဲ၌ဖြစ်သည်။

ငှက်ပျောပင်များမှာ မျက်စိတဆုံး ရှိနေသည်။

"ငှက်ပျောပင်တွေ အများကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်လေ တောထဲတောင်ထဲမှာ အမိဋ္ဌာန်ဝင်တဲ့ ပုဂ္ဂိုလ်တွေအတွက် ရိက္ခာတွေကို သဘာဝက ဖန်ဆင်းပေးထားတာ အများကြီးရှိပါတယ်၊ လာ . . ငှက်ပျောသီးမှည့် ဆင်းရှာကြရအောင်”

ဟုပြောပြီး နှစ်ယောက်သား လျှိုအတွင်းသို့ ဆင်းလာကြသည်။ ငှက်ပျောတောထဲရောက်တော့ အပင်များမှာ သီးနေသော ငှက်ပျောခိုင် အတော်များများကို တွေ့ရသည်။

အခိုင်(၄၀-၅၀)လောက်ပင် ရှိမည်ထင်ပါသည်။

ထိုအထဲမှ မှည့်ဝင်းနေသော ငှက်ပျောခိုင်တစ်ခိုင်ကို ခုတ်ယူလာကြသည်။

စခန်းပြန်ရောက်တော့ ထိုငှက်ပျောသီးမှည့်များကို တစ်ယောက်လျှင် နှစ်လုံးလောက် စားလိုက်ရုံနှင့် အမောအပန်းများ ပြေပျောက်သွားကာ ဝမ်းပြည့်သွားကြလေသည်။

ထိုနောက်မှာတော့ ကျော်စွာ၊ မဟူရာနှင့် ထွန်းခ၊ ရွှေ တို့ လေးယောက်ကို ဂူ၏အောက်ဘက်ရှိ သင့်တော်သော ပေါက်တစ်ခုမှာ စခန်းချပေးခဲ့ပြီးနောက် လေးယောက်သား ပုတီးစိပ်ရန် လိုအပ်သော အသုံးအဆောင်တို့ကို ယူဆောင်ကာ ဂူရှိရာသို့ ပြန်တက်ရန် ပြင်ဆင်ကြသည်။

ကျော်စွာကတော့ မဟူရာနှင့်အတူတူ ကျန်ခဲ့သောကြောင့် စိတ်ထဲမှာ ကျေနပ်ပီတိ ဖြစ်နေတော့သည်။

နေဝင်ခါနီးအချိန်ရောက်တော့ ရှေးလူတို့ ပြုလုပ်ထားသော အာရုံခံတန်ဆောင်းရှိရာသို့ တက်ခဲ့ကြသည်။

အာရုံခံတန်ဆောင်းမှာ ဟောင်းနွမ်းလှပေပြီ။



တန်ဆောင်းအတွင်းမှာတော့ သူတို့လေးယောက်မှလွဲပြီး တစ်စုံတစ်ယောက်မှမရှိပေ။

ထိုနေရာရောက်တော့ ဖိုးသူတော်ကြီး ပြောသည်။

“ကျုပ်တို့ ဒီညအမိဋ္ဌာန်ပြည့်အောင် ပုတီးစိပ်ကြမယ်၊ တပို့တွဲလမှာ လိုဏ်ဂူတော်ပွင့်လေ့ရှိတော့ ထိုက်ရင်တော့ ဖူးခွင့်ရကြမှာပဲ၊ အမိဋ္ဌာန် ပုတီးကတော့ မိမိနှစ်သက်တဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး စိပ်ကြပါ၊ စိန္တာမဏိဂါထာ၊ သုဂတောငါးချက် . . စတဲ့ဂုဏ်တော်တွေကို အာရုံပြုပြီး စိပ်နိုင်ကြပါတယ်၊ ဒါမှမဟုတ် တခြားဂုဏ်တော်တွေနဲ့လည်း ပုတီးစိပ်လို့ရပါတယ်၊ အဓိကကတော့ မြတ်စွာဘုရားကို အာရုံပြုပြီး သမာဓိရဖို့ပါပဲ”

“ကောင်းပါပြီ”

ထိုနေရာမှာ ကျွန်ုပ်တို့အားလုံးအတွက် နေရာသစ်တစ်ခုဖြစ်သည်။ ပထမဆုံး ရောက်ရခြင်းလည်းဖြစ်ရာ ထိုနေရာအကြောင်းကို ဘာမှမသိကြရသေးပေ။

သို့ကြောင့် ထိုနေရာသို့ တစ်ကြိမ်မက ရောက်ခဲ့ဖူးသော ဖိုးသူတော်ကြီး ပြောသည့်အတိုင်းပင် လုပ်ရန်သာ ရှိတော့သည်။

“ကျုပ်တို့ တစ်နေရာစီခွဲပြီး ပုတီးစိပ်ကြမယ်၊ ဒါပေမယ့် အရေးကြီးတာတော့ မှာရဦးမယ်”

“ဘာများလဲ”

“တခြားတော့ မဟုတ်ဘူး၊ ဒီနေရာမှာ အမိဋ္ဌာန်တင်ပြီး ပုတီးစိပ်တာနဲ့ တောစိုးနတ်မိစ္ဆာတွေနဲ့ ပရလောကသားတွေက လာပြီး အနှောင့်အယှက် ပေးကြလိမ့်မယ်၊ ဒါကိုတော့ ကြံ့ကြံ့ခံဖို့ လိုကြလိမ့်မယ်၊ သူတို့လာပြီး နှောင့်ယှက်ရင်လည်း အဓိ



www.burmeseclassic.com

www.burmeseclassic.com



ဒွာန် အောင်မြင်တဲ့အထိတော့ ဆက်ပြီးအလုပ်လုပ်ကြပါ"

"စိတ်ချပါ၊ မြတ်စွာဘုရားထံမှာ အဓိဋ္ဌာန်တင်ထားပြီး ရင်တော့ အသက်မသေမချင်းတော့ ပြီးအောင် ဆက်လုပ်ကြမှာ ပါပဲ"

ဟုပြောဆိုကာ လူစုခွဲကြလေတော့သည်။

ဒီနေရာမှာတော့ အခြားသူများ မည်သို့မည်ပုံ ကြုံတွေ့ ကြရသည်ကို ရေးမပြနိုင်သော်လည်း ကျွန်ုပ်ကြုံတွေ့ရသော အတွေ့အကြုံတို့ကိုတော့ ကောင်းစွာမှတ်မိနေသောကြောင့် ပြန်လည်ရေးပြရပေတော့မည်။

ကျွန်ုပ်ဇူနေရာယူသောနေရာမှာ ဂူပေါက်ရှိသည်ဟု ထင် ရသောနေရာနှင့် မနီးမဝေးမှာဖြစ်သည်။

ထိုနေရာရောက်တော့. . ပါလာသော အခင်းကိုခင်း သည်။ ကြေးစည်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ မီးခြစ်၊ ရေဘူး စသည်တို့ကို ရှေ့မှာချသည်။

နေဝင်သွားသည်နှင့် ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို ထွန်းပြီး ဘုရားရှိခိုးသည်။

တစ်နာရီခန့်ကြာတော့ ဘုရားရှိခိုးခြင်းကိစ္စ ပြီးသွား သည်။ ထိုအချိန်ထိတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရ သေးပေ။ ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းလာသည်။

အအေးဓါတ်က ဝင်စပြုလာပြီ။ ထို့ကြောင့် ပုတီးစိပ် ရန်အတွက် ဖယောင်းတိုင် အမွှေးတိုင်တို့ကို ထပ်ထွန်းပြီး အဓိဋ္ဌာန်ပြုသည်။

ထိုနေ့က မှတ်မှတ်ရရ တပို့တွဲလဆန်း(၄)ရက်၊ ကြာ





သပတေးနေ့ပင်ဖြစ်သည်။

ပရိကံပြုပြီးနောက် ပုတီးစစိပ်သည်။

ကျွန်ုပ်အားပြုသော ပုတီးစိပ်မှာ သုဂတော ငါးချက်နှင့် ပဋ္ဌာန်းဂုဏ်တော် အနုလုံပဋိလုံစိပ်ရသော ပုတီးစိပ်ပင်ဖြစ်သည်။

(၂၄)ပစ္စည်း ပဋ္ဌာန်းတရားတော်ကို အနုလုံပဋိလုံ စိပ်ရ သော ပုတီးစိပ်ပင်ဖြစ်သည်။

ပုတီးစိပ်ခြင်းကို အာရုံပြုထားသောကြောင့် ပတ်ဝန်း ကျင်မှ ဖြစ်ပျက်နေသော အရာများကို သတိမပြုမိတော့ပေ

နောက်တော့ စိတ်ထဲမှာ မိမိပတ်ဝန်းကျင်သို့ တစ်စုံတစ် ယောက် ရောက်နေသည်ဟု ထင်လာမိသည်။

အဓိဋ္ဌာန်ပျက်မည်စိုးသောကြောင့် မျက်စိဖွင့်မကြည့်မိ ပေ။ ထိုအခိုက်မှာပင် နောက်ဘက်မှ ကျောကို ဆောင့်တွန်းခြင်း ခံလိုက်ရသဖြင့် ရှေ့သို့ ယိုင်ကျသွားသည်။

ဦးသူတော် ပြောလိုက်သည့်စကားကို သတိရသော ကြောင့် မျက်လုံးမဖွင့်ဘဲ ကိုယ်ကိုပြန်မတ်ပြီး ပုတီးဆက်စိပ် သည်။

နဖူးနှင့် ရှေ့မှကြမ်းပြင်နှင့် မထိခင် ထိန်းလိုက်နိုင်သော ကြောင့် အန္တရာယ်တော့ မဖြစ်ပေ။

နောက်တော့ ပုတီးစိပ်နေရင်းမှ အောက်မှခင်းထား သောအခင်းက အပေါ်သို့တဖြည်းဖြည်း ကြွတက်လာသည်။ အခင်းကြွတက်လာသောကြောင့် အပေါ်မှာထိုင်နေသည့် လူပါ ကြွသွားလေသည်။

ကော်ဇောပျံ စီးနေရသကဲ့သို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဖွင့်မကြည့်သော်လည်း စိတ်ထဲမှာတော့ အပေါ်သို့ အတော်မြင့်မြင့်ရောက်သွားပြီဟု ထင်နေမိသည်။

တစ်ဆက်တည်း. . . အပေါ်ရောက်တော့မှ ဝုန်းခနဲ အောက်သို့ ပြုတ်ကျမလား စိုးရိမ်စိတ် ဝင်လာသေးသည်။

သို့သော် ထိုစိတ်ကို ချက်ချင်းဖယ်ရှားပြီးနောက် ပုတီးကိုပင် မှန်မှန်ဆက်စိပ်လေသည်။

အပေါ်သို့ ဘယ်လောက်မြင့်အောင် ရောက်သွားသည် မသိပေ၊ လေဟာနယ်ထဲ ရောက်နေသည်ဟုတော့. . ခံစားရသည်။

အတန်ကြာတော့ အပေါ်မှ တဖြည်းဖြည်း ပြန်နိမ့်ဆင်းလာပြီး မူလထိုင်နေသော နေရာရောက်တော့ ပြန်ငြိမ်ကျသွားသည်။

အဓိဋ္ဌာန်တင်ထားတာ အစပိုင်းပင် ရှိသေးသဖြင့်. . မျက်စိမဖွင့်မိအောင် စိတ်ကိုတည်ငြိမ်စွာထားပြီး ပုတီးကို ဆက်စိပ်သည်။ အတန်ကြာတော့ အောက်မှခင်းထားသော အခင်းမှ မီးစွဲလောင်နေပြီး ပူပြင်းလာသည်။

မီးတောက်များက အောက်အခင်းမှတစ်ဆင့် မိမိကိုယ်ခန္ဓာကို ကူးစက်လောင်နေသကဲ့သို့ ခံစားရသည်။

ပုတီးပတ်က လိုနေသေးသဖြင့် ဆက်စိပ်သောအခါ တဖြည်းဖြည်းနှင့် ပြန်အေးသွားသည်။

အေးလာသည်မှ ရေခဲရိုက်နေသော အဝတ်ပေါ်မှာ ထိုင်ရသကဲ့သို့ပင် ကျဉ်တက်လာအောင် အေးခြင်းဖြစ်သည်။

နောက်ဆုံးမှာတော့ ကျွန်ုပ်သည် အဓိဋ္ဌာန်တင်ထားသည်။





သည့်အတိုင်း ပဋ္ဌာန်းအနုလုံပဋိလုံ ပုတီး(၉)ပတ်ပြည့်အောင် စိပ်နိုင်ခဲ့ပေပြီ။

ထိုသို့ပြီးသောအခါ ပြုပြုခဲ့သော ကုသိုလ်ကံကို အမျှအတန်းဝေပေးလိုက်သည်။

ထိုအခါ အမှောင်ရိပ်ဖုံးနေသော နေရာများမှ ရယ်သံများ ပေါ်လာသည်။

အတော်များများကတော့ မိန်းမများ ရယ်သံဖြစ်သည်။

အချို့ရယ်သံများမှာ စူးစူးဝါးဝါး ရှိလှပေသည်။

ဖယောင်းတိုင်မီးကလည်း မရှိတော့သဖြင့် ပတ်ဝန်းကျင်မှာ မှောင်နေလေပြီ။

နောက်ထပ်ဖယောင်းတိုင်လည်း မရှိတော့ ပေ။

မှောင်နေသောကြောင့် မနီးမဝေးမှ မိန်းမရယ်သံများသာ ကြားရပြီး လူကိုတော့ မမြင်ရပေ။

ရယ်သံက အတော်များသဖြင့် လူနှစ်ဆယ် အစိတ်ခန့်လောက် ရှိမည်ဟုပင် ထင်ရလေသည်။

"အင်း. . . သူတို့လာပြီး နှောင့်ယှက်တာကို ဂရုစိုက်နေရင်တော့ ငါရဲ့အဓိဋ္ဌာန်တွေ ပြီးမှာမဟုတ်ဘူး၊ ဒါကြောင့်. . ဆင်စရာရှိတာ ဆက်ပြီးလုပ်မှပဲ"

ဟုအာရုံပြုပြီး ပုတီးဆက်စိပ်သည်။

မဟာသရဏဂုံတော်နှင့် ပဋ္ဌာန်းတရားကို တွဲထားသော ပုတီးစိပ်ဖြစ်သည်။

ထိုပုတီးစိပ်တော့ အနှောင့်အယှက်တို့က ပိုများလာ



www.burmeseclassic.com

www.burmeseclassic.com



ပုတီးသုံးပတ်လောက်ရောက်တော့ မျက်လုံးရှေ့တည့် တည့်မှ စူးရှသော အလင်းတန်းကြီး ပေါ်လာသောကြောင့် ဖျပ်ခနဲ မျက်စိဖွင့်ကြည့်လိုက်ရာ နီရဲနေသော မျက်လုံးကြီးနှစ်လုံး ကိုတွေ့ရသည်။

မျက်လုံးနှစ်လုံးက ကြီးမားလှပြီး ရှေ့တည့်တည့်မှ လာ စိုက်ကြည့်နေခြင်းဖြစ်သည်။

ထို့ကြောင့် ချက်ချင်း မျက်စိပြန်ပိတ်လိုက်သည်။

စူးရှသော အလင်းရောင်ကြီးက မျက်လုံးကို တည့်တည့် ထိုးနေသောကြောင့် တော်တော်နှင့် မျက်စိမှိတ်မရဘဲ ရှိနေ သည်။ ကြီးမားစူးရှသော မျက်လုံးကြီးနှစ်လုံးတို့က ရှေ့တိုးလာ လိုက် နောက်သို့ဆုတ်သွားလိုက်နှင့် ပြုလုပ်နေရာ ပုတီးဆက် စိပ်၍ မရတော့လောက်အောင် ဖြစ်နေသည်။

"ဒီအတိုင်းဆိုရင်တော့ ငါထပြေးရလိမ့်မယ်၊ ဒီတော့ သေရင်လည်း သေပစေတော့ အဓိဋ္ဌာန်ပြည့်အောင်တော့ ဆက် စိပ်ရမှာပဲ"

ဟုအားတင်းပြီး ပုတီးဆက်စိပ်သည်။

ထိုအခါ စောစောက မျက်လုံးကြီးနှစ်လုံးအပြင် နောက် ထပ်မျက်လုံးများပါ ထပ်ရောက်လာသောကြောင့် ပိုများလာ သည်။ ထိုမျက်လုံးများမှ ထွက်နေသည့် အရောင်များမှာ စူး လှပြီး ရှေ့တိုးလာလိုက်၊ နောက်သို့ဆုတ်လိုက်နှင့် အနှောင့် အယှက် ပေးနေကြသည်။

ကျွန်ုပ်လည်း ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထား ကာ ကြိုးစားပြီး ပုတီးဆက်စိပ်ရာမှ ပုတီးခုနစ်ပတ် ရသော





ခါမှာတော့ စူးလှသောမျက်လုံးများ တဖြည်းဖြည်း ကွယ် ပျောက်သွားလေတော့သည်။

ထိုသို့ပျောက်သွားပြီးနောက် ခေတ္တနားသည့်အနေဖြင့် သတ်ကို ရပ်လိုက်ရာ၊ တစ်စုံတစ်ယောက်က နောက်မှ ာင့်တွန်းလိုက်သကဲ့သို့ ဖြစ်ကာ ရှေ့ဘက်သို့ မှောက်လျက် ကျသွားလေသည်။

ထိုသို့မှောက်လျက် လဲကျသွားသောအချိန်ရောက်မှ မိမိ ပေါ်သို့ တစ်စုံတစ်ယောက် ရောက်လာပြီး ဖိထားသကဲ့သို့ သည်။

ကျောဘက်သို့ လက်ဖြင့်စမ်းကြည့်တော့လည်း ဘာမှ တွေ့ရပေ။

"ငါ့ကို ပုတီးဆက်မစိပ်နိုင်အောင် နှောင့်ယှက်နေတာပဲ"

ဟုတွေးမိပြီး လွတ်ကျသွားသော ပုတီးကိုလက်ဖြင့် စမ်း ည် မတွေ့ရပေ။


နောက်တော့ အပေါ်မှ ဖိထားသောအလေးချိန်ကြောင့် သက်ရှူကျပ်ကာ သတိမေ့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

## မဟာမြိုင်ဘိုးဘိုးကြီးနှင့် တွေ့ခွင့်ရခြင်း

အချိန်မည်မျှကြာအောင် သတိမေ့မြောသွားသည် မသိပေ။ နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါမှ သတိပြန်ရလာလေတော့သည်။

ထိုအခါမှ နေရာမှထပြီး ကြည့်လိုက်တော့ ကျွန်ုပ်နှင့်အတူ ကျန်သုံးယောက်တို့ကိုလည်း တွေ့ရသည်။

အခြေအနေမေးကြည့်တော့ ကျန်သုံးယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး ကျွန်ုပ်ကဲ့သို့ ခံလိုက်ကြရဟန် ရှိလေသည်။

ထို့ပြင် ကျွန်ုပ်တို့အနီးမှာ အရပ်အမောင်း ထောင် ထောင်မောင်းမောင်းနှင့် သျှောင်တစောင်း ထုံးထားသော အဘိုး ကြီးတစ်ယောက်လည်း ရှိလေသည်။

အသက်အရွယ်ကြီးလှပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး များ ဖြူနေသော်လည်း ကျန်းမာနေဆဲပင်ရှိသည်။ ထိုအဘိုးကြီး က ကျွန်ုပ်တို့လေးယောက်စလုံးကို ဆေးချေးများ လိမ်းပေးခြင်း သတိရလာတော့ ဆေးရည်များ တိုက်ပေးခြင်းများ ပြုလုပ်ပေး နေလေသည်။

"အဘက ဘယ်သူပါလဲ"

"ကျုပ်က မောင်ရင်တို့ ဒုက္ခရောက်နေလို့ မဟာမြိုင် တောဘက်က လာခဲ့တာပါ၊ မောင်တို့ပေးဝေတဲ့ အမျှအတန်း တွေလည်း ရပါတယ်"

ထိုစကားကြားတော့မှ နည်းနည်းသဘောပေါက်သလို သို့ ဖြစ်သွားကြသည်။

ယခုရောက်နေသော နေရာနှင့် မဟာမြိုင်တောရှိသော နေရာမှာ ခရီးမိုင်(၃၀)ကျော်ခန့် ဝေးလေသည်။

ထိုခရီးမျိုးကို ချက်ချင်းရောက်အောင် လာနိုင်သည်ဆိုတော့ သာမန်မဟုတ်မှန်း သိနိုင်ကြပေသည်။

ထိုအခါ ဆရာကြီးသူရဇ္ဇက လက်အုပ်ချီကာ အမှု အသေပေးလိုက်သဖြင့် ကျန်သုံးယောက်ကပါ အရှိအသေ ပေး လိုက်ကြသည်။

"ကျွန်တော်တို့ကို အခုလိုလာပြီး စောင့်ရှောက်ပေးတာ





ကျေးဇူးတင်ပါတယ်၊ ဒါထက် အဘက မဟာမြိုင်ဘိုးဘိုးကြီးများ လား"

ဟု မေးလိုက်တော့ ခေါင်းညိတ်ပြသည်။

"မှန်ပါတယ်. . မဟာမြိုင်ဆရာတော်ကြီးက စေခိုင်းလို့ ရောက်လာပြီး အကူအညီပေးရတာပါ"

ဟုပြောရာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြ သည်။ အဘယ်ကြောင့်ဆိုသော်. . .

မဟာမြိုင်ဘိုးဘိုးကြီးကို ယခုလို နီးနီးကပ်ကပ် တွေ့ရဖို့ တိစ္စမှာ တစ်သက်တစ်ခါ ကြုံကြိုက်ခဲသော ကိစ္စများပင်ဖြစ်ပေ သည်။

"ကျွန်တော်တို့ ဘယ်လိုဖြစ်ကြတာလည်း အဘိုး"

ဆရာကြီး သူရဇ္ဇက မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး၊ သူတော်ကောင်းတွေ အဓိဋ္ဌာန်မ အောင်မြင်အောင်လို့ ဖျက်လို့ဖျက်ဆီး လုပ်ကြတာပါ"

"ဘယ်သူတွေများလဲဟင်"

"ဒီနေရာမှာရှိတဲ့ တောစိုးနတ်မိစ္ဆာတွေပါ၊ သူတို့က တရားကျင့်တာတို့ အဓိဋ္ဌာန်ဝင်တာတို့ဆိုရင် မနှစ်သက်ကြဘူး၊ အဓိဋ္ဌာန် မပျက်ပျက်အောင် ဖျက်ကြတယ်၊ မကောင်းတာလုပ် တဲ့ လူတွေဆိုရင်တော့ ခွင့်လွှတ်ပေးကြပါတယ်"

"ကောင်းတာလုပ်တာကို သူတို့က ဘာကြောင့်မနှစ် သက်ကြတာလည်းအဘိုး"

"ဘာကြောင့်လည်းဆိုတော့ ကောင်းတဲ့ပုဂ္ဂိုလ်တွေက ပုတီးစိပ် မေတ္တာပို့ အမျှဝေကြတဲ့အခါမှာ သမ္မာဒေဝနတ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေက ကြွလာကြတယ်၊ သူတို့ရောက်လာရင် ဒီနေရာတစ်ဝိုက်မှာရှိတဲ့ တောစိုးနတ်မိစ္ဆာတွေက မနေ့ဝံ့ကြ ဘော့ဘာနဲ့ ဝေးတဲ့နေရာတွေမှာ သွားနေကြရတာဆိုတော့ မနှစ်သက်ကြဘူး၊ ဒါကြောင့် လုပ်နေတဲ့ အမိဋ္ဌာန်တွေ မပြည့်အောင် ဖျက်စီးကြတာပါပဲ”

ဟုပြောပြလေသည်။

“ဒီလိုနှောင့်ယှက်တာကို သမ္မာဒေဝနတ်တွေက တားဆီးမပေးနိုင်ဘူးလား အဘိုး”

“တောစိုးနတ်တွေ နှောင့်ယှက်ရင်တော့ တားဆီးပေးနိုင်ကြပါတယ်၊ ဒါပေမယ့် . . တောထဲမှာရှိတဲ့ သစ်ပင်တွေနဲ့ သဘာဝ ပစ္စည်းတွေကတဆင့် အနှောင့်အယှက်ပေးရင်တော့ သူတို့လည်း မတတ်နိုင်ကြဘူး၊ မင်းတို့ မူးမေ့လဲသွားကြတာ တခြားကြောင့်မဟုတ်ဘူး၊ အဆိပ်ပင်က အဆိပ်သီးတွေယူလာပြီး လေညာဘက်မှာ ချထားခဲ့လို့ ဒီလိုဖြစ်ကြတာပဲ၊ တကယ်လို့ သာ ဆေးမဦးရင်တော့ သေကြမှာပဲ၊ ဒါကြောင့် မဟာမြိုင်ဆရာ တော်ကြီးက သူတော်ကောင်းတွေ ဒုက္ခရောက်တော့မယ် အမြန် သွားကယ်ပေးလိုက်ဆိုလို့ အဘိုးလည်း အမြန်ရောက်လာပြီး ဆေးကုပေးရတာပါပဲ”

“ကျေးဇူးကြီးလှပါပေတယ် အဘိုးရယ်၊ ကျွန်တော်တို့အား အဘိုးပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ ကျွန်တော်တို့က ဒီနေရာရောက်လာပြီး ပုတီးစိပ်ကြတာ တခြားအကြောင်းကြောင့် မ ဟုတ်ပါဘူး၊ လိုဏ်ဂူတော်ကြီးအတွင်းကို ဝင်ခွင့်ရရင် ဝင်ဖူးချင် လို့ပါ”





ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

“ဒါကတော့ ကံထိုက်ရင်တော့ ဖူးခွင့်ရမှာပေါ့လေ”

“ဒါပေမယ့် . . ဝင်ခွင့်ရဖို့နေနေသာ ပုတီးကိုတောင် ပြောင့်အောင်မစိပ်နိုင်တော့ ဘယ်လိုများ လုပ်ရပါမလဲ”

“ဒါကတော့ သူတို့ကို အနီးပတ်ဝန်းကျင် မလာနိုင်အောင် တားဆီးပေးထားရင် ရပါတယ်”

ထိုစကားကြောင့် စိတ်ထဲမှာ အားရှိသလို ခံစားရလေသည်။

“ဘယ် . . ဘယ်လိုတားဆီးပေးရမလဲ အဘိုး”

“မောင်ရင်တို့ ရှာနေတဲ့စာအုပ်ထဲမှာ တောစိုးနတ်မိစ္ဆာတွေကိုနိုင်တဲ့ ဂါထာမန္တန်တွေပါတယ် မဟုတ်လား၊ အဲဒီစာအုပ်ကို တွေ့အောင်ရှာပြီးမှ ဒီနေရာကို တစ်ခေါက်ပြန်လာရင်တော့ အဆင်ပြေကြပါလိမ့်မယ်”

“ဟုတ်ကဲ့ . . ဒီလိုဆိုရင် အဘိုးပြောတဲ့စာအုပ်ကို တွေ့အောင်ရှာပြီး ယူပါ့မယ်၊ ဘယ်အရပ် ဘယ်နေရာမှာ ရှိတယ်ဆိုတာ လမ်းညွှန်ပေးပါအဘိုး”

“ဝေဘူလတောင်ရဲ့ အနောက်ဘက်စူးစူး သုံးမိုင်ခန့်အကွာလောက်မှာ မိစ္ဆာတွေနေတဲ့ ဂူကြီးတစ်ဂူရှိတယ်၊ အဲ့ဒီဂူကြီးမှာ ရှိပါတယ်၊ ဒါပေမယ့် မိစ္ဆာတွေနဲ့တော့ ရင်ဆိုင်ရလိမ့်မယ်”

“ဒီစာအုပ်က မိစ္ဆာတွေလက်ထဲမှာ ရှိနေရင် အန္တရာယ်များလှပါတယ်၊ ဒါကြောင့် မတွေ့တွေ့အောင်ရှာပြီး ပြန်ယူလာပါမယ်၊ ကျွန်တော်တို့ကို ကူညီစောင့်ရှောက်ပေးပါ”

ဒေါက်တာမင်းထင်ကျော်က တောင်းပန်ပြောဆိုလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မဟာမြိုင်တောရဲ့ နယ်နိမိတ်ကျော်သွားရင် ငါအနေ
မသက်ဆိုင်တော့ဘူး၊ အဲဒီနေရာတွေက သူတော်ကောင်း
နေတဲ့ နေရာမဟုတ်ဘူး၊ ဒါကြောင့် ငါ့မြေးတို့သွားမယ်ဆို
ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုသာ အာရုံပြုပြီးသွား
အန္တရာယ် ကင်းပါလိမ့်မယ်"

"ဟုတ်ကဲ့"

"နောက်ပြီး ဒီကနေ သွားတဲ့လမ်းတစ်လျှောက်လုံး
ရေတွေ့လည်းမသောက်နဲ့၊ သစ်သီးသစ်ဥနဲ့ စားသောက်
တွေ့ရင်လည်း မစားကြနဲ့၊ ဒီနေရာက မသွားခင်ကတည်း
ပြည့်စုံအောင် ယူသွားကြပါ"

"ကောင်းပါပြီ ဘိုးဘိုး"

"ငါအခုလိမ်းပေးတဲ့ ဆေးဆီတွေကို ဒီအတိုင်းပဲထ
ပါ၊ ဘယ်လိုအကြောင်းနဲ့မှ ရေချိုးမပစ်ကြနဲ့၊ ဒီဆေးဆီတွေ
နေသရွေ့ ပြင်ပက အဆိပ်ငွေ့နဲ့ တိုက်တဲ့အန္တရာယ်တွေ
ကွယ်ပေးပါလိမ့်မယ်"

"အဘိုးပြောတဲ့အတိုင်း ဆောင်ရွက်ပါမယ်၊ လမ်း
အကြောင်းရှိလျှင် အသုံးပြုရန်အတွက် ဆေးဆီနည်းနည်းလော
ပေးပါ"

ဟု ဆရာကြီးသူရဇ္ဇက တောင်းသောအခါ မဟာမြိုင်
ဘိုးဘိုးက ဆေးဆီအနည်းငယ်အား ပုလင်းလွတ်တစ်လုံး
ထည့်ပေးလေသည်။

ထို့နောက်မှာတော့ လေးယောက်သား မဟာမြိုင်





ဘိုးကြီးအား ကန်တော့လိုက်ကြလေသည်။

"ငါ့မြေးတို့ ဘေးအန္တရာယ်ကင်းကြပါစေ၊ အန္တရာယ်နဲ့
တွေ့ရင် ရတနာသုံးပါးကိုသာ အာရုံပြုထားကြပေတော့"

ပြောဆိုမှာကြားကာ . . ထိုနေရာမှ ပြန်ထွက်သွားလေ
တော့သည်။ ဒေါက်တာမင်းထင်ကျော်တို့မှာလည်း ဆေးအဆီ
များအစွမ်းကြောင့် အတော်အတန် သက်သာနေကြပြီဖြစ်သည်။

"ကျွန်တော်လည်း တတ်နိုင်သလောက်တော့ တောင့်
ခံထားတာပါပဲ၊ နောက်ဆုံးတော့ . . ခေါင်းထဲမှာ မူးဝေလာပြီး
ဘယ်လိုကနေဘယ်လိုဖြစ်ပြီး သတိမေ့သွားတယ် မသိတော့ပါ
ဘူး"

ဟု ဒေါက်တာမင်းထင်ကျော် ကပြောသည်။

"ကျုပ်လည်းဒီလိုပါပဲ မောင်ရာ၊ တစ်ကိုယ်လုံးကို စေ့စေ့
ညက်ညက်ကြေအောင် လုပ်နေသလား မှတ်ရတယ်၊ နောက်
တော့ သတိလစ်သွားတော့တာပါပဲ၊ ဒါထက် စာရေးဆရာကော
အခြေအနေ ဘယ်လိုရှိသလဲ"

"ဦးဇန်ကောင်းတို့ အတိုင်းပါပဲ၊ မဟာမြိုင်ဘိုးဘိုးကြီး
ရောက်လာပေလို့တာပေါ့၊ မဟုတ်ရင် ဒီအချိန်လောက်ဆိုရင်
သေနေလောက်ပြီပေါ့"

"အခုလိုမသေပဲ ပြန်ရှင်လာတော့ စာရေးဖို့ကုန်ကြမ်း
တွေ အတော်များများ ရလိုက်တာရော မဟုတ်လား"

"ဒါပေါ့ဗျာ အသက်နဲ့ရင်းခဲ့ရတဲ့ အတွေ့အကြုံတွေပေါ့"

ထိုအခါ ဆရာကြီးသူရဇ္ဇက ပြောလေသည်။

"နေရာတကာတိုင်းမှာတော့ ကောင်းတာနဲ့ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာတွေက ဒွန်တွဲနေတာပဲ၊ ကောင်းတာလုပ်ရင် မကောင်းတာက လာဖျက်မှာပဲ၊ ဒါကို ကြံ့ကြံ့ခံနိုင်ဖို့တော့ ကြိုးစားရမှာပေါ့၊ ပရိတ်တရားတော်တွေထဲက မေတ္တာသုတ်၊ သမ္မဒ္ဓေဂါထာတော်တွေကို ရကြတယ်မဟုတ်လား"

"ရပါတယ် ဆရာကြီး"

"လမ်းမှာတွေ့တဲ့ အန္တရာယ်တွေကို ပရိတ်နဲ့ကာကွယ် တန်ကာကွယ် လက်နက်တွေ၊ ဆေးဝါးပစ္စည်းတွေနဲ့ ကာကွယ်တန် ကာကွယ်ရမှာပဲ၊ မဟာမြိုင်ဘိုးဘိုး မှာသွားတဲ့အထဲမှာ လမ်းမှာတွေ့တဲ့ရေနဲ့ အစားအသောက်တွေကို မစားရ မသောက်ရဘူးဆိုတာ ပါတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီတော့ ဒီနေရာကထွက်ကတည်းက ပြည့်စုံအောင် ယူသွားကြရမယ်၊ နောက်ပြီး ပရိတ်ရေတွေလုပ်ပြီး ယူသွားရမယ်"

ဟုပြောလေသည်။

ထို့နောက်မှာတော့ စခန်းချရာသို့ ပြန်လာပြီး စီစဉ်စရာများ စီစဉ်ဆောင်ရွက်ကြလေသည်။

ရေသယ်ရန် ဝါးဆစ်ပိုင်းများရှာပြီး ထိုအထဲသို့ သန့်ရှင်းသော စမ်းချောင်းရေများ ထည့်သည်။

ငှက်ပျောတောထဲသို့ တစ်ခေါက်ပြန်သွားကာ ငှက်ပျောသီးမှည့်များကို ရသလောက် သယ်ယူလာကြသည်။

ထို့နောက်မှာတော့ စုဆောင်းထားသော ရေများကို ပရိတ်တရားတော်(၁၁)သုတ် ရွတ်ဆိုပြီး ပရိတ်ရေအဖြစ် ပြုလုပ်





ကြလေသည်။

လိုဏ်ဂူတော်ကြီးရှေ့သို့ ယူသွားပြီး ပရိတ်ရွတ်ကြရာ ရေများဆူပွက်လာသည်ကို တွေ့ရသည်။

ထိုနေရာမှာ မြင့်မြတ်သောနေရာ၊ တန်ခိုးကြီးသောနေရာတစ်နေရာ ဖြစ်သောကြောင့် ယခုလို ပရိတ်ရေများ ဆူပွက်လာသည်မှာ အဆန်းတော့ မဟုတ်ပါချေ။

ထိုနေရာမှ ပရိတ်ရွတ် သော်လည်း လေးယောက်တည်းသာ ရွတ်ကြခြင်းဖြစ်ပြီး အခြားသူများမပါပေ။

ပြန်ဆင်းခါနီးတော့ ဆရာကြီး သူရဇ္ဇက မှာသည်။

"ကျုပ်တို့အခုသွားမယ့်ခရီးနဲ့ ပတ်သက်တာတွေကို ကျုပ်တို့လေးယောက်သာ သိပါစေ၊ ကျန်တဲ့လူတွေ မသိပါစေနဲ့ အန္တရာယ်နဲ့ တွေ့ရင်တော့ သူတို့အတွက် အကာအကွယ် ပေးကြရမယ်"

"ဘာကြောင့် မသိစေချင်တာလည်း ဆရာကြီး"

"အနှောင့်အယှက် အဖျက်အဆီးဆိုတာ ကိုယ့်အနီးမှာလည်း ရှိချင်ရှိနေတတ်တယ်၊ ရောက်ချင်ရောက်နေတတ်တယ်။ ဒီတော့ သတိဆိုတာ ပိုတယ်မရှိဘူး၊ လမ်းခရီးတလျှောက်လုံးမှာလည်း သတိမလစ်ကြစေနဲ့"

"စိတ်ချပါ ဆရာကြီး"

"ကျန်တဲ့လေးယောက်က လူငယ်လူရွယ်တွေလည်းဖြစ်တယ်၊ အတွေ့အကြုံလည်း ရင့်ကျက်မှုမရှိကြသေးဘူး၊ ဒါ့အပြင် ကျင့်ကြံအားထုတ်မှု စရဏတရားလည်း မရှိကြသေးတော့ မိစ္ဆာတွေက ကျုပ်တို့ကို အနှောင့်အယှက်ပေးချင်ရင် ကိုယ်အား



www.burmeseclassic.com

www.burmeseclassic.com



နည်းတဲ့ သူတို့ကို အရင်ပူးကပ်ကြမှာပဲ၊ ဒီတော့ အရေးကြုံလာရင် သူတို့အတွက် အကာအကွယ်ပေးဖို့လည်း အဆင်သင့်ဖြင့်ထားကြပါ"

"ကောင်းပါပြီ ဆရာကြီး သဘောပေါက်ပါပြီ"

ထို့နောက်မှာတော့ ပရိတ်ရေများကို စီမံပြုလုပ်ပြီး စခန်းချရာသို့ ပြန်ဆင်းခဲ့ကြလေသည်။

သူတို့ ပြန်ရောက်လာတော့ မဟူရာက ဒေါက်တာမင်းထင်ကျော်အနီးသို့ လာပြီးမေးသည်။

"ကျွန်မတို့ ဘယ်နေရာကို ခရီးဆက်ကြမှာလဲဟင်"

"ငါလည်းမသိဘူး ဆရာကြီးစီစဉ်တဲ့အတိုင်း သွားကြမှာပဲ"

"ကျွန်. . ကျွန်မ အစ်ကို့ကို ပြောစရာတစ်ခု ရှိလို့ပါ"

"ဘာပြောမှာလည်း ပြောလေ"

"ညက. . ကျွန်မအဘွားကို အိပ်မက်မက်တယ်၊ သူက အစ်ကိုတို့ရှာနေတဲ့ စာအုပ်ရှိတဲ့နေရာကို လာပြောပြသွားတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က များစွာအံ့သြသွားပြီး သူမကို အကဲခတ်ကြည့်လိုက်သည်။ ထူးထူးခြားခြားတော့ မတွေ့ရပေ။

"သူက ဘယ်လို ပြောသွားသလဲ"

"အစ်ကိုတို့ ရှာနေတဲ့ စာအုပ်က မိစ္ဆာလိုဏ်ဂူထဲမှာ ရောက်နေတယ်လို့ပြောတယ်"

"မိစ္ဆာလိုဏ်ဂူက ဘယ်နေရာမှာ ရှိသလဲ"

"ဒီကနေ ဝေဘူလတောင်ကို သွားရမယ်၊ ဝေဘူလ





တောင်ကနေ အနောက်ဘက်(၃)မိုင်ကွာလောက်မှာ မိစ္ဆာလိုဏ်ဂူဆိုတာ ရှိသတဲ့၊ စာအုပ်က အဲဒီနေရာမှာ ရောက်နေတယ်လို့ ပြောသွားတယ်"

ဒေါက်တာမင်းထင်ကျော်မှာ ကိုယ်နားကိုပင်ကိုယ် မယုံနိုင်လောက်အောင် အံ့သြသွားလေတော့သည်။

မိမိတို့ပြောဆိုနေသော စကားကို တစ်နေရာက ချောင်းမြောင်းနားထောင်ခဲ့လို့များ ယခုကဲ့သို့ ပြန်ပြောနိုင်လေသလားဟု သံသယ ဖြစ်မိလေသည်။

"မင်းတကယ်ပြောနေတာလား၊ အဲဒီဂူထဲမှာ ဘယ်လို အန္တရာယ်တွေ ရှိနေသလဲ"

"အဲ. . အဲ့ဒါတော့ ကျွန်မ မသိဘူး၊ သူက စာအုပ်ရှိတဲ့နေရာကိုပဲ လာပြီး ပြောပြသွားတာပါ"

ဟု ဦးခေါင်းငုံ့ထားရင်း ပြောလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ သူမမှာ လျှို့ဝှက်ချက် တစ်စုံတစ်ခု ရှိနေမည်ဟု ခန့်မှန်းမိလေသည်။

ထို့နောက်မှာတော့ သူမကို ဘာမှဆက်မမေးတော့ပဲ ကျော်စွာအား တစ်နေရာသို့ခေါ်ကာ တိုးတိုးတိတ်တိတ် မေးကြည့်ရလေသည်။

"မောင်ကျော်စွာ ငါမင်းကို တစ်ခုမေးမယ် အမှန်အတိုင်းဖြေမလား"

"ဘာမေးမှာလဲ ဆရာ"

"မင်း ငါတို့နဲ့ပါလာတဲ့ ကောင်မလေးကို သဘောကျနေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျော်စွာကလည်း အမှန်အတိုင်းဝန်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြလေသည်။

"ဒါဖြင့် ညက သူနဲ့ စကားပြောဖြစ်သေးသလား"

"သူက ကျွန်တော့်ကို စိတ်ဝင်စားပုံမရဘူး၊ နောက်ပြီး ညက ဆရာတို့မရှိတုန်း သူနဲ့စကားပြောဖို့ ကြံတော့ သူ့ကို မတွေ့ရဘူး"

ဟုပြောသည်။

"မတွေ့ရဘူးဆိုတော့ ဘယ်သွားနေလို့လဲ"

"ကျွန်တော်လည်း မသိဘူး. .၊ ရှာကြည့်တော့လည်း မတွေ့ရဘူး"

"သူက ဂူထဲမှာ အိပ်နေတာ မဟုတ်ဘူး"

"ကျွန်တော်တို့သုံးယောက်ပဲ အိပ်ကြတာ၊ သူ့ကို တစ်ညလုံးမတွေ့ရဘူး"

"ယောက်ျားတွေနဲ့ အတူတူမနေချင်လို့ တခြားနေရာသွားနေတာ ဖြစ်မှာပေါ့ကွာ၊ မင်းစိတ်ဝင်စားရင်တော့ ဆက်ပြီး ကြိုးစား ကြည့်ပေါ့"

"အဆင်ပြေမယ်တော့ သိပ်မထင်ပါဘူး ဆရာရယ်"

"မင်းကလည်း ဘာမှတောင် မလုပ်ရသေးဘူး၊ အားလျှော့ချင်နေပြီလား"

"ကျွန်တော်သိပါတယ် သူက ကျွန်တော့်ကို စိတ်ဝင်စားပုံ မရပါဘူး"

"နောက်တော့အဆင်ပြေချင်လည်း ပြေလာမှာပေါ့ကွာ၊ ဒီလောက်လည်း အားမလျှော့ပါနဲ့၊ ဒါထက် ငါတို့မှာ ကျည်ဆံ





အလုံအလောက်ရှိသေးတယ် မဟုတ်လား"

"ဘာမှ ပစ်ရသေးတာမှ မရှိသေးတာ၊ ယူလာတဲ့အတိုင်းပဲ ရှိပါသေးတယ် ဘာလုပ်မလို့လဲ ဆရာ"

"မနက်မိုးလင်းတာနဲ့ ငါတို့ ခရီးဆက်ထွက်ရမယ်၊ လမ်းမှာအန္တရာယ်နဲ့တွေ့ရင် အသုံးပြုရအောင်လို့ မေးထားတာပါ"

ဟုပြောဆိုတာ လူချင်းခွဲလိုက်လေသည်။

ထိုညမှာတော့ ဆရာကြီး သူရဇ္ဇာက ဂူပေါက်ဝမှာ ပုတီးစိပ်ရန် ခေါ်သောအခါ ကျွန်ုပ်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်ကသာ လိုက်သွားကြပြီး ဒေါက်တာမင်းထင်ကျော်ကတော့ မလိုက်တော့ဘဲ စခန်းချသောနေရာ၌ ကျန်ခဲ့လေသည်။

သူ့မှာ အကြံအစည်တစ်ခုခု ရှိမည်ထင်သဖြင့် ကျန်လူများက ဇွတ်အတင်း မခေါ်ကြတော့ပဲ အပေါ်သို့ တက်သွားကြလေတော့သည်။

သူတို့စခန်းချသော ဂူထဲမှာ မီးပုံတစ်ခု ဖိုထားပြီး လက်ဖက်ရည်အိုးများ တည်ထားသည်။

အစားအသောက်မှာလည်း ထွေထွေထူးထူး ချက်ပြုတ်စားသောက်ခြင်း မပြုတော့ပဲ သက်သတ်လွတ်စားသည့်အနေနှင့် ငှက်ပျောသီးမှည့်များကိုသာ ဝမ်းပြည့်အောင် စားသောက်ကြသဖြင့် အလုပ်မရှုပ်ကြပေ။

ညဥ့်နက်ပိုင်းရောက်တော့ ကျန်သုံးယောက်က အိပ်နေကြပြီး ဒေါက်တာမင်းထင်ကျော်ကတော့ မီးရောင်ဖြင့် မှတ်တမ်းများကို ရေးမှတ်နေသည်။

မဟူရာရှိသောနေရာသို့ လှမ်းကြည့်လိုက်တော့ မီးဖိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးမှာ စောင်တစ်ထည်ကို ခေါင်းမြီးခြုံကာ အိပ်နေသည်ကို လှမ်းမြင်နေရသည်။

သူမလည်း ငြိမ်သက်နေသောကြောင့် အိပ်ပျော်နေဟန်ရှိသည်။

ဒီကနေ့ညတော့ ဒေါက်တာမင်းထင်ကျော် ရှိနေ၍လား မပြောတတ်ပေ။

ထူးထူးခြားခြား မတွေ့ရပေ။

သို့ကြောင့် ညဉ့်နက်ပိုင်း ရောက်သောအခါ မှတ်တမ်းများကိုသိမ်းပြီး တစ်ရေးအိပ်လေသည်။

သူအိပ်ပျော်သွားစဉ် နားထဲမှာ စကားပြောသံလိုလိုကြားရသဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။

စကားပြောသံက ဂူအပြင်ဘက်မှ ကြားနေရခြင်းဖြစ်သည်။ မီးရောင်က ရှိနေသေးသောကြောင့် အိပ်နေသူများကိုကြည့်လိုက်တော့ မဟူရာတစ်ယောက်မှလွဲပြီး ကျန်သုံးယောက်က နေရာမှာ ရှိနေကြသည်။

အချို့မှာ အိပ်ပျော်နေရာမှ ဟောက်သံများပင် ထွက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှမထသေးပဲ နားစွင့်ကြည့်သော်လည်း စကားသံများက သဲကွဲခြင်းမရှိပေ။

ပထမတော့ ထပြီး တစ်နေရာမှ ချောင်းမြောင်းကြည့်ရန် စိတ်ကူးမိသော်လည်း နောက်တော့ ထိုသို့ပြုလုပ်ရန်မှာ မသင့်လျော်သောကြောင့် လက်လျှော့လိုက်ရလေသည်၊

ထို့နောက်မှာတော့ စိတ်ကိုလျှော့ပြီး ပြန်အိပ်လေရာ





ကြာခင်မှာပင် ပြန်အိပ်ပျော်သွားပြန်၏။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ၊ မိကျောဘက်မှ ပူနွေးသော အတွေ့အထိတစ်ခုကြောင့် ပြန်နိုးလာရပြန်သည်။

သူ့ကျောနှင့်ကပ်လျက်သားနေရာမှာ တစ်ယောက်ရှိနေသဖြင့် အသာငဲ့စောင်းပြီး လှည့်ကြည့်လိုက်သောအခါ အခြားသူမဟုတ်ပဲ မဟူရာဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် နေရာမှ အသာထလိုက်သည်။

မဟူရာကတော့ အိပ်မောကျနေဟန်ဖြင့် ငြိမ်သက်နေသည်။ ဒေါက်တာမင်းထင်ကျော်က သူမမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

မီးပုံမှ မီးရောင်ဖြင့် တစ်စွန်းတစ်စမြင်နေရသော သူမမျက်နှာလေးမှာ အပြစ်ကင်းစင်စွာ ရှိနေပြန်၏။

စောစောက အပြင်ဘက်မှ ကြားရသောအသံမှာ သူမအသံမှဟုတ်ရဲ့လားဟု သံသယဝင်စရာရှိလေသည်။

"ဒီမိန်းကလေးဟာ သာမန်တော့ ဟုတ်မယ်မထင်ဘူး၊ တို့အတွက် အန္တရာယ်အယှက်ပေးမယ့်သူမျိုး မဖြစ်ပါစေနဲ့လို့တော့ ဆုတောင်းရမှာပဲ"

ဟုတွေးတောရေရွတ်ကာ စောင်ကို သူမကိုယ်ပေါ် ခြုံးခဲ့ပြီး နေရာမှထလာခဲ့လေသည်။

ဂူအပြင်ဘက်မှာတော့ နှင်းများကျနေကာ အအေးဓါတ်များနေလေသည်။

သစ်ရွက်များပေါ်သို့ နှင်းကျသံများက တဖြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြောက်နှင့် မြည်နေရာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေသည်။

ဒေါက်တာမင်းထင်ကျော် ရင်ထဲမှာ အဖြေမရသေ
သော အတွေးများဖြင့် လှုပ်ရှားနေလေတော့သည်။

မဟူရာဆိုသော မိန်းကလေးသည် ပဟေဠိဆန်သော
မိန်းကလေးတစ်ယောက် ဖြစ်သည်ကတော့ အမှန်ပင် ဖြစ်လေ
တော့သည်။





# အခန်း (၁၂)

# မိစ္ဆာလိုဏ်ဂူမှ နတ်ဆိုးမိစ္ဆာ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ ဝမ်းပြည့်
အောင် စားသောက်ပြီးနောက် ထိုနေရာမှ ခရီးဆက်ကြလေ
သည်။ အလောင်းတော်ကဿပ လိုဏ်ဂူတော်ရှိသော နေရာ
စ်ဝိုက်လောက်သာ လူသူအရောက်အပေါက် ရှိသော်လည်း
ဘူလတောင်ဘက်သွားသော နေရာများမှာတော့ သာမန်
သွားများ၊ သစ်တောအလုပ်သမားများ မရောက်နိုင်ကြသော
ကြောင့် တောက ရှုပ်ထွေးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် တောနက်ပြီး၊ တောကြမ်းသော နေရာများ ပင် ဖြစ်ပေတော့သည်။

တောတောင်ကြီးများနှင့် သားရဲတိရစ္ဆာန်တို့ ပေါများသော နေရာဖြစ်သည့်အပြင် တောခြေရှုပ်ထွေးလှသောကြောင့် လူသွားလမ်း မရှိတော့ပေ။

သို့ကြောင့် လူတစ်ယောက်သွားရုံလောက် လမ်းများကို ခုတ်ထွင်ရှင်းလင်းပြီး သွားကြပေရာ များစွာခရီးကြန့်ကြာမှု ရှိ လေသည်။

ဝေဘူလတောင်ခြေရောက်သည်အထိပင် မနည်းကြိုး စားပြီး ခရီးဆက်ကြရသည်။

သူတို့နှင့်အတူ လိုက်ပါလာသော ထွန်းခနှင့်ရွှေလှတို့ နှစ်ယောက်မှာလည်း မဟာမြိုင်တောတွင်းမှာသာ နှံ့နှံ့စပ်စပ် သွားလာဖူးပြီး ယခုသွားနေသော နေရာများကို တစ်ကြိမ်တစ်ခါ မှပင် မရောက်ဖူးသောကြောင့် လမ်းပြမပေးနိုင်ကြတော့ပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က မြေပုံအကြမ်း တစ်ခုကို ခန့်မှန်းရေးဆွဲပြီး ရှေ့မှဦးဆောင်ကာ လမ်းပြသွား လေသည်။

အလောင်းတော်ကဿပ လိုဏ်ဂူရှိသော နယ်နိမိတ် ကျော်လွန်လာသောအခါမှာတော့ ထူးခြားမှုတစ်ခုကို စတင် တွေ့ကြရသည်။ ထိုအချိန်က ညနေပိုင်းအချိန်ဖြစ်သည်။

နေဝင်ရန် အချိန်ကျန်သေးသော်လည်း နေရောင်ကို မမြင်ရတော့ပေ. .။

နေရောင်ခြည် မရှိတော့သဖြင့် တောရိပ်များကြောင့်





ပိုမှောင်လာသလို ဖြစ်လာသည်။

ခန့်မှန်းမိသလောက်တော့ အလောင်းတော်ကဿပ လိုဏ်ဂူမှ နံနက်စောစောကတည်းက ထွက်လာခဲ့ကြရာ ယခု ညနေပိုင်းအချိန် ရောက်သည်အထိ ခရီးဝေးဝေး မရောက်ကြ သေးပေ။

လိုဏ်ဂူတော်ရှိသော နယ်နိမိတ်လွန်ရုံလောက်သာ ရောက်ကြသေးသည်။

ထိုနယ်နိမိတ်လွန်လာသောအခါ ညနေပိုင်းအချိန် မ ရောက်မီမှာပင် တောထဲမှာ ထူးထူးခြားခြား အမှောင်ရိပ်များ ဖုံးလွှမ်းလာချေပြီ။

"မမှောင်ခင် . . ဒီညအတွက်နားဖို့ လိုဏ်ဂူတစ်ခု တွေ့ အောင်ရှာကြရမယ်"

ထိုသို့ပြောနေစဉ်မှာ တောထဲမှ ဆူဆူညံညံ အသံများ ကြားလာရသည်။ ကြားရသောအသံက မြေပေါ်မှ မဟုတ်ပေ။

သစ်ပင်ထိပ်ဖျားရှိသော နေရာလောက်မှဖြစ်သည်။

"ဝေါ. . ဝေါ. . ဝေါ. ."

"ဘာသံတွေလဲ"

"ငှက်တွေပျံလာတဲ့ အသံမျိုးပဲ"

ထိုသို့ပြောနေကြစဉ်မှာ သူတို့ဦးခေါင်းပေါ်ရှိ သစ်ပင် များအပေါ်သို့ တောကျီးကန်းကြီးများ ရောက်လာကြသည်။

တောကျီးကန်းကြီးများက သာမန်ကျီးကန်းတို့ထက် အကောင်အရွယ်အစား ပိုကြီးပြီး နှုတ်သီးကလည်း ချွန်ထက်လှ သည်။



www.burmeseclassic.com

www.burmeseclassic.com



သာမန်နှင့်မတူပဲ မျက်လုံးများက နီရဲနေကာ အော်သံ များကလည်း မကောင်းဆိုးဝါးများအသံကဲ့သို့ စူးစူးဝါးဝါး ရှိလှသည်။

ရာပေါင်းများစွာသော တောကျီးကန်းအုပ်ကြီး သူတို့ကိုမြင်သောအခါ ရှေ့ဆက်မပျံဝဲတော့ပဲ. . နီးစပ်ရာ သစ် ပင်သစ်ကိုင်းများပေါ် သို့ ဝင်နားကြရာ ကြည့်နေရင်းမှာပင် သစ် ပင်တို့ကို မမြင်ရတော့ဘဲ မည်းမည်းလှုပ်သွားတော့သည်။

ကျီးသေတစ်ကောင်ကို မြင်သဖြင့် ကျီးကန်းအုပ်ကြီး ဝိုင်းအာနေသကဲ့ သူတို့ကိုအပေါ်မှ ငုံ့ကြည့်ပြီး ဝိုင်းအာနေကြ ရာ တစ်တောလုံးဆူညံနေတော့သည်။

“ဒါ. . သာမန်တောကျီးကန်းအုပ် မဖြစ်နိုင်ဘူး၊ နီး ရာ ဂူပေါက်ရှာပြီး ဝင်နေနိုင်မှ အန္တရာယ်ကင်းမယ်”

ဟု ဆရာကြီးသူရဋ္ဌက တိုးတိုးပြောသည်။

ထိုသို့ပြောသဖြင့် ပတ်ဝန်းကျင် အခြေအနေကို အ ခတ်ကြည့်ရာ သူတို့ရောက်နေသော နေရာနှင့် မနီးမဝေးနေ လောက်တွင် ကျောက်တောင်ကြားကဲ့သို့ဖြစ်နေသော နေ တစ်နေရာကို လှမ်းမြင်ရသည်။

ရောက်နေသောနေရာမှ မိနစ်အနည်းငယ်လောက် သုတ်သုတ်သွားလျှင် ရောက်နိုင်လောက်သော နေရာဖြစ်သဖြ ဒေါက်တာမင်းထင်ကျော်က လက်ညှိုးထိုးပြလိုက်သည်။

“သူတို့ကြည့်ရတာ ကျွန်တော်တို့ လှုပ်တာနဲ့ ချက်ချ ဆင်းလာပြီး တိုက်ခိုက်ကြမယ့်ပုံပဲ၊ ဒီအတိုင်းနေလို့လည်း မဖြ တော့ စွန့်စားကြရမှာပဲ”





ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က မိမိတို့ရှာပါလာ သော အခြားလက်နက်များထက်၊ ဓါးနှင့်တောင်ဝှေးအဖြစ် အ သုံးပြုလာသော ဝါးတုတ်များနှင့်ကာကွယ်ရန် မှာကြားပြီးနောက် ကျီးကန်းများ နားနေသောနေရာသို့ သေနတ်ဖြင့် လှမ်းပစ်လိုက် လေသည်။

“ဒိုင်း. . ဒိုင်း. . ”

“အား. . အား. . အား”

တိတ်ဆိတ်နေသော တောထဲမှာ သေနတ်သံနှင့် ကျီး ကန်အော်သံတို့မှာ ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။

သေနတ်သံကြောင့် တောကျီးကန်းများ လန့်ပျံကြသည် ကို အခွင့်ကောင်းယူကာ တောင်ကြားရှိရာသို့ ပြေးကြလေသည်။

သို့သော်. . ပျံသည့်ကျီးကန်းက ပျံသွားသော်လည်း အ ခြားကျီးကန်းများက နောက်မှထိုးဆင်းလာကာ ဝိုင်းဝန်းတိုက် ခိုက်ကြလေတော့သည်။

တောကျီးကန်းကြီးများမှာ ပျားပိတုန်းများ ပျံဝဲထိုးဆင်း လာသကဲ့သို့ ထိုးဆင်းလာပြီး နှုတ်သီးချွန်များဖြင့် ထိုးဆိတ်တိုက် ခိုက်ကြခြင်းဖြစ်ရာ လက်ထဲမှ ဝါးလုံး၊ ဓါးတို့ဖြင့် ရိုက်ပုတ်ပစ် ရသည်။

ထိုသို့ ရိုက်ပုတ်ရင်းမှပင် တောင်ကြားရှိရာသို့ ပြေးကြရ သည်။

သို့သော်လည်း တောကရှုပ်နေသောကြောင့် လွယ် လွယ်မသွားနိုင်ပဲ လဲပြိုနေကြသည်။

တစ်ယောက်လဲကျသွားလျှင် တောကျီးကန်းများက



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်းထိုးဆိတ်ရန် ထိုးဆင်းလာကြရာ ကျန်လူများက ကာကွယ်ပေးကြရသည်။ ၎င်းတို့မှာ ဦးထုပ်နှင့် အဝတ်အစားထူထူများ ဝတ်ထားကြသည်မို့ ကျီးကန်းများထိုးဆိတ်သောဒဏ်မှ အတန်အသင့် ခံသာသည်ဆိုသော်လည်း . . အဝတ်မရှိသော နေရာများကို ထိုးဆိတ်မိပါက ဒဏ်ရာများရကာ သွေးဖြိုင်ဖြိုင်ကျလာတော့သည်။

အရေးကြီးဆုံးကတော့ မျက်လုံးကို မထိုးဆိတ်မိအောင် ကာကွယ်ကြရလေသည်။

နောက်ဆုံးမှာတော့ အားလုံး ဒဏ်ရာဒဏ်ချက် အသီးသီးရကာ ကျောက်တောင်ကြားသို့ ရောက်သွားကြသည်။

တောကျီးကန်းကြီးများက ကျောက်တောင်ကြားအထိတော့ ဝင်မလိုက်လာကြပေ။

သူတို့သည် ကျောက်တောင်နှစ်ခုကြားသို့ ဝင်လာကြပြီး လေကွယ်နှင်းကွယ် နေရာတစ်ခုရောက်မှ စခန်းချကြသည်။

ထိုနေရာရောက်တော့ မီးဖိုပြီး ရေနွေးအိုးအရင်တည်သည်။ ရေနွေးပူပူလေးရတော့မှ ဒဏ်ရာဒဏ်ချက်များကို ရေနွေးဖြင့်ဆေးကြောကာ ပါလာသောဆေးများ ထည့်ကြရသည်။

သူတို့အဖွဲ့မှာ မဟူရာတစ်ယောက်မှလွဲပြီး ကျန်ခုနစ်ယောက်တို့မှာ အနည်းနှင့်အများဆိုသလို ဒဏ်ရာဒဏ်ချက်များရကြသည်။

ထူးထူးခြားခြား မဟူရာတစ်ယောက်ဘာ ဒဏ်ရာမှ မ...တဲ ရှိလေသည်။

အသီးသီးဆေးထည့်ပြီးတော့ ပါလာသော အသီးအ...





များကိုစားပြီး ပရိတ်ရေကိုသာ သောက်ကြသည်။

မဟူရာကတော့ အသီးအနှံအနည်းငယ်ကိုသာ စားပြီး ပရိတ်ရေကိုတော့ မသောက်ပေ။

ဘယ်သူကမှ ပါလာရေကို 'ပရိတ်ရေ' ဟုမပြောပါပဲနှင့် သူမ ဝါးကျည်တောင့်များနှင့် ထည့်ယူလာသော ပရိတ်ရေကို မသောက်ခြင်းဖြစ်သည်။

ညဘက်ရောက်တော့ ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော်ရှိရာသို့ ရောက်လာပြီး တိုးတိုးပြောသည်။

"မောင်ထင်ကျော် ကျုပ်တို့နဲ့ပါလာတဲ့ မိန်းကလေးက ရိုးမှရိုးပါ့မလား"

"အဘက ဘယ်လိုထင်နေလို့လဲ"

"တောကျီးကန်းအုပ်ကြီးက ကျန်တဲ့သူတွေကို တစ်ယောက်မှ အလွတ်မပေးပဲ သူတစ်ယောက်တည်း ကွက်ချန်ထားခဲ့တာ မထူးဆန်းဘူးလား"

"ကံကောင်းလို့ ကျန်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပါ"

"ဒါဖြင့် ကျုပ်တို့ယူလာတဲ့ ပရိတ်ရေကို မသောက်တာကရော ထူးဆန်းတယ်လို့ မထင်ဘူးလား"

"အင်း. . ဒါလည်း"

ဒေါက်တာမင်းထင်ကျော်က လေးလေးနက်နက် စဉ်းစားနေသည်။ အလောင်းတော်ကဿပ လိုဏ်ဂူမှာ ရှိစဉ်က သူမ ပြောပြသော အိမ်မက်အကြောင်းကို ပြန်လည်သတိရနေသည်။

"အဘက ဘယ်လိုထင်နေလို့လဲ"

"ရိုးရိုး မိန်းကလေးတစ်ယောက် မဟုတ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ်၊ သူဟာ ကျုပ်တို့ကို အနှီးကပ်ဒုက္ခပေးမယ့် မိစ္ဆာ တစ်ယောက် မဟုတ်ဘူးလို့ မပြောနိုင်ဘူး"

"ဒါဖြင့် ကျွန်တော်တို့နဲ့ ဘာကြောင့်လိုက်လာတာလဲ"

"သူ့မှာ အကြောင်းတစ်ခုရှိလို့ ဖြစ်လိမ့်မယ်၊ သူနဲ့ပတ်သက်ပြီး ပေါ့ပေါ့နေလို့မရဘူး၊ သတိတစ်ချက်လစ်တာနဲ့ အားလုံးသေသွားနိုင်တယ်"

ဟု သတိပေးသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရရင် ကောင်းမလဲ"

"အကောင်းဆုံးကတော့ သူ့ကိုတစ်နေရာမှာထားခဲ့ရရင် ပိုမကောင်းဘူးလား"

"သူဘာလဲဆိုတာ သေသေချာချာ မသိရသေးဘဲနဲ့ ဒီလိုလုပ်လို့ မဖြစ်သေးဘူး၊ နောက်ပြီးသူက အခုအချိန်ထိ ကျွန်တော်တို့ကို ဒုက္ခပေးသေးတာမှ မဟုတ်တာ"

"ဒါပေမယ့် သူ့ကို သတိတော့ထားကြရမယ်"

ဟုပြောဆိုကာ ဦးဗန်ကောင်းက သူ့နေရာသို့ ပြန်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှာ စောင်ခြုံပြီး အိပ်နေသော မဟူရာကို မသိမသာ လှမ်းကြည့်လိုက်သည်။

ယခုတော့လည်း သူမသည် ဘာကိုမှ သိဟန်မတူပဲ အပြစ်ကင်းစင်စွာ အိပ်ပျော်နေဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ သူမကိုကြည့်နေရင်းမှ ဝေခွဲမရအောင် ဖြစ်နေမိသည်။

သူမနှင့် တွေ့ခဲ့ရပြီးနောက်ပိုင်း ထူးခြားမှုများကိုလည်း ပြန် စဉ်းစားနေမိသည်။





တချို့နေရာများမှာ ထူးခြားမှုရှိသည်ဆိုသော်မှ သက်ဆိုင်မှု တစ်ခုခုလည်း ဖြစ်နိုင်ပေသည်။

သို့ကြောင့် အခြေအနေစောင့်ကြည့်ပြီး ထူးခြားသော တစ်ခုခုဆုံးဖြတ်ရန် တွေးလိုက်ပြီးနောက် စောင်ကိုခြုံပြီးအိပ်သောရာ မကြာခင် အိပ်ပျော်သွားလေတော့သည်။

သူတို့အားလုံးမှာ တောကျိုးကန်းကြီးများ ထိုးဆိတ်ထားမှုကြောင့် ဒဏ်ရာဒဏ်ချက်များ အသီးသီးရထားကြရာ ဆေးများလိမ်းထားသည်ဆိုသော်လည်း အေးလာသောအခါ တစစ်စစ်နှင့် နာကျင်ကိုက်ခဲမှုကို ခံကြရသည်။

သို့သော်လည်း ကြိတ်မှိတ်သည်းခံပြီး အိပ်ကြလေရာ အသီးသီး အိပ်ပျော်သွားကြလေသည်၊

ညဉ့်နက်ပိုင်းရောက်သောအခါ တောင်ကြားအပြင်ဘက်မှာရှိသော ကျောက်တောင်စွန်းပေါ် သို့ ငှက်တစ်ကောင် လာနားလေသည်။

ညအချိန်ရောက်လျှင် အပြင်ထွက်လေ့မရှိသော တောကျိုးကန်းကြီးတစ်ကောင်ပင်ဖြစ်၏။

တောကျိုးကန်းကြီးက အတောင်တဖျပ်ဖျပ်ခတ်ရင်း. . ကျောက်စွန်းပေါ် သို့ ဝင်နားပြီးနောက် နီရဲနေသော မျက်လုံးဖြင့် အတွင်းမှာ အိပ်ပျော်နေကြသူများကို လှမ်းကြည့်နေလေသည်။

ထိုသို့ကြည့်နေရာ ခဏကြာတော့ အခြားသူများ မနိုးကြဘဲ မဟူရာတစ်ယောက်တည်း ဖျတ်ခနဲ လန့်နိုးလာလေတော့သည်။ သူမသည် အိပ်နေရာမှ နိုးလာပြီးနောက် ခေါင်းမော့ကာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားအပေါက်ဝ ကျောက်စွန်းပေါ်၌နားနေသော တောကျီးကန်းကြီးကို မြင်သောအခါ မျက်နှာပျက်သွားသည်။ တောကျီးကန်းကြီးက မျက်လုံးနီနီဖြင့် စူးစူးစိုက်စိုက်ကြည့်နေသည်ကို မြင်ရတော့မှ သဘောပေါက်သွားလေတော့သည်။

သို့ကြောင့် အိပ်နေရာမှ အသာထလိုက်ပြီး အိပ်နေသူများကို ကြည့်လိုက်သည်။

သူမှလွဲပြီး ကျန်လူများမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြလေသည်။

ထိုအခြေအနေကိုမြင်တော့ စောင်ကိုခွာချပြီး နေရာမှ အသာထလေသည်။

အိပ်နေသူများကို တစ်ချက်ကြည့်ပြီးနောက် တောကျီးကန်းကြီး နားနေရာသို့ လျှောက်သွားလေသည်။

ထို့နောက်မှာတော့ တောကျီးကန်းကြီးနှင့်အတူ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားလေတော့သည်။

နောက်တစ်နေ့ အရုဏ်တက်ခါနီး အချိန်ရောက်တော့ ဂူပေါက်ဝတစ်ခုသို့ ရောက်သွားလေသည်။

ထိုဂူပေါက်ဝမှာ ဝေဘူလတောင် အနောက်ဘက် သုံးမိုင်ခန့်အကွာ၌ရှိသော မိစ္ဆာလိုဏ်ဂူ အပေါက်ဝပင် ဖြစ်ပေသည်။

ဂူပေါက်ဝရောက်တော့ သူမကိုခေါ်လာသော တောကျီးကန်းကြီးက တအားအားနှင့်အော်ကာ အဝေးသို့ ပျံထွက်သွားလေတော့သည်။

မဟူရာက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဂူအတွင်းသို့ ဝင်





သွားလေသည်။

သူမ အတွင်းရောက်တော့ ဂူအတွင်းပိုင်းမှ တစ်ကိုယ်လုံး အဝတ်နက်ကြီးခြုံထားသော အဘွားကြီးတစ်ယောက် ထွက်လာလေသည်။

ပျောက်နေသော သူမ၏အဘွား . . ဒေါ်ဂနီပင် ဖြစ်ပေတော့သည်။

မဟူရာက မမျှော်လင့်ဘဲ ဒေါ်ဂနီနဲ့ ပြန်တွေ့ရသောကြောင့် ဝမ်းသာသွားလေသည်။

"ဟင် . . အဘွား၊ အဘွားမသေဘူးနော်"

"မသေလို့ ပြန်တွေ့ရတာပေါ့၊ နင့်ကို ဒီနေရာရောက်အောင် ငါဘယ်လိုခေါ်ခဲ့ရတယ်ဆိုတာ သိပြီမဟုတ်လား"

"ခုတော့ သိပါပြီ၊ ဒါဖြင့် . . သူတို့လိုချင်တဲ့ စာအုပ်က အဘွားဆီမှာ ရောက်နေတာပေါ့နော်"

"ဟုတ်တယ် ဒီစာအုပ်ကိုရဖို့ ငါဘယ်လောက်ကြိုးစားခဲ့ရတယ် မှတ်သလဲ"

"ဘာကြောင့် ဒီလိုယူရတာလဲဟင်"

"ဒီစာအုပ်ကို တခြားလူတွေ လက်ထဲမှာရှိနေရင် ငါတို့လိုမိစ္ဆာတွေအတွက် အန္တရာယ်ကြီးတယ်၊ ဒါကြောင့် ဘယ်သူမှ ရှာမတွေ့နိုင်တဲ့နေရာကို ယူလာပြီး ဖွက်ထားလိုက်ရတာပေါ့"

"ဒါပေမယ့်-သူတို့က စာအုပ်ရှိတဲ့နေရာကို သိနေကြတယ်၊ ဒါကြောင့် လိုက်လာကြတာ ဒီဂူနဲ့အတော်နီးတဲ့နေရာကို ရောက်နေကြပြီ"

"ဒါတွေ ငါသိပါတယ်၊ မနေ့က ရောက်လာတဲ့ တော



www.burmeseclassic.com

www.burmeseclassic.com



ကိုးကန်းတွေဘာ တခြားမဟုတ်ဘူး၊ ငါဖန်ဆင်းလွှတ်လိုက်တဲ့ မိစ္ဆာတွေပဲ၊ သူတို့သာ ဒီနေရာရောက်လာကြရင်တော့ ငါ့လက်နှက်နဲ့ အားလုံးသေကြရမှာပဲ”

“ဒီလိုတော့မလုပ်ပါနဲ့ အဘွားရယ် ကျွန်မ တောင်းပန်ပါရစေ၊ သူတို့က လူကောင်းတွေပါ ကျွန်မကို ဒုက္ခတွေထဲက ကယ်တင်ပေးခဲ့ကြတဲ့သူတွေပါ”

“ဒီလောက်နဲ့တော့ သူတို့လုပ်ချင်တိုင်း လုပ်လို့ရမယ် ထင်နေသလား၊ သူတို့က ငါ့ကို စုန်းမတစ်ယောက်လို့ ထင်နေကြတယ်၊ တကယ်တော့ ငါက နတ်ဆိုးမိစ္ဆာဘဝ ရောက်နေပြီ၊ ဒီစာအုပ်ကိုတော့ သူတို့လက်ထဲကို ဘယ်နည်းနဲ့မှ အပါမခံနိုင်ပါဘူး၊ ဒီစာအုပ်သာ သူတို့လက်ထဲ ရောက်သွားရင် ငါအပါအဝင် မိစ္ဆာတွေအားလုံး ဒုက္ခရောက်ကြရလိမ့်မယ်၊ ဒီလိုတော့ အဖြစ်မခံနိုင်ပါဘူး၊ ငါကတော့ သူတို့ကို အကြောင်းမဲ့မသတ်ချင်ပါဘူး၊ ဒါပေမယ့် ငါ့ပိုင်နက်ထဲဝင်လာရင်တော့ တစ်ယောက်မှ အလွတ်မပေးဘဲ သတ်ပစ်ရမှာပဲဟေ့”

'ဟု ပြောဆိုကြိမ်းဝါးနေလေသည်။

မဟူရာခမျာမှာတော့ ဘာမှမတတ်နိုင်ရှာပဲ ဒေါက်တာ မင်းထင်ကျော်တို့အတွက် စိုးရိမ်သောက ရောက်နေလေသည်၊ ဂူအပြင်မှာ အလင်းရောင်များ ဖြန့်ကြက်စပြုလာချေပြီ။





# အခန်း (၂)

# မရဏတောကြမ်းနှင့် မာယာကျော့ကွင်း

ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်များက ဖြန့်ကြက်စပြုလာချေပြီ။ ထိုအချိန်ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်တို့တစ်ဖွဲ့လုံး အိပ်ရာမှနိုးလာကြသည်။

နိုးလာကြတော့မှ မဟူရာတစ်ယောက် မရှိတော့မှန်း သိကြရပေသည်။ ပထမတော့ တစ်နေရာသွားပြီး ကိုယ်လက်သန့်စင်နေသလားဟု ထင်သော်လည်း အချိန်အတော်ကြာသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ပြန်ရောက်မလာတော့မှ ပျောက်နေမှန်း သိလေရလေတော့သည်။

"သူဘယ်ရောက်သွားပြီလဲ၊ အန္တရာယ်နဲ့ တွေ့သွားပြီလား"

"ဒီမှာ အားလုံးရှိနေကြတာပဲ အန္တရာယ်တွေ့တာတော့ဟုတ်မယ်မထင်ဘူး၊ သူ့ဘာသာ ထွက်ပြေးသွားတာပဲ ဖြစ်ရမယ်"

"ပြေးတယ်ဆိုရင် ဘယ်နေရာကို ပြေးမလဲ"

"သူက ကျုပ်တို့နဲ့လိုက်ချင်လို့ လိုက်လာတာ ဟုတ်ဟန်မတူဘူး၊ သူသွားချင်တဲ့ နေရာရောက်အောင် ဥပါယ်တံမျဉ်နဲ့ လိုက်လာခဲ့တာ ဖြစ်နိုင်တယ်၊ အခုသူသွားချင်တဲ့ နေရာရောက်လို့ ထွက်သွားတာပဲ ဖြစ်ရမယ်"

"ဘယ်နေရာဖြစ်နိုင်သလဲ"

"ဒီနေရာနဲ့ အနီးဆုံးနေရာမှာ မိစ္ဆာလိုဏ်ဂူ ရှိနေပြီဆိုတော့ အဲ့ဒီနေရာကို သွားတာဖြစ်နိုင်တယ်"

"ကျွန်တော်တို့က ကိုယ့်ကို အန္တရာယ်ပေးမယ့် မိစ္ဆာကိုမှ တကူးတက ခေါ်လာသလို ဖြစ်နေပြီ"

"ဒါပေမယ့် သူဘာမှ ဒုက္ခပေးမသွားတာ တော်သေးတယ်လို့ ပြောရမှာပဲ"

"ဒါပေမယ့် တစ်နေရာမှာ သူနဲ့ပြန်တွေ့နိုင်သေးတယ်၊ အဲ့ဒီအချိန်ကျရင် အခုလို ဒုက္ခမပေးပဲ နေမယ်မထင်ဘူး"

ဟု ပြောဆိုနေကြလေသည်။

ထိုသို့ပြောဆိုနေကြစဉ် ဆရာကြီးသူရဇ္ဇက ဝင်ပြောသည်။





"မဟာမြိုင်ဘိုးဘိုးကြီး မှာလိုက်သလို မိစ္ဆာတွေနဲ့ ရင်ဆိုင်တွေ့ရမယ်ဆိုတာ မှန်လောက်တယ်၊ ဒီတော့ . ဒီနေရာက ထွက်ခင်မှာ ကိုယ့်ဖို့ကိုယ့်တာ လုံအောင် ထပ်ပြီးလုပ်ကြရမယ်"

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ဒီနေရာတွေမှာ တခြားလူတွေကို အားကိုးလို့ မရနိုင်ကြတော့ဘူးဆိုတော့ ကိုယ့်ဘာသာကိုယ်ပဲ အားကိုးကြရမှာပဲ၊ ကျုပ်တို့မှာ အားကိုးစရာရှိတာကတော့ ရတနာသုံးပါးနဲ့ ပရိတ်တရားတော်တွေပဲ . ပရိတ်ရေ၊ ပရိတ်ကြိုးတွေ များများဆောင်သွားတာ မများဘူး"

ဟုပြောဆိုကာ ထိုနေရာမှာပင် ပရိတ်ရေ၊ ပရိတ်ကြိုးများရစေရန် ပရိတ်တရားတော်များနှင့် ဂါထာမန္တန်များ ရွတ်ဆိုကြလေသည်။

အားလုံးပြီးတော့မှ အစားအသောက်များကို ဝအောင်စားသောက်ပြီး ထိုနေရာမှ စတင်ကာ ထွက်ခဲ့ကြလေသည်။

သူတို့သည် ဝေဘူလတောင်၏ အနောက်ဘက်သို့ ဦးတည် ပြီး ခရီးထွက်ခဲ့ကြရာ နေ့လယ်ပိုင်း အချိန်ရောက်တော့ တောအုပ်အတွင်းသို့ ရောက်သွားကြသည်။

ထိုတောအုပ်သို့ ရောက်သောအခါ ခေတ္တနားနေကြလေသည်။

"အခု ခရီးထွက်ခဲ့ကြတာ နှစ်မိုင်လောက်ရှိပြီဆိုတော့ နေမဝင်ခင်တော့ မရဏလိုဏ်ဂူကို ရောက်သွားနိုင်တယ်"

ဟုပြောဆိုရင်း နားနေစဉ် နားထဲမှာ ထူးခြားသောအသံမျိုး ကြားလာကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်အတွင်းမှ တဝီဝီနှင့်ပျံ့လာသော အသံများမှ

ဖြစ်လေသည်။

"ဦးဇန်ကောင်းရေ ဘာသံလဲဗျ"

"ပျားတွေလား၊ ပိတုန်းတွေလား မသိဘူး ဆရာကြီး"

"ပျားဆိုရင် ပန်းခတ်ဖို့သွားမှာပဲ၊ ပိတုန်းကလည်း

လောက်များများစုပြီး လူတွေကို ဒုက္ခပေးလေ့မရှိဘူး၊ တကယ်

ကျုပ်တို့ကို တိုက်ခိုက်ဖို့လာတာဆိုရင်တော့ မိစ္ဆာတွေလက်ချ

ဖြစ်မှာပဲ"

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ကျုပ်လွယ်အိတ်ထဲမှာ ပိတုန်းရုပ်တစ်ရုပ်ပါတယ်. .

ဟုတ်မဟုတ် အဲ့ဒါနဲ့ စမ်းကြည့်ရမှာပဲ"

ထိုအရုပ်မှာ ပိတောက်သားဖြင့် ပြုလုပ်ထားသော. .

(လှည်း)ပတောင်းကို ပိတုန်းရုပ်တုပြီး အတွင်း၌ ပြဒါးသွင်းထား

သော ရုပ်တုဖြစ်သည်။

တစ်ကိုယ်လုံးနက်မှောင်လျက်ရှိပြီး မျက်လုံးက နီရဲ

သည်။ မကြာမီ မနီးမဝေးသို့ ရောက်လာသော ပိတုန်းအုပ်ကြီး

များမှာ အကောင်အရွယ်အစား ကြီးသဖြင့် ၎င်းတို့ပျံ့လာသော

ကြောင့် အသံများမှာ ဆူညံနေတော့သည်။

ဆရာကြီးက လွယ်အိတ်အတွင်းမှ ပိတုန်းရုပ်ကလေး

ထုတ်ယူပြီးနောက် သက်ဆိုင်ရာ ဂါထာမန္တန်များ ရွတ်ဆို

နောက် မနီးမဝေးရောက်လာသော ပိတုန်းအုပ်အတွင်းသို့

ပေါက်လိုက်လေတော့သည်။

ထိုသို့ပစ်ပေါက်လိုက်သည်နှင့် 'ဝေါ'ခနဲ အသံတစ်ချ





ကြားလိုက်ရပြီးနောက် မနီးမဝေးရောက်လာသော ပိတုန်းအုပ်

ကြီးမှာ ပျောက်သွားလေတော့သည်။

ထိုအခါမှ ဆရာကြီးသူရဇ္ဇက ထိုနေရာသို့လျှောက်သွား

၍ မြေပေါ်သို့ကျနေသည့် ပိတုန်းရုပ်ကလေးအား ပြန်ကောက်

ယူလာပြီး လွယ်အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

"အန္တရာယ်တစ်ခုတော့ ရှင်းသွားပြီ၊ ရှေ့မှာဘယ်လို

အန္တရာယ်မျိုးတွေနဲ့ တွေ့ရဦးမယ်မသိဘူး၊ အချိန်ရှိတုန်း သွား

ကြရအောင်"

ဟုပြောသဖြင့် ထိုနေရာမှ ထွက်ခဲ့ကြသည်။

"ဆရာကြီးရဲ့ပိတုန်းရုပ်က. . တယ်လည်းနေရာကျပါ

လား"

"ပိတုန်းလာတော့လည်း ပိတုန်းနဲ့ ပြန်လုပ်ရတာပေါ့၊

ပိတုန်းက အစီအရင်နဲ့ လုပ်ထားတဲ့ ပြဒါးပိတုန်းလေ၊ သူ့နေ

ရာနဲ့သူတော့ အသုံးဝင်တာပါပဲ"

ဟုပြောပြသည်။

ဆရာကြီးသူရဇ္ဇက အင်္ဂရတ်အစီအရင် အဆောင်များ

များကို ပေါက်မြောက်အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ယခုလို အစီ

အရင် ပြုလုပ်ရာမှာတော့ များစွာအောင်မြင်လေသည်။

တွေ့ကြုံရသော အန္တရာယ်တို့ကို ယခုကဲ့သို့ အလွယ်တ

ကူ ဖယ်ရှားပေးနိုင်သည်ကို မြင်ရသောအခါမှာ နောက်မှလိုက်ပါ

လာသူများမှာလည်း အတော်အသင့် အားရှိသွားကြလေသည်။

ထိုသို့ စကားတပြောပြောနှင့် လျှောက်လာကြရာ တော

အုပ်တစ်ခုမှ လွန်သောအခါ အဝေးတစ်နေရာ၌ ဂူပေါက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမြင်ရလေသည်။

သူတို့ရောက်နေသောနေရာမှာ တောင်ကုန်းတစ်ခု
ဖြစ်သဖြင့် လှမ်းမြင်ကြရခြင်းဖြစ်ပြီး ကြားမှ တောအုပ်တစ်ခု
ဖြတ်သွားရပေဦးမည်။

"ကြားထဲမှာ တောအုပ်တစ်ခုကို ဖြတ်ကျော်ရဦးမယ်
ဒီတောအုပ်ထဲမှာလည်း ကျုပ်တို့အတွက် အန္တရာယ်တွေနဲ့ ရှေ
နိုင်သေးတယ်၊ ဒီအန္တရာယ်တွေက သာမန်အန္တရာယ်မျိုးတွေ
မဟုတ်နိုင်ဘူးဗျ"

"မှန်ပါတယ်ဆရာကြီး"

"ဒါကြောင့်ဒီနေရာမှာတော့ မောင်ထင်ကျော်တို့ဆီ
ပါလာတဲ့ သေနတ်၊ ဓါး စတဲ့လက်နက်ကိရိယာတွေက သိပ်ပြီး
သုံးမတည့်လှပေဘူး၊ ကျုပ်တို့နှစ်ယောက်ဆီမှာ ပါလာတဲ့ အ
အရင်နဲ့လုပ်ထားတဲ့ ပစ္စည်းတွေက ပိုပြီးအသုံးတည့်ပေလိမ့်မယ်
ကျုပ်ဆီမှာလည်း ပါတန်သလောက် ပါလာတယ်၊ ခင်ဗျားဆီ
ရော ပါလာသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဒီပစ္စည်းတွေက ကျွန်တော်ခရီးထွက်တဲ့အ
တိုင်း သယ်ဆောင်လေ့ရှိတာမို့ အခုတစ်ခေါက်လည်း ပါလာ
တယ်"

"ကိုင်း. . ဒါဖြင့် နေမဝင်ခင် ဒီတောအုပ်က ဖြတ်ထွ
နိုင်အောင် ကြိုးစားကြရအောင်"

ဟုပြောသဖြင့် တောင်ကုန်းပေါ်မှာ ခေတ္တသာနားပြီး
နောက် ရှေ့သို့ခရီးဆက်ကြပြန်လေသည်။

တောအုပ်ထဲရောက်တော့ သတိကြီးစွာ ထားနေကြ





သည်။ ထိုတောမှာ လူသူအရောက်အပေါက် မရှိသည့်တော
ဖြစ်သောကြောင့် သစ်ပင်ကြီးများက ညို့နေပြီး နေပြောက်မထိုး
အောင်ရှိလေသည်။ တောထဲမှာတော့ ထွေထွေထူးထူး အန္တ
ရာယ်မတွေ့ရပဲ သာမန်တောတိရစ္ဆာန်တို့ကိုသာ တွေ့ရသည်။

တစ်နေရာရောက်တော့ ကြာပန်းများဖြင့် ဝေဆာနေ
သော ရေကန်တစ်ကန်တွေ့ရသည်။

တကယ်ဆိုပါက လမ်းခရီးတစ်လျှောက်လုံး ပင်ပန်းလာ
သည်ကတစ်ကြောင်း၊ ကိုယ်ပေါ်မှာရထားသော ဒဏ်ချက်တို့က
လည်း အကင်းမသေသေးသောကြောင့် ထိုနေရာမျိုးမှာ ခေတ္တ
နားပြီး ရေချိုး၊ သောက်ရေဖြည့်သင့်ပေသည်။

"ဟိုမှာ သောက်ရေကန်တွေ့ရပြီ၊ ကျွန်တော်တို့မှာ ပါ
လာတဲ့ ရေဘူးတွေထဲမှာ ရေလျော့နေပြီဆိုတော့ ရေဖြည့်လိုက်
ရင် မကောင်းဘူးလား ဆရာကြီး"

အတူပါလာသော ထွန်းခက မေးခြင်းဖြစ်သည်။

"မဖြည့်နဲ့တော့ လမ်းမှာတွေ့တဲ့ ရေမှန်သမျှ ဘယ်ရေမှ
မသောက်မိကြဖို့ အရေးကြီးတယ်၊ သောက်မိရင် အန္တရာယ်နဲ့
တွေ့နိုင်တယ်"

ဟုပြောသဖြင့် ထွန်းခလည်း ဆက်မပြောတော့ပေ။

နောက်တစ်နေရာရောက်တော့ ငှက်ပျောတော တစ်
တောကို တွေ့ရသည်။

အချို့အပင်များမှာ သီးနေသည့် ငှက်ပျောခိုင်များမှာ
ဝင်းမှည့်လျက် ရှိနေကြသည်။

အခိုင်ကကြီးသလောက် အလုံးတို့ကလည်း ကြီးမားသည်



www.burmeseclassic.com

www.burmeseclassic.com


လျှားလှသည်။

"ဟိုမှာ. . ငှက်ပျောခိုင်တွေ မှည့်နေတယ်၊ ခူးခဲ့ရမလား ဆရာကြီး"

"မခူးနဲ့. . ဒါ သာမန်ငှက်ပျောခိုင်တွေ မဟုတ်ဘူး လောက် ငှက်တွေ မျောက်တွေနဲ့ တိရစ္ဆာန်တွေ ပေါတဲ့တော ထဲမှာ သီးနေတဲ့ ငှက်ပျောခိုင်မှည့်တွေကို ဘယ်တိရစ္ဆာန်က မစားမသောက်ဘဲ ဒီအတိုင်းကျန်နေတာ ထူးဆန်းတယ်လို့ မထင်မိဘူးလား"

"အင်း. . ဟုတ်ပါရဲ့၊ စောစောက ရေကန်မှာလည်း ရေ သောက်တဲ့ တိရစ္ဆာန်တစ်ကောင်မှ မတွေ့ခဲ့ရဘူး"

"ဒါတွေက မိစ္ဆာတွေဖန်ဆင်းထားလို့သာ ဒီအတိုင်း ကျန်နေတာပါ။ စားမိသောက်မိရင်တော့ ဘေးအန္တရာယ်နဲ့ တွေ့မှာပဲ"

ထိုအခါမှပင် ထွန်းခနှင့်ရွှေလှတို့လည်း ဝင်းမှည့်နေ သော ငှက်ပျောခိုင်တို့ကို လှည့်မကြည့်တော့ဘဲ ရှိကြလေသည်။

ထို့နောက် ငှက်ပျောတောကို ကွင်းပြီး အခြားနေရာ ရှေ့သို့ခရီးဆက်ကြပြန်သည်။

တစ်နေရာရောက်တော့ စူးစူးဝါးဝါးအော်သံ ကြား ရပြန်သည်။

"ကယ်ကြပါဦး. . ကယ်ကြပါဦးရှင်၊ ဒီမှာ ဒုက္ခရောက် နေလို့ ကျွန်မကို ကယ်ပေးကြပါဦး"

ထိုအသံမှာ သူတို့ရှိသောနေရာနှင့် အတော်ဝေးဝေး နေရာမှ ကြားကြရခြင်းဖြစ်သည်။





ဒေါက်တာမင်းထင်ကျော်က နားစွင့်ကြည့်နေသည်။

သူ့စိတ်ထဲ၌ ထိုအော်သံမှာ မဟူရာအော်သံဖြစ်မည်ဟု ထင်နေသည်။

"ကျွန်မကို ကယ်ကြပါဦးရှင်၊ မကယ်ရင်တော့ သေရပါတော့မယ်"

နောက်ထပ်ကြားရတော့ ကျော်စွာက ပြောသည်။

"ဒါ မဟူရာရဲ့ အော်သံမဟုတ်လား"

"ဟုတ်တယ်. . . ဒါပေမယ့် သွားလို့မဖြစ်တော့ဘူး၊ သွားရင် အန္တရာယ်စက်ကွင်းထဲကို ရောက်သွားနိုင်တယ်၊ ဒီတော့ ကိုယ့်လမ်းကိုယ် သွားကြမယ်"

ဟုပြောပြီး ရှေ့သို့ဆက်ကြရာ တောမှထွက်ခါနီးသော အခါ ကြောက်စရာကောင်းသော အန္တရာယ်များက ဆီးကြိုနေတော့သည်။

သူတို့ကို ဝိုင်းနေသော သစ်ပင်အချို့က အသက်ဝင်လာပြီးနောက် နွယ်လက်တံများဖြင့် ရစ်ပတ်ဖမ်းဆီးရန် ကြိုးစားလာခြင်းပင် ဖြစ်ပေတော့သည်။

ကြည့်လိုက်တော့ တစ်နေရာတည်းမှမဟုတ်ဘဲ ကွေ့ရှောင်သွားစရာ လမ်းမရှိတော့အောင် လေးဘက်လေးတန် ဝိုင်းလာကြခြင်း ဖြစ်သည်။

"ဒါတွေက တောကျီးကန်းတွေထက် ပိုပြီးအန္တရာယ်များတယ်၊ ဓါးတွေ အဆင့်သင့် ကိုင်ထားကြပေတော့"

ဟုသတိပေးလိုက်သဖြင့် ပါလာသော ဓါးများကို ကိုင်ထားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



မြွေတစ်ကောင်ကဲ့သို့ တလူးလူး တလွန့်လွန့်ဖြင့် လူကို ရစ်ပတ်ရန် ဝင်လာကြသည့် နွယ်လက်တံများကို ဓါးဖြင့်ခုတ်ပိုင်း ပစ်ကြလေသည်။

ပြတ်ကျသွားသော နွယ်လက်တံများမှ သွေးကဲ့သို့ နီညို ရောင်အစေးများ ပန်းထွက်လာသည်ကို တွေ့ကြရသည်။

"ဒီမှာ ကြာကြာနေလို့ မရဘူး၊ တော်ကြာ တဖြည်းဖြည်း နဲ့ ပိုများလာလိမ့်မယ်၊ ဦးဇန်ကောင်း ခင်ဗျားမှာ သံသေဓါတ်လုံး ပါသလား"

"ပါတယ်ဆရာကြီး"

"ကျုပ်မှာလည်းပါတယ်၊ ကိုင်းအမြန်ထုတ်ဗျာ"

ဟုပြောပြီး နှစ်ယောက်စလုံး လွယ်အိတ်များထဲမှ ထည့် ယူလာသော သံသေဓါတ်လုံးတို့ကို ထုတ်လိုက်ကြသည်။

"ကျုပ်က ရှေ့ဆုံးကသွားမယ်၊ ခင်ဗျားကနောက်ဆုံးက လိုက်ခဲ့၊ ကျန်တဲ့လူတွေက အလယ်ကနေလိုက်ခဲ့ကြ၊ အနား ရောက်လာတဲ့ နွယ်လက်တံတွေကိုတော့ ဓါးနဲ့သာ ခုတ်ဖြတ်ကြ"

ဟုမှာကြားပြီး သံသေဓါတ်လုံးနှစ်လုံးကို ဂါထာမန္တန်တို့ ဖြင့် သိဒ္ဓိတင်ကြသည်။

ထိုအချိန်မှာ အသက်ဝင်နေကြသည့် သစ်ပင်တို့က မနီး မဝေးသို့ ရောက်လာကြသည်။

အချို့က နွယ်လက်တံရှည်များဖြင့် ရစ်ပတ်ဖမ်းဆီးရန် ဝေ့ယမ်းလာသည်။

ထိုလက်တံများကိုတော့ ဒေါက်တာမင်းထင်ကျော် ကျော်စွာ၊ ထွန်းခနှင့် ရွှေလှတို့လေးယောက်က တက်ညီလက်ညီ





ခုတ်ဖြတ်နေကြရသည်။

သံသေဓါတ်လုံးများကို သိဒ္ဓိတင်ပြီးသောအခါ ဆရာ ကြီးသူရဇ္ဇက ရှေ့ဆုံးမှသွားသည်။

ကျန်ငါးယောက်က အလယ်မှလိုက်ပြီး ဦးဇန်ကောင်းက နောက်ဆုံးမှ လိုက်လာသည်။

သူတို့နှစ်ယောက်လက်ထဲမှာတော့ သံသေဓါတ်လုံး တစ်လုံးစီသာ ကိုင်ထားသည်။

"သောကြာနံ့ သံကိုတောင် သေအောင်သတ်ထားမှ တော့. . သောကြာနံ့ သစ်ပင်တွေလောက်တော့ ဘယ်မှုပါ့မလဲ၊ ကိုင်း. . . လာကြစမ်းဟေ"

ဆရာကြီးသူရဇ္ဇက လက်ထဲမှ သံသေဓါတ်လုံးကို လက် ဖြင့်မြှောက်ကိုင်ကာ ရှေ့မှသွားလေသည်။

ထိုသို့ရဲရဲတင်းတင်း တိုးဝင်သွားသောအခါ လမ်းပေါ်မှ ပိတ်နေကြသည့် အသက်ဝင်နေသော သစ်ပင်တို့က ကြောက် လန့်တကြား ဘေးသို့ဖယ်သွားကြသည်။

အချို့ မလွတ်မလပ် ဖြစ်နေသည့် သစ်ပင်တို့ကို သံသေ ဓါတ်လုံးဖြင့်ထိလိုက်သည်နှင့် မီးနှင့်ထိလိုက်သကဲ့သို့ တွန့်လိမ် ကွေးကောက်ကာ ငြိမ်ကျသွားလေသည်။

ထိုအခါမှပင် ရှေ့သို့ရဲရဲတင်းတင်း တိုးဝင်ပြီး လျှောက် ကြရာ တောထဲမှထွက်ခါနီးသောအခါ စိတ်မကောင်းစရာ မြင် ကွင်းကို တွေ့ကြရလေသည်။

မဟူရာကို နွယ်လက်တံတစ်ခုက ရစ်ပတ်ထားမိသော ကြောင့် လေထဲမှာ တန်းလန်းကြီး ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်. . ကျွန်မကို ကယ်ပေးကြပါဦး၊ မကယ်ရင်တော့ သေရပါတော့မယ်ရှင်”

ဟု သနားစဖွယ် လှမ်းပြောနေလေသည်။

ဆရာကြီးသူရဋ္ဌ က တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

“သူ့ထိုက်နဲ့ သူ့ကံအတိုင်းပဲ ရှိပေစေတော့၊ အချိန်ရှိတုန်း တောထဲကထွက်ကြရအောင်”

ဟုပြောပြီး ရှေ့မှဆက်သွားရာ ဘာမှမတတ်နိုင်တော့ပဲ နောက်မှလိုက်သွားကြရတော့သည်။

“ကယ်ကြပါရှင် သေပါပြီ”

ဟူသော စူးစူးဝါးဝါး အော်သံတစ်ချက် ကြားရသဖြင့် ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းစွာဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ နွယ်လက်တံများက မြွေတစ်ကောင်ကဲ့သို့ အထပ်ထပ် ရစ်ပတ်ခံရသောကြောင့် သွေးများ မြေပေါ်သို့ကျလာပြီး အော်သံလည်း တဖြည်းဖြည်း ပျောက်သွားလေတော့သည်။ မတတ်နိုင်တော့ပေ။

နောက်ဆုံးမှာတော့ သူတို့အားလုံး မရဏတောကြမ်းအတွင်းမှ ထွက်နိုင်ခဲ့ကြပေသည်။





# အခန်း (၁၄)

# မှော်ကျူစာအုပ်ကို ပြန်လည်ရရှိခြင်း

အချိန်က ညနေပိုင်း အချိန်ရောက်နေချေပြီ။

အပြင်ဘက်မှ အလင်းရောင် ရှိနေသေးသော်လည်း မိစ္ဆာလိုဏ်ဂူအတွင်းမှာတော့ မှောင်နေသည်။

“ဒါ. . မဟာမြိုင်ဘိုးဘိုးပြောလိုက်တဲ့ မိစ္ဆာလိုဏ်ဂူပဲ ဖြစ်မယ်၊ အချိန်ရှိတုန်း အတွင်းသို့ ဝင်ကြရအောင်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်. . ဂူထဲမှာ အန္တရာယ်တွေရှိနေမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com

တယ် ဘာပဲဖြစ်ဖြစ် မကြောက်ကြနဲ့ . . ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုသာ အာရုံပြုထားကြ"

"ကောင်းပါပြီ ဆရာကြီး"

ဂူထဲဝင်ခါနီးတော့ ဒေါက်တာမင်းထင်ကျော်က ၎င်းတို့မှာပါလာသော လက်နက်များကို အရေးအကြောင်းရှိလျှင် အသုံးပြုရန် အဆင်သင့်ပြင်စေသည်။

"ဆရာကြီးတို့မှာပါတဲ့ သိဒ္ဓိရှိတဲ့ အစီအရင် ပစ္စည်းတွေကို အသုံးပြုသင့်တဲ့နေရာမှာ သုံးပြီး၊ ကျွန်တော်တို့မှာပါတဲ့ လက်နက်တွေကိုလည်း အသုံးပြုသင့်တဲ့နေရာမှာ သုံးရမယ်"

"ကြိုတင်ပြင်ထားတာတော့ မမှားဘူးပေါ့ မောင်ထင်ကျော်ရယ်"

ဒေါက်တာမင်းထင်ကျော်တို့တွင် ပြောင်းတို၊ ပြောင်းရှည် သေနတ်နှစ်လက်နှင့် ကျည်ဆံများအပြင် ထွန်းခနှင့်ရွှေလှတို့မှာ ဒူးလေးနှင့်မြား၊ ဓါး၊ လှံတိုများအပြင် ဝါးရင်းတုတ်အချို့လည်း ကိုယ်စီကိုယ်ငှ ပါကြသည်။

ဝါးရင်းတုတ်များကတော့ . . . လမ်းတစ်လျှောက်လုံး တောင်ဝှေးအဖြစ် အသုံးပြုခဲ့ကြပြီး အရေးအကြောင်းရှိပါက လက်နက်အဖြစ် အသုံးပြုနိုင်ရန် ကိုယ်စီကိုယ်ငှ ယူလာကြခြင်းဖြစ်သည်။

လက်နက်များကို အားလုံးအဆင်သင့် ပြင်ဆင်ပြီးနောက် ဂူအတွင်းသို့ စတင်ဝင်ကြသည်။

အမှောင်ထဲမှာအသုံးပြုရန် အားကောင်းသော လက်နှိပ်မီးများကို အသုံးပြုကြသည်။





အတွင်းသို့ရောက်တော့ လူသားများ တစ်ကြိမ်တစ်ခါမှ ခြေမချဖူးသေးသော ကမ္ဘာဦးက ကျောက်ဂူတစ်ခုအတွင်းသို့ ရောက်သွားရသကဲ့သို့ အထူးအဆန်း ဖြစ်နေတော့သည်။ ထုံးကျောက်နှင့် ကျောက်သားမျက်နှာပြင်များသာရှိသော ဂူအတွင်းပိုင်းမှာ ကျောက်စက်ရေများဖြင့် အေးစိမ့်စိုစွတ်လျက် ရှိနေသည်။

ဂူအတွင်းမှာ မှောင်နေသဖြင့် လက်နှိပ်မီးရောင်များကို အသုံးပြုပြီး ထိုးကြည့်သောအခါ အတွင်းပိုင်းမှာတော့ ထူးထူးခြားခြား ဘာမှမမြင်ရပေ။

အတွင်းပိုင်းရောက်တော့ ရေစီးကြောင်းတစ်ခု တွေ့ရသည်။ ဂူနံရံ တစ်နေရာမှထွက်လာပြီး အခြားဂူနံရံ တစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသဖြင့် ဘယ်နေရာမှ ထွက်လာပြီး ဘယ်နေရာမှာ အဆုံးသတ်သွားသည်မသိရပေ။

အတွင်းပိုင်းရောက်တော့ ဂူကပိုကျယ်လာသည်။ အပေါ်ဘက် ပေ(၂၀-၃၀)ခန့်မြင့်သော နေရာများမှာ သဘာဝအတိုင်းဖြစ်နေသော ကျောက်လွှာချပ်ကြီးများရှိသည်။

အချို့က လူတို့ပြုလုပ်ထားသော ထပ်ခိုးကဲ့သို့ဖြစ်နေသည်။ ထိုနေရာများမှာ လူတက်နေမည်ဆိုပါက နေလောက်သည့် အနေအထားမျိုးရှိသည်။

ထို့အပြင် အမိုးတစ်လျှောက်မှာ ပက်ကြားအက်ကွဲကြောင်းကြီးများလည်း ရှိနေကြသည်။

ပက်ကြားအက်ကြောင်းများမှာလည်း အတော်ကျယ်သဖြင့် ထိုအထဲသို့ လူတစ်ကိုယ် ဝင်သာနိုင်လောက်အောင်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



အတွင်းပိုင်းကို မီးရောင်ဖြင့် လှမ်းထိုးကြည့်သောအခါ ရှေ့ဆက်သွား၍မရတော့ဟန် ဂူနံရံကြီးကိုသာ တွေ့ရတော့သည်။

ထိုနေရာအထိတော့ မည်သည့်အန္တရာယ်မှ မတွေ့ရသေးဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ မုန်တိုင်းမကျမီ ငြိမ်သက်နေခြင်းမျိုးဖြစ်မည်။

"ဂူကတော့ အလျားသိပ်မရှည်ဘူး၊ ကျူစာအုပ်ရှိရင်လည်း ဒီဂူထဲမှာပဲရှိမယ်၊ အန္တရာယ်ရှိလျှင်လည်း ဒီဂူထဲမှာပဲ ရှိနိုင်တယ်"

ဟု ဒေါက်တာမင်းထင်ကျော်ကပြောရင်း ပတ်ဝန်းကျင်ကို လက်နှိပ်မီးရောင်ဖြင့် ဖြန့်ထိုးကြည့်ရာ စောစောက သတိမပြုမိသော အရာအချို့ကို သတိပြုမိသွားလေသည်။

ဦးစွာ. . မီးရောင်ဖြင့်ကြည့်လိုက်တော့ မျက်နှာကြက်ကျောက်လွှာကြားမှ ချောင်းကြည့်နေသော ဦးခေါင်းတစ်ခုကို တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။

မျက်လုံးနှစ်လုံးက နီရဲနေပြီး အရိုးခေါင်းကဲ့သို့ အရိုးပြိုင်းပြိုင်းကျနေသော မျက်နှာမျိုးပင်ဖြစ်သည်။

စိတ်ထဲမှာ မသင်္ကာသဖြင့် အခြားနေရာများကိုပါ မီးရောင်ဖြင့် ထိုးကြည့်သောအခါ ကျောက်ချပ်များ၊ အက်ကြောင်းများကြားမှ ထွက်ကြည့်နေသော ဦးခေါင်းအချို့ကို မြင်ရလေသည်။

"သူတို့က အပေါ်မှာ"

ဟု တိုးတိုးပြောကာ. . အပြင်သို့ ပြူထွက်နေသော ဦးခေါင်းတစ်လုံးရှိရာသို့ မီးရောင်ဖြင့် လှမ်းထိုးပြလိုက်သည်။





ထိုအခါ အပေါ်မှ သတ္တဝါတစ်ကောင် မာန်ဖီသကဲ့သို့ သွားနှင့်အစွယ်များပေါ်အောင် ပါးစပ်ဖြဲကာ မာန်ဖီပြသည်။

"လက်နက်တွေ အဆင်သင့်ပြင်ထား. .၊ ဘာလဲသိရအောင် စမ်းကြည့်တာပေါ့"

ဟုပြောကာ ဦးခေါင်းထွက်နေသောနေရာသို့ သေနတ်ဖြင့် ချိန်ပစ်လေသည်။

"ဒိုင်း"

ဂူအတွင်းမှာဖြစ်သောကြောင်း သေနတ်သံက အတော်ကျယ်လောင်စွာ ပေါ်ထွက်သွားသည်။

သေနတ်သံနှင့် မရှည်မနှောင်းမှာ နေရာအနှံ့မှ ဝူးဝူး ဝါးဝါးအော်သံများ ကြားလိုက်ရသည်။

ထိုအခိုက်မှာပင် အပေါ်ဘက်၊ ကျောက်လွှာကျောက်ချပ်များ အက်ကြောင်းများကြားမှ မည်းမည်းသဏ္ဌာန်များ ထွက်လာကာ အောက်သို့ခုန်ဆင်းလာကြသည်။

ပြီးနောက် ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ကြိုတင်ပြင်ဆင်ထားသောကြောင့် ဆင်းလာသော မည်းမည်းသဏ္ဌာန်များကို အနားမရောက်ခင်မှာပင် တိုက်ခိုက်ကြပေသည်။

မည်းမည်းသတ္တဝါများကလည်း အလစ်ဝင်ပြီး. . တစ်သုတ်ပြီးတစ်သုတ် ဆင်းလာကာ ဝင်ရောက်တိုက်ခိုက်ကြသည်။

၎င်းတို့တွင် အတောင်ပံပါသောကြောင့် အတောင်ပံများဖြင့် တဖြန်းဖြန်း ရိုက်ခတ်ခြင်း၊ သွားဖြင့်ကိုက်ခြင်း၊ ခြေသည်း



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းရှည်တို့ဖြင့် ကုတ်ခြစ်တိုက်ခိုက်ခြင်းများ ပြုကြသည်။

အနီးကပ်တိုက်ခိုက်ရသောအခါ သေနတ်ထက် တုတ်နှင့်ဓါးက ပိုပြီးအသုံးဝင်ရာ ဝင်လာသမျှ တုတ်ဖြင့် ရိုက်ချကြလေသည်။ အချို့လည်း ဓါးချက်မိပြီး အပိုင်းပိုင်း ပြတ်ကျသွားသည်။ ဂူထဲမှာတော့ တုတ်ရိုက်သံ တဖြောင်းဖြောင်းသံအပြင် မာန်ဖီသံ၊ နာကြည်းစွာဖြင့် အော်သံများ ဆူညံနေတော့သည်။

သူတို့တိုက်ခိုက်နေရသည်မှာ များလှသော လင်းဆွဲအုပ်ထဲသို့ဝင်ပြီး တုတ်ဖြင့်ရိုက်ရသကဲ့သို့ ဖြစ်နေသည်။

ဂူထဲမှာ ခိုအောင်းနေကြသည့် သတ္တဝါများမှာ မီးရောင်ကိုတော့ ကြောက်ရွံ့ကြဟန်တူသည်။

မီးရောင်ဖြင့်ထိုးလိုက်လျှင် မျက်နှာချင်းမဆိုင်ဝံ့ပဲ စူးစူးဝါးဝါးအော်ကာ ရှောင်သွားကြလေသည်။

နောက်ဆုံးမှာတော့ သူတို့လက်ချက်ကြောင့် အကောင်အချို့ မြေပေါ်သို့ ကျသွားပြီးနောက်. . ကျန်သတ္တဝါများလည်း အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။

"ဘာဖြစ်ကြသေးလဲ"

"အားလုံး ဒဏ်ရာရရုံလောက်ပဲရှိတယ်၊ ဘာမှစိုးရိမ်စရာမရှိဘူး"

"ဒီသတ္တဝါတွေက မီးရောင်ကြောက်တယ်၊ မီးတုတ်တွေများများလုပ်ကြရမယ်"

ဟုပြောပြီး အသင့်ပါလာသော မီးတုတ်များကို မီးထွန်းညှိလိုက်ရာ အလင်းရောင်များ ရလာသည်။

ထိုအခါမှ ကြမ်းပြင်ပေါ် ကျနေသော မည်းမည်းသတ္တဝါ





များကို မီးရောင်ဖြင့် အသေအချာ ကြည့်ရသည်။

မည်းမည်းသတ္တဝါများမှာ အချို့ လုံးလုံးငြိမ်သက်နေသော်လည်း၊ အချို့ကတော့ အတောင်ပံများ၊ ခြေတောက်နှင့်လက်များ တဖျပ်ဖျပ် လှုပ်နေကြသေးသည်။

ဒေါက်တာမင်းထင်ကျော်က ငြိမ်သက်နေသောသတ္တဝါတစ်ကောင်အနီးသို့ တိုးကပ်သွားပြီးကြည့်ရာ မသေမရှင်ဖြစ်နေသေးသော ထိုသတ္တဝါက. . ဂီးခနဲ တစ်ချက်မာန်ဖီကာ သူ၏လက်သည်းချွန်များဖြင့် ခြေထောက်ကို လှမ်းကုတ်လိုက်သေးသည်။

ဖိနပ်ကိုသာထိပြီး အသားကိုတော့ မထိပေ။

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှ ဝါးရင်းတုတ်နှင့်သတ္တဝါ၏ဦးခေါင်းကို ရိုက်ခွဲချပစ်လိုက်သည်။

ထိုအခါမှ ငြိမ်သက်သွားသဖြင့် အနားကပ်ကာ အသေအချာကြည့်ရလေသည်။

မြင်ရသောမြင်ကွင်းက မျက်စိကိုပင် မယုံနိုင်လောက်အောင် အံ့သြစရာ ဖြစ်တော့သည်။

သူ့ရှေ့မှာ ငြိမ်သက်နေသော သတ္တဝါမှာ စင်စစ်တော့သူတို့ထင်ထားသလို သတ္တဝါတစ်ကောင်မဟုတ်ပေ။

လူနှင့်မတူတော့သော လူတစ်ယောက်ပင်ဖြစ်သည်။

မျက်နှာမှာ အရိုးပြိုင်းပြိုင်း ကျနေသဖြင့် အရိုးခေါင်းတစ်လုံးနှင့် ပိုတူသည်။

နီကြောင်ကြောင် ဆံပင်များ. . ၊ အပြင်သို့ ပြူးထွက်နေသော နီရဲနေသည့် မျက်လုံးနှစ်လုံး၊ အတွင်းသို့ ချိုင့်ဝင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းအောက်မှာ သာမန်ထက် ပိုကျယ်သော ပါးစပ်ပေါက် ရှိသည်။ သွားနှင့်အစွယ်များက အပြင်သို့ ငေါထွက်နေသည်။

ပိန်ခြောက်နေသောခန္ဓာကိုယ်၊ သေးသွယ်လှသော ခြေချောင်းလက်ချောင်း၊ ခြေတံလက်တံများက သာမန်ထက် ပိုရှည်နေပြီး၊ ခြေသည်းချွန် လက်သည်းချွန်ကြီးများ ရှိသည်။

လင်းယုန်လက်သည်းကဲ့သို့ အပြင်သို့ ကောက်ထွက်နေသည်။ လက်မောင်းမှ ခြေတောက်အထိ ဆက်လျှက်ရှိသော အရေပြားကြီးက လင်းနို့တစ်ကောင်၏ တောင်ပံကဲ့သို့ ဖြစ်နေတော့သည်။

ပုံပန်းသဏ္ဍာန်ကို ခြုံပြီးပြောရလျှင် လင်းနို့တစ်ကောင်ကဲ့သို့ ပုံပန်းမကျလှသည့် ခန္ဓာကိုယ်အပေါ်တွင် အရိုးခေါင်းတစ်လုံး တပ်ထားသော လူတစ်ပိုင်း သတ္တဝါတစ်ပိုင်း ဖြစ်နေသည့် ပုံသဏ္ဍာန်မျိုးပင် ဖြစ်နေတော့သည်။

အားလုံးကတော့ ထိုပုံပန်းသဏ္ဍာန်ကိုကြည့်ပြီး များစွာ အံ့သြနေကြတော့သည်။

"ဒါဘာကောင်လဲ၊ လူလား တိရစ္ဆာန်လား"

"လူလို့ပြောရင်လည်းရတယ်၊ တိရစ္ဆာန်လို့လည်းပြောလို့ရတဲ့ လူတစ်ပိုင်းတိရစ္ဆာန်တစ်ပိုင်းပေါ့"

ထိုအခါ ဆရာကြီးသူရဇ္ဇက ပြောသည်။

"ပြည်ဘက်မှာ ကဝေမြောင်တောရဆိုတာ ရှိတယ်၊ အဲဒီမှာနေတဲ့ ဦးမှဲ့ဘူးဆိုတဲ့ ကပ္ပိယကြီးတစ်ယောက်ဟာ ကျောင်းမှာ မနေဘဲ တောထဲက ဂူတစ်ဂူထဲမှာ နှစ်ပေါင်းများစွာ သွားနေတာ အသံက ငှက်သံထွက်နေပြီး သူသေတော့ အခုလိုပုံသဏ္ဍာန်မျိုး





ဖြစ်တွေ့ရတယ်လို့ ကြားဖူးတယ်၊ ဒါတွေလည်း ဂူထဲမှာ အခြေအနေကြာတော့ လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းဘဝမျိုး ပြောင်းနေကြတာပဲဖြစ်မှာပေါ့"

ထို့နောက်မှာတော့ အသီးသီး ရထားသောဒဏ်ရာများကို ဆေးကြောရင်း . ဆေးထည့်ပတ်တီးစည်းခြင်း၊ အဆိပ်ပြေဆေး၊ အနာသက်သာစေသော ဆေးများကို သောက်ကြပြီးမှ ဂူအတွင်းသို့ ဆက်ဝင်ကြသည်။

အတွင်းပိုင်းရောက်သည်အထိတော့ နောက်ထပ် အနှောင့်အယှက် မတွေ့ကြရပေ။

တစ်နေရာရောက်တော့ ထူးဆန်းသောမြင်ကွင်းကို တွေ့ကြရသည်။

ကျောက်ကလပ်တစ်ခုပေါ်မှာ ပက်လက် အနေအထားဖြင့် ငြိမ်သက်နေသည့် အမျိုးသမီးတစ်ယောက် ရှိနေသည်။

အခြားသူ မဟုတ်ပေ။

မဟူရာပင် ဖြစ်တော့သည်။

သူမအပေါ်တည့်တည့်မှာတော့ လှံသွားကဲ့သို့ဖြစ်နေသော ကျောက်သွားချွန်ကြီးတစ်ခုက တွဲလောင်းကျနေသည်။

ကြိုးတစ်ချောင်းဖြင့်ဆွဲထားရာ အချိန်မရွေး ပြုတ်ကျလာနိုင်သော အနေအထားမျိုးဖြစ်သည်။

ကြိုး၏ အခြားတစ်နေရာမှာ ကျောက်ကလပ်တစ်ခုရှိနေပြီး ထိုကျောက်ကလပ်ပေါ်မှာတော့ သူတို့ရှာဖွေနေသော မော်ကျူစာအုပ် ရှိနေသည်။

မော်ကျူစာအုပ်ကို မ,ယူလိုက်ပါက ချည်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပြုတ်ထွက်ကာ ကျောက်ချွန်ကြီးက မဟူရာအပေါ်သို့ တည့် တည့်ကျစေအောင် စီမံထားခြင်း ဖြစ်ဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကိုကြည့်ပြီး မည်သို့မည်ပုံ ကြည့်လုပ်ရမည်ကို ချိန်ဆနေသည်။

ဒါက ထောင်ချောက်တစ်ခုပင်ဖြစ်၏။

အကယ်၍ မဟူရာကို ရအောင်ကယ်လျှင် လိုချင်သော မှော်ကျူစာအုပ်ကို ရချင်မှရပေမည်။

အကယ်၍ မှော်ကျူစာအုပ်ကိုအရယူပါက. . မဟူ အသက်သေရန် စီမံထားခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က မှော်ကျူစာအုပ်တင်ထား သော ကျောက်ကလပ်အနီးသို့ ရောက်အောင်သွားကာ အခြေ နေကို ကြည့်သည်။

မှော်ကျူစာအုပ်ကို မ,ယူလိုက်ပါက အလေးချိန်မဲ့သွား ပြီး ကြိုးပြုတ်ကျအောင် ထောင်ချောက်ဆင်ထားခြင်းဖြစ်သည်။

ဒေါက် တာမင်းထင်ကျော်က အခြေအနေကို အသေ အချာကြည့်ပြီး မှော်ကျူစာအုပ်ကိုယူရန် ဆုံးဖြတ်လိုက်သည်။

သူက ဦးခေါင်းပေါ်မှာ ဆောင်းထားသော သက္ကလ ဦးထုပ်ကို ချွတ်လိုက်သည်။

ထိုဦးထုပ်ထဲမှာ အနားမှာရှိသော ကျောက်တုံးကျော ခဲတချို့ကို ကောက်ထည့်သည်။

မှော်ကျူစာအုပ် အလေးချိန်လောက်ကို ခန့်မှန်းကြည့် သည် လက်ဖြင့်ချိန်ဆကြည့်သည်။

မနီးမဝေးမှာ ရှိနေသူများကလည်း သူလုပ်နေသည်





ကြည့်ပြီး ရင်တမမ ဖြစ်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က. . အလေးချိန်ခြင်း ညီ လောက်ပြီဟု ထင်သောအခါ ကလပ်အနီးသို့ ကပ်သွားလေ သည်။

ပြီးနောက် စိတ်ကို ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ကာ မှော်ကျူစာအုပ်ကို ဖျတ်ခနဲယူပြီး ကျောက်ခဲများထည့်ထားသည့် ဦးထုပ်ကို တင်ပေးလိုက်သည်။

အခြေအနေက မထူးခြားပေ။

ငြိမ်သက်လျက်ပင် ရှိနေသေးသည်။

သို့ကြောင့် အောက်သို့ချက်ချင်းပြန်ဆင်းလာသည်။

သူက အခြေအနေမထူးခြားဟု ထင်သော်လည်း မ တ်ပါချေ။ အပေါ်မှာ ဆွဲထားသော ကျောက်သွားချွန်ကြီးက အိအိနှင့် ကျလာချေပြီ။

မဟူရာကိုယ်ပေါ်သို့ ရောက်ခါနီးသောအချိန်မှာ ကပျာ ယာ ပြေးပြီးပွေ့ယူလိုက်သည်။

မရှေးမနှောင်းမှာပင် ကျောက်သွားချွန်ကြီးက ကျောက် ပေါ်သို့ ဒုန်းခနဲ ပြုတ်ကျလာတော့သည်၊

မဟူရာကတော့ သတိမရသေးပဲ ငြိမ်သက်နေလေ သည်။ ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ ကြောက်စရာကောင်း သည့် ပုံပန်းသဏ္ဍာန်ရှိသော မိစ္ဆာများ ထွက်လာကြလေတော့ သည်။

“မောင်ထင်ကျော် မိစ္ဆာတွေက ဝါးရင်းတုတ်နဲ့ရှင်းလို့မ ဘူး၊ ကျူစာအုပ်ထဲက မကောင်းဆိုးဝါးနှင်တဲ့ ဂါထာမန္တန်တွေ



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုမှရမယ် ဒီကိုစာအုပ်ပေး”

ဟု တောင်းသဖြင့် ပေးလိုက်လေသည်။

ဆရာကြီးသူရဇ္ဇက စာအုပ်ကိုယူပြီးနောက် မိစ္ဆာများကို နှိမ်နင်းရန်အတွက် ဂါထာမန္တန်များပါသော နေရာသို့ လှန်ရှာနေသည်။ စာအုပ်ထဲမှာ ရုပ်ပုံကားချပ်များပါပြီး သက္ကတဘာသာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ဂါထာမန္တန်တို့ကို တွေ့ရသည်။ သူသည် ထိုစာမျက်နှာကို လှန်ပြီးနောက် မိစ္ဆာများပြေးစေသော ဂါထာမန္တန်တို့ကို ရွတ်ဆိုလေတော့သည်။

ထိုကဲ့သို့ ဂါထာမန္တန်တို့ကို ရွတ်လိုက်သောအခါ မနီးမဝေးနေရာသို့ရောက်လာကြသော မိစ္ဆာများမှာ တန့်သွားကြသည်။ အချို့က ရှေ့ဆက်တိုးလာရန် ကြိုးစားနေကြသည်။

ဆရာကြီးသူရဇ္ဇကတော့ ဘာမှအာရုံမစိုက်ဘဲ ဂါထာမန္တန်တို့ကို ပြီးဆုံးအောင်ရွတ်ဆိုနေလေသည်။

ဂါထာမန္တန်များ ပြီးခါနီးသောအခါ သူတို့ရှိရာသို့လာနေသော မိစ္ဆာများမှာ စူးစူးဝါးဝါးအော်ဟစ်ကာ နောက်ကြောင်းသို့ ပြန်လှည့်ပြေးလေတော့သည်။

အန္တရာယ်များ ရှင်းသွားသောအခါမှ သတိမေ့နေသော မဟူရာကို သတိပြန်ရစေရန် ပြုလုပ်ပေးကြသည်၊

သို့သော်အခြေ အနေမထူးပေ။

ထိုအခိုက်မှာပင် ဂူတစ်နေရာမှ အသံတစ်သံ ပေါ်ထွက်လာသည်။

“နင်တို့ ဘယ်လိုပဲလုပ်လုပ် သူက သတိပြန်မရနိုင်တော့ဘူး၊ သူ့ရဲ့ဝိညာဉ်က ငါ့လက်ထဲမှာ ရှိနေပြီ၊ သူ့ကိုအသက်ပြန်ရှင်





စေချင်ရင် မှော်စာအုပ်ကို ဖျက်ဆီးပစ်ရမယ်”

ထိုအသံကြားသဖြင့် ကြည့်လိုက်သောအခါ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသော အဘွားကြီးတစ်ယောက်ကို တွေ့ကြရသည်။ ဒေါ်ဂနီပင် ဖြစ်တော့သည်။

“ဒီစာအုပ်ကို တကူးတက လာရှာတာ . . အပြစ်မရှိတဲ့ ဝိညာဉ်လောကသားတွေကို အကြောင်းမဲ့နှိပ်စက်ချင်လို့ မဟုတ်ပါဘူး၊ လူတွေကိုဒုက္ခပေးတဲ့ မိစ္ဆာတွေကို သုတ်သင်ဖယ်ရှားပေးဖို့အတွက်ပါ။ ကျွန်တော်တို့ ကိုယ်ကျိုးအတွက်သုံးမှာ မဟုတ်ပါဘူး”

“ဒါတွေ ငါမသိဘူး၊ သူ့ကို အသက်ရှင်လျက်နဲ့ ခေါ်သွားချင်တယ်ဆိုရင်တော့ ငါ့ရှေ့မှာတင် မှော်စာအုပ်ကို မီးရှို့ဖျက်ဆီးပစ်ရမယ်”

“ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က လူတွေကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ ဒုက္ခရောက်နေတဲ့ လူတွေ့ရင် ကယ်တင်ပေးဖို့ပါ။ လောကမှာ လူတစ်ယောက် အသက်ရှင်ခွင့်ရမယ့် ကိစ္စမျိုးဆိုတာ ဘယ်အရာနဲ့မှ လဲလို့မရပါဘူး၊ ဒီတော့ သူအသက်ရှင်မယ်ဆိုရင် ဒီစာအုပ်ကို အခုပဲ ဖျက်ဆီးပေးပါ့မယ်”

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က ဆရာကြီးလက်ထဲမှ မှော်ကျူစာအုပ်ကို လှမ်းယူလိုက်သည်။

ပြီးနောက် မီးတိုင်ဖြင့်မီးရှို့ရန် ဟန်ပြင်လိုက်တော့ . . ဒေါ်ဂနီထံမှ စကားသံကြားရသည်။

“မီးမရှို့နဲ့တော့ ဒီလိုစာအုပ်မျိုးက နင်တို့နဲ့ အထိုက်တန်ဆုံးပဲ၊ ဒါကြောင့် ယူသာသွားကြပါတော့၊ သူ့ကိုလည်း အသက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှင်အောင် လုပ်ပေးလိုက်မယ်၊ တစ်ခုတော့ရှိတယ် သူ့ကို နင်တို့နဲ့ ခေါ်သွားပြီး စောင့်ရှောက်ပေးလိုက်ကြပါ"

ဟုပြောဆိုကာ အမှောင်ထဲသို့ ပြန်ဝင်သွားလေတော့သည်။

အတန်ကြာတော့ သတိမေ့နေသော မဟူရာလည်း သတိပြန်ရလာလေတော့သည်။

သူမကတော့ ဒေါက်တာမင်းထင်ကျော်တို့နှင့် ပြန်တွေ့ရသောကြောင့် ဝမ်းသာနေလေသည်။ ထို့နောက်မှာတော့ ဓာတ်ကျူစာအုပ်ကိုပါ တစ်ပါတည်း သယ်ဆောင်လျက် မိစ္ဆာလိုဏ်ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြလေတော့သည်။

ထိုအချိန်မှာတော့ နောက်ထပ် အန္ဓောင့်အယှက်များနှင့် မတွေ့ကြရတော့ပေ။





# အခန်း (၁၅)

# အလောင်းတော်ကဿပ လိုဏ်ဂူအတွင်းသို့ ဝင်ခွင့်ရခဲ့ခြင်း

သူတို့အဖွဲ့ နောက်ထပ်တစ်ကြိမ် အလောင်းတော်ကဿပလိုဏ်ဂူသို့ ပြန်ရောက်သွားသောအခါ ဂူပေါက်ဝနှင့် မနီးမဝေးနေရာမှ ပုတီးစိပ်နေသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့ကြရလေသည်။

အခြားသူတော့ မဟုတ်ပါချေ။

တစ်ကြိမ်တွေ့ခဲ့ပြီးသော မဟာမြိုင်ဘိုးဘိုးကြီးပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေတော့သည်။

ယခင်တစ်ခေါက် စခန်းချသောနေရာမှာ စခန်းချပြီးနောက် ကျွန်ုပ်တို့လေးယောက်က လိုအပ်သောပစ္စည်းများကို ယူဆောင်ကာ လိုဏ်ဂူတော်ရှိရာသို့ တက်သွားကြသည်၊

ကျွန်ုပ်တို့တက်လာတာမြင်တော့ ဘိုးဘိုးကြီးက ပုတီးစိပ်တာရပ်လိုက်ပြီး ကျွန်ုပ်နှင့် စကားပြောလေသည်။

“ရည်ရွယ်ချက်တွေ ထမြောက်အောင်မြင်ခဲ့ကြရဲ့လား”

“အောင်မြင်ခဲ့ပါတယ် ဘိုးဘိုး၊ မိစ္ဆာတွေကို ကာကွယ်တားဆီးပေးနိုင်တဲ့ စာအုပ်ကို ရခဲ့ပါတယ်”

“ကောင်းပါတယ်. . ဒါမှ ဒီနေရာက အမိဌာန်ဝင်တဲ့နေရာမှာ ကာကွယ်တားဆီးလို့ ရကြမယ်”

“ဒါထက် စာအုပ်နဲ့အပြင် အခြားကာကွယ်တားဆီးနိုင်မယ့် ဂါထာမန္တန်တွေ ရှိပါသေးသလား ဘိုးဘိုး”

“အများကြီးရှိပါတယ်၊ ဒါပေမယ့် ဒီစာအုပ်ရှိတာနဲ့တင် လုံလောက်ပါတယ်”

“ကျွန်တော်တို့ ဒီနေရာကို တကူးတက လာကြတဲ့ ရည်ရွယ်ချက်က ဂူထဲကိုဝင်ပြီး မထေရ်မြတ်ကြီးကို ဖူးချင်လို့ လာကြတာပါ”

“လွယ်လွယ်နဲ့တော့ မရနိုင်ဘူး၊ ထိုက်ရင်တော့ တစ်နည်းနည်းနဲ့တော့ ဖူးတွေ့ခွင့်ရကြမှာပါ၊ ပုတီးစိပ်တဲ့အခါမှာ နမက္ကာရထဲက ဂါထာတစ်ပုဒ်ကို အာရုံပြုပြီးစိပ်ရင် ဖူးတွေ့ခွင့်ရနိုင်ပါတယ်”

ဟု ပြောပြီးအောက်ပါ ပုတီးစိပ်ဂါထာကို ပေးလေသည်





< တဟိံ တဟိံ ပါရမီသဥ္စယံ
စယံ သဗ္ဗသုခံ ပဒံ ပဒံ၊
နရာ နရာနံ သုခံ သမ္ဘဝံ ဘဝံ၊
နမာ နမာနံ ဇိန ပုံဂ ဂဝံ >

ဟူသောဂါထာဖြစ်သည်။

ကျွန်ုပ်တို့လည်း တစ်ယောက်တစ်ရွက်စီ ကူးယူလိုက်ကြသည်။

“ဒီပုတီးစိပ် ဂါထာကို ပုတီးပတ်(၉)ပတ်ပြည့်အောင် အမိဌာန်ဝင်ပြီးစိပ်ရင် မထေရ်မြတ်ကြီးကို ဖူးတွေ့ခွင့်ရနိုင်ပါတယ်၊ လူကိုယ်တိုင် လိုဏ်ဂူတော်ထဲ ဝင်ခွင့်မရရင်တောင်. . မထေရ်မြတ်ကြီးကို မျက်မြင်ဖူးရဖို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက လာပြီးစောင့်ရှောက်ပေးကြပါလိမ့်မယ်”

ဟုပြောပြရာ များစွာအားရှိသွားပြီး၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေသည်။

ထို့နောက်မှာတော့ မဟာမြိုင်ဘိုးဘိုးကြီး ပြန်ကြွသွားလေတော့သည်။

ထိုအခါမှ ဆရာကြီးသူရဇ္ဇကပြောသည်။

“ဒီပုံအတိုင်းဆိုရင်တော့ ကျုပ်တို့ အပင်ပန်းခံပြီး လာရကျိုးနပ်ကြလိမ့်မယ် ထင်တယ်၊ ဒါကြောင့် ကျေးဇူးတင်ထိုက်သူတွေကို ကျေးဇူးတင်ရသေးတယ်”

“ဘယ်သူတွေများလည်း ဆရာကြီးရဲ့”

“ဘယ်သူရှိမလဲ. . ဒီနေရာကနေ လာသမျှလူတွေကို ဒိုင်ခံအနှောင့်အယှက်ပေးနေကြတဲ့ တောစိုးနတ်မိစ္ဆာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားတွေကိုပေါ့၊ သူတို့နှောင့်ယှက်လို့သာ မဟာမြိုင်ဘိုးဘိုးကြီး ရောက်လာပြီး အကူအညီပေးလို့ တွေ့ခွင့်ရတာ မဟုတ်လား၊ ဒီအတိုင်းသာနေရင် ဘယ်မှာတွေ့ခွင့်ရကြပါမလဲ မဟုတ်ဘူးလား"

"ဟုတ်ပါ့ဗျာ. . ဟုတ်ပါ့. . ဆရာကြီးပြောသလိုပါပဲ၊ မဟာမြိုင်ဘိုးဘိုးကြီးအပြင် နောက်ထပ်လည်း တွေ့ရဦးမယ် ထင်ပါရဲ့"

ဟု ပြောဆိုနေကြလေသည်၊

ညနေပိုင်းအချိန် ရောက်သောအခါ ငှက်ပျောတောထဲသို့ တစ်ခေါက်သွားပြီး ငှက်ပျောသီးမှည့် တစ်ဖီးစီ သယ်ယူလာကြသည်၊

ည၌ဦးပိုင်းအချိန်ရောက်သောအခါ ပုတီးစိပ်ရာတွင် အနှောင့်အယှက် မပေးနိုင်စေရန် မိမိတို့ရှိနေသော ပတ်ဝန်းကျင် တစ်ဝိုက်တွင် မှော်ကျူစာအုပ်ထဲမှ ဂါထာမန္တန်တို့ဖြင့် စည်းတားထားလိုက်သည်။

ထို့ပြင် အဝေးမှ အဆိပ်ပင်၊ အဆိပ်ငွေ့တို့ပေးပြီး အနှောင့်အယှက်မပေးနိုင်စေရန်၊ ကျူစာအုပ်ထဲမှာပါသော အဆိပ်နှင့်ပတ်သက်သည့်ရောဂါ၊ အဆိပ်ပင်၊ အဆိပ်ရှိသော သတ္တဝါ၊ အဆိပ်ခိုးအဆိပ်ငွေ့များကို ဖယ်ရှားပေးနိုင်သည့် ဟိုးရပ်(Horus) နတ်သားကို တိုင်တည်ပူဇော်ပြီး ၎င်းနှင့်သက်ဆိုင်သော ဂါထာ မန္တန်တို့ကို ကြိုတင်ရွတ်ဆိုထားလိုက်ကြသည်။

ည၌ဦးပိုင်း အချိန်ရောက်သောအခါ ကျွန်ုပ်မှာ များစွာ စိတ်လှုပ်ရှားလျက်ရှိနေသည်။





အခြားကြောင့်တော့ မဟုတ်ပေ။

လိုဏ်ဂူတော်အတွင်း ဝင်ခွင့်ရရန်အတွက် မည်သို့သော ပုဂ္ဂိုလ်မျိုးရောက်လာပြီး အကူအညီပေးမည်ကို စိတ်ဝင်စားနေသောကြောင့်ပင် ဖြစ်၏။

ည၌ဦးပိုင်းအချိန် ရောက်သောအခါ ခါတိုင်းကဲ့သို့ပင် မိမိတို့သတ်မှတ်ထားသော နေရာများမှာ နေရာယူပြီး ပရိကံယူသည်။

ကျွန်ုပ်သည် ဦးစွာဘုရားရှိခိုးပြီးနောက် မြင်အပ်သော ပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်တို့ကို အမျှအတန်းဝေသည်။ မေတ္တာပို့ပေးသည်။

ပြီးမှ အဓိဋ္ဌာန်ပြုထားသည့် အတိုင်းသုဂတော(၅)ချက် ဂါထာကို ပုတီးပတ် (၁၂)ပတ်ပြည့်အောင် စိပ်သည်။

ပြီးလျှင် မေတ္တာပို့ အမျှဝေပေးသည်၊

မည်သည့်အနှောင့်အယှက်မှ မတွေ့ရပေ။

ထို့နောက် မဟာမြိုင်ဘိုးဘိုးကြီးပေးသွားသော. . . 'တဟီ. . တဟီ'ဂါထာတော်ကို (၉)ခေါက်အဓိဋ္ဌာန်ဝင်ပြီး စိပ်လေသည်။

ထိုအချိန်တွင် ပုတီးပတ်ကိုသာ အာရုံပြုနေသဖြင့် အခြားဘာမှ မသိတော့ပေ။

ထိုအချိန်မှာ ဂူပေါက်ရှိရာဘက်မှ အလင်းရောင်တစ်ခု ထိုးထွက်လာသည်ကို သတိပြုမိလေသည်။

ထိုအလင်းရောင်က မျက်နှာကိုလာထိသည်ကို သိသော်လည်း အဓိဋ္ဌာန်ပျက်မည်စိုးသောကြောင့် မျက်လုံးမဖွင့်တော့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပုတီးကို ဆက်စိပ်သည်။

အတန်ကြာတော့ အိပ်ပျော်သကဲ့သို့ ဖြစ်ကာ သတိလစ်သလို ဖြစ်သွားလေသည်။

အချိန်မည်မျှ ကြာသွားသည် မသိပေ။

တစ်စုံတစ်ယောက်က လာနှိုးတော့မှ ပြန်သတိရလေသည်။

"ဒကာ. . ထတော့ ဂူပေါက်ဝ ပွင့်နေပြီ"

ဟုပြောသဖြင့် ကြည့်လိုက်တော့ သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ရုံထားသော အရပ်အမောင်းမြင့်မားလှသည့် ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရသည်။

"အရှင်ဘုရားက ဘယ်သူပါလဲ ဘုရား"

"ငါက မဟာမြိုင်ဆရာတော်ကြီးပဲ၊ လိုဏ်ဂူတော် ဖွင့်နေခိုက် အထဲဝင်ဖူးရအောင်၊ ရုပ်ခန္ဓာကို ဒီနေရာမှာပဲ ထားရစ်ခဲ့၊ စိတ်ဝိညာဉ်ပဲ ငါနဲ့လိုက်ခဲ့ပေတော့"

ဟုပြောပြီးခေါ်သွားရာ ကျွန်ုပ်လည်း ထလိုက်သွားသည်။ တစ်နေရာရောက်တော့ အခြားအဖော်သုံးယောက်ကို ပြန်တွေ့ရသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပေ။

မဟာမြိုင်ဆရာတော်ကြီး ခေါ်ဆောင်ရာနောက်သို့ လိုက်သွားကြရာ ဂူပေါက်ဝသို့ ရောက်သွားကြသည်။ ဂူပေါက်ဝမှ (၉)လက်မလောက် ဟ,နေလေသည်။ ထိုနေရာမှ လေတိုးထွက်နေသဖြင့် အမွှေးရနံ့များရသည်။ စူးရှသော အလင်းရောင်များလည်း ဂူပေါက်ဝမှတစ်ဆင့် အပြင်သို့ ဖြာထွက်နေသည်။





ဆရာတော်ကြီးက ထိုဂူပေါက်ဝမှ အတွင်းသို့ ဝင်သွားသောကြောင့် ကျွန်ုပ်တို့လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ နောက်မှဝင်လိုက်သွားကြသည်။

အတွင်းရောက်တော့ အံ့ဩဖွယ်ရာကောင်းသော မြင်ကွင်းများကို မြင်တွေ့ကြရသည်။

(ထိုအတွင်းမှ မြင်တွေ့ရသော အခြေအနေများမှာ စိတ်ကူးဖြင့် ချဲ့ထွင်ရေးသားခြင်း မဟုတ်ကြောင်း ကြိုတင်သိစေအပ်ပါသည်။)

မဟာဂန္ဓကုဋိ တိုက်တော်ကြီးအတွင်းမှာ အမွှေးနံ့သာများ ထုံနေသကဲ့သို့ အလင်းရောင်များမှာလည်း ကောင်းစွာရှိနေပေသည်။

အလောင်းတော်ကိုယ်တော်မြတ်ကြီးမှာ ပက်လက်အနေအထားဖြင့် ကျိန်းစက်တော်မူနေပေသည်။

ကိုယ်တော်မြတ်ကြီးအောက်၌ ကျောက်ညိုပြားကြီးရှိနေသည်။

နီညိုရောင်ကျောက်ညိုပြားကြီး၏ ထုမှာ (၁၈)လက်မလောက် ရှိပေသည်။

အလျားမှာ ယခု လူတို့လက်တောင်ဖြင့် တိုင်းပါက ကိုးတောင်ခန့်ရှိသည်။ တကယ်တိုင်းကြည့်လျှင်တော့ လက်တစ်ဝါးစာလောက် လိုနေ၏။

အနံမှာလူအတောင်နှင့် (၄)တောင်(၂)မိုက်ရှိလေသည်။ ထိုကျောက်ညိုပြားကြီးပေါ်မှာ ပတ္တမြား၊ စိန်၊ ပုလဲ၊ မြ အစရှိသော ကျောက်မျက်ရတနာတို့ကို အပြည့်ခင်းထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်တို့ကြောင့် ကျောက်မျက်ရတနာတို့မှ အလင်းရောင်တို့ တဖျပ်ဖျပ်နှင့် လင်းလက်နေကြသည်။

ကိုယ်တော်မြတ်ကြီး ဝတ်ရုံထားသော သင်္ကန်းမှာ သစ်ခေါက်ဆိုး သင်္ကန်းဖြစ်၏။

လက်ကိုင်သောနေရာများမှာ ဆွေးမြေ့နေချေပြီ။

လက်ဖြင့်ထိကိုင်ပါက . . မည်သည့်နေရာကိုကိုင်ကိုင် ဆွေးမြေ့နေကြလေသည်။

ဦးခေါင်းတော်ပေါ်မှ ဆံပင်များရှိနေပြီး . . ရှည်လျားရှုပ်ထွေးလျက် ရှိနေကြသည်။

အကယ်၍ ရှင်းမည်ဆိုလျှင်တောင် ရှင်းဖို့မလွယ်လှတော့ပေ။

နဖူးပေါ်ကျနေသော ဆံပင်ရှည်ပင် လူ့အတောင်နှင့် (၅)တောင်နှင့်လက်(၃)သစ်ရှိသည်။

ဆံပင်အုံက ယခုအသုံးပြုနေသော ဆန်ကောဝိုင်း ပမာဏခန့် ရှိလေသည်။

မျက်လုံးတော်က မှိတ်လျက်သားရှိသည်။

မျက်နှာတော်မှာ မူလပကတိအတိုင်း ရှိနေပြီး နားထင်နားရင်းများပင် မကျပေ။

လူတစ်ယောက် အိပ်ပျော်နေသကဲ့သို့ ရှိသည်။

နှုတ်ခမ်းမွေးများမှာလည်း အတော်ပင် ရှည်ထွက်နေပြီး တွဲကျနေကြသည်။

အရှည်နှစ်တောင်ခန့် ရှိနေပေပြီ။

လက်တော်များမှ အရေပြား၊ အသားအရေတို့မှာလည်း





အသက်ရှိနေသော လူတစ်ယောက်ကဲ့သို့ အကောင်းပကတိအတိုင်း ရှိနေသည်။

လက်တော်တို့ကို မ,ယူပြီး ကွေးဆန့်ကြည့်ရာ ပျော့ပျော့ပျောင်းပျောင်းနှင့်ပင် အလွယ်တကူ ကွေးဆန့်၍ရနေသေး၏၊ လက်ချောင်းများလည်း ကွေးဆန့်၍ရပြီး လက်သည်းများက ရှည်ထွက်နေသဖြင့် အရှည်မှာ (၂)လက်မကျော်ကျော်ခန့် ရှိနေပြီဖြစ်၏၊

ကိုယ်တော်မြတ်ကြီးကိုယ်ပေါ်မှာ မူလဝတ်ရုံထားသော သင်္ကန်းပေါ်မှ လွှမ်းခြုံထားသော အခြားသင်္ကန်း၊ ဝတ်ရုံတို့ ရှိနေကြသည်။

လိုဏ်ဂူတော်အတွင်း ဝင်ရောက်ခွင့်ရသော ပုဂ္ဂိုလ်တို့မှ ၎င်းတို့ ဝတ်ဆင်ထားသော သင်္ကန်း၊ ဝတ်ရုံတို့ကို လှူဒါန်းထားခဲ့ကြခြင်းပင် ဖြစ်၏၊

ကိုယ်တော်မြတ်၏ အရပ်တော်မှာ ယခုလူတို့အတောင်ဖြင့် တိုင်းထွာပါက(၆)တောင်တစ်ထွာနှင့် လက်သုံးသစ်ခန့်ရှိသည်။ သပိတ်တော်က မြေသပိတ်ဖြစ်သည်။

သပိတ်ခြေလည်း မရှိ၊ မဖုံးလည်း မပါပေ။

သပိတ်အဝကျယ်မှာ (၂)တောင်ခန့်ကျယ်သည်။

(အမှန်မှာ(၂)တောင်ပြည့်ရန် လက်တစ်လုံးခန့် လျော့သည်)

ရေစစ်၊ ဖိနပ်စသည်တို့ မရှိပေ။

ကိုယ်တော်မြတ်ကြီး၏ လက်ယာဘက်နံဘေးမှာ မြူအိုးပုံသဏ္ဍာန် အိုးကြီးတစ်လုံးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြင့်(၂)တောင်၊ အဝကျယ်(၂)တောင်နှင့် လက်သုံးလုံးရှိသည်။

လက်ယာဘက်ဘေးမှာပင် ကိုယ်တော်မြတ်ကြီး ကျိန်းစက်နေသည့် ကျောက်ညိုပြားကြီးနှင့် (၃)တောင်ခန့်အကွာတွင် ကျောက်ဖယောင်းတိုင်ကြီး (၃)တိုင်ရှိနေသည်။

အမြင့်က (၅)ပေခန့်ရှိပြီး အဝကျယ်က တစ်ထွာနှင့် လက်တစ်အုပ်စာခန့် ရှိလေသည်။

ကျောက်ဖယောင်းတိုင်ကြီးများမှာ မီးမပြတ်လင်းနေ ၍လေသည်။

ကျောက်ဖယောင်းတိုင်ကြီးများအား အောက်ခံအင်တုံ ပက်ကြီးများထဲမှာ ထည့်ထားလေသည်။

ကိုယ်တော်မြတ်ကြီး၏ ခေါင်းရင်းဘက်ဝဲယာမှာ လှည်းဘီးလောက်အရွယ်အစားကြီးသော ပန်းဆိုင်းကြီးများမှာ နွယ်ကြိုးနှင့် ဆိုင်းထားသကဲ့သို့ ရှိနေကြသည်။

အသေအချာကြည့်တော့မှ မည်သည့်ကြိုးနှင့်မှ ဆိုင်းထားခြင်းမရှိပဲ လေထဲမှာ ငြိမ်သက်စွာ ရှိနေကြခြင်းဖြစ်၏။

ခေါင်းရင်ပိုင်း၊ ခြေရင်းပိုင်းဝဲယာ တစ်ဖက်တစ်ချက်မှာတော့ ဆွဲကြိုး၊ လက်ကောက်၊ ခြေကျင်း၊ နားဋ္ဌောင်း၊ ဆံထိုးဘယက်၊ မကိုဋ် စသောရွှေရတနာတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်တန်ဆာများ၊ ရတနာများ၊ ရွှေပြား၊ ငွေပြား၊ ကျောက်မျက်ရတနာတို့မှာ လှည်း(၅)စီးတိုက်ခန့် ပမာဏရှိကြသည်။

ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေကုက္ကား၊ ငွေကုက္ကားတို့မှာလည်း လေးငါးဆယ်ခန့်ရှိနေကြသည်။





ပန်းဆိုင်းကြီးများမှ မွှေးရနံ့များက လိုဏ်ဂူအတွင်းတစ်ခုလုံး ပြန့်နှံ့မွှေးကြိုင်လျက်ရှိသည်။

ကြေးစည်အကြီးအသေး အထပ်ကြီးကလည်း လူတစ်ရပ်ထက်မနည်း ရှိနေလေသည်။

ထို့ပြင် ရွှေခွက်များ၊ ငွေခွက်များ၊ ရွှေဖလားငွေဖလား၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်တို့လည်း မြောက်မြားစွာရှိနေကြသည်။

လိုဏ်ဂူတော်ကြီး အပေါ်ပိုင်းမှာ တွဲကျနေသော ကျောက်နှာမောင်းများနှင့် ကျောက်တက်ကျောက်စက်တို့ ရှိကြသည်။

ထို့ပြင် အပေါ်ပိုင်း အတောင်(၂၀)ခန့်မြင့်သော နေရာမှာ အလင်းပေါက်ကြီးတစ်ပေါက် ရှိနေသေးသည်။ တစ်တောင်ကျော်ခန့်ကျယ်ဝန်းပြီး လရောင်က ထိုနေရာမှ ထိုးကျနေသည်။

ဂူနံရံများမှာတော့ မြတ်စွာဘုရားပုံတော်၊ ရုပ်တုတော်များ ရှိသည်။

အချို့မှာ ရွှေအပြည့်ချထားသော်လည်း အချို့မှာ ကွက်တိကွက်ကြားသာ ကျန်တော့သည်။

လိုဏ်ဂူတော်ကြီး၏ အတွင်းပိုင်းအကျယ်မှာ ယခုလူတို့သက်တောင်နှင့်တိုင်းပါက (၄၇)တောင်ခန့် ရှိသည်။

လိုဏ်ဂူတော်ကြီးအတွင်းမှာ ကျွန်ုပ်တို့ကို ခေါ်လာသော မဟာမြိုင်ဆရာတော်ကြီး အပါအဝင် ပုတီးစိပ်နေကြသည့် ဆရာတော်ကြီးများ၊ သူတော်စင်ပုဂ္ဂိုလ်များ ရှိနေကြသည်။

ကျွန်ုပ်လည်း အံ့ဩစရာကောင်းသော မြင်ကွင်းများကို တွေ့မြင်နေရသဖြင့် ပုတီးစိပ်ရန်ပင် မေ့လျော့နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(အထက်ပါ မှတ်တမ်းများမှ (၁၃၁၆)ခုတပို့တွဲလဆန်း (၄)ရက် ကြာသပတေးနေ့၊ [၁၉၅၅ ခု ဇန်နဝါရီလ ၂၇ ရက်]တ လိုဏ်ဂူတော်ကြီးအတွင်းသို့ ဝင်ရောက်ဖူးမြော်ခွင့်ရခဲ့သော. . . သတ္တမမြောက် ကျောက်အောင်စံထားဆရာတော်ကြီး ကိုယ်တွေ့ကြုံခဲ့ရသော မှတ်တမ်းဖြစ်ပါသည်။

ဆရာတော်မှာ ထိုအချိန်က သက်တော်(၂၉)နှစ်သာ သာရှိသေးကြောင်း မှတ်တမ်း၌ဖော်ပြထားသည်။ ဆရာတော်သည် ကိုယ်တော်မြတ်ကြီးကို အနီးကပ် ဖူးတွေ့ခွင့်ရသောအခါ ကိုယ်တော်မြတ်ကြီး၏ လက်သည်း၊ ခြေသည်း၊ အချို့ကို ဖြတ်ယူလာပြီးနောက် အမှုန့်ပြုကာ ဗုဒ္ဓရုပ်ပွားတော်၌ ဌာပနာသွင်း ကိုးကွယ်ခဲ့သည်ဟု ဖော်ပြထားပါသည်၊)

ထို့နောက်မှာတော့ ကျွန်ုပ်လည်း ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကန်တော့ပြီးနောက် ထိုနေရာနှင့် မနီးမဝေးမှာ ထိုင်ကာ ပုတီးစိပ်လေတော့သည်။

အချိန်မည်မျှ ကြာသွားခဲ့သည် မသိတော့ပေ။

သတိပြန်ရလာတော့ ဂူအပြင်သို့ ပြန်ရောက်နေချေပြီ။

မဟာမြိုင်ဆရာတော်ကြီးလည်း မတွေ့ရတော့ပေ။

ကျွန်ုပ်စိတ်ထဲမှာ ဖော်မပြနိုင်လောက်အောင် ကြည်နူးဝမ်းသာစိတ်များဖြစ်ကာ. . မျက်စိရှေ့မှာ ရှိနေမြင်နေသော လိုဏ်ဂူတော်ကြီးကို တစိမ့်စိမ့်ကြည့်နေမိလေသည်။

ထိုကဲ့သို့ ကြည့်နေရင်းမှာပင် ညက မြင်တွေ့ခဲ့ရသော မြင်ကွင်းများက အထင်းသား ပေါ်လာပြန်လေသည်။ ဂူနံရံများ ပိတ်ဆီးနေသော်ငြားလည်း ထွင်းဖောက်မြင်နေရသကဲ့သို့ ရှိနေ





သည်။

လောကတွင် ပုထုဇဉ်လူသားများအဖို့ မိမိတို့ အသိဉာဏ် တစ်ထွာတစ်မိုက်ဖြင့် လိုက်မမီနိုင်လောက်အောင် ဆန်းကြယ်လှသော အကြောင်းအရာ၊ အဖြစ်အပျက်တို့ မြောက်မြားစွာ ရှိနေကြပေသည်။

မြင်သင့်သောသူများသာ မြင်ခွင့်ရပြီး၊ အဝိဇ္ဇာဖုံးလွှမ်းနေသူများအတွက်တော့ အမှောင်တိုက်များ ပိတ်ဆီးနေသောကြောင့် မြင်ခွင့်ရကြမည် မဟုတ်ပါချေ။

ကျွန်ုပ်သည် ကျေနပ်စွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ကိုယ်တော်မြတ်ကြီးကို ရည်မှန်းကာ ရှိခိုးကန်တော့လိုက်လေတော့သည်။

တဖြည်းဖြည်းနှင့် အရှေ့ဘက် ကောင်းကင်ပြင်ပေါ်မှာ အရုဏ်ဦး အလင်းရောင်များ ဖြန့်ကြက်လာချေပြီ။

ကျွန်ုပ်၏ ရင်ထဲမှာလည်း ကြည်နူးမှုကြောင့် အလင်းရောင်များ ပြန့်နှံ့လျက် ရှိနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

## အလောင်းတော်ကဿပမဟာမြိုင်

BURMESE CLASSIC .com

ကျွန်ုပ်တို့သည် ထိုနေရာမှာ နှစ်ရက်သုံးရက်နေပြီးနောက် ပုတီးစိပ်ကြသေးသည်။

ကျေနပ်လောက်အောင် ပြုလုပ်ပြီးတော့မှ ပြန်ခဲ့ကြလေသည်။

အပြန်ခရီးမှာတော့ ထူးထူးခြားခြား အန္တရာယ်အယှက်များနှင့်တော့ မတွေ့ကြရပေ။

မောက္ကတော်ရွာသို့ရောက်အောင် ဦးတည်ပြန်ခဲ့ကြ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုရွာသို့ရောက်သောအခါ လမ်းပြလိုက်ပေးကြသော ရွှေလှနှင့်ထွန်းခတို့ နှစ်ယောက်အတွက် လမ်းပြခအပြင် ရင်းနှီးစားသောက်ရန် ငွေကြေးများကို ပေးခဲ့လေသည်။

ကျွန်ုပ်တို့မှာပါလာသော အသုံးမပြုလိုတော့သော အဝတ်အစား အသုံးအဆောင်တို့ကိုလည်း ၎င်းတို့ကိုပေးခဲ့ရာ များစွာ ကျေးဇူးတင်ဝမ်းမြောက်ကြလေသည်။

ကျွန်ုပ်တို့နှင့်အတူ 'မဟူရာ'ဆိုသော မိန်းကလေးက တော့ ပါလာလေသည်။

အပြန်ခရီးမှာတော့. . ဒေါက်တာမင်းထင်ကျော်က ကျော်စွာ ကိုမေးသည်။

"မောင်ကျော်စွာ မင်းတို့နှစ်ယောက် အခြေအနေ ဘယ်လို ထူးပြီလဲ"

"မဟန်ပါဘူး ဆရာရယ်၊ သူ ကျွန်တော့်ကို စိတ်မဝင်စားပါဘူး၊ ဒီတော့ဆရာပဲ တာဝန်ယူပြီး စောင့်ရှောက်ပေးလိုက်ပါတော့"

ဟု စိတ်ပျက်အားလျော့သော အသံမျိုးဖြင့် ပြန်ပြောလေသည်။ ထို့ကြောင့် မဟူရာနှင့် နှစ်ယောက်ချင်း တွေ့သောအခါ သူမ သဘောထားကို မေးမြန်းကြည့်ရသည်။

"မဟူရာရဲ့အဘွား သဘောဆန္ဒအရ အစ်ကိုတို့ကတော့ မင်းကို ခေါ်သွားပေးပါမယ်၊ မင်းရဲ့သဘောဆန္ဒကရော ဘယ်လို ရှိသလဲ"

"ကျွန်မဘဝမှာ အဘွားကိုပဲ အားကိုးပြီးနေခဲ့ရတာပါ။ အခု အဘွားလည်း မရှိတော့ဘူးဆိုတော့ အစ်ကိုတို့နဲ့ပဲ ကျွန်မ





လိုက်ခဲ့ပါမယ်၊ ကျွန်မအတွက်နဲ့ အနှောင့်အယှက်များ ဖြစ်နေမလားဟင်"

"မဖြစ်ပါဘူး၊ မင်းပါလာတော့ စိတ်ထဲမှာ ပျော်သလိုတောင် ခံစားရပါသေးတယ်"

"ဟင်. . အစ်ကိုက ပျော်တယ်၊ ဘာဖြစ်လို့လဲဟင်"

"ဘာကြောင့်လည်းတော့ သေသေချာချာ မသိရသေးဘူး၊ ဒါပေမယ့် မမျှော်လင့်ပဲ ပျော်ရွှင်စရာတစ်ခု ရလိုက်သလိုပဲ ကျေနပ်နေတာကတော့ အမှန်ပါပဲ"

"ကျွန်မက. . တောမှာမွေး၊ တောမှာကြီးတဲ့သူတစ်ယောက်ဆိုတော့ ဘာမှလည်းမသိပါဘူး၊ ကျွန်မဘဝတစ်ခုလုံးကို အစ်ကို့လက်ထဲကို ဝကွက်ပြီး အပ်ပါတယ်၊ အစ်ကိုသဘောကျသလိုသာ စီစဉ်ပေးပါတော့"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ နောက်တော့မှ ရှေ့ကို ဘယ်လိုခရီးဆက်ကြမယ်ဆိုတာ အေးအေးဆေးဆေး ဆွေးနွေးကြရင် ပိုမကောင်းဘူးလား"

"အစ်ကို့ သဘောပါပဲ"

ဟု ရှက်ပြုံးလေးဖြင့် ပြောလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်အတွက်ကတော့ ကျေနပ်စရာများက တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ရနေတော့သည်။ တစ်သက်တစ်ခါ တွေ့မြင်ရန် မလွယ်လှသော မှော်ကျူစာအုပ်ကို ရရှိခဲ့ခြင်း၊ တစ်သက်တစ်ခါ အခွင့်အရေးရရန် မလွယ်လှသော အလောင်းတော်ကဿပ လိုဏ်ဂူတော်အတွင်း ဝင်ခွင့်ရကာ ကိုယ်တော်မြတ်ကြီးကို ဖူးမြော်ခွင့်ရခဲ့သည့်အပြင်. . .



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ပဲ မဟူရာဆိုသော မိန်းမချောတစ်ယောက်ကို ပိုင်ဆိုင်ရန် အခွင့်အရေးရခဲ့သောကြောင့် အကျေနပ်ကြီးကျေနပ်နေတော့သည်။

သူ့ရင်ထဲမှာတော့ 'နှလုံးသား မဟာမြိုင်တော'က ရှင်သန်ပေါက်ဖွားနေခဲ့ပြီ ဖြစ်ပေတော့သည်။


ဤနေရာတွင် ကျွန်ုပ်ရေးသားသော ( အလောင်းတော်ကဿပ မဟာမြိုင်)ဟုအမည်ပေးထားသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

BURMESE CLASSIC .com

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၁၀) နာရီ

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com